www.burmeseclassic.com

# တော်ချစ်

# မေတ္တာကျွန်းသာယာ

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် | ၁၇၂၇/၂၀၀၃(၁၂) |
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၂၀/၂၀၀၄(၂) |

မျက်နှာဖုံးသရုပ်ဖော်
ဒီနိုင်းတိုဆိုထွန်း

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ် (ဇူလိုင်လ၊၁၉၉၄ ခုနှစ်၊ရွှေသမင်စာပေ)
ဒုတိယအကြိမ် (ဧပြီလ၊၂၀၀၄ ခုနှစ်၊နေရဋ္ဌရာစာပေ)

အုပ်ရေ
(၅၀၀)

မျက်နှာဖုံးဖလင်
STARS

စာအုပ်ချုပ်
ကျော်နိုင်နှင့်အဖွဲ့

ထုတ်ဝေသူ
ဦးသန်းမောင်၊ မိုးဝေစာပေ(၀၅၄၈)
အမှတ်(၀၇၈)၊ ဦးချစ်မောင်လမ်း၊ ၄၄ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းသားပုံနှိပ်သူ
ဦးခင်မောင်မြင့် (ခ) ဆွေမင်း(နေမြို့)
တွတ်ပီဆောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)၊အဝေရာလမ်း၊ဘောတထောင်၊
ရန်ကင်း၊ရန်ကုန်မြို့။

တစ်အုပ်
၈၀၀ ကျပ်

အပိုင်း (၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

မည်းမည်းပြောင်ပြောင် ကတ္တရာလမ်းပေါ်မှာ အစိမ်းရောင် ဘတ်(စ်)ကားကြီး တရွေ့ရွေ့ မောင်းထွက်သွားလေပြီ။

ကားစပယ်ယာနှင့်အတူ ကားပေါ်မှ လူအချို့သည် နောက်ဘက်ဆီသို့ ပြန်ကြည့်နေကြဆဲ။

အိတ်ကြီးတစ်အိတ်၊ အိတ်ငယ်တစ်အိတ်၊ ပလပ်စတစ်ဆွဲခြင်းတစ်ခုနှင့် မိန်းကလေးတစ်ယောက် လမ်းဘေးမှာ ငေးငေးငိုင်ငိုင် ကျန်နေခဲ့သည်။ လမ်းဘေးရှိ ရှားစောင်းပင်များဆီမှ ဒေါ်ရင်းကောင်များသည် နားပူလောက်အောင် တအီအီ ညည်းညူနေကြသည်။

(၁၁)နာရီခန့်သာ ရှိသေးသည်။ နေမင်းကြီး ပြင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်က တစ်နေ့တာကို အညာအတာကောင်းစွာ ညှဉ်းပန်းတော့မည့်ပုံ။

မိန်းကလေးထံမှ သက်ပြင်းရှိုက်သံလေးတစ်ချက် ထွက်ပေါ်လာသည်။

မိမိစီးလာခဲ့သော ဘတ်(စ်)ကားကြီး ထွက်ခွာသွားရာဘက်သို့ အားကိုးတကြီး လှမ်းကြည့်လိုက်တော့ ဘတ်(စ်)ကားကြီးမှာ အဝေးတွင် သေး၍ သေး၍ သွားလေပြီ။ ထိုမှဆက်၍ ရှေ့ဆီသို့ မျှော်ကြည့်လိုက်သောအခါ မြင့်မြင့်မားမား ကာဆီးနေသော ရိုးမတောင်တန်းကြီး။ အားငယ်စရာ ရင်မောစရာ။

ဘေးပတ်ဝန်းကျင်မှာ လူသူဟူ၍ အကူအညီတောင်းစရာ တစ်ယောက်မျှ မရှိ။

အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

ဤပစ္စည်းများကိုသယ်၍ တစ်ယောက်တည်း ခရီးဆက်ရန် မလွယ်ဟု တွေးပြီး ရင်လေးရပြန်သည်။

"လှည်းကြုံရှိတတ်ပါတယ်၊ တစ်ခါတစ်လေ ထင်းသယ်သွားတဲ့ကားတွေနဲ့လည်း ကြုံတတ်ပါတယ်။ ဟို ထနောင်းပင်ရိပ်မှာသွားပြီး စောင့်နေလိုက်ပေါ့"

စပယ်ယာလေး အားပေးသွားသော စကားသံကို ကြားယောင်မိသည်။

မရေရာသည်ကို စောင့်နေရမည့်အဖြစ်။

ပစ္စည်းများကို မနိုင်မနင်းဆွဲယူပြီး ထနောင်းပင်ရိပ်သို့ ရွှေ့သည်။





ထနောင်းရိပ်မှာ ဖြတ်ပြေးသွားသော လေအေးလေးက မိန်းကလေး၏ မျက်နှာကို ပွတ်တိုက်သွားသည်။

ဤနေရာမှ ရှေ့ဆက်ရမည့်ခရီးက ဘယ်အရပ်ဆီမှာရှိမှန်းပင် မသိသေး။

မွေးရပ်ရွာဆိုသော်လည်း တစ်ခါမှ မရောက်ဘူးသောဒေသလို ခံစားနေရသောအဖြစ်။

ရွှေပန်းတော . . .

ရွှေပန်းတော . . .

ဤနာမည်ကို ရင်းနှီးခဲ့သည်မှာ ကြာပြီ။

မှတ်မှတ်ရရ ဆယ်တန်းအောင်သည့် နှစ်ကတည်းက ထိုအချိန်က ရောက်လာသော ဘုန်းဘုရားထံမှ စာထဲတွင် ရွှေပန်းတောအကြောင်း တော်တော်များများ ရေးထားသည်။

"ရွှေပန်းတော . . ."

ရွာနာမည်လေးကို သဘောကျသည်။

"အဲဒီရွာလေးမှာ သမီးလေး ငြိမ်းအေးကို မွေးဖွားခဲ့တာ ဖြစ်ပါတယ်"

ဘဘုန်းဘုရား စာထဲမှာပါ၍သာ ယုံရသည်။ ရွှေပန်းတောအကြောင်း အမျိုးမျိုး ဖျစ်ညှစ်တွေးတောကြည့်သော်လည်း ဘာမျှ မမှတ်မိ။ ဘာမျှမပေါ်၊ ရွှေပန်းတော ဘယ်နားရှိမှန်းပင် မသိ။

"အေးလေ . . . ဘဘုန်းဘုရား စာထဲမှာပါတဲ့အတိုင်းဆို ရင် လေးနှစ်သမီးက ထွက်လာခဲ့ရတာဆိုတော့ ဘာသိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

စိတ်အားလျော့လိုက်ရသည်။

ခုတော့ ရွှေပန်းတောကို သွားနေရပြီ။

မကြာမီ ရွှေပန်းတောကို မြင်ရတော့မည်။

ဘဘုန်းဘုရား၏ စာနှင့် လမ်းညွှန်သည့်အတိုင်း လိုက်လာခဲ့ခြင်း ဖြစ်သည်။

ရွှေပန်းတောကို မရောက်မီ ကွဲနဖားရွာကြီးကို အလျှင်သွားရမည်။

ရန်ကုန်မှ မန္တလေးအထိ မီးရထား စီးလာခဲ့ရသည်မှာ အခက်အခဲ မရှိ။

မန္တလေးမှ ဉာဏ်နေရာအထိ ကားစီးလာခဲ့ရသည်လည်း အခက်အခဲမရှိ။ ဘဘုန်းဘုရား ညွှန်ကြားသည့်အတိုင်း ကွက်တိဖြစ်၏။

ဉာဏ်နေရာမှ ကွဲနဖားသို့ ဆက်ရန်ခရီးမှာ မဝေးလှဟု ဆိုသည်။

မဝေးသည့်ပင် ဉာဏ်မှူ ခက်နေပြီ။

ကွဲနဖားမှ ရွှေပန်းတောခရီးသည် ဝေးသည်။ ဒုဋ္ဌာဝတီ မြစ်ကြောင်းအတိုင်း သွားရမည်ဟု ဆိုသည်။

ထိုခရီးစဉ်ကို တွေးလျှင် ပို၍ ရင်လေးရသည်။

ဘဘုန်းဘုရား၏ စာထဲမှာ ကွဲနဖားရွာတွင် စုံစမ်းပြီး ထင်းတင်သော မော်တော်များနှင့် ခရီးကြုံလိုက်ရမည်ဟု ဆိုသည်။

"အားလေ ဖြစ်သွားမှာပေါ့"





စိတ်ကို ဖြေလျှော့ထားလိုက်သည်။ လောလောဆယ် ပြဿနာကား ကွဲနဖားရွာကို ရောက်ဖို့ဖြစ်သည်။

ကားလမ်းဘေးမှ ထနောင်းပင်အောက်တွင် တစ်ယောက်တည်း နေရသည်။ စိတ်မလုံစရာ။

ကားလမ်းပေါ်မှ ကားများ မကြာခဏ ဖြတ်သွားနေသည်ကတော့ အားရှိစရာ။

"ဟော...ဟိုမှာ"

လမ်းဘေးတွင် ကားတစ်စီးရပ်သည်။

အဒေါ်ကြီးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ သူ့လက်ထဲတွင် ကြိမ်ခြင်းကြီးတစ်ခု ဆွဲထားသည်။

"အဒေါ်...အဒေါ်"

ထနောင်းပင်နားမှ ဖြတ်သွားသောအခါ ငြိမ်းအေး လှမ်းခေါ်လိုက်သည်။

အဒေါ်ကြီးက လှည့်ကြည့်သည်။

"အဒေါ် ဘယ်ရွာသွားမှာလဲ"

"ကွဲနဖားရွာ"

အဒေါ်ကြီးက ဖြေသည်။

"ရှင်...ကျွန်မလည်း ကွဲနဖားရွာ သွားမလို့ပါ"

"ဒါဖြင့် အဒေါ်နဲ့အတူ လိုက်ခဲ့လေ"

"ဟို...ကျွန်မပစ္စည်းတွေ မနိုင်လို့ လှည်းကြုံများ ရှိမလား စောင့်နေတာ"

"အင်း...လှည်းကြုံက ရှိတတ်ပေမယ့် ရှားတယ်


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ အဒေါ် ကူဆွဲပေးမယ်လေ"

ကူညီလိုစိတ်ရှိသော အဒေါ်ကြီးက ထနောင်းပင်အောက်သို့ ဝင်လာပြီး အိတ်အကြီးကို ဆွဲယူလိုက်သည်။

"ဟို . . . အဲဒါက လေးတယ်၊ ကျွန်မ လွယ်ခဲ့ပါ့မယ် အဒေါ်"

ငြိမ်းအေးက အားနာ၍ အိတ်ကြီး၏ လွယ်ကြိုးကို လှမ်းကိုင်လိုက်သည်။

"ရတယ် အဒေါ်နိုင်တယ်၊ ကျန်တာသာ မိန်းကလေးယူခဲ့"

အဒေါ်ကြီးက အိတ်ကို ပခုံးမှာလွယ်ပြီး ရှေ့မှ ထွက်သွားသည်။

ခြင်းနှင့် အိတ်ကို တစ်ဖက်စီဆွဲပြီး အဒေါ်ကြီးနောက်သို့ အမီလိုက်သည်။

စေတနာကောင်းသော ခရီးဖော် အဒေါ်ကြီးကို ငြိမ်းအေး ကျေးဇူးတင်နေမိသည်။

လမ်းနှစ်ဖက်တွင် ချုံပင်တန်းများ ကြားမှလည်း လမ်းကြောင်းအတိုင်း လျှောက်လာခဲ့ကြသည်။

"မိန်းကလေးက ကျွဲနဖား ဘယ်သူ့အိမ် သွားမှာလဲ"

"ကျွန်မက ရွှေပန်းတော သွားမလို့ပါ"

"အို . . . ရွှေပန်းတော ဟုတ်လား။ အဝေးကြီးသွားရဦးမှာကိုး"

"လှေကြုံ့ရနိုင်ပါ့မလား အဒေါ်"





"အင်း . . . ထင်းမော်တော်တော့ ရှိတတ်ပါတယ်။ ဒါပေမယ့် ဒီအချိန်ဆိုရင် မမီတော့ဘူး၊ သူတို့က အစောကြီးထွက်တာ၊ ဟိုရောက်မှ မြစ်ကမ်းနားက ဆိုင်တွေမှာ မေးကြည့်ဦးပေါ့"

အဒေါ်ကြီးစကားကြောင့် ငြိမ်းအေး စိတ်ပျက်မိသည်။ မော်တော်အကြုံမရှိလျှင် ကျွဲနဖားမှာ တစ်ညအိပ်ရဦးမည်။

ကျွဲနဖားတွင် အသိအကျွမ်းတစ်ယောက်မျှ မရှိ။

"အဒေါ်က ကျွဲနဖားကပဲလား"

အဒေါ်ကြီးကို ဆက်ပြီး အားကိုးချင်သည်။

"မဟုတ်ဘူး ကလေးမရဲ့၊ အဒေါ်က လေးပင်ရွာဆက်သွားမှာ"

ငြိမ်းအေး သက်ပြင်းလေးတစ်ချက် ချလိုက်ရပြန်သည်

နေကပူ ဖုန်ကထူနှင့် သွားရသည်က ပင်ပန်းသည်။ တစ်လမ်းလုံး လှည်းနှင့်တူသော အရိပ်အယောင်ပင် မတွေ့။

အဒေါ်ကြီးနှင့်တွေ့၍ တော်သေးသည်။

ငြိမ်းအေးမှာ အလေ့အကျင့်မရှိ၍ ခြင်းကလေးတစ်လုံးနှင့် အိတ်ကလေးတစ်လုံးကိုပင် မနည်းအားခဲ၍ ဆွဲနေရသည်။

ကြိမ်ခြင်းကြီးကိုဆွဲပြီး ငြိမ်းအေး၏ အိတ်ကြီးကို လွယ်ထားသော အဒေါ်ကြီးမှာ ဘာမျှ ပင်ပန်းဟန်မရှိ။

လမ်းတွင် ဒယိမ်းဒယိုင်နှင့် လမ်းလုံးပြည့် လျှောက်လာကြသော အရက်သမား သုံးယောက်နှင့် တွေ့သည်။

"ဘေးကပ်ပေးလိုက်"

အဒေါ်ကြီး၏ လေသံက မာသည်။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေး နဘူးချိုးဘေးအထိ ကပ်၍ ရှောင်ပေးလိုက်သည်။

"အား . . . ဒီအရပ်မှာ ဒီလိုလှတဲ့ မိန်းကလေးမျိုး ရှိလို့လားကွ"

ငြိမ်းအေးကို ကြည့်၍ ခပ်ငယ်ငယ် အမှုသမားက အာခေါင်သည်။

"ကဲ . . . လာ သမီး"

အဒေါ်ကြီးက ခြေလှမ်းသွက်သွက်လှမ်း၍ ငြိမ်းအေး ယှဉ်မီလိုက်ရသည်။

လူငယ် အရက်သမားက ရပ်ကြည့်နေဆဲ။

"ဟေ့ကောင် လာစမ်းပါကွာ၊ အဒေါ်ကြီးပုံက မလွယ်ဘူးကွ၊ ခပ်ကြမ်းကြမ်းရယ်"

အသက်ကြီးသူတစ်ယောက်က သူ့လူကို လှမ်းခေါ်နေသည်။

"တောက် . . . တကယ်လှတယ်ကွာ၊ နောက်ကကြည့်တော့ ပိုတောင်လှသေး ဟီး . . . ဟီး"

ငြိမ်းအေး ကြောက်ရွံ့စိတ်ကြောင့် အဒေါ်ကြီးကို လွန်သွားသည်အထိ အမြန်လှမ်းရသည်။

"သွား သွား ရှေ့ကသွား"

အဒေါ်ကြီးက နောက်ချန်လိုက်သည်။

ငြိမ်းအေး နဖူးတွင် ချွေးများ စို့၍နေပြီ။

"ဟင်း . . ."





"ငါတစ်ယောက်တည်းသာ ဒီလိုလူတွေနဲ့တွေ့ရင် မလွယ်ဘူး"

ငြိမ်းအေး သက်ပြင်းချရပြန်သည်။

"သည်အရပ်ကလူတွေက ငွေရှင်တယ် မိန်းကလေးရဲ့၊ ထင်းခုတ်၊ မျှစ်ချိုး၊ ဝါးခုတ်၊ ဘာလုပ်လုပ် ဝင်ငွေကောင်းတယ်၊ အလုပ်ကြမ်းသမားတွေပေါ့၊ ရတဲ့ငွေ စားလိုက်ကြ သောက်လိုက်ကြ၊ ဖဲရိုက်လိုက်ကြနဲ့ နယ်စုံက လူပေါင်းစုံတွေ"

"ကြောက်စရာပါလား ဒေါ်ဒေါ်ရယ်"

ငြိမ်းအေး ရင်မောရသည်။

"ဒါပေမယ့် မိန်းကလေးရယ်၊ ဒီအရပ်မှာ ဒါမျိုးတွေရှိကြောင်းသာ ပြောတာပါ။ ကြောက်စရာတော့ မလိုပါဘူး၊ လာ ကြမ်းကြည့်ပါလား၊ အဒေါ်ကတော့ ပါးရှစ်စိတ်ကွဲအောင် ချ မှာ"

"ဒါပေမယ့် အဒေါ်ရယ် . . . ယောကျ်ားနဲ့ မိန်းမ"

"အို . . . မိန်းကလေးရယ်၊ ယောကျ်ားနဲ့ မိန်းမပေမယ့် သူတို့က ငမူးတွေ၊ တွန်းရုံနဲ့ လဲမယ့်ဟာတွေ၊ ဘာမှ ကြောက်စရာ မရှိဘူး"

အဒေါ်ကြီး၏ သတ္တိကို ငြိမ်းအေး အားကျမိသည်။

ဤအရပ်မှာ ဤမျှတော့ သတ္တိရှိဖို့ လိုလိမ့်မည်ဟု တွေးလိုက်မိသည်။

အရက်သမားများကြောင့် ခရီးအတော်တွင်သွားသည်။

"ဟိုးကဟာ ကျွဲနဖားရွာ"



www.burmeseclassic.com

www.burmeseclassic.com

အဒေါ်ကြီးပြရာသို့ ငြိမ်းအေး လှမ်းကြည့်လိုက်သည်။ သိပ်မဝေးတော့ပါ။

"အင်း . . . ဟိုအရက်သမားပြောတာ ဟုတ်တော့ ဟုတ်တယ်။ မိန်းကလေးက တော်တော့်ကို လှတယ်"

"ရှင် . . ."

အဒေါ်ကြီး၏ အဆက်အစပ်မဲ့ ပြောလိုက်သော စကားကြောင့် ငြိမ်းအေး ပြုံးမိသည်။ ရက်ပြုံး။

ကွဲ့နဖားရွာကို နီးလာပြီ၊ မန်းကျည်းပင်ကြီးများကိုပင် လှမ်းမြင်နေရပြီ။ ဤရွာတွင် ဘယ်လိုကျန်ခဲ့ပြီး ဘယ်သူ့ကို အားကိုးပြု၍ နေခဲ့ရမည်နည်း။

အဖြေမသိသော အတွေးကို ငြိမ်းအေး တွေးနေမိသည်။

"ဒီရွာမှာ အဒေါ်နဲ့ ရင်းနီးတဲ့ ဒေါ်တုတ်ဆိုတာ ရှိပါတယ်။ ကမ်းနားအဆင်းမှာတင်ပါပဲ၊ အကြော်ရောင်းတာလေ၊ အကြော်ဝယ်စားရင်း ခင်နေတာပါ။ မိန်းကလေးကို ဆိုင်မှာ အပ်ပေးခဲ့ပါ့မယ်။ သူက စိတ်ရင်းကောင်းပါတယ်။ သမီးတစ်ယောက်လဲ ရှိပါတယ်"

အဒေါ်ကြီးကို ငြိမ်းအေး ကျေးဇူးတင်ပြီးရင်း တင်နေရသည်။

ကွဲ့နဖားရွာကို ရောက်လာပြီ။

သာမန်ရွာတစ်ရွာသာ ဖြစ်ပါသည်။

ရွာလယ်လမ်းအတိုင်း လျှောက်လာကြပြီး မြစ်ဆိပ်ကမ်းဘက်သို့ ရောက်လာကြသည်။





ထိုနေရာတွင် လက်ဖက်ရည်ဆိုင်၊ မုန့်တီဆိုင်၊ အကြော်ဆိုင်များ ရှိသည်။

"မိန်းကလေး ဟိုရှေ့က မတုတ်အကြော်ဆိုင်ပဲ"

ငြိမ်းအေး ခေါင်းညိတ်လိုက်သည်။ စိတ်ထဲမှာတော့ တိတ်တိတ်လေး ဆုတောင်းနေမိ၏။

"ဒေါ်တုတ်ဆိုတာ ဒီအဒေါ်လို သဘောကောင်းပါစေ" ဟု၍။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မြလိပ်တောင်ကြီးကို နောက်ခံပြု၍ ကွေ့ကောက်စီးဆင်းနေသော ဓုဋ္ဌာဝတီမြစ်အတွင်းမှာ စက်တပ်လှေလေးတစ်စီး အရှိန်နှင့် ပြေးနေသည်။ လှေဦးသည် ရေကွဲခွဲ၍ ဖွေးဖွေးဖြူသော ရေပန်းများ လွင့်ထုတ်နေသည်။

လှေ၏ အထက်ကောင်းကင်ပြင်တွင် ပျံလွှားငှက်ကလေးများ အုပ်သင်းဖွဲ့၍ ဝဲပျံနေသည်။

ကျွဲနဖားရွာ ဆိပ်ကမ်းနှင့် နီးလာသောအခါ လှေကလေးသည် စက်ရှိန်လျော့သွား၏။ မြစ်လယ်ဘက်ဆီမှ ကွေ့ဝိုက်၍ ဆိပ်ကမ်းသို့ ဦးတည်လေသည်။

နေအရောင်မှာ ဖွေးဖွေးတောက်နေသော သွိုင်းခါင်းဖြူများအပေါ် ကျော်နင်း၍ လှေကလေးသည် ကမ်းစပ်မှာ ဆိုက်

နေရွှာ

www.burmeseclassic.com



ကပ်လေသည်။

"လင်းရေ. . .လင်း"

"လင်း. . .လာပြီဟေ့"

"ဟေး. . .လင်း"

"လင်း. . .ကွ"

လမ်းပေါ်မှ ကလေးတစ်သိုက် ဝမ်းသာအားရ အော်ဟစ်ပြေးလာပြီး လှေပေါ်မှ လူငယ်ကို နှုတ်ဆက်နေကြသည်။

လူငယ်က လှေပေါ်မှနေ၍ ကလေးများကို လက်ပြနေသည်။

လှေကပ်ပြီးသည်နှင့် ရောက်ချိုသီး၊ ရောက်ပန်းသီး၊ မာလကာသီးများကို ကမ်းပေါ်မှ ကလေးများဆီသို့ ပစ်ပေးသည်။

"ရော့ ဟေ့၊ ချက်စုလေး"

"ရော့ မိုက်ပုချို"

"ရော့ ကြွက်နီ၊ ဟာ. . .ကြွက်နီက ညံ့တာကိုးကွ၊ မိအောင်မှ မဖမ်းနိုင်တာ"

မာလကာသီးက ရေထဲကျသွားသည်။

"ရော့ နောက်တစ်လုံး"

ကြွက်နီ မိသွား၍ အားလုံး လက်ခုပ်တီးကြသည်။

"ဟေး ခေါင်းကြီးလေး ဘာယူမှာလဲကွ"

"မာလကာဒီး"

"ဖမ်းဟေ့"

လင်းထွန်းနှင့် ကလေးများ ပျော်ရွှင်စွာ လှုပ်ရှားနေ





ကြသည်ကို ကမ်းပေါ်ရှိ ဆိုင်များမှ လူများ လှမ်းကြည့်နေကြသည်။

လင်းထွန်းရောက်လာတိုင်း ကလေးသံများနှင့် ဆူညံသွားလေ့ ရှိသည်။

လင်းထွန်း၏ လှေပေါ်မှ ခြင်းကြီး ခြင်းငယ်တို့နှင့် ဖြံ့ထွက်သီးနှံအမျိုးစုံ ပါလာကြသည်။

ရောက်ပန်းသီး၊ ရောက်ချိုသီး၊ ရောက်ချဉ်သီး၊ သံပရာသီး၊ သင်္ဘောသီး၊ ဆီးသီးများနှင့် ဂေါ်ဖီထုပ်များအပြင် ထောပတ်ပုံး၊ နို့ဆီပုံးများလည်း ပါလာသည်။

အလုပ်သမားများက ခြင်းများ၊ တောင်းများ၊ ပုံးများကို ထမ်း၍ ကမ်းပေါ်သို့ တင်ကြသည်။

လင်းထွန်း ကမ်းပေါ်ရောက်သည်နှင့် ကလေးများက လင်းထွန်းကို ဝိုင်းရံပြီး ခုန်ပေါက်မြူးထူးနေကြသည်။

အငယ်ဆုံးဖြစ်သော ချက်စုကလေးနှင့် ခေါင်းကြီးလေးကို လင်းထွန်းက လက်တစ်ဖက်စီမှာ ဆွဲထားလိုက်သည်။

လင်းထွန်းနှင့် ကလေးများ ကမ်းပေါ်မှ လက်ဖက်ရည်နှင့် နန်းကြီးမုန့်တီပါရသည့် ဒေါ်စောရီဆိုင်သို့ သွားကြသည်။

လင်းထွန်းကတော့ ထုံးစံအတိုင်း မုန့်တီနှစ်ပွဲမှာ၍ ထမင်းလွတ်စားသည်။ ကလေးများက လက်ဖက်ရည်ခွက်ကိုယ်စီ၊ မုန့်ကိုယ်စီနှင့်. . .

ဆရာကိုစန်းမြင့် ဆိုင်ထဲသို့ ဝင်လာပြီး လင်းထွန်းဘေးမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လင်းရေ စပါးကြီးမြွေအရေခွံက လေးထောင်ရတယ်"

လင်းထွန်း ပြုံးလိုက်သည်။

"များတာပေါ့ဗျာ"

"မန္တလေးအထိ ဆင်းရောင်းရင် ခြောက်ထောင်လောက်အထိ ရနိုင်တယ်။ တကယ်ကြိုက်တဲ့လူဆိုရင် ရှစ်ထောင်"

"ဟာ . . . ဆရာဦးစန်းမြင့်ကလည်းဗျာ ရှင်းပြနေစရာမလိုပါဘူး"

"မဟုတ်ဘူး ဒီမှာတင်ရောင်းတော့ ဈေးနည်းနေလို့"

ဆရာကိုစန်းမြင့် ပြောနေပုံက အားနာသံနှင့် . . .

"မနည်းဘူး ဆရာရေ ဆရာနဲ့ကျုပ် ဒီဈေးမျိုးတွေကြားဖူးတာ၊ အရင်ကိုယ်စားလှယ် ဝင်းမောင်တုန်းကဆိုရင်ထောင်ဂဏန်းအထိတောင် မရဘူး။ ခြောက်ရာ ရှစ်ရာနဲ့ ပြတ်ရော"

ဦးစန်းမြင့် ပြုံးသည်။

"ဝင်းမောင်တော့ တစ်ခါတည်းကို ကျွဲနဖားက ပျောက်သွားတာပဲ"

ဝင်းမောင် လိမ်ညာသည်များကို ငြင်းမရအောင် ထုတ်ဖော်ပြီးသည်နှင့် လင်းထွန်း၏ လက်သံပြောင်မှုကို ရည်စူးလိုက်ခြင်း ဖြစ်သည်။

"ဒီကောင်က လူညစ်ပတ်ပဲဗျာ၊ ဆရာနဲ့ ကျွန်တော့်ကြားမှာ ဒီပြဿနာမျိုး မရှိပါဘူး။ ဆရာ့ကို ကျွန်တော်ယုံတယ်"

"ဒါပေမယ့် ကျွန်တော်စိုးရိမ်တာ တစ်ခုတော့ ရှိတယ်"





ဆရာ ဦးစန်းမြင့် ပြောပုံက မဝံ့မရဲ၊

"ဘာကို စိုးရိမ်တာလဲ ဆရာ"

"ကျွန်တော်ကတော့ လင်းကို မလိမ်ဘူး၊ ဒါပေမယ့်ကျွန်တော်ကိုယ်တိုင် အလိမ်အညာခံရလို့ ဈေးနည်းသွားမှာ"

"ကျေနပ်တယ် ဆရာ၊ ကျွန်တော် နားလည်တယ်"

"ရော့ . . လင်း၊ ဒါက အသီးအနှံတွေ ရောင်းလို့ရတဲ့ငွေ"

"ဒါက နို့ဆီနဲ့ ထောပတ်ရောင်းလို့ရတဲ့ ငွေ"

"ဒါတွေက စာရင်းတွေ"

"ရတယ် ဆရာ၊ ကျွန်တော် မှာထားတဲ့ ပစ္စည်းတွေရော"

"အားလုံး အသင့်ပဲ၊ အလုပ်သမားတွေ လှေပေါ်တင်နေကြပြီ"

"ရော့ ဆရာ၊ ဒီစာရင်းတွေ ထပ်ဝယ်ထားပေးပါဦး၊ နောက်တစ်ခေါက်လာရင် ယူမယ်"

ဆရာ ဦးစန်းမြင့်က စာရင်းများ လှမ်းယူသည်။

စာရင်းများနှင့်အတူ လင်းထွန်းက ဆရာ၏ အကျိုးဆောင်ခငွေကို ထိုက်တန်စွာ ထည့်ပေးလိုက်သည်။

"ဟေ့ ကလေးတွေ၊ မုန့်လိုချင်ရင် ထပ်ယူကြဦးလေ"

ကလေးများရှေ့တွင် ချပေးထားသော မုန့်ပန်းကန်များက မကုန်သေး။

လင်းထွန်းကို ချစ်ခင်စွာ လှမ်းကြည့်နေကြသောကလေးများ၏ မျက်လုံးများမှာ အရောင်တလက်လက်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကမ်းနားမှာ ဆိုင်တန်းများရှိ၍ လူပိုစည်ကားသည်။

အောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ပူပြင်းသော နေရောင်အောက်မှာ တဖိတ်ဖိတ် တလက်လက် တောက်နေသော ဧရာဝတီမြစ်ကို လှမ်းမြင်ရသည်။

အဒေါ်ကြီးက အကြော်ဆိုင်တစ်ခုရှေ့မှာ ရပ်လိုက်သည်။

အကြော်ရောင်းနေသော ဒေါ်တုတ်က ခုမှ သတိထားမိဟန်တူသည်။

"ဟဲ့...မအေးဘုံ ပြန်လာကြပြီကိုး"

ဆိုင်ရှင် အဒေါ်ကြီး ခေါ်သံကြားမှပင် သူ့ကို ကူညီသော အဒေါ်၏နာမည်ကို ငြိမ်းအေးသိရသည်။

နေရှာ

www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာပြီ မတုတ်ရေ၊ ဟောဒီမှာ မိန်းကလေးတစ်ယောက်ဟယ်၊ လမ်းကြုံပါလာတယ်၊ ရွှေပန်းတော သွားချင်လို့တဲ့"

"အို . . .ရွှေပန်းတော ဟုတ်လား၊ အဝေးကြီး မိန်းကလေးရယ်၊ ဘာလုပ်ဖို့ သွားမှာလဲ"

ဆိုင်ရှင် ဒေါ်တုတ်က ရွှေပန်းတောကို သဘောကျပုံမရ။

ဒေါ်အေးဘုံက ဆွဲလာသောခြင်းနှင့် အိတ်ကိုချ၍ ဒေါ်တုတ်ဆိုင်ထဲမှာ ဝင်ထိုင်လိုက်သည်။

"အဖော်လည်း မပါဘူး၊ တစ်ယောက်တည်း"

ဒေါ်တုတ် စိတ်မချ။

ဒေါ်အေးဘုံပါ ဒေါ်တုတ်နှင့် တစ်သဘောတည်း ဖြစ်နေသည်။

"ကျွန်မက သွားမှဖြစ်မှာမို့ပါ၊ အဒေါ်တို့ရယ်"

အသားညိုညိုနှင့် တုတ်တုတ်ခိုင်ခိုင်ဖြစ်သော ဆိုင်ရှင် ဒေါ်တုတ်က ငြိမ်းအေးကို အသေအချာ ကြည့်နေသည်။

"အင်း . . .မိန်းကလေးက ချောချောလှလှလေး ရွှေပန်းတောမှာက လူမျိုးစုံ၊ စရိုက်ကလည်း ကြမ်းတယ်၊ ဖဲဝိုင်းနဲ့ အရက်ပုန်းဆိုင်နဲ့ လောင်းကစားဝိုင်းတွေနဲ့ ထစ်ခနဲဆို ရိုက်ကြနက်ကြ"

"ဖြစ်ပါတယ် အဒေါ်ရယ်၊ ကျွန်မရဲ့ ဘဘုန်းဘုရားလည်း ရှိပါတယ်"





ဒေါ်တုတ်က ဒေါ်အေးဘုံကို လှမ်းကြည့်လိုက်သည်။ ဘဘုန်းဘုရားဆိုသည်ကို နားမလည်သည့် သဘော။

"ဘဘုန်းဘုရားဆိုတာ ဘယ်သူလဲ မိန်းကလေး"

ဒေါ်အေးဘုံ၏ အမေး။

"ဘုန်းတော်ကြီး ဦးမေဓာပါ"

"သြော် . . .ရန်ကုန်သားဆိုတဲ့ ဘုန်းကြီးမဟုတ်လား"

ဒေါ်တုတ်က ဖြတ်မေးသည်။

"ဟုတ်ပါတယ် အဒေါ်"

ဘဘုန်းဘုရားကိုသိ၍ ငြိမ်းအေး အားတက်သွားသည်။

"ဟုတ်ပါတယ် အဒေါ်"

"ဒါဆိုရင်တော့ သွားလို့ဖြစ်ပါတယ်၊ ဘုန်းကြီး ဦးမေဓာက ရွှေပန်းတောမှာ သြဇာရှိပါတယ်။ ဒါပေမယ့် ဒီနေ့တော့ မော်တော်က အစောကြီးတက်သွားပြီ၊ သြော် . . .နေဦး ကြွက်နီရေ ကြွက်နီ"

ဆိုင်ရှင် ဒေါ်တုတ်က ပြောရင်းမှ စိတ်မြန်ကိုယ်မြန် ဆိုင်အပြင်ထွက်ပြီး အော်ခေါ်နေသည်။

"ကြွက်နီ ကြွက်နီ"

သံကုန်ဟစ်၍ အော်ခြင်းဖြစ်သည်။ ငြိမ်းအေး ပြုံးမိသည်။

"လာပါပြီဗျ"

ကလေးတစ်ယောက် ပုဆိုးစလွယ်သိုင်းနှင့် ပြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့...ကြွက်နီ၊ နင်တို့ ဟို...ဘယ်သူ၊ ခြံလုပ်တဲ့လူ"

ကြွက်နီ နားမလည်သေး။

"ဟယ်...ရေတံခွန်တောင်ခြေမှာနေတဲ့ နင်တို့မိတ်ဆွေ၊ သူနာမည်က နင်တို့ခေါ်တာ တစ်လုံးတည်း၊ ငါမမှတ်မိဘူး"

"ဟီး...ဟီး...လင်းကို ပြောတာလား"

"အေး...အေး ဟုတ်တယ်၊ ဒီနေ့ သူလေ့လာတယ်မဟုတ်လား၊ သူ ဒီနေ့ ပြန်မှာလား"

"ပြန်တော့မှာဗျ၊ ကျုပ်တို့ လက်ဖက်ရည်လည်းသောက်ရတယ်၊ မုန့်တွေလည်း အဝစားရတယ်၊ အခု သူ့ကိုမြစ်ဆိပ်ပို့ပြီး နှုတ်ဆက်နေတာ၊ အမေခေါ်လို့ ပြေးလာတာဗျ"

"ဟဲ့...ဒီမှာ မိန်းကလေးတစ်ယောက် ရှေ့ပန်းတောကို လိုက်ချင်လို့၊ သူ့လေ့နဲ့လိုက်ရင် ဖြစ်မလားလို့"

"ဘယ်သူလဲ"

"ဟယ်...သေနာလေး"

ကြွက်နီမေးပုံက လူကြီးဟန်ပေါက်နေ၍ ဒေါ်တုတ်က ကျိန်ဆဲလိုက်သည်။ သို့သော် လက်ကတော့ ငြိမ်းအေးကို ထိုးပြမိလျက်သား...

"အို...အမေကလည်း ဖြစ်ပါ့မလား၊ ဒီအစ်မက လှလှချောချောလေး၊ အဲဒီလူက လူမိုက်"

ဒေါ်တုတ်ဆိုင်ရှေ့မှာ ကွမ်းယာ စီးကရက်ရောင်းသော





ဒေါ်တုတ်သမီး ခင်မကာ လင်းထွန်းကို သဘောမကျ။

"ဘာဗျ...လင်းက လူမိုက်မဟုတ်ပါဘူး၊ လူကောင်းဗျ"

ကြွက်နီ မခံမရပ်နိုင် ဖြစ်သွားသည်။

"ဟဲ့...လူမိုက်မို့ ဟိုတစ်ခါ ကိုဝင်းမောင်ကို ထိုးသိုက်ကြိတ်လိုက်တာ ဘယ်သူမှတောင် ဝင်မဆွဲရဲဘူး"

"အဲဒါ သူ့ကို ညာလို့ဗျ"

"ကြွက်နီနော်...နင်ကလေး ဝင်မပြောနဲ့၊ နင့်လူက စိတ်မှန်တာလဲ မဟုတ်ဘူး၊ ရောက်လာတာနဲ့ ကလေးတွေနဲ့ ဘရန်းရန်း ဆူညံလို့၊ လူကြီးတွေနဲ့ စကားပြောရင်တော့ မာရေကျောရေနဲ့"

"ဟင်...လင်းက လူကောင်းဗျ၊ အစ်မကာ ကိုဝင်းမောင် အထိုးခံရလို့ မကျေနပ်နေတာ"

"ဟဲ့...ကြွက်နီ၊ နင်..."

"ဟုတ်တယ်ဗျ၊ ကိုဝင်းမောင်ကမှ လူဆိုး၊ ဟိုတစ်ခါ အမေမရှိတုန်း ဆိုင်ထဲက မီးခွက်ကိုမှုတ်ပြီး အစ်မကို နမ်းတာ ကျုပ်မြင်တယ်"

"ဟဲ့...ကြွက်နီ သေနာကောင်လေး၊ မဟုတ်တာပြောတာ၊ နင့်ကို ငါသတ်မယ်"

ကြွက်နီက သူ့အမေ ဒေါ်တုတ်နောက် ပြေးဝင်လိုက်စဉ်...

တုန်း တုန်း တုန်း...



www.burmeseclassic.com

www.burmeseclassic.com

ဆိပ်ကမ်းဘက်ဆီမှ စက်သံ ထွက်ပေါ်လာသည်။

"ဟောဒါ လင်းလှေရဲ့ စက်သံ"

ကြွက်နီသည် ဆိပ်ကမ်းဆီသို့ အပြေးဆင်းသွားသည်။

"ဟဲ့...ဖြည်း...ဒီကလေး"

ကြွက်နီနောက်သို့ ဒေါ်တုတ် ပြေးလိုက်သွားသည်။

"လင်းရေ...လင်း"

ကြွက်နီ ကမ်းပေါ်မှ အော်ခေါ်နေသည်။

စက်တပ်လှေလေးက ကမ်းမှခွာ၍ ဝါးတစ်ရိုက်ခန့်ပင် ရောက်နေပြီ။

စက်ရှိန်မြင့်တော့မည် ပြုပြီးမှ ကြွက်နီ၏ အော်ခေါ်သံကြောင့် စက်ရှိန် လျှော့လိုက်သည်။

"လင်းရေ ခဏနေပါဦး၊ မမချောချောလေးတစ်ယောက် လိုက်ချင်လို့"

လင်းထွန်း ကမ်းပေါ်မှ လမ်းဆီသို့ လှမ်းကြည့်လိုက်သည်။

အဒေါ်ကြီးနှစ်ယောက်နှင့် ကြွက်နီပြောသော မမချောချောလေးတစ်ယောက် ကမ်းဆီသို့ ခပ်သုတ်သုတ် ဆင်းလာနေကြသည်။

လင်းထွန်းက လှေကို ကမ်းဆီသို့ ပြန်ကပ်ပေးသည်။

"ကျွန်မ ရွှေပန်းတော လိုက်ချင်လို့ပါ"

"တက်လေ ဘယ်နှစ်ယောက်လဲ"

"ကျွန်မတစ်ယောက်တည်းပါ"





ငြိမ်းအေး လှေပေါ်လှမ်းတက်ရင်း ဖြေလိုက်သည်။

"ဗျာ...ခင်ဗျားတစ်ယောက်တည်း ဟုတ်လား"

"ဟုတ်ကဲ့"

ငြိမ်းအေး လှေပေါ်ရောက်နေပြီ။

"ဖြစ်ပါ့မလား ကျုပ်ကလည်း တစ်ယောက်တည်း"

လင်းထွန်းက မိန်းမချောလေးကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေလေသည်။

"ဖြစ်ပါတယ်၊ ရှင်က လူကောင်းပါတဲ့"

"ဗျာ...ခင်ဗျားကို ဘယ်သူပြောလဲ"

"ဟို...ဟိုကလေး ပြောတာပါ"

ကြွက်နီကို လက်ညှိုးထိုးပြသည်။

"ဟုတ်ပါတယ် လင်း၊ ခေါ်သွားလိုက်ပါ"

ကြွက်နီက ထောက်ခံချက်ပေးနေသည်။

"လင်း ခေါ်သွားလိုက်ပါ"

ဗိုလ်ပုချိုကပါ တိုက်တွန်းပေးနေသည်။

"ဟုတ်ပါတယ် ငါ့တူရယ်၊ ခေါ်သွားပေးပါ"

ဒေါ်တုတ်က တောင်းပန်သည်။

လင်းထွန်း နေကို မော့ကြည့်လိုက်သည်။

နေမင်းကြီးသည် ခေါင်းတည့်တည့်အပေါ်မှ အနောက်ဘက်သို့ တိမ်းစောင်းရုံသာ ရှိသေးသည်။

အချိန်အများကြီး စောသေးသည်။

ရွှေပန်းတောသို့ နေမဝင်ခင် ရောက်နိုင်သည်ဟု ခန့်



www.burmeseclassic.com

www.burmeseclassic.com

ဆလိုက်သည်။

"ကဲ . . . ဒါဖြင့်လည်း အဲဒီရေမှာ ဝက်ဝံသားရေ တစ်ချပ်ရှိတယ်၊ ခင်ဗျားသွားထိုင်၊ ကျုပ်လှေက အမိုးမပါဘူး။ ခင်ဗျား နေပူလိမ့်မယ်"

"ရပါတယ်"

"သွားမယ်ဟေ့ အပေါင်းအသင်းတွေ"

"လင်းရေ တာ့တာ"

"လင်းရေ နောက်တစ်ခေါက် မြန်မြန်လာခဲ့"

"လင်း . . ."

ကလေးများ ဆူညံစွာ အော်ဟစ်နှုတ်ဆက် လက်ပြကျန်ရစ်ကြသည်။

ကလေးများ၏ နောက်တွင် ဒေါ်အေးဘုံနှင့် ဒေါ်တုတ်က လှေပေါ်မှ မိန်းကလေးကို လက်ပြနှုတ်ဆက်လျက် . . .။





အခန်း(၄)

စက်တပ်လှေကလေးကို ဧရာဝတီမြစ်လယ်အတိုင်း ဆန်တက်ပြေးသွားနေသည်။

တောင်ကြားတောင်ခြေ ကုန်မြင့်ဒေသဖြစ်၍ ဧရာဝတီမြစ်က ရေစီးမြန်နေသည်။

လှေ၏ စက်အားက ဆန်ရေကို ဖြတ်ခွဲတွန်းလှန်နေသည်။

ခေါင်းပေါ်တွင် နေမင်းကြီးက ရက်စက်စွာ ပူပြင်းနေ၏။

လင်းထွန်းက သူ့ခေါင်းပေါ်မှ အနားဝိုင်းအပြန့်ကျယ်သော သက္ကလပ်ဦးထုပ်ကြီးကိုချွတ်၍ မိန်းကလေးထံသို့ လှမ်းပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ . . . ဒီဦးထုပ်ဆောင်းထား၊ နေက သိပ်ပူတယ်"

မိန်းကလေးက ဦးထုပ်ကို မယူသေးဘဲ လင်းထွန်းကို လှမ်းကြည့်လိုက်သည်။

"ရှင် နေပူမှာပေါ့၊ ရှင့်ဘာသာပဲ ဆောင်းထားပါ"

ငြိမ်းအေးက လှမ်းမယူဘဲ ငြင်းသည်။

"ကျုပ်အတွက် မပူပါနဲ့၊ ကျုပ်က ဒီနေပူတာ ခံနေကျ ပါ။ ခင်ဗျား အသားအရေကြည့်ရတာ အပူခံဖူးတဲ့ပုံ မဟုတ်ဘူး ဆောင်းထားပါ"

လင်းထွန်းက မိန်းကလေးထံသို့ ဦးထုပ်ကို ပစ်ပေး လိုက်သည်။

မြန်မြန်မကောက်ယူလျှင် လေထဲလွင့်သွားနိုင်၍ ငြိမ်း အေး ဦးထုပ်ကို ကောက်ယူပြီး ဆောင်းထားလိုက်ရသည်။

ကမ်းနှစ်ဖက်တွင် မြင့်မားသော တောင်ကြီးများ ကာရံ နေ၍ မြင်ရသော ရှုခင်းအလှများကို ငြိမ်းအေး သဘောကျနေ သည်။

အိပ်မက်ထဲမှာပင် တစ်ခါမျှ မမြင်မသိဘူးသော ရှုခင်း များ။

"ငါ့ငယ်ငယ်က ဒီလမ်းအတိုင်း ထွက်လာခဲ့တာလား"

ပြန်စဉ်းစားကြည့်သည်။

ရေးရေးမျှ မပေါ်။

ဒုဋ္ဌာဝတီမြစ်၏ ညာဘက်ခြမ်းမှာရှိသော မြလိပ်တောင် ကြီးဆီသို့ မျှော်ကြည့်လိုက်သည်။





သဘာဝအတိုင်း လှပသော အချွန်အထွတ်တို့နှင့် ဆန်းကြယ်သော တောင်ကြီးကို တအံ့တသြ ငေးနေမိသည်။

ဒုဋ္ဌာဝတီမြစ်ကြောင်းက မြလိပ်တောင်ကြီးကို ဦးခိုက် နေရာမှ ဘေးတိုက်အနေအထားသို့ ပြောင်းလဲသွားသည်။

"ငါ့အဖေအရင်းနဲ့ အမေအရင်းက ဘယ်အချိန်မှာ ကွယ်လွန်သွားကြတာလဲ"

"အဖေနဲ့ အမေ ကွယ်လွန်သွားတော့ ငါ့ကို ဘယ်သူ က ဆက်မွေးလဲ"

"ရွှေပန်းတောကနေ ရန်ကုန်အထိ ခေါ်သွားတာ ဘဘုန်းဘုရား ကိုယ်တိုင်ပဲလား၊ ဘယ်သူ ခေါ်သွားတာလဲ"

"ဘဘုန်းဘုရားက ဘယ်ကငွေတွေနဲ့ ငါ့ကို ကူညီ စောင့်ရှောက်ခဲ့တာလဲ"

သူ့ဘဝမှာ ဘဘုန်းဘုရား၏ အစဉ်တစိုက် ကြီးကြပ် စောင့်ရှောက်မှုနှင့် ဤဘဝ ဤအခြေသို့ ရောက်ရသည်ဟုတော့ သိထားသည်။ သို့သော် အသေးစိတ်ဖြစ်စဉ်များကိုတော့ ဘာမျှ မသိသေး။ ဘဘုန်းဘုရားထံမှ စာများကိုသာ ဖတ်ရသည်။ ဘဘုန်းဘုရားကိုယ်တိုင် ခုထိ တစ်ခါမှ မမြင်ဘူးသေး။

ရွှေပန်းတော ရောက်လျှင်တော့ တော်တော်လေး သိ ရမည်ထင်သည်။ ဤသိချင်စိတ်ကလည်း ရွှေပန်းတောကို လာဖြစ်စေရန် စေ့ဆော်ပေးခဲ့သည်။

ဘဘုန်းဘုရားကိုလည်း ဖူးမြင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

လှေ၏ စက်သံကြောင့် ရေသောက်နေသော သမင်လေးတစ်ကောင် ကမ်းစပ်မှ ပြေးတက်ပြီး တောအုပ်ထဲသို့ ဝင်ရောက်သွားသည်။

"ဟယ်...ဟိုမှာ သမင်လေး ပြေးသွားတာ လှလိုက်တာ"

ငြိမ်းအေး သဘောကျ၍ လက်ခုပ်ပင် တီးလိုက်မိသည်။

လင်းထွန်းက လှေကိုမြစ်၏ ဘယ်ဘက်ကမ်းမှာ ကပ်၍ မောင်းနေသည်။ နွယ်ကြိုးကြီးများ တွဲလဲကျနေသည့် သစ်ပင်ကြီးများသည် ကမ်းဘေးတစ်လျှောက်မှာ အုပ်မိုးနေကြသည်။

"ရှေးပန်းတောဟာ သဘာဝ အလှအပတွေ ပေါ်များ



www.burmeseclassic.com

www.burmeseclassic.com

လို့ စိတ်ကြည်နူးစရာ ကောင်းပေမယ့် လူတွေရဲ့ လောဘ ဒေါသ မာန်မနတွေကြောင့် အရုပ်ဆိုး အကျည်းတန်တာတွေလည်း ဖြစ်ခဲ့တာပေါ့ သမီးရယ်"

ဘဘုန်းဘုရား၏ စာထဲမှာ ရေးထားသည်ကို အမှတ်ရမိသည်။

"ဘာတွေ အရုပ်ဆိုးလို့ ဘာတွေ အကျည်းတန်ခဲ့တာလဲ"

ငြိမ်းအေး နားမလည်။

"သမီးလေးရောက်လာရင် ရွှေပန်းတောဟာ ပိုလှသွားမယ်၊ ပိုပြီးတော့လည်း ဂုဏ်ရှိသွားမယ်၊ အကျည်းတန်ခဲ့တဲ့ အညစ်အကြေးတွေကို သမီးက ဆေးကြောပစ်နိုင်လိမ့်မယ်၊ မယဉ်တဲ့လူတွေကိုလည်း သင့်တင့်ညီညွတ်အောင် လုပ်နိုင်ပါလိမ့်မယ်"

ဘဘုန်းဘုရား၏ စာများက နားလည်သလိုလိုနှင့် အပြည့်အစုံ နားမလည်။ တစ်ခုခု မြှုပ်ချန်ထားသလို ငြိမ်းအေး ခံစားရသည်။

"လူတစ်ဦးအကျိုးထက် လူအများအကျိုးကို လုပ်နိုင်တာ ပိုကောင်းတယ်။ အဲ့ဒီထက် ရွှေပန်းတောလို နေရာမျိုးက လူတွေရဲ့ အကျိုးကို ကူညီနိုင်ရင် ပိုကောင်းတယ်၊ ရေလိုတဲ့ နေရာမှာ ရွာတဲ့မိုးကမှ တန်ဖိုးရှိတယ် သမီးလေး"

ငြိမ်းအေး ဆယ်တန်းအောင်ပြီးကတည်းက ဘဘုန်းဘုရားက ငြိမ်းအေး ပညာဆက်သင်ရန်နှင့် ဘွဲ့ရပြီးလျှင် ရွှေပန်းတောသို့ ပြန်လာရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ရေးသားခဲ့





သည်။

"ရွှေပန်းတောက ဘဘုန်းရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်ကိုတောင် စွန့်လွှတ်ခဲ့ရပါတယ်။ သမီးလေးလည်း ဘဘုန်းနဲ့အတူ ရွှေပန်းတောကို ကူညီစေချင်တယ်။ သမီးလေးက အရွယ်ရောက်လာပြီးတော့ မိန်းမချောလေးလည်း ဖြစ်လာတယ်လို့ ဒေါ်ရွှေမြရဲ့ စာထဲမှာ ဖတ်ရတယ်၊ ဘဘုန်းကြိုတင်သတိပေးထားချင်တာကတော့ သမီးလေး ရွှေပန်းတောကို ပြန်မယ်၊ ရွှေပန်းတောကို ကူညီမယ်လို့ ဆုံးဖြတ်ထားရင် ဒီကြားထဲမှာ လူငယ်ဘဝ ချစ်သူထားတာမျိုး လုံးဝမလုပ်ရင် ကောင်းပါတယ်။ အဲဒီကိစ္စဟာ သမီးရဲ့ ဆုံးဖြတ်ချက်ကို ပျက်စီးစေလိမ့်မယ်"

သံယောဇဉ်ဆိုတာ သွားရာလမ်းရဲ့ အနှောက်အယှက်ပဲ။

"အကောင်းဆုံးကတော့ ဒီကြားထဲမှာ ပညာရေးမှတပါး ဘာမှ စိတ်မဝင်စားဘဲနေပါ သမီးလေး"

ဘဘုန်းဘုရား ပြောသည့်အတိုင်း ငြိမ်းအေး နေနိုင်ခဲ့ပါသည်။

ငြိမ်းအေးကို စိတ်ဝင်စားသော ယောကျာ်းလေးတွေ အများကြီး ရှိပါသည်။ ချည်းကပ်ကြိုးစားကြသည်တို့လည်း အကြိမ်ကြိမ် ကြုံရပါသည်။

သို့သော် ငြိမ်းအေးက အသည်းတံခါးကို လုံလုံလေး ပိတ်ထားလိုက်သည်။

ငြိမ်းအေး နှလုံးသားကို ရွှေပန်းတောဆိုသော နေရည်



www.burmeseclassic.com

www.burmeseclassic.com

ကသာ လွှမ်းမိုးနေပါသည်။ သည်နေ့ ရွှေပန်းတောကို ရောက်တော့မည်။ ဘဘုန်းဘုရားကို ဖူးတွေ့ရတော့မည်။

လှေ၏ စက်သံက မှန်မှန်ကြီး ပေါ်ထွက်နေသည်။

ထုတ် ထုတ် ထုတ်···

နေပူသော်လည်း လှေက ပြေးနေ၍ လေအေးလေးတိုးနေသောကြောင့် သက်သာပါသည်။

ကျွဲနဖားမှ ထွက်လာပြီး လူနေရွာလေးတစ်ရွာသာ တွေ့ရသည်။

ထိုရွာကို လွန်ပြီးကတည်းက ရွာဆက်လုံးဝ ပြတ်၍ လူနေဒေသနှင့် ဝေးကွာလာခဲ့သည်။

ကမ်းနှစ်ဖက်မှ တောကလည်း ပို၍ ပို၍ ကြီးလာသည်။

တော၏ အလွန်မှ တောင်ကြီးတွေကလည်း ပို၍ ပို၍ မြင့်မားနေကြသည်။

"အို···ဟိုမှာ လုလိုက်တာ"

ငြိမ်းအေး တစ်ယောက်တည်း အသံထွက်ပြောမိပြီးမှ ရုတ်တရက် သတိရ၍ နောက်မှလူကို လှည့်ကြည့်လိုက်သည်။

လင်းထွန်းက မသိသလိုပင် ရှေ့တူရူကို ကြည့်၍ လှေကို လမ်းကြောင်းမှန်အောင် ထိန်းကိုင်ပေးနိုင်သည်။

"အို···ဟိုမှာ"

ငြိမ်းအေး အသံထွက်သွားမိပြန်သည်။ မိမိကိုယ်ကိုပင် မကျေနပ်။

သို့သော် ဘာမျှမတတ်နိုင်။





မြစ်ကမ်းနှင့် ခပ်လှမ်းလှမ်းမှ သစ်ပင်ပေါ်တွင် တစ်လံခန့်ရှည်သော ကတ္တီပါရောင် သစ်ခွပန်းနိုင်ကြီး။

လင်းထွန်းကတော့ တည်ငြိမ်စွာ လှေပဲထိန်းလျက်။

ဤမျှလှပသော ရှုခင်းမြင်ကွင်းများကို တစ်ယောက်တည်း ခံစားနေရသည်မှာ မပြည့်စုံ။

အဖော်အပေါင်းနှင့် မျှဝေခံစားချင်စိတ် ဖြစ်မိသည်။

သို့သော် လှေဆရာကလည်း မျက်နှာတင်းလွန်းသည်။

"အို···ဟိုတောင်ကြီးက ဆင်တစ်ကောင် မြောက်ဘက်ကို လှည့်ဝင်နေတာနဲ့ တူလိုက်တာ"

ငြိမ်းအေး အသံထွက်ပြောလိုက်သည်။

"အဲဒါ···ဆင်တောင်"

လင်းထွန်းက စိတ်ထဲမှာပင် အဖြေပေးသည်။

မိန်းကလေး၏ ပုံဖော်ပြီး မြင်တတ်ပုံကိုတော့ စိတ်ထဲမှာတင် ချီးကျူးနေမိသည်။

"အို···ဟိုတောင်ကြီးက ဘာတောင်လို့ ခေါ်လဲ၊ လှလိုက်တာ"

ငြိမ်းအေးက လင်းထွန်းကို လှည့်ပြီး မေးလိုက်သည်။

လင်းထွန်းက ငြိမ်းအေးညွှန်ပြရာ တောင်ဆီသို့ လှမ်းကြည့်သည်။

"ခိုနန်းယဉ်သာတောင်"

ဖြေပုံက တွန့်တွန့်တိုတို။

"ဟိုဘက်တောင် အမြင့်ကြီးကရောဟင်"



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေးက ဆက်မေးသည်။

"ဒီနေရာမှာ ရှိသမျှ တောင်တိုင်းကိုသာ နာမည်လိုက်မေးနေရင် ဘယ်လိုလုပ်ဖြေနိုင်မလဲ"

ပြောပုံက မာရေကျောရေ။

ငြိမ်း ပြုံးလိုက်သည်။

"ဟုတ်သည်"ဟု သဘောကျ၍ ဖြစ်သည်။

"ဒီနေရာမှာရှိတဲ့ တောင်တွေ တောင်တွေက သိပ်လှတာပဲနော်"

လင်းထွန်းက ဘာမျှ ပြန်မပြောပါ။

ရန်ကုန်မှာ ဘတ်(စ်)ကားတိုးစီးရခြင်း၊ ကားသံ လူသံဆူညံနေခြင်းနှင့် နှိုင်းယှဉ်၍ တော၏ အေးချမ်းသာယာသော သဘာဝအလှကို ငြိမ်း သဘောကျနေမိသည်။

"ဒီတောကြီးထဲလာပြီး အေးအေးဆေးဆေးနေရရင် ဘယ်လောက် ပျော်စရာကောင်းမလဲနော်"

ငြိမ်းအေးက အသံထွက်၍ ပြောလိုက်မိပြန်သည်။

"စိတ်ကူးယဉ်ဖို့တော့ ကောင်းပါတယ်"

နောက်မှ ထွက်လာသော အသံကြောင့် ငြိမ်းလှည့်ကြည့်လိုက်သည်။

"မြို့ကြီးတွေမှာ ဒီလိုလှပတဲ့ သဘာဝရှုခင်းတွေ ဘယ်ရှိမလဲ၊ စိတ်ကူးယဉ်ဖို့တင် မဟုတ်ဘူး၊ တကယ်လာနေဖို့ကောင်းတယ်"

ငြိမ်းအေးက သူ့စကားကို အနိုင်အမာ ထပ်ပြလိုက်





သည်။

လင်းထွန်း ပြုံးသည်။ မဲ့ပြုံး သရော်ပြုံး။

"တစ်ရက်တောင် နေနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားလုပ်ပါတယ်ဆိုတဲ့ အဲဒီသဘာဝတောကြီးထဲကို လှေပေါ်ကဆင်းပြီး တစ်ပတ်လှည့်ကြည့်လိုက်ပါလား၊ အန္တရာယ်မျိုးစုံ၊ ဒုက္ခအမျိုးစုံ ကြုံသွားမှာပေါ့၊ အဲဒီတောထဲမှာ ကျားရှိတယ်၊ သစ်ပင် သစ်ကိုင်းပေါ်ကနေ အလစ်မှာ ခုန်အုပ်တဲ့ ကျားသစ်တွေရှိတယ်"

"ရှင်"

ငြိမ်း ထိတ်လန့်သွားသည်။

"တောဆင်ရိုင်းကြီးတွေ၊ မြွေတွေ ရှိတယ်"

"အို..."

အားလုံး ငြိမ်းအတွက် ကြောက်စရာတွေချည်း ဖြစ်နေသည်။

"အနည်းဆုံး ခြင်တွေ၊ မှက်တွေ၊ ဖြုတ်တွေကိုက်တာတောင် ခံနိုင်မှာ မဟုတ်ဘူး"

ငြိမ်း ဘာမျှ ဆက်မပြောဝံ့တော့ပါ။

ဤတောကြီးထဲမှာ နေဖို့လည်း စိတ်ကူးမယဉ်ဝံ့တော့ပါ။

"ကျားကိုက်လို့ မသေရင်လည်း ငှက်ဖျားဖြစ်လို့ သေမှာပဲ"

"အို...ငှက်ဖျားရှိတယ်"

ဤကိစ္စကို ငြိမ်း စဉ်းစားမိခဲ့။



www.burmeseclassic.com

www.burmeseclassic.com


"ရွှေပန်းတောမှာလည်း ဌက်ဖျားရှိတာပဲလား"

"ကျွဲနဖားကစပြီး ဒီဘက် တောထူတဲ့ဒေသအားလုံး ဌက်ဖျားရှိတာချည်းပဲ"

ငြိမ်းအေးက လှေနောက်ပိုင်းမှ လှူငယ်ကို လှည့်ကြည့်လိုက်သည်။

နေလောင်ထား၍ညိုဝါသောအသားရှိသော်လည်း ပင်ကိုယ်က အသားဖြူပုံရသည်။

မျက်နှာထားတင်း၍ အပြောမာသော်လည်း စိတ်ရင်းသဘောထား ကောင်းပုံရသည်။

မိမိထက်လည်း အသက်ငါးနှစ်ခန့် ကြီးလိမ့်မည်ဟု ခန့်မှန်းနေမိသည်။ မျက်ခုံးထူသည်။ တောက်ပ၍ စူးစိုက်စွာ ကြည့်တတ်သော မျက်လုံးများရှိသည်။ နှာတံဖြောင့်စင်း ပေါ် လွင်သည်။ ပိရိသေသပ်သော နှုတ်ခမ်းများရှိသည်။ မျက်နှာကျ သွယ်သည်။ တိကျပြတ်သားစွာ လုပ်ဆောင်တတ်သည့် ဥပမိ ရုပ်မျိုးဖြစ်သည်ဟု ငြိမ်း အကဲခတ်နေမိသည်။

"ငြိမ်း ရှင့်ကို ကလေးတွေခေါ်သလို လင်းလို့ပဲခေါ်ရမလား၊ ရှင့်နာမည် အပြည့်အစုံက..."

"ကျုပ်နာမည် လင်းထွန်း၊ ခင်ဗျားခေါ်ချင်သလို ခေါ် လို့ရတယ်"

တမင်သက်သက် မာရေကျောရေပုံမျိုးဖြစ်အောင် ပြောနေသည်ဟု ယူဆ၍ ငြိမ်းအေး ပြုံးလိုက်သည်။

"ကျွန်မနာမည် ငြိမ်းအေးပါ၊ အားလုံး ငြိမ်းအေးသွားအောင်လို့ ဘဘုန်းဘုရားကိုယ်တိုင် ဒီနာမည်ကို ပေးခဲ့တာလို့ ပြောတာပဲ၊ ဒါပေမယ့် အားလုံးကတော့ ငြိမ်းအေးလို့ပဲ ခေါ်ကြပါတယ်၊ အဲဒီလိုပဲ ခေါ်နိုင်ပါတယ်"





ငြိမ်းက ရင်းနှီးခင်မင်စွာ ရှင်းပြနေသည်။

"အင်း...ခင်ဗျားနာမည်က ငြိမ်းတာရော၊ အေးတာရော ကောင်းပါတယ်။ ဒါပေမယ့် အခု ခင်ဗျားသွားမယ့် ခရီးကတော့ ဒီနာမည်နဲ့ မအပ်စပ်ဘူးထင်တယ်"

"ရှင်"

"ဒီခရီးမျိုး ခင်ဗျားတစ်ယောက်တည်း မသွားသင့်ဘူး"

ငြိမ်းအေး လင်းထွန်းကို လှည့်ကြည့်လိုက်သည်။

"ငြိမ်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ ငြိမ်းမှာ အဖော်ပါတယ်"

"ဘယ်မှာလဲ"

"ရှင်လေ"

ငြိမ်းအေးက လင်းထွန်းကို လက်ညှိုးထိုးပြသည်။

လင်းထွန်း၏ မျက်လုံးများတွင် သဲသယအရောင်များ သင်းလက်သွားသည်။ ငြိမ်းအေး ပြောပုံကို လင်းထွန်းသဘောကျ၏။

"လုပ်မနေနဲ့ ကျွန်တော် ခင်ဗျားအဖော်မဟုတ်ဘူး။ ဒီလို အပြောမျိုးတွေလည်း ကျွန်တော် မကြိုက်ဘူး"

"ရှင်"

လင်းထွန်း၏ ပြောပုံဆိုပုံက တင်းတင်းမာမာ နိုင်လှ၏။


www.burmeseclassic.com

www.burmeseclassic.com

၍ ငြိမ်းအေး ရှက်သွားသည်။

ကိုယ့်လှေပေါ်မှာ အားကိုးပြု၍ ခရီးကြုံလိုက်လာသော မိန်းကလေးတစ်ယောက်ကို ဤသို့ မဆက်ဆံသင့်ဟု ထင်သည်။

"ငြိမ်းစိတ်မကောင်းပါဘူးရှင်၊ ငြိမ်းပြောတဲ့အထဲမှာ ရှင့်ကို စော်ကားသလို စကားမျိုးများ ပါသွားရင်လည်း တောင်းပန်ပါတယ်"

ငြိမ်းအေး၏ နောက်ဆုံးအသံတွင် တုန်ခါမှုလေးပါနေသည်။

လင်းထွန်းက ငြိမ်းအေးကို အသေအချာကြည့်ပြီး အကဲခတ်နေသည်။

ဤရုပ်ရည်မျိုးနှင့် ဤခရီးမျိုးကို တစ်ယောက်တည်း သွားသည်။ ပြီးတော့ ယောကျာ်းလေးတစ်ယောက်တည်းပါသော လှေကြုံနှင့် တောကြား၊ တောင်ကြား မြစ်ကြောင်းခရီးကို လိုက်ရဲသည်ဟူသော အကြောင်းမျိုးကို ပေါင်းစပ်ပြီး ဤမိန်းကလေးမှာ သတိထားရမည့်သူဖြစ်သည်ဟု လင်းထွန်း ဆုံးဖြတ်ထားပြီးဖြစ်သည်။

ဤမိန်းကလေးနှင့် တရင်းတနှီး ပတ်သက်ဆက်စပ်ခြင်းမရှိရန်လည်း သတိထားသည်။

"သူခြင်း၊ သူ့အိတ်တွေထဲမှာရော ဘာတွေပါသလဲ"

ရှေ့မှာချထားသည့် အိတ်အမည်းကြီးကို လှမ်းကြည့်လိုက်သည်။

"ဟင်း စမ်းချင်လည်း စမ်းကြည့်လေ၊ မဟုတ်တာ





လုပ်လို့ကတော့ ငါကိုယ်တိုင်ဖမ်းပြီး ရဲစခန်းအထိရောက်အောင် ပို့ပစ်မယ်"

လင်းထွန်း၏မျက်နှာ ပိုတင်းသွားသည်။

"ကြွက်နီလေးတို့ သားအမိကတော့ ဘာမျှ သိမှာမဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ဆိုပြီး တင်ပေးလိုက်တာနေမှာ၊ ဟင်း...မိန်းမဖြစ်လို့ကို ကြောက်ရတာ"

"လင်းရေ မမချောချောလေးတစ်ယောက် လိုက်ချင်လို့"

ကြွက်နီပြောသည့်အတိုင်း ချောသည်လည်း ဝန်ခံလိုက်သည်။

"ဟင်း...မိန်းမဖြစ်ရတဲ့အထဲ ချောလည်းချောတော့ ပိုတောင် ကြောက်စရာ ကောင်းဦးမယ်"

ခရီးကြုံလိုက်လာသော မိန်းမချောလေးအပေါ်မှာ လင်းထွန်း အမြင်မကြည်လင်ပါ။

ငြိမ်းက သူ့ဘာသာ လိပ်ပြာသန့်၍ အကြောက်အလန့်မရှိ ခင်မင်ရင်းနှီးစွာ ဆက်ဆံသောအခါ လင်းထွန်းဘက်မှာ ပိုပြီး သံသယကြီးထွားလာရသည်။

"ခင်ဗျား ရွှေပန်းတောကို ဘာကိစ္စနဲ့ သွားမှာလဲ"

လင်းထွန်းက သူသိချင်သည်ကို တိုက်ရိုက် မေးလိုက်သည်။

"ငြိမ်းမှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိလို့ပါ"

မတိကျသော အဖြေအတွက် လင်းထွန်းက မှုန်တွန့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"အရေးကြီးတဲ့ ကိစ္စဆိုတာ ဘာကိစ္စလဲ"

"ရှင်..."

လင်းထွန်း၏ တိကျသော အမေးအတွက် ငြိမ်းမှာ တိကျသော အဖြေမရှိပါ။ ရွှေယုန်းတောရောက်လျှင် ဘာလုပ်ရမည်ကို သူကိုယ်တိုင် မသိသေးပါ။

လင်းထွန်းက ပြုံးလိုက်သည်။

ထိုအပြုံးကိုလည်း ငြိမ်းမကြိုက်ပါ။

"ဉပဒေနဲ့ မလွတ်ကင်းတဲ့ ကိစ္စမျိုးမို့ အရေးကြီးတာလား"

ထိုမေးပုံကိုတော့ မကြိုက်ရုံမက ဒေါသပါဖြစ်ရပြီ။ သည်လူ ဘာကြောင့် သည်လောက် တင်းမာနေသည်ကိုလည်း ငြိမ်း သဘောပေါက်သွားသည်။

"မဟုတ်ဘူးရှင့်၊ ဉပဒေနဲ့ မလွတ်ကင်းတာ ဘာတစ်ခုမှ မလုပ်ဘူး၊ လုပ်ရင် ရှင်ကိုယ်တိုင်ဖမ်းပြီး ရဲလက်ကို အပ်လိုက်"

လင်းထွန်းက ပြုံးသည်။

"ကျုပ်ကလည်း အဲဒီလိုလုပ်ဖို့ ဆုံးဖြတ်ပြီးသားပါ"

မိန်းကလေး၏ မျက်ဝန်းများမှာ ပြည့်လျှံလာသော မျက်ရည်များက ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျလာသည်ကို လင်းထွန်း မြင်လိုက်ရသည်။

"တကယ်လို့ မိန်းမကောင်းလေး ဖြစ်ရက်နဲ့ ငါက





ဆင်းမာမာ ဆက်ဆံနေမိတာဆိုရင်"

လင်းထွန်းစိတ်ထဲမှာ အားနာသလို ဖြစ်သွားသည်။

မိန်းကလေးက ရှေ့ဘက်ပြန်လှည့်ရင်း ပါးပေါ်မှ မျက်ရည်များကို သုတ်နေသည်။

စက်သံမှအပ လေ့ပေါ်မှာ စကားသံများ တိတ်ဆိတ်သွားသည်။

နေမင်းကြီးက ပူပြင်းဆဲ...

မြစ်ရေပြင်မှ နေအရောင်ဟပ်နေသည့် လှိုင်းကြပ်ခွပ်များက မျက်စိကို ကျိန်းစပ်စေသည်။

မိန်းကလေးကတော့ ကမ်းနှစ်ဖက်က ရှုခင်းအလှများကိုသာ ငေးမောကြည့်နေသည်။

ဒွီး ဒွီး...

ဖြန်း ဖြန်း ဖြန်း...

မျောက်တစ်အုပ်က မြစ်ပြင်ပေါ်သို့ အုပ်မိုးနေသော အကိုင်းကို လှုပ်ခါ၍ လှေကို ခြောက်လှန့်နေကြသည်။

ငြိမ်းက ကြောက်လန့်၍ သစ်ကိုင်းနှင့်ဝေးအောင် လှေ၏ ညာဘက်ခြမ်းသို့ တိုးကပ်ထိုင်သည်။

လင်းထွန်းစိတ်ထဲမှာ စောစောက တင်းတင်းမာမာ ပြောခဲ့မိသည်များအတွက် မိန်းကလေးကို သနားသလို ဖြစ်မိသည်။

"တကယ်တော့ ခင်ဗျားလို ချောချောလှလှ မိန်းကလေးတစ်ယောက်ဟာ တစ်ကြိမ်တစ်ခါမှလည်းမသိ မကျွမ်းတဲ့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်လို ဘာကောင်မှန်းမသိတဲ့ လူမျိုးနဲ့ ဒီခရီးမျိုးကို ယုံယုံကြည်ကြည် လိုက်မလာသင့်ဘူးဗျ"

"ကြွက်နီလေးက ပြောလိုက်ပါတယ်၊ လင်းက လူကောင်းပါတဲ့"

ငြိမ်းက နောက်ကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

ထောက်ခံချက်ပေးနေမည့် ကြွက်နီ၏ပုံကို မြင်ယောင်၍ လင်းပြုံးချင်သည်။ သို့သော် မပြုံးမိ။

"ကြွက်နီက ကလေးပဲ၊ ကလေးပြောတဲ့ စကားကို ခင်ဗျားယုံသလား"

"ကလေးပြောတဲ့စကားမို့ ယုံတာပါ"

လင်းထွန်း ပြုံးလိုက်သည်။

"နောက်ပြီး ကျွန်မစိတ်ထဲမှာ ရှင့်ကို မြင်တာနဲ့ ယုံယုံကြည်ကြည်ဖြစ်မိလို့ ရင်းရင်းနှီးနှီး ဆက်ဆံမိတာ၊ ရှင့်စိတ်ထဲ တစ်မျိုးထင်သွားပုံရတယ်။ အဲဒါ ကျွန်မ တောင်းပန်ပါတယ်"

စောစောကလို မိန်းကလေး၏ မျက်နှာလေး သူ့ဘက်သို့ သမင်လည်ပြန် လှည့်လာခြင်း မရှိတော့ပါ။

"ကျုပ်ကိုဖြစ်ဖြစ်၊ ဘယ်သူ့ပဲဖြစ်ဖြစ် ဘာမှ မသိသေးခင် မြင်ရုံနဲ့တော့ ခင်ဗျား ယုံယုံကြည်ကြည် မဖြစ်သင့်ဘူး"

ဤစကားမှာ စေတနာနှင့်ပြောခြင်းဖြစ်ကြောင်း ငြိမ်းနားလည်ပါတယ်။

"ဟုတ်ပါတယ်၊ ငြိမ်းကလည်း မြင်ရုံနဲ့ ယုံတာမဟုတ်ပါဘူး၊ ရှင့်မျက်နှာဟာ တင်းတယ်၊ ပြောပုံဆိုပုံကလည်း ပြေ





ပြေပြစ်ပြစ် မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလို လူမျိုးတွေဟာ စိတ်ရင်းကောင်းတယ်၊ မျက်နှာရှုးတဲ့ လူတွေကိုတော့ ငြိမ်းကြောက်တယ်။ သူတို့ရဲ့ ရင်းနှီးခင်မင်မှုနဲ့ အခွင့်အရေးပေးတာတွေဟာ နောက်ကွယ်မှာ အန္တရာယ်တွေ ရှိနေတတ်တယ်၊ ရှင့်ပုံဟာ အဲဒီလိုလူစားမျိုး မဟုတ်ဘူး ထင်လို့ပါ"

"ခင်ဗျားထင်သလို မဟုတ်ဘူး ဆိုရင်"

"ရှင် ရှင်ပြောချင်တာက . . ."

ငြိမ်းရင်ထဲမှာ ထိတ်သွားသည်။

"ကျုပ်ဟာ ခင်ဗျားလို မိန်းမချောလေးအတွက် အန္တရာယ်ပြုနိုင်တဲ့လူ ဖြစ်မယ်ဆိုရင်"

ငြိမ်း နောက်ဘက်ကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

လင်းထွန်းကတော့ လှေကို ရေကြောင်းအလိုက် ထိန်းပေးနေ၍ ငြိမ်းကို ပြန်မကြည့်။

"ရှင့်ပုံက အဲဒီလိုလုပ်မယ့်လူမျိုး မဟုတ်ပါဘူး"

"တကယ်လို့ ဟုတ်ရင်ရော"

"ဟုတ်ရင်တော့ သိပ်ဝမ်းနည်းစရာပေါ့။ ယောကျာ်းတိုင်းဟာ မိန်းမတိုင်းအတွက် အန္တရာယ်ဖြစ်နေမယ်ဆိုတာမျိုးဟာ တွေးကြည့်ဖို့တောင် မကောင်းဘူး၊ ယောကျာ်းအားလုံး အဲဒီ လို ယုတ်ညံ့ကုန်ကြတာမျိုးဖြစ်မှာ မဟုတ်ဘူး ထင်လို့ပါ"

ဤမိန်းကလေးပြောပုံကို လင်းထွန်း သဘောကျသွားသည်။

"နေဦးဗျ၊ ဟုတ်ရင်တော့ ဝမ်းနည်းတာတွေ မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com


တွေနဲ့ ခင်ဗျားအန္တရာယ်က လွတ်မှာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ဘယ်လိုကာကွယ်မယ်ဆိုတာမျိုးရော ခင်ဗျား ဘာမှ မစဉ်းစားထားဘူးလား"

"ဘယ်သတ္တဝါမဆို သူ့ကို အနိုင်ကျင့်လာရင် ကာကွယ်ကြမှာပေါ့ရှင်၊ အသက်နဲ့လဲပြီး ကာကွယ်မယ်လို့လည်း ပြောလို့ရပါတယ်၊ ဒါပေမယ့် တကယ့်ဘဝမှာတော့ အဲဒီလို ခုခံကာကွယ်ရင်းနဲ့ပဲ အရှုံးပေးရတာတွေ အနိုင်ကျင့်တာ အညံ့ခံရတာတွေ ရှိနေတာပါပဲ"

ဤမိန်းကလေး၏ ပြောဆိုပုံမှာ အဆင့်ရှိသည်ဟု စဉ်းစားဆင်ခြင်ဉာဏ်ရှိသည်ဟု လင်းထွန်း အသိအမှတ် ပြုလိုက်သည်။

ပေါ် ပေါ် ပေါ်···

မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော ထင်းမော်တော်က လင်းထွန်း၏ လှေကလေးကို လှမ်းမြင်၍ အဝေးမှ နှုတ်ဆက်နေခြင်းဖြစ်သည်။

ပေါ် ပေါ်···

လင်းထွန်းက ပြန်နှုတ်ဆက်လိုက်သည်။

မော်တော်ပေါ်တွင် ထင်းများ အပြည့်တင်ထားသည်။ ခရီးသည်က ဆယ်ယောက်ခန့်ပါသည်။

"အဲဒီမော်တော်က ဘယ်ကိုသွားတာလဲ"

ငြိမ်း၏ စူးစမ်းသောအမေး။

"အဲဒါ ကျွဲနဖားက ထင်းတင်တဲ့ မော်တော်၊ ရေတံခွန်





တောင်အထိ ဆန်တက်ပြီး ပြန်လာတာ"

"ရွှေပန်းတောရော ရောက်သလား"

"အင်း···ရောက်တယ်၊ ရွှေပန်းတောက ရေတံခွန်တောင်မရောက်ခင်"

"ဩော်···"

ငြိမ်း နားလည်သွားပါပြီ။

လင်းထွန်းက သူ့လှေလေးကို မော်တော်လမ်းကြောင်းမှ လွတ်ရုံလေး ဘေးသို့ တိမ်းပေးလိုက်သည်။

မော်တော်က လှေကလေး၏ ဘေးသို့ ရောက်လာပြီး

"ဟေး···လင်း"

"လင်းရေ ဒီတစ်ခါတော့ တစ်ယောက်တည်း မဟုတ်ပါလား"

"လင်းရေ ပျော်စရာကြီး ဟား ဟား···"

မော်တော်သမားများက လင်းထွန်းကို အော်ဟစ်နှုတ်ဆက်နေကြသည်။

ငြိမ်းကတော့ အနီးကပ်ဖြတ်သွားသော မော်တော်ပေါ်မှ လူများကို လှည့်ကြည့်ပြီး နေမိသည်။

လူနေဝေးသောနေရာ ရောက်လာ၍ လူများကို အနီးကပ် မြင်လိုက်ရသည့်အတွက် အားတက်သလို ခံစားရသည်။

နေက ကျနေဖြစ်သော်လည်း အပူရှိန်က ပြင်းထန်ဆဲ။

"အို···လှလိုက်တာ"

မြစ်ကွေ့မှာ ဘွားခနဲပေါ်လာသော ထူးဆန်းသော



www.burmeseclassic.com

www.burmeseclassic.com



အထွတ်များနှင့် တောင်ကြီးကို ငြိမ်း သဘောကျနေသည်။

"အဲဒါ နွားလဘိုတောင်"

မမေးရဘဲ လင်းထွန်းက စိတ်လိုလက်ရ ဖြေလိုက်သည်။

"နွားလဘိုတောင်"

ငြိမ်း စိတ်ထဲမှာတင် ရေရွတ်ရင်း တောင်ကြီးဆီကို ငေးကြည့်နေသည်။

လင်းထွန်းက လှေ၏ ပဲ့ချိတ်စက်ကို ခြေထောက်ဖြင့် ချိတ်၍ ထိန်းကိုင်ပြီး ရှေ့မှ ပလက်စတစ်ပုံးကို လှမ်းယူလိုက်သည်။

ပုံးထဲမှ ရေကို မော့သောက်လိုက်သည်။

"အို..."

သူများရေသောက်တာမြင်မှ ငြိမ်းဗိုက်ထဲမှာ လှုပ်ရှားမှုများ ဖြစ်သွားသည်။

လင်းထွန်း၏ လှေကို အပြေးအလွှား အမီလိုက်လာခဲ့ရ၍ ကွဲနဖားဆိပ်ကမ်းတွင် ဘာမျှ မစားခဲ့ရ။

မန္တလေးမှာ မနက်စောစောသာ စားရသေးသည်။

"ခင်ဗျား ရေသောက်ချင်ရင် ယူသောက်ပါ။ စောစောက ကျုပ်ပြောဖို့ မေ့နေလို့"

လင်းထွန်းက ပလပ်စတစ်ရေပုံးကို ငြိမ်းထံသို့ တွန်းပို့လိုက်သည်။

ငြိမ်း ဟန်မဆောင်နိုင်ပါ။ ရေပုံးကိုယူ၍ လင်းထွန်း





သောက်သလိုပင် မော့ပြီး အဝသောက်ပစ်လိုက်သည်။ ဗိုက်ထဲမှာ လှုပ်ရှားမှုများ ငြိမ်သွားသည်။

မြစ်ပြင်ပေါ်မှာ ငါးထိုးငှက်တစ်ကောင် တောင်ပံကို အလျင်အမြန်ခတ်၍ လေထဲမှာ ရပ်တန့်နိုင်အောင် ကြိုးစားနေသည်။

"ဟော...အို"

ငြိမ်း ကြည့်နေစဉ်မှာပင် ငါးထိုးငှက်သည် နှုတ်သီးချွန်ကို ရေပြင်ဆီသို့ ဦးတည်၍ ထိုးစိုက်ဆင်းသွားသည်။

ရေပြင်နှင့် ထိပြီးသည်နှင့် ငှက်ပြန်တက်သွားသည်။ သူ့နှုတ်သီးထဲမှာ ငါးတစ်ကောင် ပါသွားသည်။

"ဩော်...သတ္တဝါတိုင်းဟာ ငါ့ဝမ်းပူဆာကို နည်းမျိုးစုံနဲ့ ဖြေရှင်းနေကြရတာပါလား"

ငြိမ်း ကြီးကျယ်စွာ တွေးလိုက်မိသည်။

ငြိမ်း၏ ဝမ်းပူဆာကိုတော့ ရွှေပန်းတောရောက်မှ ဖြေရှင်းရတော့မည်။

ရွှေပန်းတော မည်မျှဝေးသည်။ ဘယ်အချိန်လောက်ရောက်မည်ကို ငြိမ်း မေးကြည့်ချင်သည်။

သို့သော်...

လင်းထွန်း၏ပုံက တရင်းတနှီး ဆက်ဆံသည်ကိုမကြိုက်ဟုထင်၍ ငြိမ်း ဘာမျှမမေးဘဲ နေလိုက်သည်။

ဤလှေသည် ရေတံခွန်တောင်အထိ သွားမည်။ ရွှေပန်းတောမှာ ရေတံခွန်တောင်မရောက်ခင် ဖြစ်သည်ဟု ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်ထားသည်။

နေမဝင်ခင် ရောက်လိမ့်မည်ဟု ကိုယ့်ဘာသာသာ မှန်းဆထားလိုက်သည်။

နေက အနောက်ဘက် ကောင်းကင်မှာ တစ်ဝက်လောက်အထိ စောင်းကျနေပြီ။

လှေကလေးက မြင်လယ်မှာ တရိပ်ရိပ် ပြေးနေရာမှ စက်သံ ရုတ်တရက် ရပ်သွားသည်။ လှေပြေးနေသည့်အရှိန် လျော့သွားသည်။

"စက်ဘာဖြစ်သွားတာလဲ ဟင်"

ငြိမ်း အထိတ်တလန့် လှမ်းမေးသည်။

"မသိဘူး ရပ်သွားတာပဲ"

ငြိမ်းက လင်းထွန်းကို မသင်္ကာစိတ်ဖြင့် ကြည့်၍ အကဲခတ်နေသည်။

"ခင်ဗျား ကျုပ်ကို အဲဒီလို မကြည့်နဲ့ဗျာ၊ ကျုပ် မကြိုက်ဘူး"

"ရှင် အဲဒီစက်ကို ပြင်တတ်သလား"

"ဘာဖြစ်တာမှန်းမှ မသိသေးဘဲ"

လင်းထွန်းက လှေစက်ကို ပြန်နှိုးကြည့်သည်။

တဖုန်းဖုန်းမြည်ရုံသာ ရှိသည်၊ စက်က မနိုး။

လင်းထွန်း အကြိမ်ကြိမ် ကြိုးစားသည် မရ။

"ကမ်းကို ကပ်ရမယ်"

လင်းထွန်းက သူ့ဘာသာပြောသလိုပြောပြီး လှော်တက်





တစ်ခုကို ယူ၍ လှေကို ကမ်းဘက်ဆီသို့ လှော်သည်။

ငြိမ်း စိတ်ပျက်မိသည်။

လင်းထွန်းက လှေကို ကမ်းဘေးမှ သစ်ပင်အုပ်အုပ်တစ်ခု၏ အရိပ်မှာ ဆိုက်ကပ်လိုက်သည်။ ငြိမ်း ပို၍ သံသယဖြစ်မိသည်။

"ဒွီး . . . ဒွီး။

"အမယ်လေး"

သစ်ပင်ပေါ်မှ မျောက်သားအမိ၏ အော်လှန့်မှုကြောင့် ငြိမ်း လန့်သွားသည်။

"ဟေး ဟေး"

ဖြောင်း ဖြောင်း ဖြောင်း . . .

လင်းထွန်းက မျောက်များကို ခြောက်ထုတ်ပစ်လိုက်သည်။

မျောက်သားအမိ ထွက်ပြေးသည်။

"ခင်ဗျားက အတော် သတ္တိကောင်းတာပဲနော်"

လင်းထွန်း၏ ပြောပုံကြောင့် ငြိမ်း ပို၍ မကျေမနပ်ဖြစ်ရသည်။

"ရုတ်တရက်ဆိုတော့ လန့်တာပေါ့ရှင့်၊ ရှင်က ဘာလို့ဟိုဘက် ရှင်းရှင်းလင်းလင်းနေရာမှာ လှေကို မရပ်တာလဲ"

ငြိမ်း၏ မေးပုံမှာ သံသယပါသည်။

စက်ပျက်သွားတာ ပြင်ရမှာ ကြာချင်ကြာမယ်၊ ခင်ဗျား နေပူမှာစိုးလို့ . . .



www.burmeseclassic.com

www.burmeseclassic.com

လင်းထွန်းက လေ့ပေါ်မှာ ပါလာသော ဓားရှည်တစ်ချောင်းကို ဆွဲယူပြီး ကမ်းပေါ်သို့ ခုန်တက်လိုက်သည်။

လင်းထွန်း၏ လှုပ်ရှားပုံကို ငြိမ်းကြည့်နေသည်။

လင်းထွန်းက ချုံနွယ်များကို ဓားဖြင့် ခုတ်ထွင်းရှင်းလိုက်သည်။

"စက်ပျက်တာ ပြင်ရမယ်၊ လေ့ပေါ်မှာ နှစ်ယောက်တည်းနေရမှာ ကျုပ်ကို မယုံရင် ဒီနေရာမှာ လာနေပါ"

လင်းထွန်းက ငြိမ်းကို လှမ်းပြောလိုက်သည်။

လင်းထွန်းကိုကြည့်ပြီး ငြိမ်း အားနာသွားသည်။

"ကျွန်မ ရှင့်ကို ယုံပါတယ်"

လေ့ပေါ်မှာ ငြိမ်းစိတ်ချလက်ချ ထိုင်လိုက်သည်။ သို့သော် လေ့စက်ပြင်နေသော လင်းထွန်းဘက်သို့ မျက်နှာမူလျက်...

လင်းထွန်းက အင်ဂျင်စက်ကို ဖြုတ်၍ အသေအချာစစ်ဆေးကြည့်နေသည်။

နေက အနောက်ဘက် ကောင်းကင်တွင် တဖြည်းဖြည်းနိမ့်ကျနေသည်။

လင်းထွန်းက အင်ဂျင်ထဲမှ အစိတ်အပိုင်းတစ်ခုကို ဖြုတ်ထုတ်ဆေးပြီး စိတ်ပျက်သွားသည်။

ပြီးတော့ ငြိမ်းဘက်သို့ လှမ်းကြည့်လိုက်သည်။

"ခင်ဗျားအတွက် ကျုပ်စိတ်မကောင်းပါဘူး"

"ရှင်...ဘာဖြစ်လို့လဲ"



ငြိမ်း ထိတ်လန့်သွားသည်။

"ဘယ်ယာရစ် ပျောက်သွားတယ်၊ ခင်ဗျားနားလည်အောင် ပြောရရင် အင်ဂျင်ရဲ့ အစိတ်အပိုင်းတစ်ခု ပျက်စီးသွားတယ်၊ ပြင်လို့ရတဲ့ ပျက်နည်းမျိုး မဟုတ်ဘူး၊ အသစ်လဲထည့်မှ ရမယ်"

"ဟင်...ဒီလိုဆိုရင်"

"နက်ဖြန်မနက် ဆန်တက်လာမယ့် ထင်းမော်တော်ရောက်လာတဲ့အထိ စောင့်ရမှာပေါ့"

"ဒါဆို ဒီည"

ကျုပ်တို့လေ့ပေါ်မှာပဲ အိပ်ရမှာပေါ့၊ လော့တက်နဲ့လော့သို့လဲ ရေဆန်ဆိုတော့ ဘာမှ ခရီးရောက်မှာ မဟုတ်ဘူး၊ ဒီအနီးအနားမှာလည်း ရွာဆိုလို့ ဘာရွာမှ မရှိဘူး၊ ကျောက်မိကျောင်းဆိုတဲ့ ရွာလေးကို ရောက်ဖို့တောင် အဝေးကြီးကျန်သေးတယ်၊ ကျောက်မိကျောင်းလွန်ပြီးမှ ရွှေပန်းတောရောက်မှာ"

"ဒုက္ခပါပဲ ရှင်"

ငြိမ်း စိတ်ညစ်သွားသည်။

လေ့ပေါ်တွင် နှစ်ယောက်တည်း အိပ်ရမည့်အဖြစ်ကိုလည်း စိုးရွံ့မိသည်။

"ခင်ဗျား ကျုပ်လေ့နဲ့ လိုက်လာခဲ့တာကိုက မှားတာပဲ"

"ဒီလမ်းမှ တခြားလေ့တို့ ဖောင်တို့သွားတာရော မရှိဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းက အားကိုးရှာရှာနေသည်။

"ကျွန်တော့် အတွေ့အကြုံအရတော့ ဒီလမ်းမှာ ပုံမှ
သွားနေတာဆိုလို့ ကျွဲနဖားက ထင်းမော်တော်နဲ့ ဒီလှေတစ်စ
ပဲ ရှိတယ်။ ထင်းမော်တော်နဲ့ မတွေ့ခင်က ပျက်ရင်တော
ကောင်းတာပေါ့။ ခုတော့ ထင်းမော်တော်က သွားပြီ၊ အင်း...
တစ်ခါတစ်ရံတော့ ပွဲစားတွေ၊ ဖဲသမား၊ ဂျင်သမားတွေ ဒီလို
မျိုးနဲ့ သွားတာရှိတတ်တယ်၊ ဒါပေမယ့် ခင်ဗျား မိန်းမကော
တစ်ယောက်ဆိုရင် သူတို့နဲ့ မလိုက်သင့်ဘူး"

ငြိမ်း ဘာလုပ်ရမှန်း မသိတော့ပါ။

စိတ်ပျက်အားလျော့စွာနှင့် လင်းထွန်းကို လှမ်းကြည့်
လိုက်သည်။

"ကျုပ်လည်း စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမယ့်
အတိုင်းကတော့ ကျုပ်လည်း ဘာမှ မတတ်နိုင်ဘူး"

လင်းထွန်းက လှေပေါ်မှာ အသင့်ယူလာသော လေ
နှင့်မြှားကို ထုတ်ယူနေသည်။

"သူ့ကို ကြည့်ရတာ စိတ်ချရမယ်တော့ ထင်ပါရဲ့
ပေမယ့် လူသူမနီးတဲ့ တောကြီးထဲမှာ နှစ်ယောက်တည်း တ
ညလုံး နေရမှာ..."

မယုံရဲအောင် ဖြစ်နေသည်။

"ကဲ...ခင်ဗျား လှေပေါ်မှာပဲ နေခဲ့၊ ညနေစာစား
ကျုပ်သွားရှာလိုက်ဦးမယ်"

လင်းထွန်းက လှေပေါ်တွင် အသင့်ပါလာသော လေ





မြှားကို ယူ၍ ကမ်းပေါ်သို့ တက်သွားသည်။

လှေပေါ်မှာ တစ်ယောက်တည်း ကျန်ခဲ့ရမည်ကိုလည်း
ငြိမ်းကြောက်နေသည်။ သို့သော် မြန်မြန်ပြန်လာခဲ့ပါဟုလည်း
အားကိုတကြီး မခေါ်ချင်။

အဓိပ္ပာယ်တစ်မျိုး ကောက်ယူမှာကို စိုးမိသည်။

လင်းထွန်းတစ်ယောက် သစ်ပင်ချုံနွယ်များကြားမှ
ပျောက်ကွယ်သွားလေပြီ။

ဤတောထဲမှာ ကျားများ၊ သစ်ကိုင်းပေါ်မှနေ ခုန်အုပ်
တတ်တဲ့ ကျားသစ်များ၊ မြွေကြီးများ အန္တရာယ်မျိုးစုံရှိကြောင်း
လင်းထွန်း ပြောသည်ကို ကြားယောင်မိသည်။

"သူများ တစ်စုံတစ်ရာ အန္တရာယ်ကြုံလို့ ပြန်ရောက်
မလာရင်"

ငြိမ်း သက်ပြင်းမောတစ်ခု ချလိုက်သည်။

"အဲဒါမှ ငါတစ်ယောက်တည်း ဒုက္ခ"

တွေးမိတာ စိုးရိမ်စရာတွေ တိုးလာသည်။

"သူ အန္တရာယ်ကင်းပါစေ၊ လှေကို ချောချောမောမော
ပြန်ရောက်လာပါစေ"

အားကိုးမိသော စိတ်ကြောင့် လင်းထွန်းကို ကြောက်
စိတ်မရှိ ဖြစ်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နေက တဖြည်းဖြည်း ကျလာပြီ။ မကြာမီ ဝင်တော့ ညီ။

နေဝင်သွား၍ အမှောင်ထုရောက်လာလျှင်. . .

တောနက်ထဲ ဝင်သွားသော လင်းထွန်းအတွက် စိုးရိမ်စိတ်များ ပို၍ဖြစ်လာမိသည်။ သို့သော် ကိုယ့်ဘာသာ သိပါသည်။ အခြား ဘာစိတ်နှင့်မျှ မဟုတ်၊ နှစ်ယောက်တည်းသာရှိနေသည့် အားကိုးရာ မိတ်ဆွေတစ်ယောက်အနေနှင့် ဖြစ်သည်။

"ညကျရင်ရော ငါဘယ်လိုအိပ်ရမလဲ"

"အို. . . မအိပ်ဘဲ နေရုံပေါ့"

ထိုအတွေးက စိတ်ကို သက်သာစေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေဆဲမှာပဲ အနောက်ဘက် တောင်ထွတ်များကြားမှ နေမင်းကြီး ဝင်ရောက်ပျောက်ကွယ်သွားသည်။

တောနက်ထဲမှာဖြစ်၍ နေဝင်သည်နှင့် အမှောင်ရောက်လာသည်က မြန်လွန်းလှသည်။

သည်ထက် မှောင်သွားလျှင်. . .

လင်းထွန်းအတွက် စိတ်ပူရပြီ။

ထိုအချိန်မှာပင် ချုံများကို တိုးသံ တွန်းသံကြားရ၍ ထိတ်လန့်စွာ လှမ်းကြည့်လိုက်မိသည်။

ငှက်ပျောတစ်နိုင်နှင့် ချေတစ်ကောင်ကို ထမ်းပြီး လင်းထွန်း ပြန်ရောက်လာသည်။

သိပ်ဝမ်းသာသွားမိသော စိတ်ကို မပေါ်လွင်အောင် သတိထား၍ ထိန်းချုပ်လိုက်ရသည်။

"ရော့. . .ခင်ဗျားဆာရင် ငှက်ပျောသီး အရင်စားနှင့်၊ ခင်ဗျား ကံကောင်းတယ်၊ ဒီတစ်ဖီးက မှည့်နေတယ်။ ဒါအစေ့တွေပါတဲ့ တောငှက်ပျော မဟုတ်ဘူး။ ဒါက သစ်ခွပန်းတွေ၊ ခင်ဗျား သဘောကျမယ်ထင်လို့ အပင်ပါ ခွာလာတာ"

"အို. . .လှလိုက်တာ"

ငြိမ်း သစ်ခွပန်းများကို သဘောကျစွာ လှမ်းယူလိုက်သည်။

ဗိုက်ဆာလွန်းနေ၍ ဟန်မလုပ်နိုင်တော့ဘဲ မှည့်နေသော ငှက်ပျောသီးများကို ဖြုတ်ယူစားနေမိသည်။

သုံးလုံးလောက်စားမိမှ ဗိုက်က နေသာထိုင်သာ ရှိသွားသည်။

လင်းထွန်းကတော့ ကမ်းပေါ်မှ ရှင်းထားသောနေရာတွင် ခွတိုင်လေးနှစ်ခုစိုက်ပြီး မီးဖိုသည်။

ဟမ်းကောနှင့် ရေနွေးကျိုထားစဉ် ချေကို အရေဆုတ်သည်။ လင်းထွန်း၏ လှုပ်ရှားမှု လွန်စွာ ကျွမ်းကျင်သွက်လက်သည်ကိုကြည့်ပြီး ငြိမ်း အံ့သြနေသည်။

အရေဆုတ်၍ ပြီးသည်နှင့် ချေကို တံစို့ထိုးမီးကင်သည်။

ချေကို မီးကင်ပြီးသည်နှင့် အမှောင်ထုက ပို၍ သိပ်သည်းစွာ လွှမ်းခြုံလာသည်။

လင်းထွန်းက မွှေးကြိုင်နေသော ချေသားကင်ကို တံစို့ပါဖြုတ်၍ လေ့ပေါ်တင်ဆိုက်သည်။

သည်အချိန်ဆိုလျှင် ကမ်းပေါ်မှာနေရတာ တောကောင်အန္တရာယ်ရှိတယ်။ လှေပေါ်မှာ အန္တရာယ်ကင်းလောက်တယ်။ ကဲ. . .ထမင်းမပါပေမယ့် အာဟာရပြည့်အောင် စားလိုက်ဦး။

လင်းထွန်းက သူ့လက်မှ ဓားထက်ထက်ဖြင့် ချေသားကင်ကို လှီးဖဲ့ပြီး ငြိမ်းကို ပေးသည်။

ငြိမ်း စားကြည့်သည်။

နူးညံ့မွှေးကြိုင်၍ အရသာရှိသည်ကို တွေ့ရသည်။

လင်းထွန်းက ချေသားကို ဓားဖြင့် ထပ်လှီးနေသည်။

"အား. . .အမယ်လေး ဟို ဟိုမှာ. . ."

ငြိမ်း၏ အထိတ်တလန့် အော်ဟစ်သံကြောင့် လင်းထွန်း ဓားကို ဆုပ်ကိုင်၍ ငြိမ်းညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်







www.burmeseclassic.com

www.burmeseclassic.com

သည်။

သစ်ကိုင်းပေါ်မှ လျှောဆင်းလာသည့် ရောမမြွေကြီး တစ်ကောင်။

လင်းထွန်းက လှေကြီးကို အမြန်ဖြုတ်၍ သစ်ပင် အောက်မှ လွတ်အောင် တက်ဖြင့် လှော်ထွက်ခဲ့သည်။

ဟင်း . . . ။

တော်ပါသေးရဲ့။

ခုမှ ငြိမ်း ရဲရဲအသက်ရှူဝံ့သည်။

"ဒီသစ်ပင်ပေါ်မှာ အိပ်တဲ့မျောက်ကို စားချင်လို့ လာတဲ့ စပါးကြီးမြွေကြီး ချေအန့်ရလို့ ဆင်းလာတာ"

ငြိမ်းက သစ်ပင်ကိုင်းမှာ တန်းလန်းကြီးရှိနေတဲ့ မြွေကြီးကို လှမ်းမြင်ကြည့်၍ အသည်းယားနေမိသည်။

"ဟို . . . ရေလယ်က သောင်ခုံလေးမှာ သွားနေမှ တောကောင်တွေ အန္တရာယ်က လွတ်မယ်"

လင်းထွန်းက မြစ်ကြောင်းအောက်ဘက်ရှိ ရေလယ်မှ သဲသောင်ခုံဆီသို့ လှေကို တက်ဖြင့် လှော်သွားသည်။

ကျွန်းကလေးမှာ တစ်ဝက်ခန့်တွင် ကိုင်းပင်များ ထူထပ်စွာ ပေါက်နေသော်လည်း ကျန်တစ်ဝက်မှာ သဲပြင်သောင်ပြန့် ဖြစ်သည်။

လင်းထွန်းက လှေကို သဲသောင်ပြင်အစပ်မှာ ဆိုက်ကပ်လိုက်သည်။

လှေရပ်သည်နှင့် သွက်လက်စွာဆင်းပြီး လှေကို သောင်





ပေါ်သို့ ဆွဲတင်လိုက်သည်။

"ဟင်း . . . ခုမှပဲ စိတ်အေးရတော့တယ်"

တောတောင်အန္တရာယ်မှ ကင်းလွတ်သွားပြီ။

သို့သော် . . .

ကျွန်းလေးတစ်ကျွန်းပေါ်မှာ နစ်ယောက်တည်း။

"ကျွားတစ်ကောင်နဲ့အလို နစ်ယောက်တည်းနေရဦးမယ်"

ငြိမ်း ပြုံးချင်မိသည်။

သို့သော် မပြုံးနိုင်သော အဖြစ်။

"အဲ . . . ခင်ဗျား ညစာကို စိတ်ချလက်ချ စားလို့ရပါပြီ"

ကင်ထားသော ချေသားကို လင်းထွန်းက ဓားဖြင့် လှီးဖြတ်ပြီး လှေပေါ်မှာပင် ညစာပြင်ဆင်ပေးသည်။

သတင်းစာ စက္ကူပေါ်တွင် ချေသားကင်ကို ဆားဖြူးပြီး ခရမ်းချဉ်သီး ကြမ်းနှင့် စားသောက်ရခြင်း ဖြစ်သည်။

ငြိမ်း ဆာဆာနှင့် စားနေမိသည်။

ချေသားကင်က နူးညံ့လွန်းသည်။

လင်းထွန်းက အသားဖတ်ကလေးများကို ပါးပါးလှီးပေးထားသည်။

မှောင်လာသည်နှင့်အမျှ လေက ပိုတိုက်လာသည်။

ရာသီဥတုကလည်း ပိုအေးလာသည်။

တစ်ခါတစ်ရံတွင် တောကြီးဆီမှ ညဥ့်ငှက်သံများကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင် ဝေါင်..."

အဝေးဆီမှ ခွေးဟောင်သံလိုထွက်ပေါ်လာသော အသံ။

"အဲဒါ ချေဟောက်သံ"

ငြိမ်း ချေသားစားရင်း ချေဟောက်သံကို နားထောင်နေမိသည်။

မြစ်ကမ်းတစ်နေရာတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသော မြင်ကွင်းကို ငြိမ်း သတိထားမိသည်။

"အို...ဟိုမှာ ဘာကောင်တွေပါလိမ့်"

"အဲဒါ ဆတ်တွေ ရေသောက်ဆင်းလာကြတာ"

"ကြည့်လို့ကောင်းလိုက်တာနော်၊ တောကောင်လေးတွေ တောသဘာဝအတိုင်း အေးအေးချမ်းချမ်း နေကြတာ ကြည့်နူးစရာ"

မြင်ရန်ခက်ခဲသော မြင်ကွင်းများကို သဘာဝအတိုင်း မြင်နေရ၍ ငြိမ်း သဘောကျမိသည်။

လင်းထွန်းကတော့ သောက်လက်စ ရေနွေးကြမ်းခွက်ကို ပြန်ချရင်း မသိမသာ ပြုံးလိုက်သည်။

ရေသောက်ပြီးသော ဆတ်များ တစ်ကောင်နှင့်တစ်ကောင် တွန်းကြ၊ ထွေကြ ဆော့ကစားနေကြသည်ကို မှောင်ရီဝိုးဝါးမှာ လှမ်းမြင်နေရသည်။

ဝေါင်း ဝေါင်း...

တောထဲမှ ချေဟောက်သံက စည်းချက်မှန်မှန် ထွက်ပေါ်နေဆဲ။





ကျီ ကျီ ကျီ...

ဖရှူး...ရှူး...

ညငှက်အချို့၏ အော်မြည်သံနှင့် အထိတ်တလန့် ပျံထွက်သွားသံများ။ ငြိမ်းမျက်လုံးအဝိုင်းသားနှင့် တောကြီးဆီသို့ လှမ်းကြည့်နေသည်။

"ဝေါင်း..."

ဟိန်းထွက်လာသော ကြောက်စရာ အသံကြီး။

"အဲဒါ ကျားသံ"

"ရှင် ကျားသံ ဟုတ်လား"

ငြိမ်း ကြောက်လန့်၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မကြောက်ပါနဲ့ ရေလယ်က သောင်ပြင်မှာ ရောက်နေတဲ့ ခင်ဗျားအတွက် ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

"ဒီရေကို သူကူးမလာနိုင်ဘူးလား"

"လာချင်ရင်တော့ လာနိုင်မှာပေါ့၊ ဒါပေမယ့် မလာပါဘူး။ လာရင်လည်း ရေထဲမှာတင် ကျွန်တော့်မြားချက်နဲ့ အသက်ထွက်သွားမှာပေါ့"

လင်းထွန်းက လေးနှင့်မြားကို ပြသည်။

"ဟင် ဒါဆို တော်ပါသေးရဲ့"

ဤခရီးတွင် ငြိမ်းအတွက် ကြောက်လိုက်ရ စိတ်အေးလိုက်ရနှင့် စိတ်လှုပ်ရှားမှု များလွန်းလှသည်။

ဝေါင်း...

ဂရား ဂါး...



www.burmeseclassic.com

www.burmeseclassic.com



ဝေါ ဝေါ…

စောစောက ငြိမ်းချမ်းစွာ လုပနေသော ဆတ်တို့၏ ကမ္ဘာလေးမှာ ကြောက်စရာ၊ အန္တရာယ်ဆိုးက လွှမ်းမိုးသွားလေပြီ။

ဟိုမှာကြည့်…

လင်းထွန်း ညွှန်ပြရာသို့ ငြိမ်း ကြည့်လိုက်သည်။

“အို”

ကျားကြီးတစ်ကောင်။

ဆတ်များ အသက်ဘေးမှ လွတ်မြောက်အောင် ကြောက်လန့်တကြား ထွက်ပြေးနေကြသည်။

ဝေါင်း…

ဝေါ ဝေါ…

ကမ်းပါးပေါ်သို့ ရောက်တော့မည်ဖြစ်သော ဆတ်ကြီးတစ်ကောင်၏ လည်ကုပ်ကို ကျားကြီးက ခုန်အုပ်ကိုက်ခဲနေလေပြီ။

“အို…ရက်စက်လိုက်တာ”

ဆတ်ကြီးမှာ ပြေးရင်ပင် ကမ်းပါးစောင်း၌ လဲကျသွားရှာသည်။

ကျားကြီးက ဆတ်ကြီးကို ကိုက်ဆွဲသွားသည်။

ကျန်ဆတ်များ ထွက်ပြေးလွတ်မြောက်သွားကြပြီ။

တောကြီးသည် ဘာမှုမဖြစ်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ငြိမ်း စိုးရွံ့စွာနှင့် လင်းထွန်းကို လှမ်းကြည့်





လိုက်သည်။

“အေးချမ်းပါတယ်လို့ ထင်ရတဲ့ သဘာဝအလှတွေထဲမှာလည်း ကြောက်စရာ အန္တရာယ်ဆိုးတွေ၊ မတရား အနိုင်ကျင့်တာတွေ ရှိနေတာပါပဲ”

လင်းထွန်း၏ စကားကို ငြိမ်း ခေါင်းညိတ်ထောက်ခံလိုက်မိသည်။

“ဘယ်လိုလဲ၊ အဲဒီတောကြီးထဲမှာ အေးအေးဆေးဆေး သွားနေရင် ကောင်းမှာဆိုတဲ့ စိတ်ကူးရှိသေးလား”

ငြိမ်း ခေါင်းယမ်းပြလိုက်သည်။

မနေချင်တော့ပါ။ မနေဝံ့တော့ပါ။

အမှောင်ထုက ပို၍ သိပ်သည်းလာသည်။

မြစ်ကမ်းနှစ်ဖက်မှ တောကြီးများကို မည်းမည်းမှောင်မှောင်သာ မြင်ရတော့သည်။

မဟူရာညမှာ မဟူရာ တောကြီးဖြစ်နေပြီ။ မဟူရာ တောင်းကင်မှာတော့ လုပစွာ ပြန့်ကျဲနေသော စိန်ပွင့်လေးများက ပြိုးပြိုးပြောင်ပြောင် အရောင်တလက်လက်။

ဧရာဝတီ မြစ်ကြီးမှာလည်း မဟူရာအရောင် မည်းမှောင်နေသည်။

ရေစီးသံလေးက တသွင်သွင် ကြားနေရသည်။

သောင်ပြင်ပေါ်မှာ လေက တဟူးဟူး တိုက်နေ၍ ခြင်ကိုက်မခံရသည်က စိတ်ချမ်းသာစရာ။

ငြိမ်း၏ ဆံပင်လေးများ လေမှာ လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလာပြီ၊ ဒီအင်္ကျီ ခင်ဗျားဝတ်ထားလိုက်"

လင်းထွန်းက သူဝတ်ထားသော သားရေဂျာကင်ကို ချွတ်ပေးသည်။

"အို . . . နေပါစေ၊ ရှင် အေးမှာပေါ့"

"ဒါတွေက ကျုပ်အတွက် အဆန်းမဟုတ်ဘူး"

ငြိမ်းက သူလက်ထဲရောက်နေပြီဖြစ်သော ဂျာကင်အင်္ကျီကို အားနာပါးနာနှင့် ဝတ်ထားလိုက်ရသည်။

လေတိုးနေသော အင်္ကျီပါးပါးနှင့် နေရသည်ထက် သားရေဂျာကင် ဝတ်ထားလိုက်သောအခါ ပို၍ လုံခြုံသွားသလို ခံစားလိုက်ရသည်။

"ခင်ဗျား အိပ်ချင်ရင် ဒီလှေပေါ်မှာပဲ စိတ်ချလက်ချ အိပ်ပါ"

"ဟင့်အင်း၊ ငြိမ်း မအိပ်ချင်ပါဘူး"

ငြိမ်းက သူ့အိတ်ကြီးထဲမှ တဘက်ကြီးတစ်ထည်ကို ထုတ်ယူလိုက်သည်။

"ရော့ . . . ရှင်အေးရင် ခြုံဖို့ ဒီတဘက်ကို ယူထား"

"ခင်ဗျားပဲ ခြုံအိပ်လိုက်ပါ၊ ကျုပ်က အိပ်လို့လဲ မဖြစ်ပါဘူး၊ တစ်ညလုံး စောင့်ရဦးမှာ"

လင်းထွန်းက တဘက်ကို ငြိမ်းထံ ပြန်ပေးလိုက်ပြီး လှေပေါ်မှ ဆင်းသည်။

"ဘာလို့ စောင့်ရမှာလဲဟင်"

ငြိမ်း စိုးရိမ်စိတ်နှင့် မေးမိသည်။





"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီအချိန် ဒီနေရာမျိုးမှာ သတိဝီရိယထားတာ အန္တရာယ်ကင်းမယ် ထင်လို့ပါ"

"ဒါဖြင့် ရှင်းနဲ့ငြိမ်းနဲ့ တစ်လှည့်စီအိပ်ပြီး စောင့်ရင်ရော"

လင်းထွန်း ပြုံးလိုက်သည်။

"မဖြစ်ပါဘူး၊ ဒီလိုတောကြီးမျိုး အမှောင်ထုမျိုးနဲ့ မြစ်လယ်ခေါင်မှ ဘယ်မိန်းကလေးမဆို ကြောက်မှာပဲ"

လင်းထွန်းက အနိုင်အမာ ပြောလိုက်သည်။

"မကြောက်ပါဘူး"ဟု ငြိမ်း စောဒက မတက်ရဲ။

"ကိုလင်းထွန်းက ရေတံခွန်တောင်မှာ နေတာလား"

"ရေတံခွန်တောင်နားက စိုက်ပျိုးမွေးမြူရေးခြံမှာပါ"

လင်းထွန်းက လှေဦးမှ သဲသောင်ပြင်ပေါ်တွင် ထိုင်လိုက်သည်။

ငြိမ်းက လှေပေါ်မှာ။

လှေနံရံ တစ်ချပ်ခြားနေ၍ စိတ်ထဲမှာ လုံခြုံသလို ခံစားရသည်။

"ကိုလင်းထွန်းရဲ့ ဇာတိက . . ."

"ရန်ကုန်"

"ရှင် ရန်ကုန်ကနေ ဒီလောက်ခေါင်တဲ့ တောထဲမှာ လာနေတဲ့ ရည်ရွယ်ချက်က . . ."

"ဘာမှ မဟုတ်ပါဘူး၊ သူငယ်ချင်းသုံးယောက် စိတ်ကူးယဉ်ပြီး မြေသြဇာကောင်းတဲ့ မြေလွတ်မြေရိုင်းတွေရှိတဲ့ နေရာမှာ စိုက်ပျိုးမွေးမြူရေးလုပ်မယ်ဆိုပြီး ရောက်လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"အို . . . ကောင်းလိုက်တာ၊ အခု အဲဒီ သူငယ်ချင်းတွေလည်း ခြံမှာ ရှိတာပေါ့"

"တစ်ယောက်မှ မရှိတော့ဘူး၊ တစ်နှစ်လောက်ကြာပြီးတော့ သူငယ်ချင်းတစ်ယောက်က ငှက်ဖျားဖြစ်တာနဲ့ ရန်ကုန်ပြန်ပြီး ဆေးကုတာ သူ့မိဘတွေ ပြန်မလွှတ်လို့ ပြန်မလာတော့ဘူး"

"အို ဟုတ်လား"

"နောက်တစ်ယောက်က သူ့ချစ်သူက လက်ထပ်ဖို့တောင်းဆိုနေပြီဆိုပြီး ပြန်သွားတယ်။ လက်ထပ်လိုက်တယ်၊ ပြန်မလာတော့ဘူး"

"ရှင် ဒါဖြင့် ခုခြံမှာ ကိုလင်းထွန်းတစ်ယောက်တည်းပေါ့"

"မဟုတ်ပါဘူး၊ အလုပ်သမား ငါးယောက်ရှိသေးတယ်"

"ကိုလင်းထွန်းမှာရော မိဘမရှိဘူးလား"

"အမေ မရှိတော့ဘူး၊ အဖေက နောက်အိမ်ထောင်နဲ့"

"ဪ . . ."

လင်းထွန်းအတွက် ငြိမ်း စိတ်မကောင်းဖြစ်မိသည်။

လပြည့်ကျော် လေးရက် လက အရှေ့ဘက်ကောင်းကင်မှာ ထွက်ပေါ်လာသည်။

မြစ်နှင့် သောင်ပြင်မှာ ထင်ရှားစွာ ပေါ်လွင်လာသည်။

"ဒါဖြင့် ကိုလင်းထွန်းက ဒီအရပ်မှာပဲနေပြီး ဒီခြံကို ဆက်လုပ်သွားမှာလား"



လင်းထွန်းက လှေထဲမှာထိုင်နေသော ငြိမ်းကို လှည့်ကြည့်လိုက်သည်။

လရောင် ပက်ဖျန်းထားသော နုနုစိုစိုမျက်နှာလေးမှာ ဆောက်ပင်လှသည်ကို လင်းထွန်း စိတ်ထဲမှာ ဝန်ခံနေမိသည်။

"အမှန်အတိုင်း ဝန်ခံရရင်တော့ ဒီအရပ်မျိုးမှာ လူတိုင်းလည်း ပျင်းတာပဲ၊ မြို့ကြီးပြကြီးမှာပဲ နေချင်တာပေါ့။ ဒါပေမယ့် ဘယ်လိုလုပ်မလဲ၊ ကျန်တဲ့လူတွေက ပြေးကြပြီ၊ ကျုပ်ဆက်မလုပ်ရင် ပျက်ပြီးရော့ပေါ့၊ လုပ်တုန်းက လုပ်ခဲ့ပြီး အဲဒီလို ဖျက်ပစ်မှာမျိုး ကျုပ်မကြိုက်ဘူး"

ညဉ့်နက်လာ၍ လေက ပိုအေးလာသည်။

ကောင်းကင်မှ လမင်းကို လင်းထွန်းက မော့ကြည့်လိုက်သည်။

လပြည့်ကျော် လေးရက်၊ လပင် အတော်မြင့်တက်လာပြီ။

"ကဲ . . . ခင်ဗျား အိပ်လိုက်ပါ"

လင်းထွန်းက သောင်ပြင်တွင် ထိုင်နေရာမှ ထ၍ လှေနှင့်ဝေးရာသို့ ထွက်သွားသည်။

လရောင်အောက် သောင်ပြင်မှာ လျှောက်နေသော လင်းထွန်းကို ငြိမ်း လှမ်းကြည့်နေသည်။

ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့် ခြသမားပီပီ ကျစ်လျစ်သန်မာသည့် ပုံမျိုးဖြစ်သည်။

လင်းထွန်းက သူ့ကို သံသယကင်းစွာနှင့် ငြိမ်းအိပ်



www.burmeseclassic.com

www.burmeseclassic.com

ပျော်စေရန် လေ့နှင့်ဝေးရာ သောင်ပြင်တစ်နေရာမှာ ထိုင်နေ
လိုက်သည်။

အိတ်တစ်လုံးကို ခေါင်းအုံး၍ ဝက်ဝံရေ အခင်းပေါ်
ငြိမ်း အိပ်လိုက်သည်။

သားရေဂျာကင်ဝတ်ထားသည်က အတော်နွေးသည်။

မွေးပွတဘက်ကို ထပ်ခြုံမည်ပြုပြီးမှ "သူတော့ ချမ်း
နေမှာပဲ"ဟူသော အတွေးဝင်လာသည်။

လှမ်းခေါ်ပြီး တဘက်ကို ခြုံထားရန် ပေးလိုက်ချင်သည်
သို့သော် ကိုယ်ဘက်က အကြင်နာတွေ၊ စေတနာတွေ
ဝေဖြာနေသလို ဖြစ်မှာစိုး၍ မခေါ်ဝံ့။

သူခြုံချင်လျှင် လာယူနိုင်ရန် တဘက်ကို လှေနံရံပေါ်
မှာ တင်ထားလိုက်သည်။ လရောင်အောက်တွင် မြင်သာစေရန်
တဘက်ကို ခပ်ဖြန့်ဖြန့် ထားလိုက်သည်။

လှေထဲမှာ အိပ်လိုက်မှ လှေနံရံအကာကြောင့် လေ
အေးတိုက်ခံရသည်မှာ သက်သာသည်။

အဆက်မပြတ် ထွက်ပေါ်နေသော နဒီဝတီ မြစ်ရေ
စီးသံက သာယာသော ဂီတသံလို ဖြစ်နေ၍ ငြိမ်းချမ်းမျက်စိမှိတ်
မေးရာမှ မှိတ်သွားသည်။

ခဏအတွင်းမှာပင် ကြောက်စရာ တောကြီးနှင့်တော
စိုးရွံ့ထိတ်လန့်မှု အားလုံးကို မေ့သွားလေသည်။

အခန်း(၇)





ကောင်းကင်မှာ လမင်းက ထိန်ထိန်သာနေသည်။

မြစ်ကမ်းနစ်ဖက်မှ တောကြီးသည် လရောင်အောက်
မှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတစ်ရံတွင် သမင်ဟောက်သံ၊ ချေဟောက်သံ၊
ငှက်ဟိန်းသံများ ထွက်ပေါ်လာ၍ တောသဘာဝကို သတိရစေ
သည်။

သဲသောင်ပြင်ပေါ်မှာ လေက တစ်ချိန်လုံး တိုက်နေ၍
လင်းထွန်း ချမ်းလာသည်။

သဲသောင်ပြင်ပေါ်မှာ လှဲနေလိုက်ချင်သည်။ သို့သော်
လှဲလိုက်လျှင် အိပ်ပျော်သွားလိမ့်မည်။

လင်းထွန်း မလှဲဝံ့၊ ထိုင်၍သာ နေရသည်။

"သူအိပ်ပျော်သွားပြီလား"

ငြိမ်သက်နေသော လှေကလေးဆီသို့ လှမ်းကြည့်လိုက်
သည်။

"အိပ်ပါစေလေ"

ရင်ထဲမှာ စေတနာစိတ်ကလေး ဖြစ်မိသည်။

အလင်းဘက်သို့ ရောက်လာ၍ ညက ပိုအေးလာသည်။

လင်းထွန်း ဒူးနှစ်ဖက်ကို လက်နှင့်ပိုက်၍ ဒူးပေါ်မှာ
မေးတင်ပြီး မျက်စိမှိတ်ထားလိုက်သည်။

အိပ်ချင်သော်လည်း မအိပ်မိအောင် သတိထားသည်။

မြစ်ရေစီးသံလေးကို ပုံမှန်အတိုင်း ကြားနေရ၍ မြစ်
ရေအတိုးအလျော့မရှိကြောင်း သိနေရသည်။


www.burmeseclassic.com

www.burmeseclassic.com

မအိပ်အောင် ကြိုးစားနေသည့် ကြားမှပင် တစ်ခါတစ်ခါ ငိုက်သွားသေးသည်။

အငိုက်ပြေအောင် လမ်းထလျှောက်သည်။

လရောင်အောက်မှာ ငြိမ်သက်နေသော လှေကလေးနားသို့ သွား၍ အေးချမ်းစွာ အိပ်ပျော်နေရှာမည့် မိန်းမချောလေး၏ မျက်နှာကို ကြည့်ချင်သည်။

ဤမိန်းကလေးကို စတွေ့စဉ်က ရွှေပန်းတောသွားမည် ဆို၍ အထင်လွဲခဲ့သည်။ သို့သော် သူ၏ ပြောပုံဆိုပုံသည် ခုစရိုက်မှုများနှင့် ဆက်နွယ်မည့်ပုံမျိုး မဟုတ်။ ပညာတတ်တစ်ယောက် ဖြစ်ဟန်တူသည်။

"ဒါဖြင့် ဘာကိစ္စနဲ့ ရွှေပန်းတောလို ခရီးမျိုးကို တစ်ယောက်တည်း သွားရတာလဲ"

"အေးလေ ဒါကတော့ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့"

ကိုယ့်ဘာသာ မေးပြီး ကိုယ့်ဘာသာ ဖြေနေမိသည်။

ခြေလှမ်းက လှေနားသို့ ရောက်လာသည်။ လှေနံရံ ကွယ်နေ၍ မိန်းကလေးကို မမြင်ရသေး။

ဘာကြောင့်မှန်းမသိ၊ လရောင်အောက်မှာ ဝင်းပစွာ လှနေမည့် မျက်နှာလေးကို ကြည့်ချင် မြင်ချင်မိသည်။

ကြည့်ရုံ မြင်ရုံလေးသာ ဖြစ်ပါသည်။

တောနက်ကြီးထဲမှ မြစ်လယ်သောင်ပြင်မှာ ညအခါ နှစ်ယောက်တည်း ဖြစ်သည်ဟု အခွင့်အရေးယူလိုသည့်စိတ်မျိုး လင်းထွန်းမှာ လုံးဝမရှိပါ။





သို့သော် သူ့မျက်နှာလေးကို ကြည့်နေစဉ်...

သူနိုးသွားလျှင်...

မတော်မတရား ကြံစည်လာသည်ဟု အထင်လွဲသွားနိုင်သည်။

ထိုသို့ အထင်ခံရမည်ကိုတော့ လင်းထွန်း စိုးရိမ်သည်။

လှေနားအထိ သွားရန် သင့်မသင့်။

လင်းထွန်း ခြေလှမ်းများ နှေးရာမှ ရပ်သွားသည်။

လှေဆီသို့ လှမ်းကြည့်နေမိသည်။

လှေက ပကတိ ငြိမ်သက်နေသည်။

"အို...ဟိုတဘက်က"

လှေနံရံပေါ်မှာ တင်ထားသော မွေးပွတဘက်ကို လင်းထွန်း သတိထားမိသည်။

ခြုံအိပ်ရန် ပေးခဲ့သော တဘက်ဖြစ်သည်။

"ဘာဖြစ်လို့ မခြုံဘဲနဲ့ လှေနံရံပေါ် တင်ထားရတာလဲ"

လေအေးတစ်ချက် ခပ်ကြမ်းကြမ်း တိုးဝှေ့သွား၍ လင်းထွန်း ချမ်းစိမ့်သွားသည်။

"ငါချမ်းရင် ခြုံနိုင်အောင် တင်ထားပေးတာလား"

တွေးကြည့်သည်။ ဖြစ်နိုင်သည်ဟု ထင်သည်။

သူ့မှာ သားရေဂျာကင် ဝတ်ထားသည်။ ငါ့မှာ ဘာမျှ ... သူခြုံရန် ပေးထားခဲ့ပြီးဖြစ်လျက် လှေနံရံပေါ် ရောက်နေသည်။

သူမခြုံလျှင် တဘက်ကို ယူခြုံလိုက်က အချမ်းသက်



www.burmeseclassic.com

www.burmeseclassic.com

သာမည်ဟု လင်းထွန်း တွေးမိသည်။

တဘက်ရှိရာသို့ လျှောက်သွားမိသည်။

ခြေလှမ်းက နှေးသည်။ ဖြည်းဖြည်းသာသာလေး။

အလိုလိုနေရင်း ရင်ခုန်သံ နည်းနည်းမြန်လာသည်။

လှေနံရံဘေးသို့ ရောက်သွားပြီ။

"အို · · · လှပ အေးချမ်းလိုက်တဲ့ မျက်နှာလေး"

သားရေဂျာကင် အနက်ဝတ်ထား၍ ဖြူနုနေသော မျက်နှာလေးမှာ လရောင်အောက်တွင် ပို၍ ထင်ရှားနေသည်။

ဂျာကင်အင်္ကျီကို လည်ပင်းနားအထိ ဇစ်ဆွဲစေ့ထားသည်။

ချမ်း၍ ထင်ပါ၏။ လက်ကလေးနှစ်ဖက် ရင်ဘတ်ပေါ်မှာ ပိုက်ထားသည်။

စိတ်ထဲမှာ သနားသလို ဖြစ်မိသည်။

"ငါ သူ့ကို ဆက်ဆံတာ လိုအပ်သည်ထက် ပိုပြီး တင်းနေမိသလား"

ကိုယ့်ဘာသာ ပြန်ဆန်းစစ်ကြည့်သည်။

တင်းသည်ဟု ထင်သည်။

"ငါလည်း တောထဲနေရတာကြာလို့ ရိုင်းနေပြီလား"

"သူ ငါ့ကို ဘယ်လိုထင်မလဲ"

မိန်းကလေး၏ ပိတ်ထားသော မျက်ခွံလေးက မို့မို့လေး။

မျက်ခုံးတန်းလေးနှစ်ခုက လုံးဝန်းထူထဲသည်။





နှာတံဖြောင့်စင်း သွယ်တန်းနေပုံက သိပ်လှသည်။

နှုတ်ခမ်းလေးတွေ · · ·

နီထွေးပြည့်ဖြိုး၍ အချိုးကျသည်။ အပေါ်နှုတ်ခမ်းမှာ တိကျသော အနားသတ်ကလေးရှိသည်။ အောက်နှုတ်ခမ်းသားလေးက ပြည့်ဖြိုးသည်။

"အို · · · အိပ်ပျော်နေတဲ့ မိန်းကလေးတစ်ယောက်ကို ငါ ဒီလိုကြည့်နေတာ သင့်ပါမလား"

အခုနေ သူနိုးသွားလျှင် · · ·

လင်းထွန်း ဆက်၍ ကြည့်နေချင်သေးသော်လည်း စိတ်ကို ထိန်းချုပ်ပြီး လှေနံရံပေါ်မှ တဘက်ကို အသာအယာ မယူလိုက်သည်။

အမွေးပွတဘက်၏ နွေးထွေးနူးညံ့မှုက နှစ်သက်စရာ။

"ငါက အိပ်မှာမှ မဟုတ်တဲ့၊ နောက်ပြီး ယောကျ်ား တစ်ယောက်၊ အချမ်းဒဏ်ကို ခံနိုင်ပါတယ်"

တဘက်နွေးနွေးကို မိန်းကလေး၏ ကိုယ်ပေါ်မှာ ခြုံပေးချင်စိတ် ဖြစ်မိသည်။

စေတနာ၏ စေ့ဆော်မှုကြောင့် သင့် မသင့်ပင် မစဉ်းစားနိုင်။ တဘက်ကို ဖြန့်ပြီး မိန်းကလေးကိုယ်ပေါ်မှာ ငြင်သာစွာ လွှမ်းခြုံပေးလိုက်သည်။

"တော်ပါသေးရဲ့"

မိန်းကလေး အိပ်ရာမှမနိုး။

"သူ့ခမျာ ပိုပြီး နွေးထွေးသွားပေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

လရောင်အောက်မှ လှပသော မျက်နှာလေးကို စူးစူး စိုက်စိုက် ကြည့်လိုက်ပြီးမှ လှေနှင့်ဝေးရာသို့ လင်းထွန်း ထွက် လာခဲ့ပါသည်။





အခန်း (၈)

ငြိမ်း အိပ်ရာမှနိုးသောအခါ ရတ်တရက် ဘယ်ကို ရောက်နေမှန်း မသိ။

လှေနံရံနှစ်ဖက်ကို မြင်မှ လှေစက်ပျက်၍ ဒုဋ္ဌာဝတီမြစ် ၏ သောင်ပြင်မှာ အိပ်ခဲ့ရသောအဖြစ်ကို ပြန်သတိရသည်။ မြစ် ရေ စီးသံကလေးများကို ကြားနေရသည်။

အရှေ့ဘက် ကောင်းကင်မှာ အရုဏ်ဦး၏ရွှေပြေးရောင် [illegible]ကလေးများပင် သမ်းစပြုနေပြီ။

အိပ်ရာသည်မှာ နွေးနွေးထွေးထွေး ရှိသည်။

"အို . . . ဒီတဘက်က . . ."

ငြိမ်း ရင်ထဲမှာ ထိတ်လန့်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com





ညတုန်းက သူလိုချင်လျှင် ယူနိုင်အောင် လေ့နံရံပေါ်မှာ တင်ထားပေးသော တဘက်။

အခု ငါ့ကိုယ်ပေါ် ခြုံလျက် ဖြစ်နေတယ်။

ရုတ်တရက် ထထိုင်လိုက်မိသည်။

တဘက်ကို လက်နှစ်ဖက်နှင့် ကိုင်ထားမိလျက်...

ငြိမ်း စဉ်းစားနေမိသည်။

"ဒီတဘက်ကို သူ လာခြုံပေးသွားတာလား"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်မိသည်။

"တော်ပါသေးရဲ့"

သားရေရှာကင်ကို လည်ပင်းအထိ ဇစ်ပိတ်ပြီး လုံခြုံစွာ ဝတ်ထားသည်။

သူ ဘယ်ရောက်နေပါလိမ့်။

လှေနံရံကို ကျော်၍ လှမ်းမျှော်ရှာဖွေမိသည်။

ခပ်လှမ်းလှမ်းမှ သဲသောင်ပြင်ပေါ်တွင် ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်၍ ခေါင်းငိုက်စိုက်ချထားသော လင်းထွန်းကို တွေ့ရသည်။

"အို...သူ ဘယ်လောက်ချမ်းလိုက်မလဲ"

ငြိမ်း ရင်ထဲမှာ စိတ်မကောင်းဖြစ်မိသည်။

သူ့ကိုအိပ်ဖို့ သွားပြောရင် ကောင်းမလား။

ငြိမ်း စဉ်းစားနေမိသည်။

ကိုယ်လည်း အိပ်ရေးဝနေပြီ၊ မကြာခင် အလင်းရောင်လာတော့မည်။







လှေပေါ်မှ သောင်ပြင်သို့ ဆင်းလိုက်သည်။

လင်းထွန်းထံသို့ လျှောက်သွားသည်။

"ကိုလင်းထွန်း..."

"ဗျာ..."

ငြိမ်း၏ ခေါ်သံက တိုးတိုးသာသာ ဖြစ်သော်လည်း လင်းထွန်း၏ ထူးသံက နည်းနည်းကျယ်သွားသည်။

"ကိုလင်းထွန်း...လှေပေါ်မှာ သွားအိပ်လိုက်ပါ... မကြာခင် လင်းတော့မှာပါ၊ ငြိမ်း နေရပါတယ်"

သူ့ဘေးနားမှာ ရပ်နေသော ငြိမ်းကို လင်းထွန်း မော့ကြည့်လိုက်သည်။

"တော်ပါပြီဗျာ၊ မအိပ်တော့ပါဘူး"

"အို...မဟုတ်တာရင်၊ ကိုလင်းထွန်း တစ်ညလုံး အိပ်ရသေးဘူး မဟုတ်လား၊ သွားအိပ်လိုက်ပါ"

လင်းထွန်း အရှေ့ဘက်ကောင်းကင်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အရုဏ်ဦး၏ ရောင်ခြည်များကို မြင်နေရပြီ။

"ခင်ဗျား နေရဲပါတယ်နော်"

"ဟုတ်ကဲ့ နေရဲပါတယ်၊ အိပ်သာအိပ်ပါ"

"တကယ်လို့ ကျုပ်မနိုးရင်ပေါ့လေ၊ မနက် ခုနစ်နာရီလောက်မှာ နှိုးပါ။ ရှစ်နာရီလောက်ဆိုရင် ထင်းမော်တော် လာမယ် လွတ်သွားလို့မဖြစ်ဘူး"

"ဟုတ်ကဲ့ နှိုးပါ့မယ်၊ စိတ်ချလက်ချ အိပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထွန်း လှေပေါ်တက်ပြီး အိပ်သည်။

တစ်ညလုံး ငြိမ်းအိပ်ခဲ့သော ဝက်ဝံရေပေါ်မှာ ဖြစ်သည် စိတ်က ထင်၍လား မသိ။ မွှေးပျံ့သော အနံ့ကလေးတစ်မျိုး အာရုံခံစားရသည်။

သို့သော် ကြာကြာ မခံစားလိုက်ရပါ အိပ်ပျော်သွားသည်

ငြိမ်း မျက်နှာသစ်ပြီး၍ လှေဆီသို့ ပြန်လာသောအ လင်းထွန်း အိပ်ပျော်နေပြီ။ နှင်းကလေးများကျ၍ မနက်ခင်း အေးမြနေသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော လင်းထွန်းမျက် နှာကို ငြိမ်း လှမ်းကြည့်နေမိသည်။ မိမိ အိပ်ပျော်နေစဉ် တစ်ည လုံး သောင်ပြင်မှာထိုင်၍ ကင်းစောင့်နေခဲ့ရသော လင်းထွန်း ငြိမ်း ရင်ထဲမှာ သနားစိတ်ဖြစ်မိသည်။

မိမိ အိပ်နေသည်ကို အနှောင့်အယှက်မပြုရုံမက ထွေးသော တဘက်ကြီးဖြင့် ခြုံပေးခဲ့သည်ကိုလည်း ကျေးဇူးတ မိသည်။

"အခု ငါ့အလှည့်ပေါ့လေ"

လက်ထဲမှာရှိနေဆဲ မွှေးပွတဘက်ကြီးဖြင့် လင်းထွ ၏ ကိုယ်ပေါ်မှာ ညင်သာစွာ လွှမ်းခြုံပေးလိုက်သည်။

ပြီးတော့ . . . လင်းထွန်း၏ မျက်နှာကို စူးစိုက်စွာ တ ချက် ကြည့်လိုက်ပြီး . . .

သူ အေးချမ်းစွာ အိပ်ပါစေလေ . . . ဟူသော စေတ ဖြင့် လှေကလေးနှင့် ဝေးရာသို့ လျှောက်သွားလိုက်ပါသည်



## အခန်း(၉)

ကောင်းကင်မှ နှင်းမှုန်လေးများ ကျနေသည်။ မြစ်ပြင်မှ အငွေ့များက ကောင်းကင်သို့ ဝေ့ဝဲတက်နေသည်။

နှင်းမှုန်နှင့် ရေငွေ့တို့ ပေါင်းဆုံသောအခါ မြစ်ပြင်မှာ မှုန်ဝါးနေသည်။ တောကြီးကလည်း အရုဏ်၏ အလင်းရောင်အောက်မှ ဝေဝေဝါးဝါး။

ထူးခြားသော မြင်ကွင်းကြောင့် ငြိမ်းရင်မှာ လွမ်းသလိုလို ဆွေးသလိုလို ခံစားရသည်။ သို့သော် ဘာကို လွမ်း၍ ဘာ ကို ဆွေးမှန်းမသိ။

ဤနေရာလေးသည် လင်းထွန်း တစ်ညလုံးထိုင်ခဲ့သော နေရာလေးဖြစ်သည်။

ဤသောင်ပြင်မှာ တစ်ညလုံး နှစ်ယောက်တည်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေစဉ် မိမိအပေါ်မှာ သစ္စာရှိစွာ စောင့်ရှောက်ခဲ့သော လင်းထွန်းကို ကျေးဇူးတင်မိသည်။

ယောကျ်ားပီသသော လင်းထွန်း၏ စိတ်သဘောထားကိုလည်း လေးစားမိသည်။

"လင်းက လူကောင်းပါ"

ကြွက်နီလေး၏စကားကို ကြားယောင်လာမိသည်။

မကြာမီမှာပင် အရှေ့ဘက် ကောင်းကင်မှာ နေမင်း၏ ရွှေပြေး ရောင်ခြည်များ အလင်းယပ်တောင် ဖြန့်လာသည်။

တောကြီးဆီမှ ကျေးသံငှက်သံများ ကြားရသည်။

တောကြီးလည်း နိုးထလာလေပြီ။

ငှက်အချို့သည် ဒုဗ္ဗာဝတီမြစ်ပေါ်မှာ ဖြတ်သန်း၍ တစ်နေ့တာအတွက် အစာရှာထွက်ကြပြီ။

ငြိမ်း ဗိုက်ထဲမှာလည်း ဆာလာသည်။

"သူလည်း အိပ်ရာက နိုးရင်ဆာမှာပဲ"

သူ့အတွက်ပါ တွေးမိနေသည်။

ငြိမ်း လှေဆီသို့ လျှောက်သွားသည်။

လှေပေါ်တွင် ချေသားကင်အများကြီး ကျန်သေးသည်။

ကိုင်ကြည့်လိုက်တော့ အေးပြီး မာနေသည်။

လင်းထွန်း၏ သားရေကျောကင်အကျီအိတ်ထောင်ထဲမှာ ဂက်စ်မီးခြစ်လေး တစ်လုံးကို ညကတည်းက တွေ့ထားသည်။

မီးဖိုရန် သောင်ပြင်ပေါ်မှာ ရှာဖွေကြည့်သည်။

ခပ်ဝေးဝေးတွင် ကိုင်းပင်များ ပေါက်နေသည်ကို တွေ့ရ





သည်။

ကိုင်းတောဆီသို့ လျှောက်သွားသည်။

ထင်းခြောက်ဟူ၍ မတွေ့ရ။ ကိုင်းပင်ခြောက်များကို ယူလာခဲ့သည်။

သို့သော် နှင်းများနှင့် စိုစွတ်နေသည်။

လှေဆီသို့ ပြန်ရောက်သောအခါ လှေပေါ်မှ ဓာတ်ဆီကို ယူ၍ သဲပြင်ပေါ်မှာ ဖျန်းပြီးမီးမွှေးလိုက်သည်။

ဓာတ်ဆီကြောင့် အားကောင်းသော မီးတောက်များဖြစ်ပေါ်လာသည်။ နှင်းစိုနေသော ကိုင်းပင်ခြောက်များပါ အားကောင်းသော မီးတောက်အတွင်းမှာ အားဖြည့်လောင်စာများ ဖြစ်လာသည်။

ဓာတ်ဆီပုံးကို လှေပေါ် ပြန်ထားရင်း ဝါးကပ်အပျက်မှ ခြမ်းအချို့ကို ခွဲဖြတ်ယူခဲ့သည်။

ခဏအတွင်းမှာပင် ချေသားများကို မီးကင်နိုင်ပါသည်။

မီးအားကောင်း၍ အသားကင်မှ အဆီများ ထွက်ပြီး စ်ပြည်လာသည်။ မွှေးကြိုင်သော ရနံ့များလည်း ထွက်ပေါ်လာသည်။

ငြိမ်း ဗိုက်ဆာနေသော်လည်း တစ်ယောက်တည်း မစားသေး၍ မီးအားလျော့ထားလိုက်သည်။

"သူ နိုးလာရင် စားနိုင်ဖို့ အသင့်ဖြစ်ပြီ"

ဟူသော အသိနှင့် မိမိဘာသာ ကျေနပ်နေမိသည်။

အရှေ့ဘက်တောင်ထွတ်များ၏ အထက်တွင် နေမင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်ထွက်နေလေပြီ။

တောကြီးဆီမှ ပိုရှဲ့ဆူညံသော အသံများကိုကြားနေ

သည်။

နေ့အခါမှာ တောလည်း တောအလျောက် နိုးကြားလှု

ရှားလာရသည်ဟု ငြိမ်းတွေးနေမိသည်။

နေရောင်ခြည်ကြောင့် မြစ်ပြင်ပေါ်မှ နှင်းမှုန် ရေခိုး

ထွက်ပြေး ပျောက်ကွယ်သွားကြပြီ။

ခုနစ်နာရီပင် မထိုးသေးသော်လည်း လွင်တီးခေါ်

သောင်ပြင်ပေါ်မှာ နေပူရှိန်က သိသာလာသည်။

လှေကလေးဆီသို့ လှမ်းကြည့်လိုက်သည်။

နေရောင်ခြည့်အောက်မှ ရေစပ်မှာ ငြိမ်သက်နေသော

ငြိမ်းမှာ ဘာလုပ်စရာမှ မရှိ။

ထိုင်လျက်မှ တောကြီးဆီသို့ ငေးကြည့်ရင်း ရှေ့ဆက်

မည့် မိမိဘဝခရီးကို မျှော်တွေးနေမိသည်။

ဘာမှ ရေရေရာရာ မရှိသေး။

ကုန်လွန်ခဲ့သည့် ဘဝခရီးကို ပြန်စဉ်းစားကြည့်သော

လည်း ဘာမှ အဓိပ္ပါယ်မရှိသော အထီးကျန် မရေမရာဘ

သူတကာလို သံယောဇဉ် တွယ်စရာ မိသားစုမ

အုပ်ထိန်းသူ ဒေါ်ရွှေမြက ငြိမ်းအတွက် အစားအ

အဝတ်ကိစ္စ၊ ပညာရေးကိစ္စ လိုအပ်သည်များကို ဖြည့်ဆည်း

ပါသည်။

သို့သော် အရေးအကြီးဆုံးဖြစ်သည့် မေတ္တာကိုတေ





ဒေါ်ရွှေမြထံမှ ငြိမ်းမရခဲ့ပါ။

မူလတန်းကျောင်း ပညာ စသင်ကတည်းက ငြိမ်း မိန်းကလေးဘော်ဒါဆောင်မှာ နေခဲ့ရသည်။

သူတကာ မိဘများ၊ ဆွေမျိုးသားချင်းများ၊ ညီအစ်ကိုမောင်နှမများ လာတွေ့ကြသော်လည်း ငြိမ်း ဘဝမှာ ဘယ်သူမှ လာတွေ့တာ မရှိ။ ဒေါ်ရွှေမြလည်း လာမတွေ့။

ကျောင်းပိတ်ခါနီးလျှင် သူတကာတွေ အိမ်ပြန်ရတော့မည်ကို ပျော်ရွှင်နေကြသည်။

ငြိမ်းမှာ အိမ်ပြန်လျှင် တွေ့စရာ မိသားစုမရှိ။

ဒေါ်ရွှေမြ အိမ်ကိုပြန်ရသည်မှာလည်း ဘော်ဒါမှာနေရသည်လောက်ပင် ပျော်စရာမကောင်း။

ရန်ကုန်မြို့မှာပင်နေသော ဒေါ်ရွှေမြ၏ အိမ်ကြီးက အကြီးကြီး။

ထိုအိမ်ကြီးတွင် ငြိမ်းအတွက် အခန်းတစ်ခုရသည်။

ဒေါ်ရွှေမြက အပျိုကြီး။

သူ့အိမ်မှာ ချက်ပြုတ်လျှော်ဖွတ်ရန် ဒေါ်ကြီးသိန်းနှင့် အိမ်ဖော်အကူ မိန်းကလေး မထွေးတင်ရှိသည်။

ဒေါ်ကြီးသိန်းနှင့် မထွေးတင်က ငြိမ်းကို ခင်ကြပါသည်။

သို့သော် ဒေါ်ရွှေမြက စည်းကမ်းကြီးသည်။

ငြိမ်းအတွက် ကျောင်းပိတ်ရက်များတွင် အိမ်သန့်ရှင်းရေး ခြံသန့်ရှင်းရေး လုပ်ငန်းတာဝန်များ ခွဲဝေပေးထားသည်။

အလယ်တန်းရောက်လာတော့ ကျောင်းပိတ်ရက်များမှာ



www.burmeseclassic.com

www.burmeseclassic.com



အချက်အပြုတ်၊ အချုပ်အလုပ် သင်ရသည်။

"အေးအေးဆေးဆေး နေချင်လို့ အပျိုကြီး လုပ်နေပါတယ် အုပ်ထိန်းသူဆိုတဲ့ မဟာတာဝန်ကြီးက ပခုံးပေါ် ရောက်လာရသေး"

ဒေါ်ရွှေမြ ညည်းညူသည်ကို ငြိမ်း မှတ်မိနေသေးသည်။

"အေးလေ . . . သံသရာက လွှတ်မြောက်ရာလမ်းရှာမယ်ဆိုတဲ့သူက ပေးလာတဲ့ မဟာတာဝန်တွေလေ"

သံသရာက လွှတ်မြောက်ရာလမ်း ရှာမယ်ဆိုသောသူကို ထိုအချိန်က ဘယ်သူမှန်း ငြိမ်း မသိ။

ခုနစ်တန်းအောင်သည့်နှစ်ကျမှ ဘဘုန်းဘုရားဖြစ်မှန်း သိရသည်။

ထိုနှစ်တွင် ဘဘုန်းဘုရားထံမှ ပထမဆုံး စာကို စတင်ဖတ်ရသည်။ ဘဘုန်းဘုရားကိုယ်တိုင် မတွေ့ရသော်လည်း ဘဘုန်းဘုရား၏ စာတွင် မေတ္တာအကြင်နာများပါသည်။

ခေါ်သည်ကပင် . . . သမီးလေး။

ဘဘုန်းဘုရားစာကို ဖတ်ပြီး ငြိမ်းအတွက် အစီအစဉ်များကို ဘဘုန်းဘုရား ချမှတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ရှေ့အစီအစဉ်များအတွက်လည်း စာ ဆက်ကြိုးစားရန်၊ ဘွဲ့ရသည်အထိ ပညာသင်ကြားရေးကို ဦးတည်ထားရန် ဘဘုန်းဘုရားက အကြံပေးထားသည်။

ထိုစာဖတ်ပြီး ငြိမ်း ရင်ထဲမှာ သိချင်စိတ်တစ်ခု ဖြစ်ခဲ့သည်။





ငြိမ်းအတွက် ကုန်ကျစရိတ်များကို ဘယ်သူက ကျခံနေသလဲ။

ငြိမ်း သိချင်လာ၍ ဒေါ်ရွှေမြကို မေးကြည့်သည်။

ဒေါ်ရွှေမြက အစတော့ မပြောချင်၊ ငြိမ်းက ဘဘုန်းဘုရားစာကို ဖတ်ပြီးကြောင်း "ဘဘုန်းဘုရားက ကျခံနေတာ ဟုတ်တယ် မဟုတ်လား" ဟု မေးမှ ဟုတ်ကြောင်းဝန်ခံသည်။

ထိုအချိန်ကစပြီး ဘဘုန်းဘုရားကို တကယ့်ကျေးဇူးရှင်အဖြစ် သိခဲ့ရသည်။

သို့သော် . . .

ဘဘုန်းဘုရားက သူ့အတွက် ဘာလို့ သည်လိုတာဝန်ယူနေရတာလဲ . . .

သူ့မိဘတွေဟာ ဘယ်သူတွေလဲ . . .

သူ ဘယ်ကလဲ . . .

သူ့ဘဝဇာတ်ကြောင်းက ဘယ်လိုလဲ . . .

ငြိမ်း ဘာမှ မသိခဲ့ရ။

နောက်တော့ ဘဘုန်းဘုရားထံမှ စာများကို တစ်နှစ်တစ်ခါ စာမေးပွဲအောင်ပြီးတိုင်း တစ်ကြိမ် ဖတ်ရသည်။

ဘဘုန်းဘုရားစာတိုင်းမှာ မေတ္တာအကြင်နာပါသည်။

ရှေ့ဆက် ဆောင်ရွက်ရန်များကိုလည်း နားလည် လက်ခံအောင် ဆုံးမ လမ်းညွှန်မှုများပါသည်။

ဘဘုန်းဘုရား စေတနာကို လေးစားနားလည်၍ ဘဘုန်း ဘုရားဖြစ်စေချင်သည့် ဆုံးမလမ်းညွှန်မှုများအတိုင်း ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

လိုက် နာ ဆောင်ရွက်ခဲ့သည်။

ယခု ရွှေပန်းတောကို လိုက်လာခဲ့သည်အထိ ဖြစ်သည်။

ထင်းမော်တော်လာလျှင် ရွှေပန်းတောကို ယနေ့ ရောက်မည်။

သိပ်ကို တွေ့ မြင်ချင်သော ဘဘုန်းဘုရားကို ယနေ့ ဖူးတွေ့ရတော့မည်။

နေရောင်က သိသာစွာ ပူပြင်းလာသည်။

ငြိမ်းလက်မှ နာရီကို ကြည့်လိုက်သည်။

(၇) နာရီထိုးပြီ။

လှေဆီသို့ လျှောက်သွားလိုက်သည်။

လင်းထွန်း လှေထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေဆဲ။

သူ တစ်ညလုံး အိပ်ရေးပျက်ထားတာပဲ . . .

ငြိမ်း မနှိုးချင်သေး။ ခဏဖြစ်ဖြစ် ဆက်အိပ်စေချင် သေးသည်။

လင်းထွန်း မျက်နှာပေါ်တွင် နေပူကျရောက်နေသည်။ ကာစရာ မရှိ၊ ကွယ်စရာ မမြင်။ ငြိမ်း ဝတ်ထားသော သားရေ ဂျာကင်ကို ချွတ်လိုက်သည်။

ဂျာကင်ကို လက်နှစ်ဖက်နှင့် ဖြန့်ကိုင်၍ နေရိပ်ရအောင် ကွယ်ပေးလိုက်သည်။ လင်းထွန်း၏ မျက်နှာနှင့် ကိုယ်အပေါ်ပိုင်း မှာ အရိပ်ရသွားသည်။ အကျႌကို တစ်ခုခုနှင့် ထောက်တင်ထား ရန် အနီးအပါးကို မျက်စိကစားကြည့်သည်။ ဘာမျှ မမြင်။





ငြိမ်း ဆက်ကိုင်ထားလိုက်သည်။

မြစ်ပြင်မှ လှိုင်းကြက်ခွပ်ကလေးများသည် နံနက် နေ ရောင်ခြည်အောက်မှာ ရွှေရည်ပြိုးပြက် တလက်လက် ဖြစ်နေ၏။

မြစ်ပြင်အဝေးဆီသို့ မျှော်ကြည့်ရင်း ဂျာကင်အကျႌကို မြှောက်ကိုင်ထားသည်။

မော်တော်၏ အရိပ်အယောင်မြင်လျှင် လင်းထွန်းကို နှိုးမည်။

နည်းနည်းကြာလာတော့ ငြိမ်းလက်များ ညောင်းလာ သည်။

လက်နှစ်ဖက်စလုံး မကိုင်ဘဲ တစ်ဖက်စီ လှည့်ပြောင်း ကိုင်သော နည်းကို သုံးကြည့်သည်။ ရသည်။

လင်းထွန်းကတော့ အကျႌအရိပ်အောက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ . . . ငြိမ်းခမျာလည်း အကျႌကို ဆက်ကိုင်ထားရ ဆဲ။

လင်းထွန်းမျက်နှာကို ငြိမ်း လှမ်းကြည့်လိုက်မိသည်။

မနေ့ညက မိမိ အိပ်ပျော်နေစဉ် တဘက်ခြုံပေးခဲ့သော သူ။

မျက်နှာထား တင်းသော်လည်း တည်ကြည်မှုရှိသော မျက်နှာ။

ငြိမ်းကို စိုက်ကြည့်နေမိပြီးမှ ထိုသို့ စိုက်ကြည့်လျှင် ဆက်သွယ်မှုအရ အကြည့်ခံရသူ အိပ်ရာမှ နိုးသွားတတ် သည်ဟု ကြားဖူး၍ အကြည့်ကို လွှဲဖယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ပြင် အဝေးဆီသို့ ထင်းမော်တော်ကို မျှော်ငေးနေမိပြန်သည်။

"ခင်ဗျား အဲဒါ ဘာလုပ်နေတာလဲဗျ"

ရုတ်တရက် ထွက်ပေါ်လာသော လင်းထွန်းထံမှ တင်းမာသည့် လေသံ။

"ဟို . . ."

ငြိမ်း အထိတ်တလန့်ဖြစ်ပြီး ဂျာကင်အင်္ကျီ မြှောက်ကိုင်ထားသောလက်ကို အောက်သို့ ချလိုက်သည်။

"ဩော် . . ."

သူ့မျက်နှာပေါ်မှ အရိပ်ကွယ်ပျောက်သွားပြီး နေပူရှိန်ကျရောက်လာမှ ငြိမ်း၏ စေတနာကို လင်းထွန်း နားလည်သွားသည်။

နေပူထဲမှာ ရပ်နေသော ငြိမ်း၏မျက်နှာနုနုလေးကို လင်းထွန်း စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ခင်ဗျားဟာ ရုပ်ကလေးလှသလောက် စိတ်ထားလှတဲ့ မိန်းကလေးပဲ"

ရင်ထဲမှာ ဖြစ်လာသည့်အတိုင်း လင်းထွန်း လွတ်လပ်ပွင့်လင်းစွာ ထုတ်ပြောလိုက်မိခြင်းဖြစ်သည်။

လင်းထွန်းထံမှ ကြားလိုက်ရသော ချီးကျူးစကားကို ငြိမ်း ကျေနပ်ပါသည်။

"ကိုလင်းထွန်းကိုလည်း ဒီသောင်ပြင်ပေါ်မှာ ငြိမ်းကို ကူညီစောင့်ရှောက်တဲ့အတွက် ငြိမ်း ကျေးဇူးအများကြီးတင်ပါ





တယ်"

လင်းထွန်း အိပ်ရာမှထ၍ လှေပေါ်မှ ဆင်းလိုက်သည်။

"ကိုလင်းထွန်း၊ မျက်နှာ သွားသစ်လိုက်ပါ၊ ချေသား ကျန်တာကို ငြိမ်း ပြန်ကင်ထားတယ်"

"အင်း . . . ကောင်းတာပေါ့"

စားစရာအကြောင်း ကြားသည်နှင့် လင်းထွန်း ဗိုက်ထဲက ဆာလာသည်။

လင်းထွန်း မျက်နှာသစ်နေစဉ် ငြိမ်းက မီးထပ်ထည့်ပြီး အသားကင်ကို ပြန်နွှေးသည်။

မီးတောက်နှင့် တွေ့သော အသားကင်၏ သင်းသင်းမွှေးသော ရနံ့များ ထွက်ပေါ်လာပြန်သည်။

လင်းထွန်း၏ မျက်နှာကို တဘက်နှင့်သုတ်ရင်း ငြိမ်းရှိရာသို့ ရောက်လာသည်။

"မွှေးလိုက်တာဗျာ၊ အနံ့ရတာနဲ့ ပိုတောင် ဆာလာတယ်"

ကင်ထားသော အသားတုံးတစ်ခုကို လင်းထွန်းက ယူစားလိုက်သည်။

"အား ကောင်းလိုက်တာဗျာ၊ ခင်ဗျား . . . အဲ . . . ခင်ဗျားနာမည် ဟုတ်ပြီ . . . ငြိမ်းလို့ပဲ ခေါ်မယ်နော်"

ငြိမ်းက ကျေနပ်စွာ ခေါင်းညိတ်ပြသည်။

"ငြိမ်းလည်း စားလေဗျာ"

လင်းထွန်းက အသားကင်တစ်ခုကို ယူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလည်း ဆာဆာနှင့် စောင့်နေရခြင်း ဖြစ်သည်။

"ငြိမ်း မစားသေးဘဲနဲ့ ကျွန်တော့်ကို စောင့်နေတာလား"

ငြိမ်း ခေါင်းညိတ်သည်

"စားနှင့်ရောပေါ့ဗျာ . . . ဆာနေမှာပေါ့"

"ငြိမ်းလည်း ကိုလင်းထွန်းနာမည်ကို ခေါ်တဲ့အခါ"

"အင်း . . . ဟုတ်တယ်၊ ရင်းနှီးတဲ့လူတွေ ခေါ်သလို လင်းလို့ပဲ ခေါ်ပေါ့"

ငြိမ်းက သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ငြိမ်း"

"ရှင် . . ."

နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

မျက်လုံးတို့၏ အရောင်များက ကြည်လင်တောက်ပလျက် . . .

"ငြိမ်းကို ဘယ်သူ ဘယ်ဝါဆိုတာ မသိပါဘူး။ ဘာကိစ္စနဲ့ ဘယ်သွားမယ်ဆိုတာလဲ မသိချင်ပါဘူး"

"ကျွန်တော် ငြိမ်းကို ငြိမ်းအဖြစ်နဲ့ပဲ သိချင်တယ်၊ ဒီသောင်ပြင်ပေါ်မှာ ခင်မင်ရတဲ့ နေဦးဗျာ ခင်မင်တာထက်ပိုတယ်၊ အဲ . . . ရင်းနှီးတာ။ ဒီသောင်ပြင်ပေါ်မှာ ရင်းနှီးခဲ့တဲ့ မိန်းကလေး တစ်ယောက်အဖြစ်ဆိုရင် ကျွန်တော့်အတွက် ပြည့်စုံတယ်ဗျာ"

လင်းထွန်း ခံစားချက်နှင့် ပြောနေမိခြင်းဖြစ်ပါသည်။

ငြိမ်း ခေါင်းညိတ်လိုက်ပါသည်။





လင်းထွန်းဆိုလိုသော အဓိပ္ပါယ်ကိုလည်း ငြိမ်း နားလည်ပါသည်။

"ကျွန်တော် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ငြိမ်းကို တွေ့တုန်းက ကျွန်တော် သဘောမကျဘူး၊ ဒါပေမယ့် အခုတော့ ကျွန်တော့်စိတ်ထဲမှာ ငြိမ်းကို သိပ်ရင်းနှီးပါတယ်ဗျာ"

"ငြိမ်းလည်း အဲဒီလိုပါပဲ ကိုလင်းထွန်း အင်း . . ."

လင်းဟု ပြောင်းခေါ်ရမည်ကို ရုတ်တရက်မို့ ခက်နေသည်။

"ရပါတယ် ငြိမ်း၊ ခေါ်လို့ရသလိုသာ ခေါ်ပါ"

"ကိုလင်းထွန်းကို လေ့စက်ပျက်သွားတော့ မယုံသင်္ကာစိတ် ဖြစ်မိတယ်"

လင်းထွန်း ခေါင်းညိတ်သည်။

"ဒါပေမယ့် ကိုလင်းထွန်းက သစ္စာရှိတဲ့ယောကျ်ားကောင်းပီသသူပါ။ ကြင်နာ စာနာစိတ်နဲ့ ကူညီစောင့်ရှောက်တာကို တွေ့ရတော့ ငြိမ်း သိပ်လေးစားမိပါတယ် ကျေးဇူးလည်းတင်ပါတယ်"

"ရင်းနှီးစိတ်ရော . . ."

လင်းထွန်း သိချင်သည်ကို မျှော်လင့်သော အမေး . .

ငြိမ်း ပြုံးလိုက်သည်။ ကြည်လင်သော အပြုံး။

"ကိုလင်းထွန်းလိုပါပဲ ငြိမ်းလည်း ကိုလင်းထွန်းကို ဒီသောင်ပြင်ပေါ်မှာ သိပ်ပြီး ရင်းနှီးသွားပါတယ်"

"သိပ် ရင်းနှီးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


လင်းထွန်းက လက်မကို ထောင်ပြပြီး သေချာအောင် ထပ်မေးသည်။

ငြိမ်းက လက်မလေးထောင်၍ ခေါင်းညိတ်ပြလိုက်သည်။

×××



## အခန်း (၁၀)

နေပူရှိန်က ပြင်းလာသည်။

ငြိမ်းက မြစ်ပြင်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

"ထင်းမော်တော်လည်း ခုထိ မလာသေးဘူးနော်"

ငြိမ်း၏ စကားကို လင်းထွန်း သဘောမကျ...

"ဘာလဲ ငြိမ်းက ဒီသောင်ပြင်လေးက ခွာသွားချင်ပြီလား"

လင်းထွန်း ဆိုလိုသည်ကို ငြိမ်း နားလည်ပါသည်။

"အို...ဒီလိုမဟုတ်ပါဘူး...ကိုလင်းထွန်းက ရှစ်နာရီလောက် ရောက်လာမယ်လို့ ပြောတာကို သတိရလို့ပါ"

လင်းထွန်းက နေရောင်အောက်မှာ ဖွေးဖွေးလွှင်နေသော



www.burmeseclassic.com

www.burmeseclassic.com

သဲသောင်ပြင်ကို အမြတ်တနိုး လှမ်းကြည့်လိုက်သည်။

"ကျွန်တော်ကတော့ ငြိမ်းနဲ့ ရင်းနှီးခွင့်ရတဲ့ ဒီသဲသောင်လေးကို အမြဲတမ်း သတိရနေမယ်ဗျာ . . . ကျွန်တော် လှေနဲ့သွားရင်လည်း ဒီအနားရောက်တိုင်း ဟွန်းတီးပြီး သောင်ပြင်လေးကို နှုတ်ဆက်မယ်"

လင်းထွန်း၏ လေးနက်စွာခံစားမှုကို ငြိမ်းလေးစားစွာ နားလည်ပါသည်။ ရင်ထဲမှာလည်း ဝေဒနာ တစ်မျိုးကို ခံစားရမိသည်။

"ငြိမ်းလည်း သတိရနေမှာပါ"

ငြိမ်း ခေါင်းကလေးက သောင်ပြင်ဆီသို့ ငုံ့လျက် . . .

နေက ပို၍ ပူပြင်းလာသည်။

"ငြိမ်း အဲဒီဂျာကင်ကို ချွတ်ပြီး ခေါင်းမှာ ဆောင်းထားလိုက်လေ"

ငြိမ်းက လင်းထွန်းကို လှမ်းကြည့်လိုက်သည်။

သူ ထိုင်နေသည်က နေဘက်သို့ မျက်နှာမူလျက်။

ငြိမ်းက လှေဆီသို့ ကြည့်လိုက်မိပြန်သည်။

ဟိုမှာ . . .

လင်းထွန်း လှည့်ကြည့်သည်။

"ပွဲထိန်းတဲ့ လက်ကိုင်ပေါ်မှာ ဒီအကျႌကို တင်ထားလိုက်ရင် နှစ်ယောက်လုံး အရိပ်ရမယ်"

"ဟာ . . . သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ၊ လာ သွားကြစို့ . . ."





လင်းထွန်းရော ငြိမ်းပါ ထိုင်နေရာမှ ထလိုက်ကြသည်။

သောင်ပြင်ပေါ်မှ ပြာအတိနှင့် မီးဖိုလေးသာ ကျန်ရစ်သည်။

ငြိမ်းက သားရေဂျာကင်ကို ချွတ်ပြီး ပွဲထိန်းလက်ကိုင်ပေါ်မှာ တင်လိုက်သည်။

လှေနံရံဘေးမှာ အရိပ်ကလေးတစ်ခု ဖြစ်လာသည်။

သို့သော် အရိပ်နေရာက ကျဉ်းလွန်း၍ လူချင်းထိလုမတတ် ကပ်ထိုင်ရသည်။

နှစ်ယောက်သား စကားမပြောမိကြ။ တိတ်ဆိတ်နေသည်။

ငြိမ်းကတော့ သဲပြင်ပေါ်မှာ လက်ချောင်းလေးများနှင့် ကွေ့ဝိုက်ရေးဆွဲရင်း ဝင်္ကပါ လမ်းကြောင်းကလေးများ ဖန်တီးနေသည်။

တိတ်ဆိတ်ခြင်း ကြာလာသည့်အခါ နှစ်ယောက်စလုံး အနေခက်လာသည်။

"ငြိမ်း . . ."

"ရှင် . . ."

ခေါ်သံရော ထူးသံပါ တုန်ခါမှုလေးများ ပါနေကြသည်။

"ကျွန်တော် ငြိမ်းနဲ့ နောက်တစ်ခါ ဆုံချင်ပါသေးတယ်"

"ငြိမ်းလည်း လင်းနဲ့ ဆုံချင်ပါသေးတယ်"

"ဗျာ . . . ကျွန်တော့်ကို လင်းလို့ ခေါ်တယ် . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းက ခေါင်းညိတ်ပြသည်။

"ရင်းနှီးတဲ့လူတွေက လင်းလို့ ခေါ်ကြတယ်ဆို"

ငြိမ်း အသံက တိုးတိုးသာသာလေး။

"ဟုတ်တာပေါ့။ ငြိမ်းနဲ့ ကျွန်တော်က သိပ်ရင်းနှီးကြသူတွေ ဖြစ်သွားကြပြီလေ"

လင်းထွန်း ပြောပုံက အားပါးတရ အသံကြီးနှင့်။

"ကျွန်တော် သိပ်ဝမ်းသာတာပဲ ငြိမ်းရယ်"

လင်းထွန်း မျက်နှာမှာ အပျော်၏အရောင်များနှင့် တောက်ပနေသည်။

သဲမှုန်ကလေးများ လူးကပ်နေသည့် ငြိမ်း၏ လက်ဖြူဖြူလေးကို လင်းထွန်း အားပါးတရ ဆုပ်ကိုင်ထားလိုက်ချင်သည်။

သို့သော်...

ငြိမ်းစိတ်ထဲမှာ အခွင့်အရေးသမားဟု ထင်သွားမည်ကို မခံနိုင်။

"ဒီသောင်ပြင်လေးဟာ သန့်ရှင်းစင်ကြယ်တဲ့ သောင်ပြင်လေးပဲ ဖြစ်စေရမယ်"

လင်းထွန်း ရင်ထဲမှာ ကြည်လင်သန့်ရှင်းသွားပါသည်။

ငြိမ်း၏ ဆံပင်လေးများက လေထဲမှာ လွင့်နေသည်။

"ကျွန်တော် မပြောတော့ဘူးလို့ နေတာဗျာ။ ဒါပေမယ့် မနေနိုင်လို့ အဲဒါတစ်ခုတော့ ဖွင့်ပြောပါရစေ"

"ရှင်..."

ငြိမ်း ရင်ထဲမှာ ထိတ်သွားသည်။





"ပြောပါ" ဟုလည်း အားမပေးဝံ့။

"ကျွန်တော် အိပ်ရာက နိုးတော့ ကျွန်တော် အေးအေးချမ်းချမ်း အိပ်ရအောင် အင်္ကျီကို လက်နဲ့ကိုင်ပြီး နေကာပေးနေတဲ့ ငြိမ်းကို တွေ့ရတာ အရမ်းခံစားရတယ်ဗျာ...ကျေးဇူးလည်း အရမ်းတင်တယ်၊ အဲဒါလေးတော့ ကျွန်တော် ငြိမ်းကို ပြောပါရစေ"

"အဲဒီလိုဆိုရင် ငြိမ်းကို နွေးနွေးထွေးထွေး အိပ်ရအောင် ဘာဘက်ခြုံပေးသွားတာကိုရော"

"ဗျာ..."

"လင်းကို ငြိမ်းလည်း ကျေးဇူးအများကြီးတင်ပါတယ်"

လင်းထွန်းထံမှ သက်ပြင်းချသံ တစ်ချက် ပေါ်ထွက်လာသည်။

"ဟေး...မော်တော်သံ ထင်တယ်"

ငြိမ်း သတိပေး၍ လင်းထွန်း နားစွင့်ကြည့်သည်။

"ဟုတ်တာပေါ့"

ဝမ်းသာခြင်းနှင့်အတူ သောင်ပြင်ပေါ်မှ ခွာရတော့မည်ဟု လွမ်းစရာလေးအဖြစ် ခံစားရသည်။

နှစ်ဦးသား ပြိုင်တူထ၍ မြစ်ပြင်ဆီသို့ မျှော်ကြည့်လိုက်ကြသည်။

ခပ်ဝေးဝေးတွင် စက်သံမှန်မှန်နှင့် ဆန်တက်လာနေသော မော်တော်တစ်စင်းကို လှမ်းမြင်ရသည်။

"မြစ်ရွှယ်က စောင့်ရအောင်"


www.burmeseclassic.com

www.burmeseclassic.com

လင်းထွန်းက မော်တော်သမားများ မြစ်တစ်ဘက်ကမ်းမှ ကပ်မောင်းသွားလျှင် လွဲမသွားနိုင်အောင် သေချာချင်သည်။

"ကဲ…တက် ငြိမ်း"

ငြိမ်းက ပွဲထိန်းလက်ကိုင်ပေါ်မှ အင်္ကျီကို ဖြုတ်ယူပြီး လှေပေါ်သို့ တက်လိုက်သည်။

လင်းထွန်းက ကမ်းစပ်မှ လှေကို ရေထဲသို့ တွန်းချသည်။

ရေထဲသို့ ရောက်သောအခါ လင်းထွန်းက လှော်တက်ဖြင့် ရေလယ်ဆီသို့ လှော်ခတ်သည်။

ငြိမ်းက ဖြူလွသော သဲသောင်ပြင်လေးကို လွမ်းဆွတ်စွာ ငေးမောကြည့်ရှုနေသည်။

ထင်းမော်တော် အဝေးဆီမှာ တဖြည်းဖြည်းချင်း ဆန်တက်နေဆဲ။

"ကျွန်တော်တို့နှစ်ယောက် လှေပျက်ပြီး ဒီမှာ တစ်ညအိပ်ရတာကို ပြောရင် မော်တော်သမားတွေ ဘယ်လိုထင်ကြမလဲ"

လင်းထွန်းက တကယ် ကြုံတွေ့ရမည်ကို ကြိုတင်တွေးဆ၍ ငြိမ်းကို အသိပေးလိုက်ခြင်းဖြစ်သည်။

"ငြိမ်းတို့ သန့်ရှင်းစင်ကြယ်စွာနေခဲ့ကြတာ ကိုယ့်ဘာသာ သိတာပဲ၊ သူတို့ ထင်ချင်လို့ ထင်ရင်တော့ ကြိုက်သလိုထင်ပစေပေါ့"

ငြိမ်း ပြောပုံက တည်ငြိမ်သည်။





လင်းထွန်း ရင်ထဲမှာ ငြိမ်းကို ပို၍လေးစားသွားမိသည်။

"ပေါ်…ပေါ်…ပေါ်…ပေါ်"

လှေကို မြင်၍ မော်တော်က နှုတ်ဆက်ပေး အချက်ပေးနေခြင်း ဖြစ်သည်။

လင်းထွန်းက မော်တော် လမ်းကြောင်းနှင့်နီးအောင် လှေကို ကြိုလှော်ထားသည်။

နီးလာပြီး မော်တော်ပေါ်မှ လူများကိုပင် လှမ်းမြင်နေရပြီ။

မော်တော်ပေါ်မှ လူများကလည်း စူးစမ်းသော မျက်လုံးများနှင့် လှေကို လှမ်းကြည့်နေကြသည်။

"ဟော့…လင်း"

တစ်ယောက်က သိသွားပြီ။

"လင်းရေ…"

"ဘာဖြစ်လို့ဟဲ့ဟော့"

ခေါ်သံ မေးသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။

မော်တော်၏ စက်သံလည်း လျော့သွားသည်။

"ဟေး…လှေစက်ပျက်သွားလို့ ဆွဲပေးကြပါဦး"

လင်းထွန်းက လှမ်းအော်ပြောသည်။

"လင်းရေ မော်တော်ဘေးကို ကပ်ခဲ့၊ ကြိုးပစ်ပေးလိုက်မယ်"

လင်းထွန်းက လှေကို မော်တော်နှင့် နီးရာဘက်သို့ လှော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ပေါ်မှ လူတစ်ယောက် ကြိုးပစ်ပေးသည်ကို ဖမ်းယူပြီး လှေဦးမှာ ဆွဲချည်လိုက်သည်။

လှေကလေး မော်တော်ဘေးမှာ ကပ်မိသွားပြီ။

လင်းထွန်း လှေဦးမှနေ၍ မော်တော်ပေါ်သို့ လှမ်းတက်လိုက်သည်။

ငြိမ်း လှေပေါ်မှာ ကြောက်လန့်စွာ ထိုင်နေဆဲ။

"ငြိမ်း...ဒီကို လျှောက်လာခဲ့"

လင်းထွန်း လှမ်းအော်ပြောလိုက်သည်။

မော်တော်ပေါ်မှ လူများက အခွင့်ကောင်းယူ၍ မိန်းမချောလေးကို စူးစမ်းသော မျက်လုံးများနှင့် ကြည့်နေကြသည်။

မော်တော်၏ ဆွဲအားကြောင့် လှေက လှုပ်နေသည်။

ငြိမ်း ထကြည့်သည်။

နည်းနည်း ယိုင်သွား၍ လှေနံရံကို ကိုင်ထားလိုက်သည်။

"ငြိမ်း ဒီရှေ့ကိုလာ၊ ဟုတ်ပြီ၊ ဖြည်းဖြည်းလာ ရတယ်"

လင်းထွန်းက မော်တော်ပေါ်မှနေ၍ လက်ကမ်းပေးထားသည်။

ငြိမ်း လှေဦးနားရောက်လာပြီ။

လင်းထွန်းကို အားကိုးတကြီး လှမ်းကြည့်ပြီး မတ်တတ်ရပ်၍ လက်ကမ်းပေးလိုက်သည်။

ငြိမ်း၏ လက်ကလေးကို လင်းထွန်း မိမိရရ ဆုပ်ကိုင်ထားလိုက်သည်။

"ငြိမ်း လှေဦးပေါ် တက်နင်းလိုက်၊ ရပြီ...တက်"





လင်းထွန်းက ငြိမ်းလက်ကို ဆွဲပြီး မော်တော်ပေါ်သို့ တင်ပေးလိုက်သည်။ ငြိမ်း မော်တော်ပေါ်သို့ ရောက်လာသည်။

သက်ပြင်းကလေးချပြီးမှ လင်းထွန်းကို ကျေးဇူးတင်စွာ ကြည့်၍ ပြုံးလိုက်သည်။

မော်တော်ပေါ်မှ လူများက လင်းနှင့်ငြိမ်းတို့ကို ဝိုင်းကြည့်နေကြဆဲ။

"လင်း ဘယ်လိုဖြစ်လို့..."

မေးသူ၏မျက်နှာက အပြုံး တစ်ဝက်။ စူးစမ်းမှု တစ်ဝက်။

"မနေ့က ခင်ဗျားတို့နဲ့ တွေ့ပြီး ဒီနားရောက်တော့ ဘယ်ယာရင် ပျော်သွားတယ်လေ...ဘာမှ လုပ်လို့မရတော့ဘူးပေါ့"

"ဒါဆို ညက ဘယ်မှာ အိပ်ရလဲ"

လင်းက ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့သော သောင်ပြင်ဆီသို့ လက်ညှိုးထိုးပြသည်။

"အဲဒီ သောင်ပြင်မှာ အိပ်ရတာပေါ့"

"အေးမှာပေါ့"

"သိပ် အေးတာပေါ့"

"စားတော့ရော"

လင်းထွန်းက လှေပေါ်တွင် ကျန်နေသေးသော ချောသား ကင် တစ်ခြမ်းကိုပြသည်။

"ဟေး...လင်း...အဲဒါ ငါတို့စားလို့ရလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



မော်တော်သမား တစ်ယောက် ဝမ်းသာအားရ ဖြစ်နေသည်။

"သိပ်ရ . . ."

မော်တော်သမား နှစ်ယောက် လှေထဲသို့ အလုအယက် ဆင်း၍ ယူကြသည်။

မော်တော်သမားများက မိန်းကလေး ဘယ်ကလဲ၊ ဘယ်သူလဲ၊ လင်းနှင့် ဘယ်လိုလဲ၊ စူးစမ်းလိုကြသည်။

သို့သော် လင်း၏ တည်ကြည်သော မျက်နှာကြောင့် မမေးဝံ့ကြ။

"လင်း . . . အထဲမှာဝင်ပြီး အေးအေးဆေးဆေးနေကြ။ အိပ်ချင်လည်း အိပ်ကြ၊ ထမင်းစားချိန်ကျမှ နှိုးမယ်"

"ဟာ . . . သိပ်ကောင်းတာပေါ့ဗျာ၊ ငြိမ်း အထဲသွားပြီး အိပ်လိုက်လေ . . . ကျွန်တော်တော့ မအိပ်တော့ဘူး"

လင်းထွန်းက မော်တော်ပေါ်မှ အခန်းလေးကို ညွှန်ပြသည်။

"ဟင့်အင်း မအိပ်ချင်ပါဘူး၊ ငြိမ်းက အိပ်ရေးဝတာပဲ။ လင်းသာ အိပ်လိုက်ပါ၊ ငြိမ်း ရှုခင်းတွေကြည့်ချင်သေးတယ်"

"ဟုတ်ပြီ . . . အဲဒါဆိုရင် ငြိမ်း အပေါ်မှာပဲ နေခဲ့"

လင်းထွန်းက အောက်မှ အခန်းလေးထဲ ဆင်းသွားပြီး စိတ်ချ လက်ချ အိပ်သည်။

ငြိမ်းကတော့ ကမ်း နှစ်ဖက်မှ ရှုခင်းအလှများကို တအံ့တသြ ငေးမောလိုက်ပါလာသည်။





အခန်း(၁၁)

(၁၁) နာရီခန့်တွင် လင်းရော ငြိမ်းပါ မော်တော်သမားများနှင့်အတူ ပျော်ပျော်ပါးပါး ထမင်းစားကြသည်။

လင်းက ငြိမ်းမှာ ရန်ကုန်ကဖြစ်ကြောင်း၊ ရွှေယန်းတောသို့ သွားရန် လေ့ကျင့်လိုက်လာခြင်း ဖြစ်ကြောင်း မော်တော်သမားများကို ငြိမ်းနှင့် မိတ်ဆက်ပေးသည်။

ပျော်တတ်သော မော်တော်သမားများနှင့် ငြိမ်း ခင်မင်သွားကြသည်။

"ဟိုးက တောင်ကို လှမ်းကြည့်လိုက် ငြိမ်း"

ထမင်းစားနေရင်း လင်း ညွှန်ပြရာဆီသို့ ငြိမ်း ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားမတ်စောက်သော တောင်ကမ်းပါးယံ နှစ်နေရာမှာ ရေများ လှပစွာ ပျံ့ဝဲ စီးကျနေသည်။

"ဟယ်...လှလိုက်တာ...ရေတံခွန်တွေ"

"ဒါမျိုးတွေကတော့ ပေါလှပေါ့ဗျာ...မိုးတွင်းဆိုရင် တောင်တိုင်းလိုလိုမှာ ရေတံခွန်တွေ တွေ့ရတယ်"

"ဟယ်...ပျော်စရာ ကောင်းလိုက်တာနော်"

ငြိမ်း စိတ်ထဲမှာ ပျော်နေသည်။

"ဟိုးမှာ..."

မော်တော်သမား တစ်ယောက်က ညွှန်ပြ၍ ငြိမ်း လှမ်းကြည့်လိုက်သည်။

"ဟယ် လှလိုက်တာ...သစ်ခွပန်းတွေ"

"ဒီ့ထက်လှတာတွေ အများကြီးရှိသေးတယ်"

ငြိမ်းကတော့ ယခုမြင်နေရသော သစ်ခွပန်းကိုပင် နှူးယှူချင်စိတ်ဖြင့် နှမြောတသစွာ ငေးမောနေမိသည်။

"ကျွန်တော်တို့နိုင်ငံမှာ ဒီလို အလှအပတွေ၊ မတွေ့ဖော်ရသေးတဲ့ ဓာတ်သတ္တုတွေ၊ မစိုက်ပျိုးရသေးတဲ့ မြေလွတ်မြေကောင်းတွေ အများကြီးရှိသေးတယ်"

လင်း၏ စကားကို ငြိမ်း ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟော့...လင်း၊ ဟိုရှေ့က သစ်ပင်မှာ မျောက်တွေ အများကြီးပဲ၊ တစ်ကောင်လောက် မြားနဲ့ပစ်ချပါလား"

မော်တော်သမား တစ်ယောက်က ရှေ့မှသစ်ပင်ပေါ်တွင်





ပြေးလွှားဆော့ကစားနေသော မျောက်များကို ပြသည်။

"ဟာ မလုပ်ပါနဲ့ဗျာ သူ့သဘာဝနဲ့သူ ပျော်နေကြတာ၊ နေပါစေ"

ငြိမ်း ရင်ထဲမှာ လင်းကို သဘောကျသွားမိသည်။

လက်စွမ်းပြသည့်သဘောနှင့် လင်း ထပစ်မှာကို ငြိမ်း စိုးရိမ်မိခဲ့သည်။

"ဟုတ်ပါရဲ့ လင်းရယ်၊ သူတို့ကိုကြည့်ရတာ ပျော်စရာကြီးနော်၊ ကြည့်စမ်း လင်း၊ ဟိုမျောက်မကြီးမှာ ကလေးနှစ်ယောက်တောင်"

ရှေ့တစ်ယောက် နောက်တစ်ယောက် အငယ်လေးနှစ် ယောက်ကို သယ်ပိုးထားသော မျောက်မကြီးကို ငြိမ်း သဘောကျနေသည်။

"မချစ်တဲ့ကလေးကို ရင်မှာ ထားတယ်တဲ့၊ ပိုချစ်တဲ့ကလေးကို နောက်ကျောမှာ ထားတယ်တဲ့"

"ရှင်..."

မော်တော်မောင်းနေသော ဦးလေးကြီး ရှင်းပြသည်ကို ငြိမ်း သဘောမကျ။

"ဘာဖြစ်လို့လဲ ဦးလေး"

"ရှေ့မှာထားတဲ့ ကလေးက ခုန်တဲ့ကူးတဲ့အခါ သစ်ကိုင်းနဲ့ ခိုက်မိနိုင်တယ်တဲ့၊ နောက်မှာထားတဲ့ ကလေးက အန္တရာယ်ကင်းတယ်တဲ့"

"အို...စိတ်မကောင်းစရာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်မှာ ထားသော မျောက်ကလေးကို ကြည့်ပြီး ငြိမ်း သနားနေမိသည်။

"ငြိမ်း ရွှေပန်းတောရွာမှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

လင်းထွန်းက ငြိမ်း၏အာရုံကို ပြောင်းပစ်လိုက်သည်။

"ရွှေပန်းတောက လက်ခံရင် တစ်သက်လုံးနေဖို့ လာတာပါ"

"မလွယ်ပါဘူး"

မော်တော်သမားတစ်ယောက်၏ မှတ်ချက်။

"ငြိမ်း ရွှေပန်းတောအကြောင်း ဘာတွေ သိထားလဲ"

"ရွှေကျင်၊ ထင်းခုတ်၊ မျှစ်ချိုး၊ ခြံစိုက်ကြတဲ့လူတွေ နေကြတယ်၊ စီးပွားရှာလို့ အဆင်ပြေပေမယ့် ပညာရေး၊ ကျန်းမာရေး မပြည့်စုံကြဘူးတဲ့"

ဘဘုန်းဘုရား၏ စာထဲမှာ သိရသမျှကို ပြောပြလိုက်ခြင်း ဖြစ်သည်။

"အဲဒါတွေတင် ဘယ်ကမလဲ၊ လောင်းကစားဝိုင်းတွေ၊ အရက်ဆိုင်၊ စားသောက်ဆိုင်တွေ၊ လူဆိုး လူမိုက်တွေ ရှိတယ်၊ ရွာသားတွေကလည်း အချင်းချင်း မတည့်ကြဘူး၊ ကြာကြာနေဖို့ မကောင်းပါဘူး"

မော်တော်မောင်းသော ဦးလေးကြီးက ငြိမ်းကို ရွှေပန်းတောမှာ ကြာကြာနေစေချင်ပုံမတူပါ . . .

ငြိမ်းက လင်းကို လှမ်းကြည့်လိုက်သည်။





"ဟုတ်တယ် ငြိမ်း၊ ရွှေပန်းတောက နာမည်လေး လှပေမယ့် ငြိမ်းနဲ့ သင့်တော်ပါ့မလားလို့"

ဘဘုန်းဘုရား၏ ဆန္ဒအရ ငြိမ်း သွားရောက် အခြေချစေချင်သော ရွှေပန်းတောမှာ လူတကာ၏မကောင်းပြောခြင်းကို ခံနေရသည်။

ဒါဖြင့် ဘဘုန်းဘုရားက ငါ့ကို ဘာလို့ ခေါ်တာလဲ၊ ဘဘုန်းဘုရား ကိုယ်တိုင်ရော ဘာဖြစ်လို့ တစ်သက်လုံး အခြေချပြီးနေတာလဲ။

အေးလေ ဘဘုန်းဘုရားနဲ့ တွေ့လျှင် ဒါတွေအားလုံး ရှင်းသွားမှာပေါ့၊ ငြိမ်း၏ ရင်ထဲမှာတော့ ဘဘုန်းဘုရား၏ စာများကို ဖတ်ပြီး ရွှေပန်းတောကို သံယောဇဉ်ငြိတွယ်နေခဲ့သည်မှာ ကြာပြီ။

ရွှေပန်းတောသာ ကိုယ့်ရွာ ကိုယ့်မြေ ကိုယ့်အိမ်ဟု ထင်ခဲ့သည်မှာလည်း ကြာခဲ့ပြီ။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ထမင်းစားကြပြီးတော့ ငြိမ်းနှင့် လင်း မော်တော်ဦးမှာ ထိုင်ပြီး တောရှုခင်း တောင်ရှုခင်းများကို ကြည့်ကြသည်။

"ငြိမ်းနဲ့ ရွှေပန်းတော ဘယ်လို ဆက်စပ်မှုတွေ ရှိနေလို့လဲ"

လင်း၏ အမေးကို ငြိမ်း မဖြေတတ်။

"ငြိမ်းလည်း မပြောတတ်ပါဘူး လင်းရယ်၊ သောင်ပြင်ပေါ်မှာတုန်းက လင်းပြောခဲ့တယ်လေ ငြိမ်းကို ငြိမ်းလို့ သိထားတာပဲ ကောင်းပါတယ်"

ငြိမ်း မျက်နှာလေး ညှိုးသွား၍ လင်းထွန်း စိတ်မကောင်းဖြစ်မိသည်။

သို့သော် လင်းထွန်း ရင်ထဲမှာ အတွေးများက အလို



www.burmeseclassic.com

www.burmeseclassic.com



လို ဝင်ရောက်လာကြပြန်သည်။

"ငြိမ်းနဲ့ ရွှေပန်းတောဟာ ဆက်စပ်မှု တစ်ခုခုတော့ ရှိနေရမယ်၊ ပြီးတော့ ငြိမ်းမှာ လျှို့ဝှက်ချက်တွေလည်း ရှိနေတယ်၊ အဲဒီ လျှို့ဝှက်ချက်တွေက ဘာတွေလဲ"

"သူကိုယ်တိုင် မသိတာလား။ သူ ငါ့ကို မပြောပြချင်တာလား"

ငြိမ်းအပေါ်တွင် သံသယမဝင်ချင်ပါ။

"ဟုတ်တယ်လေ . . . ငြိမ်းကို ငြိမ်းလို့ သိထားတာပဲ လုံလောက်ပါတယ်"

"သောင်ပြင်မှာ ရင်းနှီးခင်မင်ခဲ့ရတဲ့ ငြိမ်း၊ ရုပ်ကလေး လှသလို စိတ်လည်း လှတဲ့ ငြိမ်း"

ငြိမ်းကို မြတ်နိုးစိတ်နှင့်သာ လင်းထွန်း နှလုံးသားထဲမှာ ရင်းနှီးနေချင်သည်။

သဲသောင်ပြင်များကို မြင်ရတိုင်း ငြိမ်းကို တမ်းတလွမ်းဆွတ်နေချင်သည်။

"ဟိုမှာ ကြည့်လိုက် ငြိမ်း"

ကမ်းတစ်ဖက်သို့ လင်းထွန်း ညွှန်ပြသည်။

နှစ်ယောက်စလုံး၏ အတွေးစိတ်များ ပြောင်းသွားသည်

"အဲဒါ သံပရာခြံလေ"

"အို . . . ဒီမှာ လူတွေရှိတာပေါ့နော်"

"အင်း . . . ရွှေပန်းတောကို နီးလာပြီ ငြိမ်း"

"ရှင် . . ."





မိမိ ဆင်းရတော့မည်။ လင်းနှင့်ခွဲရတော့မည်ဟူသော အသိ ငြိမ်းရင်ထဲမှာ လွမ်းလွမ်းဆွတ်ဆွတ် ခံစားရသည်။

လင်းကို ငြိမ်း လှမ်းကြည့်လိုက်သည်။

လင်းကတော့ ကမ်းပေါ်မှ ငှက်ပျောတောတစ်ခုကို လှမ်းကြည့်နေသည်။

ပေါ် . . . ပေါ် . . . ပေါ်

နီးလာပြီဖြစ်သော ရွှေပန်းတောကို မော်တော်က သူ လာပြီဖြစ်ကြောင်း အချက်ပေးသံပြုနေသည်။ သို့သော် ခြံများကိုသာ စတင် မြင်ရသေးသည်။

ရွှေပန်းတောကို မတွေ့ရသေး။ ခြံကြီးများက ပို၍ ကြီးလာသည်။ တောပါးလာသည်။ နောက်ခံတောင်ကြီးများမှာ မြင့်မြင့်မားမား အချွန်အထွတ်များနှင့် လှပနေသည်။

ဧရာဝတီမြစ်က တောင်ကြီးတစ်ခုကို ကွင်းရှောင်နေရ၍ ကွေ့တစ်ခုဖြစ်နေသည်။

မြစ်ကွေ့ကို မော်တော်ကျော်လွန်သောအခါ ခြံကြီးများ အလွန်မှ တောင်ခြေကုန်းစောင်းပေါ်တွင် အိမ်ကလေးများကို လှမ်းမြင်ရသည်။

"ဟိုကဟာ . . . ရွှေပန်းတောရွာပဲ ငြိမ်း"

ပေါ် . . . ပေါ် . . . ပေါ် . . .

လှမ်းမြင်နေရပြီဖြစ်သော ရွာကလေးကို မော်တော်က နှုတ်ဆက်နေသည်။ လင်းထွန်းက ငြိမ်း၏ပစ္စည်းများကို ယူ၍ အသင့်ပြင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေး…လင်း မင်းတို့နှစ်ယောက်စလုံး ဒီမှာ ဆင်းမှာလား"

"မဟုတ်ဘူး၊ သူတစ်ယောက်တည်း ဆင်းမှာပါ၊ ကျွန်တော်က ခြံအထိဆက်လိုက်မှာ"

ရွှေပန်းတောရွာသို့ ငြိမ်း ငေးကြည့်နေသည်။

ဆိပ်ကမ်းဆီမှ အဝတ်လျှော်နေသော မိန်းမများနှင့် ရေ ချိုးနေသော ကလေးအချို့ကို လှမ်းမြင်ရသည်။

ကမ်းပေါ်မှာ အုပ်စုဖွဲ့နေသော သစ်ပင်မြင့်မြင့်ကြီးများနှင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသည်။

အခေါက်အခွံမရှိတော့သည့် ခြောက်နေသော သစ်ပင်ကြီးတစ်ပင်သည် မြစ်ထဲမှာ လဲကျနေသည်။

ကလေးတစ်ယောက်က ထိုသစ်ပင်ခြောက်၏ကိုင်းကြီးတစ်ခုတွင် ထိုင်နေရာမှ ရေထဲသို့ ခုန်ချလိုက်သည်။

"ဟေး…ရွှေပန်းတောမှာလည်း မျောက်တွေရှိတာပဲကွ"

မော်တော်မောင်းသူ၏ စကားကြောင့် လင်းထွန်း ပြုံးမိသည်။

ငြိမ်းက လင်းထွန်းကို လှမ်းကြည့်သည်။ မပြုံးမရယ် တည်တည်လေး။

"ငြိမ်း ရွှေပန်းတော ဘယ်သူ့အိမ်တည်းမှာလဲ၊ ဒီလောက်တော့ ကျွန်တော် သိနိုင်ခွင့်ရှိရင်…"

"သြော်…သိနိုင်ပါတယ် လင်းရယ်၊ ငြိမ်း ဘယ်သူ့





အိမ်တည်းရမှန်း မသိသေးပါဘူး၊ ရောက်ရောက်ချင်းတော့ ဘဘုန်းဘုရားဆီ သွားတွေ့မှာပါ"

"ဘဘုန်းဘုရား ဆိုတာ…"

"ဘုန်းတော်ကြီး ဦးမေဓာ"

"သြော်…ဘုန်းကြီး ဦးမေဓာလား"

"လင်း သိသလား"

"သိတာပေါ့၊ ဒီဘက်မှာ ဘုန်းတော်ကြီး ဦးမေဓာကို မသိတဲ့လူ တစ်ယောက်မှ မရှိပါဘူး၊ ဘုန်းကြီး ဦးမေဓာရဲ့ ကျေးဇူးနဲ့ ကင်းသူလည်း တစ်ယောက်မှ မရှိပါဘူး၊ ကျွန်တော် ငှက်ဖျားဖြစ်တုန်းကလည်း ဘုန်းကြီးဆေးနဲ့ပဲ သက်သာရတာပါ"

"အို…ဟုတ်လား"

ငြိမ်း စိတ်ထဲမှာ ဝမ်းသာသွားသည်။

လင်းထွန်း စိတ်ထဲမှာ ပို၍ ဝမ်းသာနေသည်။

ဘုန်းတော်ကြီး ဦးမေဓာဆီလာသော ဤမိန်းမချော သေးသည် မည်သည့်နည်းနှင့်မျှ ခုစရိုက်မလေး မဖြစ်နိုင်ဟု ယူဆ လည်သွားသောကြောင့် ဖြစ်သည်။

"လင်း…"

ငြိမ်း၏ခေါ်သံလေးက တိုးညင်းသည်။

လင်းထွန်းက အကြည့်နှင့် ထူးလိုက်သည်။

"ငြိမ်းဆီကို လာလည်မှာလား"

ဖိတ်ခေါ်ခြင်းပါသော အမေး။

လင်းထွန်း ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

မော်တော်က ဆိပ်ကမ်းသို့ ကပ်ခါနီး၍ စက်ရှိန်လျှော့လိုက်သည်။

ဆိပ်ကမ်းတွင် မော်တော်ကပ်မိသည်နှင့် လင်းထွန်းက ငြိမ်းအတွက် ကုန်းပေါင်ပြား ခင်းပေးသည်။

"ငြိမ်း ဆင်း၊ အိတ်တွေ ကျွန်တော် ယူခဲ့မယ်"

"အို . . . ဟို . . ."

"ဆင်းစမ်းပါ ငြိမ်းရယ်"

လင်းထွန်းက အိတ်ကြီးနှင့် ခြင်းတို့ ဆွဲယူလိုက်သည်။

မော်တော်အလုပ်သမား တစ်ယောက်က အိတ်ကလေးကို ယူပေးသည်။

ကလေးတွေ ပြေးဆင်းလာပြီး လင်းကို ဝိုင်းကြည့်နေကြသည်။

"လင်းရဲ့ ခြံက အဝေးကြီးလိုသေးလား"

"သိပ်မဝေးတော့ပါဘူး ငြိမ်းရယ်။ နောက်ထပ် တစ်နာရီလောက်ဆို ရောက်ပါပြီ"

လင်းထွန်းက ငြိမ်း၏ပစ္စည်းများကို ကမ်းပေါ်အထိ ရောက်အောင် လိုက်ပို့ပေးသည်။

"နှုတ်ဆက်တယ်နော် လင်း"

လင်းထွန်း ငြိမ်းကို စူးစိုက်စွာ ကြည့်နေသည်။

နှစ်ဦးစလုံး၏ မျက်လုံးများတွင် သံယောဇဉ် အလွှာကလေးတွေနှင့်။

အိတ်လိုက်ပို့သော မော်တော်အလုပ်သမားလေး





မော်တော်ပေါ် ပြန်တက်သွားပြီ။

မော်တော်က စက်မရပ်ဘဲ စောင့်နေဆဲ။

"ကျွန်တော် သွားမယ် ငြိမ်း"

လင်းထွန်း နောက်ပြန်လှည့်ပြီး ကုန်ပေါင်ပြားအတိုင်း ပေါ့ပါးသွက်လက်စွာ မော်တော်ပေါ်သို့ ပြန်ရောက်သွားသည်။

ကုန်းပေါင်ပြားကို ဆွဲတင်လိုက်သည်။

ပေါ် . . . ပေါ် . . . ပေါ် . . . ပေါ် . . .

မော်တော် ကမ်းမှခွာပြီ။

ကမ်းပေါ်တွင် လက်ပြရင်း ကျန်ရစ်ခဲ့ရသော ငြိမ်း။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မြစ်ကွေ့ကို မော်တော် လွန်သည်နှင့် ရွှေပန်းတောရွာ
ား မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

ရွှေပန်းတော ရွာလေးနှင့်အတူ ငြိမ်းကိုလည်း မမြင်ရ
ာပါ။

"ဘယ်လိုလဲ လင်း၊ လွမ်းနေပြီလား"

မော်တော်သမား တစ်ဦးက လင်းထွန်း၏ ပခုံးကို ပုတ်၍
တ်ပြောင်းလိုက်သည်။

လင်းထွန်း ပြုံးနေသည်။

"ဘယ်က ကောင်မလေးလဲဗျာ"

"ကျွန်တော်လည်း အသေအချာ အတိအကျမသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

လင်းထွန်းက အမှန်အတိုင်း ဖြေလိုက်ခြင်း ဖြစ်သည်။

"ဟင် . . . သောင်ပြင်ပေါ်မှာ တစ်ညလုံး အတူအိပ်ခဲ့တာတောင် ဘာမှ မသိဘူးလား ဟုတ်ပါ့မလား"

"အတူမအိပ်ပါဘူး။ သူက လှေပေါ်အိပ်ပြီး ကျုပ်က သောင်ပြင်ပေါ်မှာ တစ်ညလုံး ထိုင်ငိုက်နေရတာပါ"

"ဟား . . . ဟား . . . ဟား ချိုမနေစမ်းပါနဲ့ လင်းရယ်၊ မဖြစ်နိုင်တာတွေ ပြောလို့ ယုံမတဲ့လား"

"ဘာလို့ မဖြစ်နိုင်တာလဲ"

လင်း မေးပုံက မာသည်။

"စဉ်းစားကြည့်လေ . . . ဒီလောက်လှတဲ့ မိန်းကလေးနဲ့ သောင်ပြင်ပေါ်မှာ နှစ်ယောက်တည်း တစ်ညလုံး အတူနေရတာ လင်းက ရဟန္တာမို့လား"

"ရဟန္တာ မဟုတ်ပေမယ့် ကျုပ်မှ လူယုတ်မာမဟုတ်ဘဲဗျ။ သောင်ပြင်ပေါ်မှာ မိန်းမနဲ့ ယောကျ်ား နှစ်ယောက်အတူနေကြတာနဲ့ ညားသွားရမှာလား။ သူက ကျုပ်ကို ယုံလို့ ကျုပ်လှေပေါ်မှာ ခရီးကြုံလိုက်လာတဲ့ မိန်းကလေးဗျ"

"ကျုပ် ချစ်သူလည်း မဟုတ်ဘူး။ ကျုပ်နဲ့ သိတောင်သိတာ မဟုတ်ဘူး။ လှေပျက်လို့ သောင်ပြင်ပေါ်မှာ တစ်ညအတူနေရတာနဲ့ အဲဒီမိန်းကလေးကို ကျုပ်က မတော်မတရား စော်ကားရမှာလား။ အဲဒီလို စော်ကားရင် စော်ကားတဲ့ကောင်ဟာ လူယုတ်မာ မဟုတ်ဘူးလား"

လင်းက မကျေမနပ် မေးလိုက်သည်။





"လင်း ပြောတာ မှန်တယ်၊ အဲဒီလို စော်ကားရင် လူယုတ်မာပဲ"

မော်တော်မောင်းနေသော ဦးလေးကြီးက လှမ်းအော်ပြီး လင်းကို ထောက်ခံလိုက်သည်။

"ဟာ . . မတော်မတရား စော်ကားဖို့တော့ ဘယ်ဟုတ်မလဲဗျ။ သူ ကိုယ်တိုင်ကလည်း နှစ်ဦးသဘောတူပေါ့"

မော်တော်သမားက စောဒက တက်သည်။

"မိန်းမကောင်း တစ်ယောက်က သူနဲ့ ခုမှတွေ့တဲ့ ယောကျ်ားတစ်ယောက်ကို ဘာမှန်း မသိဘဲနဲ့ နှစ်ဦးသဘောတူဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မလဲဗျ"

"ပြီးတော့ မတော်တဆ လှေစက်ပျက်ပြီး ဒုက္ခဖြစ်ကြတာဗျ။ သူ့မှာလည်း သူ့သိက္ခာရှိတယ်။ ကိုယ့်မှာလည်း ကိုယ့်သိက္ခာရှိတယ်။ သူကလည်း အပျက်မတစ်ယောက် မဟုတ်ဘူး။ ကျုပ်ကလည်း ယုတ်မာ စော်ကားတဲ့လူ မဟုတ်ဘူး"

"ကျုပ်မေးမယ်၊ ခင်ဗျားဆိုရင် အဲဒီလို ယုတ်မာ စော်ကားမှာလား"

"ဟာ . . . လင်းကလည်း"

မော်တော်သမား လေသံပျော့သွားသည်။

"လင်း ပြောတာအမှန်ပဲကွ၊ ငါ လင်းကို သဘောကျတာ အဲဒါပဲ။ မင်းမို့ ယုတ်မာစော်ကားရင်လည်း ဟိုက လက်ခံမလား။ လက်ခံရင် ဘာဖြစ်မလဲ၊ ဒါ လူတွေကွ တိရစ္ဆာန်တွေ မဟုတ်ဘူး။ မင်းတို့ထင်တာတွေ တွေးတာတွေ သိပ်အောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းကျတာပဲ"

မော်တော်မောင်းသော ဦးလေးကြီးကို လင်း လေးစားမိသည်။

စွပ်စွဲပြောဆိုသော လူငယ်တော့ အရုက်ပြေး ပခုံးတွန့်၍ "ဟူး . . . အူး" ဟုအော်ပြီး မော်တော်နောက်ဘက်ဆီသို့ ပြေးထွက်သွားလေသည်။

မော်တော်စက်သံ မှန်မှန်နှင့် ဧရာဝတီမြစ်ကို ဆန်တက်နေသည်။

"အို . . ."

မြစ်ကမ်းဘေးမှ သစ်ပင်တစ်ပင်ပေါ်တွင် လုပသော သစ်ခွပန်းများ။

သစ်ခွပန်းချစ်သော ငြိမ်းကို လင်း သတိရ လွမ်းဆွတ်မိပြန်သည်။

"ဪ . . . ဘယ်လိုပဲဖြစ်ဖြစ် လွမ်းနေမိတာတော့ အမှန်ပါပဲ ငြိမ်းရယ်"

ခွဲခွာခဲ့ရသော ငြိမ်းအတွက် လင်းထွန်းရင်ထဲမှာ ခံစားနေရပါသည်။

×××



# အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မြင့်မားသော်လည်း ပြေလျော့သော တောင်ကြီးတစ်ခု ခြေရင်းမှ ကုန်းမြင့်လေးပေါ်တွင် သစ်ကြီး ဝါးကြီးတို့နှင့် စိမ်းလန်းအုပ်ဖွဲ့နေသော ပရိဝုဏ်လေးတစ်ခု ရှိသည်။

တောရိပ် တောင်ရိပ်နှင့် အေးချမ်းလှသော နေရာလေးဖြစ်သည်။

ကျေးငှက်တို့၏ တေးသီသံလေးများကလည်း သာယာနာပျော်ဖွယ်ရာ။

တောင်ကျစမ်းလေးတစ်ခုတွင် ကြည်လင်သော ရေအလျဉ် တသွင်သွင်စီးဆင်းနေသည်။

စမ်းချောင်းလေးဘေးတွင် သင့်တင့်သော အမြင့်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်သန့်ရှင်းသော ဝါးကျောင်းလေး တစ်ဆောင်။

ကျောင်းပေါ်တွင် သစ်ခေါက်ဆိုး အညိုရောင်သင်္ကန်းကို ဝတ်ထားသည့် ဘုန်းတော်ကြီးရှေ့မှာ ဒူးတုပ်လျက် ကန်တော့နေသော မိန်းကလေးတစ်ယောက်။

ဘေးခပ်လှမ်းလှမ်းတွင် စိပ်ပုတီးကိုင်လျက် မိန်းကလေးကို တအံ့တသြ ငေးမောကြည့်နေသော ကပ္ပိယကြီး။

"သြော်...သမီးလေး ရောက်လာပြီကိုး"

နှုတ်ဆက်သံ အေးအေးလေးက သာယာနာပျော်ဖွယ်။

ဘုန်းတော်ကြီးကို မိန်းကလေးက ရိုသေစွာ မော့ဖူးလိုက်သည်။

ပကတိ ကြည်လင်အေးချမ်းနေသော မျက်နှာတော်နှင့် မေတ္တာ အကြင်နာကြောင့် နူးညံ့သိမ်မွေ့စွာသော အကြည့်။

"အို..."

တွေ့ချင် မြင်ချင်လွန်းလှသော ဘဘုန်းဘုရား။

ကြည်ညိုမြတ်နိုးစိတ်နှင့်အတူ ငြိမ်း ရင်မှာ တလှပ်လှပ် ခံစားလာရသည်။

မျက်ဝန်းညိုညိုမှာ မျက်ရည်ကြည်လေးများ စွတ်စိုလာသည်။

တစ်ကြိမ် တစ်ခါမျှ မခံစားခဲ့ဖူးသော မေတ္တာ၊ ကရုဏာ၏ အေးမြချမ်းမြေ့မှုကို ကြည်နူးလှိုက်မောစွာ ခံစားရသည်။

မေတ္တာငတ်နေသော ကလေးငယ်သည် ကြင်နာသော မိခင်၏ ရင်ခွင်မှာ နိုဝင်လိုက်ရသော ခံစားမှုမျိုး ဖြစ်နေသည်။





"ငယ်ငယ်လေးကစပြီး သမီးလေး ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ဘဝကို ဘဘုန်းနားလည်ပါတယ်၊ ရန်ကုန်မှာ နေရထိုင်ရ ကြုံတွေ့ရမှာတွေကိုလည်း ဘဘုန်း တွေးကြည့်နိုင်ပါတယ်"

သံသရာခရီးနဲ့စာလိုက်တော့ မျက်မှောက်ဘဝမှာ ဖြတ်သန်းရတဲ့ ဒုက္ခဆိုတာ ဘာမှ မပြောလောက်ပါဘူးလေ...။

လူတွေဟာ သုခလို့ထင်တဲ့ အာရုံခံစားမှုလေးတစ်ခုကို ရဖို့ ဒုက္ခမျိုးစုံကို ရင်ဆိုင်ရတယ်။

ရောက်ချင်တဲ့ ပန်းတိုင်တစ်ခုကို ရောက်ဖို့ မလျှောက်ချင်တဲ့ ခရီးတွေကို လျှောက်ရတယ်။

ပန်းတိုင်တစ်ခုက ရောက်ပြီးတော့လည်း နောက်ပန်းတိုင်တစ်ခုအတွက် ဆက်လျှောက်နေကြရပြန်တယ်။

သည်တော့ ကိုယ်လုပ်ချင်တာကို လုပ်ရတာနဲ့စာလျှင် မလုပ်ချင်တာတွေကို လုပ်နေရတာက ပိုများပါတယ်။

ဘဘုန်းဆန္ဒက အလွန် ကံဆိုးခဲ့တဲ့ သမီးလေးဘဝ ကောင်းစေလှစေချင်တယ်။ သည်ဘဝသာ မကဘူး သံသရာအထိ လှစေချင်တယ်။

အများသူ့တကာတွေရဲ့ ဘဝတွေကို လှအောင် ကောင်းအောင် ဆောင်ရွက်နိုင်မှ ကိုယ့်ဘဝလည်း လှတယ်။

ဒါကြောင့်မို့ သမီးလေးကို ငယ်ငယ်ကတည်းက ပို့သင့်တယ် ထင်တဲ့နေရာကို ဘဘုန်း ပို့လိုက်တာပါ။ လုပ်သင့်တယ် ဖြည့်ဆည်းသင့်တယ် ထင်တာတွေကို လုပ်ဖို့ ဖြည့်ဆည်းဖို့ စီစဉ်ပေးခဲ့တာတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံးဟာ သမီးလေး မလုပ်ချင်တာတွေ၊ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့။ ဒါပေမယ့် သမီးလေး လုပ်ခဲ့ပြီးပါပြီ"

ဘေးမှ ကပ္ပိယကြီးက ငြိမ်းကိုကြည့်၍ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ပါးပြင်ပေါ် စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါလေးနှင့်တို့၍ ငြိမ်း သုတ်ပစ်လိုက်ပါသည်။

"လမ်းခရီးလာခဲ့ရတာ အဆင်ပြေရဲ့လား သမီးလေး"

"အဆင်ပြေပါတယ် ဘုရား"

မိန်းကလေး၏ အသံတွင် တုန်ယင်မှုလေး ပါနေသည်။

"အင်း . . . ဘုန်းဘုန်းဆန္ဒအတိုင်း ဒီတောကြီးထဲကို သမီးလေး ရောက်လာလိမ့်မယ်လို့ ဘုန်းဘုန်းမျှော်နေတာပါ။ ဒါပေမယ့် အဲဒါဟာ သမီးလေးအတွက် အားလုံးကို စွန့်လွှတ်ပြီး လာရတာဆိုတာ ဘုန်းဘုန်း နားလည်ပါတယ်"

ကပ္ပိယကြီး ခေါင်းညိတ်နေပြန်သည်။

"ဘာကိုမှ စွန့်လွှတ်ခဲ့ရတယ်လို့ တပည့်တော် မခံစားရပါဘူး ဘုရား။ ရန်ကုန်မှာ တပည့်တော်အတွက် တွယ်တာစရာ ဘာမှမရှိပါဘူး။ ဘုန်းဘုန်းရဲ့ မေတ္တာရင်ခွင်ရိပ်မှာ အေးချမ်းစွာ နေလို့ပြီး ဘုန်းဘုန်းပေးတဲ့ တာဝန်များကိုသာ အမြတ်တနိုး ဆောင်ရွက်ချင်ပါတယ် ဘုရား"

"သာဓု . . . သာဓု . . . သာဓု"

ဘုန်းတော်ကြီး ဦးမေဓာ၏ ရင်ထဲမှာ လှိုက်လှဲသော ကြည်နူးမှုကို ခံစားရပါသည်။





"သိပ်လိမ္မာတဲ့ သမီးလေးကိုရတာ ဘုန်းဘုန်းနဲ့အတူ ရွှေပန်းတောပါ ကံကောင်းတာပေါ့လေ"

ဘုန်းတော်ကြီးက ကျောင်းအပြင်မှာ လှမ်းမြင်နေရသော စမ်းချောင်းကလေးဆီသို့ ကြည့်လိုက်သည်။

စမ်းရေမှာ ကျနေထိုး၍ ပြိုးပြိုးပြက်ပြက် ရွှေရည်လက်နေသည်။

"ကဲ . . . ဒကာကြီး ဦးဘအေးက သမီးလေးကို ဒီရွာအကြောင်း ပြောပြလိုက်ပါဦး"

ဘုန်းလှမ်းကြည့်သော အဘိုးကြီးကို ငြိမ်း ကြည့်လိုက်သည်။

အဘိုးကြီးက လက်ထဲမှ စိပ်ပုတီးကို လက်မှာ ပတ်လိုက်သည်။

"အင်း . . . ဒီဒေသဟာ ငွေရှာလို့ အလွန်လွယ်ပါတယ် မိန်းကလေးရယ်၊ ရွှေကျင်မလား၊ ဝါးခုတ်မလား၊ မျှစ်ချိုးမလား၊ ခြိုက်မလား။ ယုတ်စွအဆုံး ထင်းခုတ်ရင်တောင် ထင်းလှည်း တစ်စီးတိုက်ဟာ တစ်မနက်ပါပဲ၊ တစ်မနက်ဆိုတာတောင် နေမထွက်ခင် တောဝင်ရင် နေမမြင့်ခင်ရပြီ။ ဝယ်မယ့်ပွဲစားတွေကလည်း အဆင်သင့်ပဲ။ ထင်းလှည်းတစ်စီးတိုက်ဆိုရင် ငွေငါးရာ၊ တစ်မနက် မျှစ်ချိုးရင်လည်း ငွေငါးရာ၊ ရွှေကျင်တဲ့ လူတွေကတော့ အဆင်ပြေတဲ့နေ့ဆိုရင် တစ်ထောင် ထောင့်ငါးရာ၊ ဒါပေမယ့် ရွှေရှာသူက နည်းတယ်၊ တစ်နေ့လုံးရေထဲမှာ လုပ်ကိုင်ရတာဆိုတော့ လွယ်လွယ်နဲ့ ငွေရချင်တဲ့လူတွေက သိပ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ကြဘူး၊ ခပ်လွယ်လွယ် ဝါးခုတ်၊ ထင်းခုတ်ပဲ လုပ်ကြတာ များတယ်၊ ငွေရှာလို့ အဲဒီလောက် လွယ်တော့ လူတွေက အပင်ပန်းခံပြီး ဝီရိယနဲ့ မရှာကြဘူး၊ တစ်မနက် ထင်းခုတ်လိုက်၊ ငွေငါးရာလောက်ရရင် မကုန်မချင်း စားလိုက်၊ သုံးလိုက်ပေါ့၊ စုစုဆောင်းဆောင်းလည်း မရှိကြဘူး၊ ဖဲဝိုင်း၊ လောင်းကစားဝိုင်း၊ အရက်ဆိုင်ဆိုတာလည်း သိပ်ပေါတယ်၊ အိမ်ခြေတစ်ရာမရှိတဲ့ ရွာလေးမှာ လက်ဖက်ရည်ဆိုင် ခြောက်ဆိုင်ရှိတယ်၊ မုန့်တီဆိုင်ငါးဆိုင်ရှိတယ်၊ အဲဒီဆိုင်တိုင်းမှာ အရက်ဝယ်လို့ရတယ်"

ငြိမ်းက ပြောနေသော ဦးလေးကြီးကို ခေါင်းညိတ်ပြသည်။

"ပိုက်ဆံကုန်သွားရင် ရွှေကျင်တယ်၊ ဝါးခုတ်တယ်၊ ထင်းခုတ်၊ မျှစ်ချိုးတယ်..."

"ဒါကြောင့်မို့ ဒီအရပ်မှာ မြို့ပေါ်က ပွဲစားတွေ၊ လောင်းကစားသမားတွေ၊ ဒုစရိုက်သမားတွေ အမျိုးမျိုး လာပြီး ကျက်စားကြတယ်..."

"မိန်းကလေးရွာထဲကို ဝင်လာတုန်းက ဝါးရုံပင်ရိပ်တွေမှာ လူတွေ ဝိုင်းဖွဲ့ပြီး ဖဲရိုက်နေကြတာတွေ သတိထားမိလား"

"ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ် ဦးကြီး"

"အေး...အဲဒီတော့ ဒီအရပ်က လူတွေဟာ ငွေရှာလို့ လွယ်ပေမယ့် ဘယ်သူမှ မချမ်းသာကြဘူး၊ ရရစားစားပဲ၊ ကုန်သွားရင် ထွက်ရှာလိုက်ကြ၊ ရလာရင် သုံးဖြုန်းပစ်လိုက်ကြနဲ့ လုံးချာလိုက်နေကြတယ်..."





"ကလေးတွေဆိုတာလည်း စာသင်ကျောင်း မရှိတော့ တစ်ယောက်မှ စာမတတ်ကြဘူး၊ ငယ်ငယ်ကတည်းက မျှစ်ချိုး ထင်းခုတ်လိုက်ပြီး ဖဲရိုက်တတ်နေကြတယ်..."

"ကျန်းမာရေးဆိုရင်လည်း ဘာမှ အားကိုးစရာမရှိဘူး၊ ရှာ ဆေးမြီးတိုနဲ့ပဲ ဖြစ်သလို ကုနေကြတာ..."

"ဘုန်းကြီး ဦးမေဓာ ရောက်မလာခင်တုန်းကဆိုလျှင် လှူသေလို့တောင် သရဏဂုံတင်မယ့်ဘုန်းကြီး မရှိဘူး၊ လျှူချင် အိန်းချင်လို့လည်း သံဃာ မရှိဘူး၊ အဲဒီတော့...ဒုစရိုက်ရွာလေး ဖြစ်နေတောပေါ့..."

"လူတွေက ပညာလည်းမတတ်၊ အရက်သောက်၊ ဖဲရိုက်ဆိုတော့ လူမိုက်တွေများလာတယ်၊ ဒုစရိုက်မှုတွေလည်း များလာတာပေါ့၊ ရဲတွေ ဘာတွေလဲ အရောက်အပေါက်နည်းတယ်လေ ..."

"ဘုန်းတော်ကြီး ဦးမေဓာ ရောက်လာမှပဲ ဒီရွာမှာ ကိုးကွယ်စရာ သံဃာရှိလာတယ်၊ ကလေးတွေကိုလည်း ကျောင်းခေါ်ပြီး စာသင်ပေးတယ်၊ ခုမှ စာတတ်သူ အနည်းအပါး ရှိလာတယ်"

ငြိမ်းက ဘဘုန်းဘုရားကို ရိုသေစွာ လှမ်းကြည့်လိုက်သည်။

"ဘဘုန်း ဒီအရပ်ကို လာခဲ့တာကတော့ အေးအေးချမ်းချမ်း တရားဘာဝနာ အားထုတ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ"

ဘုန်းတော်ကြီး ဦးမေဓာက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအရပ်က ထုံးကျောက်တောင်ကြီးတွေမှာ သဘာဝ လိုဏ်ဂူကြီးတွေရှိတယ်၊ ဒီလိုဏ်ဂူကြီးတွေမှာ ရှေးကတည်းက သံဃာတော်တွေ၊ ရသေ့တွေ၊ ယောဂီဝတ်ပုဂ္ဂိုလ်တွေ လာရောက် တရားအားထုတ်ပြီး၊ အကျိုးထူးရကြတယ်ဆိုတာ တစ်ဆင့်စကား တွေ ကြားရလို့ ဘဘုန်း ဒီအရပ်ကို ရောက်လာခဲ့တယ်"

"ဒါပေမယ့် ဘဘုန်း ဒီကိုရောက်လာတော့ ကိုယ့်ကိုယ်ကို သံသရာက လွတ်မြောက်ရေးအလုပ်ကို မလုပ်နိုင်သေးခင် ဒုက္ခဖြစ်နေကြတဲ့ ရွာသားတွေကို သနားစရာ တွေ့ရတယ်"

"ဘဘုန်း ရောက်လာတော့ ဒီရွာမှာ ကြောက်စရာ ကြေကွဲစရာ ဖြစ်ရပ်တစ်ခု ဖြစ်တယ်၊ လူလေးယောက် သေဆုံးတယ်၊ အဲဒီသေသူတွေကို သရဏဂုံတင်ဖို့ ဘုန်းကြီး မရှိဘူး"

"ဘဘုန်းက ဒီအရပ်ကို ရောက်လာတော့ ဘုန်းကြီး အဖြစ်နဲ့မဟုတ်ဘူး၊ ကိုရင်ကြီးအဖြစ်နဲ့ပဲ ရှိသေးတယ်"

"ဒုက္ခဖြစ်နေတဲ့ ရွာသားတွေက ဘဘုန်းကို သေသူများအတွက် သရဏဂုံတင်ပေးဖို့ ပြောကြတယ်"

"ဘဘုန်း တတ်သရွေ့ မှတ်သရွေ့နဲ့ လုပ်ပေးရပါတယ် အဲဒီနောက်တော့ ရွာသားတွေက သူတို့မှာ ကိုးကွယ်ရာမရှိလို့ ဒီအရပ်မှာပဲ သတင်းသုံးဖို့ ပိုင်းလျှောက်ကြတယ်၊ ဒီနေရာမှာပဲ ဝါးကျောင်းလေးတစ်ကျောင်းလည်း ဆောက်ပေးကြတယ်"

"ဘဘုန်းရဲ့ တစ်သက်တာမှာ အကြီးအကျယ်ဆုံး မှော် မှန်းချက်နဲ့ အားလုံးကို စွန့်ပစ် ထွက်ခွာခဲ့ပြီးမှ ဒီရွာသားတွေ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ၊ ကိုးကွယ်ရာမရှိ ဖြစ်နေတဲ့





ဒုက္ခကို ပိုပြီး ငဲ့ညှာသင့်တယ်လို့ ဘဘုန်း အတွေးဖြစ်လာတယ်"

"သူတို့မှာ ဆုံးမမယ့်သူလည်း မရှိဘူး၊ ဘာသာမဲ့ ကိုးကွယ်ရာမဲ့ရင် အကုသိုလ်တွေ ပိုများမယ်၊ သံသရာမှာ ဒုက္ခ ဆင်းရဲတွေ ပိုဖြစ်ကြမယ်၊ ကိုယ်တစ်ယောက် သံသရာမှ လွတ် မြောက်ရေးထက် ရွာသူရွာသားအများ သံသရာမှာ အကုသိုလ် မများအောင် ကုသိုလ်ပွားနိုင်သလောက် ပွားအောင် ဆောင်ရွက် တာက ပိုပြီး အကျိုးများမယ်လို့လည်း တွေးမိလာတယ်"

"မူလ ရည်ရွယ်ချက် ဖျက်ပစ်တာတော့ မဟုတ်ပါဘူး လေ... ပြောင်းသွားတယ်လို့တော့ ပြောနိုင်ပါတယ်...သူတို့ ကို သာသနာရဲ့ အဆုံးအမနဲ့ စောင့်ရှောက်ရင်း ကိုယ်တိုင်လည်း သံသရာက လွတ်မြောက်ရေးကို အားထုတ်ရမှာပေါ့"

"အဲဒီလိုနဲ့ ဒီရွာမှာ နေရင်း ရွာသူရွာသားတွေရဲ့ ဘဝ ကို ပိုသိလာရတယ်"

"မကျွန်းမာရင် ဆေးကုစရာ မရှိဘူး၊ ကလေးတွေ ပညာမသင်ရဘူး၊ ဒါကြောင့် ဘဘုန်းက ရွာသူရွာသားတွေကို တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပါတယ်"

"ကလေးတွေကိုပါ စာသင်ပေးဖြစ်လာတယ်"

"ခုတော့ ဒီတာဝန်တွေကို ဘဘုန်း ပခုံးပြောင်းချင်လာပြီ သမီးလေး ပညာတတ်ဘွဲ့ရဖြစ်ပြီ၊ ရွာသားတွေက စာသင် ကျောင်း ဆောက်ပေးကြမယ်၊ ကလေးတွေကို သမီးလေးက ပညာသင်ပေးရမှာပေါ့၊ ဆေးခန်းလေးလည်း ဆောက်ပေးကြမယ်"

ဘဘုန်း၏စာထဲမှာ ငြိမ်းကို ရှေးဦးသူနာပြုနည်းများ


www.burmeseclassic.com

www.burmeseclassic.com



တတ်အောင်သင်ဖို့ ရေးခဲ့သည်ကို ငြိမ်း သတိထားမိသည်။

ဘဘုန်း ဆန္ဒအတိုင်းလည်း ငြိမ်း သင်လာခဲ့ပါသည်။

"စေတနာ ဆေးကုခန်းလေးကို သမီးလေးကပဲ တာဝန်ယူရမှာပေါ့၊ ဆေးဝါး အပြည့်အစုံရဖို့ကတော့ ဘဘုန်းကပဲ တာဝန်ယူပြီး အလှူခံပေးပါ့မယ်"

"ကလေးတွေ စာသင်ပေးတဲ့ အလုပ်ရော၊ ဆေးခန်း အလုပ်ကိုရော သမီး တာဝန်ယူပေးပါ့မယ်"

"သာဓု...သာဓု...သာဓု၊ ကဲ...ဒကာကြီး ဦးဘအေးက သမီးလေးကို ဒကာကြီး ဦးသိမ်းမောင် ဒေါ်ညိုခင်တို့ အိမ် လိုက်ပို့လိုက်ပါ။ သူတို့လည်း သမီးလေးကို တွေ့ချင်လှရောပေါ့"

"တင်ပါ့ ဘုရား"

ဘဘုန်းဘုရားကို ငြိမ်း ရိုသေစွာ ကန်တော့လိုက်ပါသည်။

×××



အခန်း (၁၅)

ဤတောင်မြင့်ကြီးများသည် ယခင်ကတည်းက ဤပုံအတိုင်း ထီးထီးမားမား ရှိခဲ့ကြသည်။ ဘာမျှမထူးခြား။

ယခု ဘာကြောင့် ငေးမျှော် တမ်းတ လွမ်းမောစရာ ဖြစ်နေရသနည်း။

ခြံထဲမှာ ဖြတ်စီးသွားသော စမ်းချောင်းကြည်ကြည်လေးကလည်း ဘာကြောင့်အတွေးနယ်ချဲ့စရာ ဖြစ်နေရသနည်း။

သောင်ပြင်ပေါ်မှာ တစ်ညသာ တွေ့ဆုံခဲ့ရသော ချစ်သူနှင့် ခွဲခွာခဲ့ရသလို လွမ်းမောနေမိသည်။

တစ်ချိန်လုံး ငြိမ်းအကြောင်းကိုသာ တွေးနေမိသည်။ ဘာကိုကြည့်ကြည့် ငြိမ်းမျက်နှာလေးကိုသာ မြင်နေမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

တောင်မြင့်ကြီးများကို ကြည့်လည်း ငြိမ်း၊ စမ်းချောင်းလေးထဲမှာလည်း ငြိမ်း၊ ပန်းဂေါ်ဖီပွင့်များသည်လည်း ငြိမ်း . . . ကျွဲကောပင်များပေါ်မှာလည်း ငြိမ်း . . . ။

ငြိမ်း၏ အေးချမ်းသော မျက်နှာလေး။

ခွဲခွာခါနီးမှာ လက်ကလေးပြ၍ ကျန်ခဲ့သော ငြိမ်း။

ဤခြံထဲသို့ ငြိမ်းလာလည်လျှင် . . .

မျှော်လင့် တမ်းတမိသည်။ သို့သော် မဖြစ်နိုင်။

ကိုယ်ကသာ ငြိမ်းရှိရာ ရွှေပန်းတောရွာကြီးကို သွားရမည်။ သွားချင်သည်။ လှေက စက်မရှိ။

ပြုပြင်ရန်လိုသော စက်အစိတ်အပိုင်းများကို ဖြုတ်၍ ထင်းမော်တော်နှင့် တင်ပေးလိုက်သည်။

သုံးရက်ရှိပြီ။ မရသေး။

မန္တလေးအထိ ပို့၍ ပြင်ရမည်ဟု ဆိုသည်။

လှေပြန်ကောင်းသည်နှင့် ရွှေပန်းတောသို့ ပြေးမည်။

အရေးထဲမှာ ဤလှေကပျက်နေရသေးသည်ဟု ငြိ . . . ပြီးမှ ဤလှေပျက်၍ပင် ငြိမ်းနှင့် ရင်းနှီးခဲ့ရသည်ကို စဉ်းစား . . . သောအခါ ပျက်သောလှေကိုပင် ကျေးဇူးတင်ရသေးသည်။

စမ်းချောင်းကလေးဘေးရှိ ကျောက်တုံးကြီးပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။ လွမ်းမောနေ၍ မဖြစ်သေး။

ကိုယ်က ငေးနေလျှင် ခြံအလုပ်သမားများက ငေါင်နေကြလိမ့်မည်။ မွေးမြူရေးခြံဘက်သို့ သွားကြည့်ရဦးမည်။





"ဟော့ . . . ဘသန်း ဒီခြံက ဝက်သားပေါက်လေး တစ်ကောင် လျော့နေပါလား"

"ဟုတ်တယ် မနေ့ညက ဝက်မကြီးနဲ့တိုက်ရင်း ဖိမိလို့ သေသွားတယ်"

"ဟာကွာ . . . အသံတောင် မကြားလိုက်ရဘူးလား။ မင်း တို့ ပေါ့တာပေါ့"

"ဟိုမှာ ကြက်ရေခွက်တွေလည်း ရေကုန်နေပြီ"

"ထည့်မယ် လင်း . . . နွားနို့အဆီ ထုတ်နေလို့ပါ"

"နို့ဆီရော မချက်ရသေးဘူး မဟုတ်လား"

"အခု ချက်တော့မှာပါ၊ မီးထည့်ထားပါပြီ"

"ဖိုးမောင်တို့ကော"

"ခြံထဲမှာပါ လင်း"

လင်းထွန်း ခြံဘက်သို့ လျှောက်ခဲ့သည်။

ဂေါ်ဖီစိုက်ခင်းထဲမှာ ဖိုးမောင်နှင့် အောင်ဆင့် ရေလောင်းနေသည်။

ပန်းဂေါ်ဖီပွင့် ဖြူဖြူကြီးများကို မြင်ရသည်က ကြည်နူးစရာကောင်းနေသည်။

ပန်းဂေါ်ဖီစိုက်ခင်းအလွန်တွင် ယခု တစ်ခေါက် ကျွဲနွားများက ပြန်လာမှ တိုးချဲ့ပြီး ပြုပြင်ထားသော သစ်ခွရုံကလေးကို မောင်ထွေးက မွမ်းမံနေသည်။

"ဒီငါးပင် မနေ့ညနေကမှ ရတာလင်း၊ ထင်းခုတ်သမားတွေ လာပို့သွားတာ၊ ဒီနှစ်ပင်က သုံးဆယ်စီပေးရတယ်၊ ဒီသုံး



www.burmeseclassic.com

www.burmeseclassic.com



ပင်က ငါးဆယ်စီပေးရတယ်"

လုပသော သစ်ခွပန်းများဖြစ်သည်။ အပင်လည်း ပါသည်။

"အေး . . . နောက်ရရင်လည်း ရသလောက်သာ ယူ ကွာ၊ သိပ်ရှားပါးတဲ့ သစ်ခွပင်တွေရရင် တစ်ရာ၊ နှစ်ရာအထိ ပေးမယ်လို့ပြော"

ခုမှ သစ်ခွကို သိပ်စိတ်ဝင်စားနေသော လင်းကို မောင် ထွေးက အထူးအဆန်းကြည့်နေမိသည်။

"ဒီသစ်ခွပင်တွေက မမျှော်လင့်ဘဲ ဈေးကောင်းတွေ ရနိုင်တယ်ကွ"

လင်းထွန်း သံပရာခြံဘက်သို့ ထွက်သွားသည်။

xxx



အခန်း (၁၆)

ဦးသိမ်းမောင် ဒေါ်ညိုခင်တို့အိမ်မှာ လူစည်ကားနေသည်။

"ခုတော့ ငြိမ်းလို့ ခေါ်ကြတယ်တဲ့၊ ငယ်ငယ်တုန်းက နာမည်ကတော့ ငြိမ်းအေးလေ၊ အားလုံး ငြိမ်းအေးသွားအောင် ဘုန်းဘုန်းပေးတဲ့နာမည်ပေါ့"

ဒေါ်ညိုခင်က သမီးချောလေး လာကြည့်သူများကို အား ပါးတရ ရှင်းပြနေသည်။

ငြိမ်းအေးမှာ ကွပ်ပျစ်ပေါ်မှာ အနေရ အထိုင်ရခက် နေရှာသည်။

"လုလိုက်တာနော် . . . မယုံနိုင်စရာ၊ နတ်ရေကန်ထဲ ချ လိုက်သလို တစ်သွေးတစ်မွေးကို ဖြစ်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

အဒေါ်ကြီးတစ်ယောက်က ငြိမ်းကို အနားကပ်ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။

"သြော် . . . ကြီးတော်ညွှန့်ရယ်၊ သူ့အမေ မမြရင်ကလည်း တောသူမို့သာကိုးတော့၊ ဖြူဖြူချောချောပဲဟာ"

"အင်း . . . ဟုတ်ပါရဲ့ သူ့အဖေကတော့ ပြောမပြောချင်ဘူး"

"ကဲ . . . ဒေါ်ညွှန့်ကြည့်ပြီးရင် သွားတော့၊ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"

ဦးသိမ်းမောင်က ဒေါ်ညွှန့်ကို ပြန်လွှတ်နေသည်။

"ပြန်မှာပေါ့တော်၊ တကတည်း အဖြစ်သည်းနေလိုက်တာ"

ဒေါ်ညွှန့် မကျေနပ်။

"သည်းဆို ကျုပ်တို့ သမီးလေးနဲ့ ဒီတစ်သက် ပြန်မတွေ့ရတော့ဘူးတောင် ထင်နေတာ ဒေါ်ညွှန့်ရေ၊ သမီးလေးပြန်လာလို့ တွေ့ရတာ"

ဒေါ်ညိုခြင်က လေပြည်သွေးသည်။

ရောက်သည့်နေ့က တွေ့တွေ့ချင်း မွေ့ဖက်ပြီး ဒေါ်ညိုခြင် ဝမ်းပန်းတနည်းငိုခဲ့သည်ကို ငြိမ်း သတိရနေမိသည်။

ဒေါ်ညွှန့်ဆိုသော အဘွားကြီး ဗျစ်တောက် ဗျစ်တောက် ပြောနေသည်။

"ခြောက်လ သမီးလောက်ကနေ လေးနှစ်ခွဲလောက်အထိ မွေးခဲ့ရတာ၊ ဘုန်းဘုန်းက မွေးဖို့ ပေးခဲ့တာပေါ့၊ ကလေး

နေရွှေရာ



ကလည်း တစ်ယောက်မှမရှိတော့ ချစ်လိုက်တာ တုန်နေတာပဲ၊ အဲဒီအချိန်မှာ ရန်ကုန်က ဆွေမျိုးတွေရောက်လာလို့ ဘုန်းဘုန်းက ပညာသင်ရမယ်ဆိုပြီး သမီးလေးကို ရန်ကုန်ထည့်လိုက်တာ၊ ငိုလိုက်ရတာလေ၊ တစ်နှစ်လောက်အထိ အလွမ်းမပြေဘူး"

"ခုတော့ ကျုပ်သမီးလေးနဲ့ အတူပြန်နေရပြီ"

"သူက ဒီရွာမှာ အမြဲတမ်းနေနိုင်ပါ့မလား"

ငြိမ်းကိုကြည့်ပြီး ဒေါ်ဖွားခင်ဆိုသော အဘွားကြီးက သံသယရှိသည်။

"နေမယ်လို့ ပြောတာပဲ"

ဒေါ်ညိုခြင်က အဖြေပေးပြီးမှ ငြိမ်းကို လှမ်းကြည့်သည်။

"နေမှာပါ အမေ"

ငြိမ်းက ဝင်ဖြေပေးသည်။

"ဒီရွာမှာ ကလေးတွေ စာသင်ပေးမယ်လေ၊ မကျန်းမာတဲ့လူတွေ ဆေးကုပေးမယ်လေ"

"နေနိုင်ရင်တော့ ကောင်းတာပေါ့"

ဒေါ်ညွှန့်ကလည်း မယုံချင်။

ခြံစည်းရိုး ဝါးလုံးတန်းကျိုးသံ ကြားရသည်။

"ဟဲ့ . . . ကလေးတွေ သွားကြ သွားကြ၊ ဒီလောက်ကြည့်ရရင် တော်ရောပေါ့"

ပုဆိုးစလွယ်သိုင်း၊ နှပ်ချေးတွဲလောင်းနှင့် ခြံစည်းရိုးမှ ချောင်းကြည့်နေသော ကလေးများကို ဦးသိမ်းမောင်က လှမ်းအော်ပြောလိုက်သည်။

နေရွှေရာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးများက မည်သူမျှ မပြန်။

ခြံစည်းရိုးနားပင် ပေကပ်နေကြသည်။

"ဒီကလေးတွေကို သင်ပေးရမှာတော့၊ ငါ့သမီးလေး မတန်လိုက်တာ ကြည့်ပါဦး ညစ်ပေနေကြတာပဲ"

"နောက်တော့ သမီးပြုပြင်ပေးမှာပေါ့ အမေရယ်"

ငြိမ်းကတော့ စိတ်ပျက်ခြင်းမရှိ။

ကလေးများကို ချစ်ခင်စွာ လှမ်းကြည့်နေသည်။

ဒေါ်ညိုခင်ကတော့ သူ့အိမ်သူ့ရင်ခွင်သို့ ပြန်ရောက်လာ သော သမီးလေးကို တစိမ့်စိမ့်ကြည့်၍ ကျေနပ်နေသည်။

×××



## အခန်း (၁၇)

ရွှေပန်းတော တစ်ရွာလုံး စောစောအိပ်သည့် အကျင့် ...တူသည်။ တစ်ရွာလုံး လူသံတိတ်နေပြီ။

မအိပ်၍လည်း မဖြစ်၊ ရွာတွင် မီးမရှိ။ ဖယောင်းတိုင် ... ရှားသည်။

စောစောအိပ်ပြီး စောစောထ၍ ရွှေကျင်သွားသည်။ ...တ်၊ မျှစ်ချိုးရန် တောသို့ထွက်သည်။

သူ့ရွာနှင့် သူ့အလေ့အထ ကိုက်ညီသည်။

ငြိမ်းကတော့ အိပ်၍ မရသေး။ တွေးစရာတွေက ...ပြီ။ ရွှေပန်းတောကို ရောက်သည့်တစ်နေ့အတွင်းမှာပင် ...သည်တို့က များလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



လ,မထွက်သေး၍ ရွာလေးကို အမှောင်ထုက လွှမ်းခြုံထားသည်။

ငြိမ်း အိပ်သည့်အခန်းက နှစ်ထပ်အိမ် အပေါ်ထပ်မှာ လေဝင် လေထွက် ကောင်းသည့်အခန်း။

ဦးသိမ်းမောင်နှင့် ဒေါ်သြိုခင်က အသက်ကြီး၍ အတက်အဆင်း မလုပ်ချင်သောကြောင့် အောက်ထပ်မှာပင် အိပ်ကြသည်။

အိမ်ရှင် ဦးသိမ်းမောင်နှင့် ဒေါ်သြိုခင်ကို အဘနှင့် အမေဟု ခေါ်ရသည်။

ငယ်စဉ်ကလည်း ထိုသို့ခေါ်သည်ဟု ပြောကြသည်။ သူ တို့ပြော၍သာ သိရသည် ကိုယ့်ဘာသာတော့ ဘာမျှမမှတ်မိ။

လေးလသမီးက စပြီး လေးနှစ်ခွဲအရွယ်အထိ မွေးခဲ့ကြသော မွေးစားမိဘများဖြစ်သည်။

ငြိမ်းရောက်လာ၍ လင်မယား နှစ်ယောက်လုံး သိပ်ပျော်နေကြသည်။

ငြိမ်းကိုလည်း သိပ်ချစ်ကြသည်။

ငြိမ်းဘဝတွင် ဤရွာလေးရောက်မှ မေတ္တာရင်ခွင်များမှာ နိုဝင်ခွင့်ရနေသည်။

အိပ်ရနေရသည်ကလည်း ခုတင်၊ ခြင်ထောင်အသစ်၊ ခေါင်းအုံးအသစ်၊ စောင်အသစ်နှင့် . . .

ညနေ ဤအခန်းထဲဝင်ကတည်းက အိပ်ရာ ခုတင် အပြင်အဆင်ကို ကြည့်ပြီး အံ့အားသင့်ခဲ့ရသည်။





"အဲဒါတွေ အားလုံး သမီးလေးအတွက်ဆိုပြီး ဘုန်းဘုန်း ပို့ထားတာ"

ဟု ပြောတော့ ငြိမ်း အိပ်ရမှာ မဝံ့သလိုဖြစ်နေသည်။

"ဘယ်က ငွေနဲ့ ဝယ်ပေးတာလဲ၊ သူများ လှူဒါန်းထားတဲ့ငွေနဲ့"

ငြိမ်း ဆက်မစဉ်းစားဝံ့ . . .

ညနေတွင် ဘဘုန်းဘုရားထံ ရန်ကုန်မှ ပါခဲ့သော အအေးပုလင်းများ လှူမှ အကြောင်းစုံသိရသည်။

"သမီးလေးအတွက် ဘဘုန်းကူညီထောက်ပံ့တာ မှန်သမျှ သမီးလေးပိုင်တဲ့ ငွေနဲ့ချည့်ပါပဲ"

ငြိမ်း နားမလည်ပါ . . .

"ဘဘုန်း တောရဆောက်တည်ပြီး တရားအားထုတ်တော့မယ်လို့ ကိုရင်ကြီးပေါ်တော့ ရှိပစ္စည်းအားလုံး အစ်မကြီးကို လွှဲပေးခဲ့တယ်"

"ဘဘုန်းတို့မှာ မောင်နှမနှစ်ယောက်ပဲရှိတယ်၊ အစ်မကြီးကလည်း အိမ်ထောင်မရှိဘူး၊ အပျိုကြီး၊ ယောဂီဝတ်နဲ့ ရိပ်သာမှာ တရားအားထုတ်နေတာပဲ များတယ်"

"သူကလည်း ဘဘုန်းအတွက် ရသင့်ရထိုက်တဲ့ အပိုင်းကို မလိုချင်ဘူး၊ ဘဘုန်းတို့က ကျပင်း မင်းသမီးရဲ့ အနွယ်အဆက်တွေပေါ့၊ အဲဒီတော့ အစ်မတော်ကြီးကလည်း မာနရှိတယ်၊ ယုံကြည်မှုလို့ ပြောရင်လည်း ရတယ်၊ သူ့အတွက်ရတဲ့ အမွေပုံကနေ စားတယ်၊ လှူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘုန်းအတွက် အမွေပုံကို သူထိန်းလည်း မထားချင်ဘူးဆိုပြီး ရောင်းချလို့ရသမျှ ဘာဘုန်းနာမည်နဲ့ ဘဏ်မှာ ထည့်ထားပေးတယ် . . ."

"သမီးလေးကိုစွန့် ပတ်သက်ပြီး ဘာဘုန်းအစ်မကြီးဆီကို စာရေးတိုင်ပင်ဖူးတယ်၊ ဘာဘုန်းငွေ ဘဏ်မှာရှိတယ် ကြိုက်သလိုလုပ်ပါတဲ့၊ သူကတော့ ဘယ်လိုသံယောဇဉ်မှ မပတ်သက်ချင်ဘူးတဲ့၊ ဒါကြောင့်မို့ နှမဝမ်းကွဲတော်တဲ့ မရွှေမြကို အကူအညီ တောင်းရတာ"

ငြိမ်း ခုမှ နားလည်လာရသည်။

"ဘဏ်မှာရှိတဲ့ ငွေအားလုံးဟာလည်း သမီးလေးအတွက် ပါ"

ဟုလည်း ဆက်ပြောသည်။

ငြိမ်းက မလိုချင်ကြောင်း ပြန်လျှောက်တော့ သမီးလေး ကြိုက်သလို လှူနိုင် ပေးနိုင်တယ်။ ဘာဘုန်းကတော့ သည်ငွေ အားလုံး သမီးလေးအတွက်ပဲ။ သမီးလေး ကြိုက်သလိုလုပ်နိုင်တယ်။ ဘာဘုန်းကတော့ ထွေးပြီး တံတွေး ပြန်မမျိုနိုင်သလို စွန့် လွှတ်ပြီး ပစ္စည်းကို ပြန်ပြီး လှည့်မကြည့်တော့ဘူးဟု ဆိုသည်။

ဘာဘုန်း ကျောင်းကအပြန်မှာ ညစာ စားပြီးတော့ အဘနှင့် အမေကို ငြိမ်းက သူ၏ ငယ်ဘဝနှင့် သူ့မိဘများအကြောင်း မေးသည်။

အစကတော့ မပြောချင်ကြ၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။





အဘနဲ့ အမေတို့ မပြောလည်း ငြိမ်း သူများကို မေး သိရမှာပါပဲ၊ အဘနဲ့ အမေဆီက သိရတာ ကောင်းပိုမယ် ...့ မေးတာပါဟု ပြောမှ အမေက လိုရင်းကို အကျဉ်းချုပ် ပြောပြသည်။

ငြိမ်း နားထောင်ရင်း စိတ်မကောင်း ဖြစ်ရသည်။

ကံဆိုးရှာသော အမေအရင်းကို သနား၍ မျက်ရည် ...သည်။

အမေကတော့ ရွှေပန်းတော၏ ဝရမ်းပြေး လူသတ် ... လူဆိုးကြီး။

သို့သော် လေးလအရွယ် သမီးလေးကို မခွဲနိုင်၍ ရွာမှ ...သည့်အတွက် ဒုက္ခဖြစ်ရသည်ကို ကြားရသောအခါ ဖခင် ...ကို နားလည်၍ ရင်ထဲမှာ ခံစားရသည်။

တစ်ပုံလေးမျှ မကျန်ခဲ့၍ အဖေနှင့် အမေ၏ပုံကို ... ဖော်၍မရ။

ထိတ်လန့်တုန်လှုပ်ခဲ့ရသော ရွှေပန်းတော။

ဝရမ်းပြေး လူသတ်သမားကြီးဖြစ်သော အဖေကြောင့် ...ဆွေမျိုးများ အမုန်းပွားခဲ့ကြသော ရွှေပန်းတောကို ငြိမ်း ...သွားခဲ့ရပြီ။

ဘာဘုန်းဘုရား၏ ဆန္ဒနှင့် စေတနာအတိုင်း ရွှေပန်း... ကလေးများကို ပညာသင်ပေးခြင်းဖြင့် ဖခင်တင်ခဲ့သော ... ဆပ်ရန်နှင့် အမုန်းပွားနေသော ရွာသားများကို ညီ...င် ပြုရန် ငြိမ်းဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါင်း...ဝေါင်း...ဝေါင်း

ရွာနှင့် ခပ်လှမ်းလှမ်းမှ ချေဟောက်သံကို ကြားရသည်။

"ဩော်...လင်းရယ်"

ဤအသံကိုကြားတော့ လင်းနှင့်အတူ သောင်ပြင်မှာ ရှိခဲ့ရသော ညကို သတိရမိသည်။

ယောက်ျားပီသသော လင်း။

သစ္စာရှိစွာ ကျညီစောင့်ရှောက်ခဲ့သော လင်း။

တွေ့စက အဆင်မပြေသော်လည်း ခွဲခါနီးမှ ရင်းနှီးခင် မင်ခဲ့ရသော လင်း။

ရင်ထဲမှာ လင်းကို အမှတ်တရဖြစ်နေမိသည်။

လေ့စက်ကောင်းသွားလျှင် လာလည်မည်ဟု လင်းက ပြောသွားသည်။

အမှန်အတိုင်း ဝန်ခံရလျှင် လင်း လာစေချင်သည်။ တွေ့ချင်သည်။ တွေ့လျှင်...

ငြိမ်း ဆက်မစဉ်းစားတော့ဘဲ အတွေးကို ရပ်ပစ်လိုက် သည်။

ရွှေပန်းတော၏ ညသည် တိတ်ဆိတ်ငြိမ်သက်လျက်

×××



အခန်း(၁၈)

ဝါးရုံပင်အောက်က အရက်ဆိုင်မှာ ဝိုင်းကောင်းနေ သည်။

ဒကာခံသူမှာ အောင်ကြီးဖြစ်၍ လေသံအကျယ်ဆုံး မှာလည်း အောင်ကြီးဖြစ်နေသည်။

"ကဲ...ကြိုက်သလောက် သောက်ကြ၊ ကိုချစ်တီး ကြက်ဥငါးလုံးလောက် ဖောက်ကြော်ဗျာ"

"ဆတ်သားခြောက်ကြော်လည်း တစ်ပွဲထပ်လုပ်ပေးဦး"

"ဟကောင် အောင်ကြီး၊ မင်းဘာတွေ ဟန်ကျလာ သိုလဲ"

"စကားမများနဲ့ကွာ၊ မင်း စားမှာစား သောက်မှာသောက်



www.burmeseclassic.com

www.burmeseclassic.com



အမေးအဖြေနှင့် မထူနဲ့ နှုတ်ကြောင့် သေတယ်တဲ့"

အောင်ကြီး လေသံက မာသည်။

"ဟ . . . သေတော့ မသေပါရစေနဲ့ဦးကွာ၊ ဟော့ ငါ့ခွက်ထဲ ထည့်ပါဦးကွ"

"ကိုအောင်ကြီး ရွာက ငါးရက်လောက် ပျောက်နေတဲ့အချိန် ရွာမှာ ထူးခြားတာ တစ်ခုရှိတယ်ဗျ"

စံသိန်းက သတင်းသမား။ အောင်ကြီးထက် အသက်ငါးနှစ်ငယ်သော်လည်း အရာရာမှာ ပါးနပ်လိမ္မာ၍ အောင်ကြီးက လက်ရုံးတစ်ဆူ အားကိုးနေရသူ။

"ပြောစမ်းပါဦး"

"ဦးသိမ်းမောင် ဒေါ်ညိုခင်တို့အိမ်မှာ အလွန်ချောတဲ့ မိန်းကလေးတစ်ယောက် ရောက်နေတယ်ဗျ"

အောင်ကြီးက စံသိန်းကို လှမ်းကြည့်လိုက်သည်။

"ဘယ်ကလဲ"

"ရန်ကုန်ကတဲ့"

"ရန်ကုန်က ဒီရွာကို ဘာလာလုပ်တာလဲ"

"ကလေးတွေ စာသင်ပေးမှာတဲ့၊ ဆရာမ . . . တဲ့"

"ဟ . . . ဒီရွာမှာ စာသင်ကျောင်းမှ မရှိဘဲ"

ဘုန်းကြီး ဦးမေဓာဦးဆောင်ပြီး ကျောင်းလည်းဆောက်မယ်၊ ဆေးပေးခန်းလည်း ဆောက်မယ်တဲ့၊ အဲဒီ ဆရာမလေးနာမည်က မငြိမ်းအေးတဲ့"

"ဟင်း . . . ဟင်း . . . အဆန်းတွေပါလား"





"အခု ဆရာမက ဒေါ်ညိုခင်တို့အိမ်မှာနေတယ်၊ သူက စာသင်မယ်၊ မကျန်းမာတဲ့လူတွေလည်း ဆေးကုပေးမယ်တဲ့၊ ငယ်ငယ်က ဦးသိမ်းမောင် ဒေါ်ညိုခင်တို့ သမီးတဲ့"

"အဓိပ္ပာယ်မရှိတာကွာ၊ ဦးသိမ်းမောင် ဒေါ်ညိုခင်မှာ သားသမီးမှ မရှိဘဲ"

အောင်ကြီးက အရက်တစ်ခွက်ကို မော့သောက်ပြီး ကြက်ဥကြော်အယှက်လိုက်ကို ငွန်းနင့်ဖြတ်၍ စားနေသည်။

"ဟုတ်တယ်ဗျ၊ ဒေါ်ညွှန့်ပြောတာတော့ ဒီရွာက ဦးဘငွေနဲ့ ဒေါ်မြရင်တို့ရဲ့ သမီးတဲ့၊ ဘုန်းကြီး ဦးမေဓာက ပညာသင်ဖို့ ရန်ကုန်ကို ပို့ထားတာတဲ့"

အောင်ကြီး ခေါင်းထဲမှာနာမည်တစ်ခုကိုစဉ်းစားနေသည်။

"နေပါဦးကွာ၊ ခုနပြောတာ ဘယ်သူ့သမီး၊ ဦးဘငွေနဲ့ ဒေါ်မြရင်သမီးတဲ့၊ ဒေါ်ညွှန့်ပြောတာပဲ၊ ကျုပ်လည်း မသိဘူး"

"နေဦး သူ့အဖေက ဝရမ်းပြေး မဟုတ်လား"

"ဟုတ်မှာပေါ့၊ ကိုအောင်ကြီးရဲ့ မိဘတွေကို သတ်တဲ့လူတဲ့"

"ဟင်း . . . အဲဒီလူ့ရဲ့ သမီးလား"

"ဟုတ်တယ်၊ သူ့အဖေလည်း အဲဒီကတည်းက ရဲတွေကို ခုခံလို့ ရဲက သေနတ်နဲ့ပစ်သတ်တာ သေသွားတယ်တဲ့"

အောင်ကြီးက အရက်ခွက်တစ်ခွက်ကို ထပ်မော့လိုက်သည်။ ဒဏ်ရာဟောင်းက အနာတရဖြစ်လာသည်။

"ငါ့အဖေနဲ့အမေ သတ်ခဲ့တဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဆရာမလေးက သိပ်ချောတာပဲ၊ မျက်နှာလေးကလည်း အေးအေးလေး"

အောင်ကြီး ဘာမျှမပြောတော့ပါ။ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေသည်။

ကြာတော့ တစ်ဝိုင်းလုံး အမူးလွန်ကြပြီ။

"ဟင်း ဟင်း . . .ကိုဘငွေး ငါ့အဖေနဲ့ အမေသတ်တဲ့လူ"

"ဒါတွေက ကြာပါပြီ"

စံသိန်း အသံလည်း အာလေးရှာလေး ဖြစ်နေသည်။

"ကြာတော့ ကြာပြီပေါ့ကွာ၊ ဒါပေမယ့် ဒါမျိုးဆိုတာ မေ့လို့ရတာ မဟုတ်ဘူးကွ"

"အဲဒီတုန်းက ကိုအောင်ကြီး ငယ်ငယ်လေး ရှိဦးမှာပေါ့"

"ရှစ်နှစ်ရှိပြီကွ၊ အားလုံးမှတ်မိတယ်။ ငါတောင် အပြေးမြန်လို့ လွတ်သွားတာ၊ အပြေးမမြန်ရင် အသတ်ခံရမှာ အဲဒီကတည်းက ငါ့ကို ကျွဲနဖားက ဘကြီးကျော်ဒင် မွေးခဲ့ရတာ၊ ငါက တစ်ကောင်ကြွက်၊ ဘာမှ ငဲ့စရာမရှိဘူး"

အနောက်ဘက် ကောင်းကင်မှာ နေဝင်ခဲ့ပြီဖြစ်၍ နီရွှေရွှေအရောင်များ လွှမ်းနေသည်။

ဝါးရုံပင်ကြားမှ တစ်ဆင့် အနောက်ဘက် ကောင်းကင်ကို အောင်ကြီး ရီဝေစွာကြည့်နေသည်။

နီရဲသော ကောင်းကင်မှာ သွေးများ လိမ်းကျံထားသည့်နှယ်။



BURMESE CLASSIC .com

## အခန်း(၁၉)

အောင်ကြီး မျက်စိကို မှိတ်ထားသော်လည်း အိပ်၍ ... ရ။ သွေးများကို မြင်နေသည်။ သွေးရောင်လွှမ်းသည့် လူ ... သတ်ပွဲကြီး။

စဖြစ်သည်က ဘာမှ ပြောပလောက်သော အကြောင်း ... ဟုတ်။ ရေတ်သီးကြော်သည်က စခြင်းဖြစ်သည်။

"ညှော်လိုက်တာတော်၊ ဒါ ရေတ်သီးညှော်၊ ငါ့ခြေ ... ာက်မှာ ဝါးစင့်တ်ထိုးမိလို့ အနာဖြစ်တာသိရက်နဲ့ တမင ... ်တာ"

မသိန်းမြ ခြေတစ်ဖက် ထော့နင်း ထော့နင်းနှင့် အိမ် ... ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အနံ့ခံကြည့်သည်။

လေက မြောက်ဘက်မှ လာနေသည်။

"ဟဲ့ . . . ကောင်မတွေ၊ မအော်တဲ့ ငရုတ်သီးကြော်
တာ ဘယ်သူလဲဟေ့"

မသိန်းမြအသံက ရှူးရှကျယ်လောင်သည်။

ဘယ်အိမ်ကမျှ ဖြေသံထွက်မလာ။

"ဟင်း . . . တွေ့လို့ကတော့ သိကြသေးတာပေါ့
ကွဲအောင် ရိုက်မယ်"

မသိန်းမြ ခြံဝင်းအပြင်သို့ ထွက်သွားသည်။

အမေ ဒေါသကြီးသည်ကို အောင်ကြီးသိသည်။

ခါတိုင်းလည်း ခုလိုပင် အော်နေကျ ဆဲနေကျ။

မသိန်းမြနှင့် တွဲဖက်ပြီး ရန်ဖြစ်ရဲသူ ရွာထဲမှာ
ယောက်မျှ မရှိ။

"ဟဲ့ . . . အုန်းခင်၊ ညည်းတို့ ငရုတ်သီးကြော်
"မကြော်ပါဘူး၊ မသိန်းမြမယုံရင် မီးဖိုထဲဝင်
လေ"

"မကြည့်ဘူး၊ မကြော်ရင် ပြီးရော"

"ဒီဘက်ကလာတဲ့အနံ့ ကောင်မတွေ ဘယ်
ကျွေးဖို့ မအော်တဲ့ ငရုတ်သီးကြော်တာလဲ"

"ဟဲ့ . . . မညိုခင် နင်တို့ကြော်တာလား"

"မကြော်ပါဘူး"

"ငါ နင်တို့မီးဖိုထဲ ဝင်ကြည့်ရမလား"





"ကြည့်ပါတော် သဘောရှိ"

ညှော်နံ့က နံနေဆဲ။

"ဟင်း . . . သည်ဘက်က ပိုနံတယ်"

"ဟဲ့ . . . ဘယ်သေနာကောင်မလဲဟေ့၊ ငရုတ်သီး
ကြော်နေတာ"

မသိန်းမြ မီးခိုးထွက်သော မီးဖိုကို လိုက်ကြည့်သည်။
မတွေ့ရ။

"ဟဲ့ . . . မိကြိုင် နင်တို့ကြော်တာလား ပြောစမ်း"

"မီးဖိုထဲ ဝင်ကြည့်ပါလား၊ မီးတောင် မရှိဘူး"

"ဟဲ့ . . . မြရင် နင် ငရုတ်သီးကြော်လား"

"မကြော်ပါဘူး"

"ဒီနားက ပိုနံတယ်၊ နင့်မီးဖိုချောင်ဘက်က လာတဲ့
အနံ့"

"မဟုတ်ပါဘူးတော်၊ ကျုပ် ဒီမှာ ကလေးသိပ်နေတာ
မသိန်းမြ မြင်သားပဲ"

မြရင်၏ လေသံက ပျော့သည်။

"ဒါဖြင့် ငါ နင်တို့မီးဖိုထဲ ဝင်ကြည့်ရမလား"

မြရင် ဘာမျှမပြော၊ ကလေးကို နို့တိုက်ရင်း သိပ်
နေသည်။

မြရင်တို့ မီးဖိုချောင်နားရောက်မှ ညှော်နံ့က ပိုရသည်။

မသိန်းမြ ဒေါသဖြစ်ပြီ။

မီးဖိုတံခါးက မျောက်လက်ချိတ်၍ ပိတ်ထားသည်။


www.burmeseclassic.com

www.burmeseclassic.com

မသိန်းမြက မျောက်လက်ကို ဆွဲဖြုတ်ပြီး ဝင်ကြည့်သည်။

"ဟဲ့ . . .အညာမ၊ ဒါ ငရုတ်သီးကြော်အိုး မဟုတ်လို့ ဘာလဲဟင်၊ ခေါင် . . .ခေါင်"

ငရုတ်သီးကြော် ဒယ်ပိုင်းကို မသိန်းမြ လှွင့်ပစ်လိုက်သည်။

ငရုတ်သီးကြော်များ အားလုံး မှောက်ကုန်ပြီ။

"ဟင် . . .မသိန်းမြ တော် . . .ဘယ်လိုလုပ်တာလဲ၊ ဒါ ကျုပ်ယောကျ်ားစားချင်တယ်ဆိုလို့ ကြော်ထားတာ"

မြရင်က ကလေးကို ပုခက်ထဲထည့်ခဲ့ပြီး မီးဖိုချောင်ဘက်သို့ လျှောက်လာသည်။

မှောက်ကျကုန်သည့် ငပိနှင့် ငရုတ်သီးကြော်ထားသည်များကို ကြည့်ပြီး နှမြောနေသည်။

"နင် ငါ့အနာဖြစ်နေတာကို သိရက်သားနဲ့ အညော်တိုက်သတ်တာလား ကောင်မ၊ ပြောစမ်း"

ဘေးမှ အိမ်နီးနားချင်း မိန်းမများ လှမ်းကြည့်နေသည်။

အောင်ကြီးသည် အိမ်မှ လှမ်းကြည့်၍ မြင်နေရသည်။ အမေ အော်ဟစ်ပြောဆိုနေသည်များ အားလုံးကို ကြားနေရသည်။

"လေက တော်တို့အိမ်ဘက် မသွားဘူးထင်လို့ ကြော်တာပေါ့တော်၊ ကျုပ် မီးဖိုထဲဝင်၊ ကျုပ်အိုးကို ဒီလိုမလုပ်ရဘူး"

"ဟင် . . .ဘာပြောတယ်၊ ကောင်မ အိုးကို လုပ်ရုံတင်မဟုတ်ဘူး၊ လူပါ လုပ်တယ်ဟယ် ကဲ . . ."





"မြန်း . . ."

မသိန်းမြက သူကြေညာထားသည့်အတိုင်း မြရင်၏ပါးကို ရိုက်ပစ်လိုက်သည်။

"ဟင် . . .တော် ကျုပ်ကို ရိုက်တယ်"

မြရင် ရှေ့ကိုတိုးသည်။ ပြီး မသိန်းမြပါးကို ပြန်ရိုက်သည်။

သို့သော် မထိ။

မသိန်းမြနှင့် မြရင် ဗလချင်းက မတူ။

မသိန်းမြက မြရင် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး နောက်သို့ ဆောင့်တွန်းလိုက်သည်။

"အမလေး"

"ဒုတ်"

"အား . . ."

မြရင် အရှိန်နှင့် နောက်ပြန်လဲကျပြီး နောက်စေ့နှင့် [illegible]ချက်ခုံ ရိုက်မိသွားသည်။

ခေါင်းမှ သွေးများ ထွက်လာသည်။ လူကတော့ မ[illegible]နိုင် မလှုပ်နိုင်တော့ပါ။

"အဲဒါ မှတ်ထား၊ ငါတဲ့ သိန်းမြ ဘယ်ကော [illegible] [illegible]ရေးမစိုက်ဘူး၊ ငါ့ကို လာမစမ်းနဲ့ သေသွားမယ်မှ"

မသိန်းမြ ဒေါကြီးမောကြီးနှင့် သူ့အိမ်သ[illegible] [illegible]သွားသည်။

"ဟဲ့ . . .မြရင် မထနိုင်ဘူး၊ လုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသော အိမ်နီးချင်း မိန်းမများ ပြေးသွားပြီး မြရင်ကို ထူကြသည်။ မြရင်၏ အမျိုးများလည်း အပြေးအလွှား ရောက်လာကြသည်။

"မြရင် မြရင်"

"ဟဲ့ . . . မြရင် အသက်မရှိတော့ဘူး၊ ခြံထဲ လိုက်သွားပြီး သူ့ယောကျ်ား ခေါ်ကြပါဦး"

"မြရင် သေပြီ"

"မြရင်ကို သိန်းမြ သတ်လိုက်ပြီ"

ရွာထဲမှာ ဆူဆူညံညံအသံတွေ ဖြစ်ကုန်ပြီ။ မြရင်ဘက်မှ အမျိုးများအားလုံး မကျေမနပ် ဖြစ်နေကြပြီ။

"အမေ အမေ . . . မမြရင် သေပြီတဲ့"

အောင်ကြီးက သူ့အမေ မသိန်းမြကို စိုးရိမ်တကြီး ပြောသည်။

"ဟုတ်မှာ မဟုတ်ပါဘူး၊ ဒီကောင်မ မာယာများနေတာပါ၊ ခြံလိုက်သွားစမ်း၊ နင့်အဖေ အိမ်ပြန်ခေါ်ခဲ့"

အောင်ကြီး နှန်းပြေး၍ ထွက်ခဲ့သည်။

အောင်ကြီးတို့ခြံက ပိုနီးသည်။ အောင်ကြီးက သူ့အဖေကိုခေါ်ပြီး အိမ်ပြန်လာသောအခါ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေပြီ။

"မြရင်ယောကျ်ား ဘငွေးက လူသတ်သမား၊ ဝရမ်းပြေး၊ မသိန်းမြတော့ မလွယ်ဘူး"

ထင်မြင်ချက် ပေးသံတွေ။





အောင်ကြီးအဖေ ကိုလှကြီးက မြရင်တို့အိမ် အလျှင်ဝင်ကြည့်သည်။

ဟုတ်သည် မြရင်သေပြီ။

"သိန်းမြ . . . မင်း မြရင်ကို ဘယ်လို လုပ်လိုက်တာလဲ"

"တွန်းပစ်လိုက်တာ"

"အေး . . . ဟိုမှာ သေပြီ"

"ဒါတော့ ဘယ်တတ်နိုင်မလဲ"

"မတတ်နိုင်လို့ မရဘူးကွ၊ သူ့အမျိုးတွေ အားလုံး မကျေမနပ် ဖြစ်နေကြပြီ၊ ပိုဆိုးတာက သူ့ယောကျ်ား ဘငွေးက လူသတ်သမား ဝရမ်းပြေးကွ၊ ဘငွေးလာရင်တော့ ဒုက္ခပါပဲကွာ"

"ဝရမ်းပြေး ဘာဖြစ်လဲ၊ သူလည်း ဒီရွာလာခိုနေတာနဲ့သိသွားရင် သူလည်း ဖမ်းမှာပေါ့၊ တော်က ကြောက်နေလို့သား၊ ယောကျ်ားဖြစ်ပြီး တော်သတ္တိမရှိဘူးလား"

"ခက်တယ်ကွာ၊ ခုဟာက ကိုယ်က လက်လွန် ခြေလွန် လုပ်ခဲ့တာကွ"

ကိုလှကြီး စိတ်ပျက်နေသည်။

ဘာလုပ်ရမှန်း မသိ။ ခေါင်းတွေ ထူပူနေပြီ။

"ကျုပ်ကတော့ ဘာမှ မကြောက်ဘူး"

မကြောက်ဘူးဆိုသော်လည်း အမေ့အသံ နည်းနည်းဘန်နေသည်ကို အောင်ကြီး သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဟိုကောင် ပြန်လာပြီထင်တယ်"

အသံတွေ ဆူဆူညံညံ ထွက်ပေါ်နေသည်။

"ငါ့မိန်းမ ဘာဖြစ်လို့လဲ၊ ငါ့မိန်းမကို ဘယ်သူလုပ်တာလဲ၊ ဘယ်မှာလဲ ငါ့မိန်းမ"

ဘငွေးသည် သူ့မိန်းမ မြရင်ကို တုန်နေအောင် ချစ်သည်။

ညားသည်မှာလည်း နှစ်နှစ်ပင် မပြည့်သေး။

သမီးလေးပင် ခုမှ လေးလသာ ရှိသေးသည်။

မြရင်ကလည်း ဖြူဖြူသန့်သန့် ချောချော။ သူ့ယောကျ်ား ဘငွေးကို အလွန်ချစ်သည်။

"ဟင် . . . ငါ့မိန်းမ သေပြီ ဟုတ်လား"

"ဘာ . . . သိန်းမြ"

ဝိုင်းဝန်းပြောဆိုကြသော အသံများက ဆူညံနေသည်။

"ငါ့မိန်းမ သတ်တဲ့ကောင်မ၊ ငါ့မိန်းမ သေသလို သေရမယ်"

လူသံတွေ ဆူညံနေသည်။

"သိန်းမြ နင့်ကို ငါကိုယ်တိုင် သတ်မယ်"

ဘငွေး၏ ပေါက်ကွဲစွာ အော်ဟစ်လိုက်သော အသံကို အောင်ကြီး ကြားနေရသည်။ အမေ့အတွက် စိုးရိမ်သည်။

"ပြဿနာပဲကွာ၊ ဟဲ့ . . . သိန်းမြ၊ လာ . . . နင်အိမ်ထဲဝင်နေ၊ ငါသား အောင်ကြီး မင်းအပြင်ထွက်"

အောင်ကြီး အပြင်ထွက်ခဲ့သည်။





မသိန်းမြ အိမ်ထဲဝင်သည်။

"မဆွဲနဲ့ဗျာ"

"လွှတ်ကြကွာ"

"မလွှတ်တဲ့ကောင် ငါခုတ်မှာနော်"

ကိုဘငွေး အသံနှင့် တားမြစ်သံ၊ တောင်းပန်သံများ ကြားနေရသည်။

ရုန်းထွက်ပြီး လာနေဟန်တူသည်။ အသံက ကိုလှကြီးတို့အိမ်ဘက်သို့ နီးလာသည်။

"သိန်းမြ အတွင်းက တံခါးပိတ်ထားစမ်း"

ကိုလှကြီးက အိမ်ရှေ့မှ လှမ်းအော်သည်။

မသိန်းမြ တံခါးပိတ်လိုက်သည်။

"မင်းတုပ်ပါ ထိုးထား"

"ဘယ်မလဲ သိန်းမြ"

ဆွဲထားသူများလက်မှ ဘငွေး လွတ်ထွက်လာသည်။

လက်ထဲမှာ ငှက်ကြီးတောင်ဓားကြီးနှင့် . . .

"ငါ့မိန်းမ သတ်တဲ့ကောင်မ၊ ငါကိုယ်တိုင် သတ်မယ်၊ ဘယ်မလဲ ခု ထွက်ခဲ့စမ်း"

ကိုလှကြီးတို့ အိမ်ဝင်းထဲသို့ ရောက်လာပြီ။

နောက်မှလည်း လူအုပ်ကြီးပါလာသည်။ သို့သော် ဘယ်သူမှ မဆွဲရဲကြ။

"ဟေ့ . . . ဘငွေး အဲဒီလို မလုပ်ပါနဲ့ကွာ"

"ဘငွေး လက်လွန် ခြေလွန်တွေ မြစ်ကုန်ရင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူးကွာ"

အချို့က ဘငွေးကို လှမ်းတားသည်။

လုကြီး အိမ်ပတ်ဝန်းကျင်မှာ လုကြီးနှင့် သိန်းမြတို့၏ ဆွေမျိုးများလည်း ရောက်လာကြသည်။

"ဟေ့ကောင် . . . လုကြီး၊ ဘယ်မလဲ မင်းမိန်းမ၊ မဆိုင်တဲ့လူတွေ ဘယ်သူမှ ဝင်မရှုပ်နဲ့"

ဘငွေး အိမ်ရှေ့သို့ ရောက်လာပြီ။

"မလုပ်ပါနဲ့ ဘငွေးရာ၊ ငါတောင်းပန်ပါတယ်"

"ဘာကွ၊ ငါ့မိန်းမကို သတ်တုန်းကတော့ မသတ်ဖို့ မင်း မတောင်းပန်ဘူးလား"

"ငါလည်း မရှိပါဘူးကွာ၊ ခြံထဲ သွားနေတာပါ"

"မလိုချင်ဘူးကွာ၊ မင်းမိန်းမက ငါ့အိမ်ထဲ ဝင်လာပြီး ငရုတ်သီးကြော် ဒယ်အိုးကိုလည်း ပေါက်ခွဲပစ်တယ်၊ ငါ့မိန်းမကိုလည်း ရိုက်တယ်၊ ပြီးတော့မှ သေအောင်သတ်တာကွ၊ ကြားတယ်ကွာ၊ သူ့ကို ငါသတ်မယ်၊ အိမ်ထဲမှာမို့လား၊ လုကြီး မင်း ခုထုတ်ပေး"

"မလုပ်ပါနဲ့ ဘငွေးရာ၊ သူလည်း သူ့အပြစ်နဲ့သူ ခံရမှာပါ။ မင်းကို ငါတောင်းပန် . . ."

"ဟာ . . . ကြားတယ်ကွာ၊ မင်း ဖယ်လိုက်၊ သူထွက်မလာရင် ငါအိမ်တံခါးဖျက်ပြီး ဝင်မယ်"

ဘငွေးက ရှေ့တိုးသွားသည်။

လုကြီးက အိမ်တံခါးရှေ့မှာရပ်၍ သူ့မိန်းမကို အကာ





အကွယ်ပေးထားသည်။

"ဟေ့ကောင် လုကြီး၊ မင်း မဖယ်ရင် မင်းကိုပါ ငါ ခုတ်မှာနော်၊ ဖယ်ကွာ"

"မလုပ်ပါနဲ့ ဘငွေးရာ"

လုကြီးက ဖယ်မပေးဘဲ ဆက်တောင်းပန်နေသည်။

"ဟာ . . . ဒီကောင် ငါ့ကို ဒေါသပိုဖြစ်အောင် လုပ်နေတယ်"

ဘငွေးက ရှေ့ကို အတင်းတိုးသည်။

လုကြီးက တံခါးရှေ့မှာ ကာထားဆဲ။

ဘငွေးက ဓားဖြင့် ရွယ်သောအခါ လုကြီးက ရှေ့မှ ပြေးဝင်ပြီး ဘငွေးလက်မှ ဓားကို လုသည်။

နှစ်ဦးသား လုံးထွေးလျက်သား ဖြစ်သွားသည်။

လုကြီးက ဘငွေးလက်မှ ဓားကို ရအောင်လုသည်။ ဓားကိုင်လက်ကို ဖမ်းချုပ်ထားသည်။

သို့သော် ဘငွေးက သန်မာသည်။ ဓားကိုင်လက်ကို လွတ်အောင် ရုန်းထွက်ပြီးသည်နှင့် လုကြီးကို ဓားနှင့်ထိုးပစ်လိုက်သည်။

"အား . . ."

လုကြီး လဲကျသွားသည်။

ဘငွေး ဓားကို ပြန်နှုတ်သည်။

"ဟာ . . . ဒုက္ခပါပဲကွာ၊ ပြဿနာတွေတော့ ပိုရှုပ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသူများအားလုံး အထိတ်တလန့် ဖြစ်ကုန်ကြပြီ။

ဘငွေးလက်မှ ဓားတွင် သွေးများ နီရဲနေသည်။

လူကြီးခမျာ သူ့အိမ်ရှေ့တွင် သွေးအိုင်ထဲမှာ လဲက နေရှာသည်။

အိမ်တံခါးမှာ ကာကွယ်သူ မဲ့သွားသည်။

"သိန်းမြ နင်ထွက်ခဲ့စမ်း"

အထဲမှာ ဘာသံမျှ မကြားရ။

"အေး・・・နင်မထွက်ရင် ငါဝင်မယ်ဟေ့"

ဘငွေးက အိမ်တံခါးကို လက်ထဲမှ ဓားနှင့်ခုတ်သည်

တဝုန်းဝုန်းအသံတွေ ဆူညံနေသည်။

ဝါးထရံတံခါးဖြစ်၍ ခဏအတွင်းမှာပင် ဝါးစမျ လွင့်စဉ်ကျိုးပျက် ထွက်လာကြသည်။ သိန်းမြ၏ ဆွေမျိုးမျ ဘငွေးကို အော်ဟစ်ပြီး တားနေကြသော်လည်း ဝရမ်းပြေ ဘငွေးကို ဘယ်သူမှ ဝင်မဆွဲရဲ။

ဝုန်း ဝုန်း ဝုန်း・・・

ဘငွေးက တံခါးကို ခြေဖြင့် တအားကုန် ဆော ကန်ပြီး ဖွင့်သည်။

ကန်ဖန်များသောအခါ တံခါးမှာ ဒုန်းခနဲပြုတ်ပျ သွားသည်။

"အမေ・・・အမေ・・・ထွက်ပြေး"

အောင်ကြီးက စိုးရိမ်တကြီး အော်နေသည်။

နေရွှေရာ



"ဘယ်မလဲ သိန်းမြ"

"ငါဒီမှာဟေ့"

"ဒုတ်・・・"

မသိန်းမြက အိမ်ထဲမှာရှိသော သစ်သားချောင်းတစ်ခုနှင့် ဘငွေး၏ ခေါင်းကို ရိုက်ချလိုက်သည်။

ဘငွေး အရှောင်မြန်၍ ခေါင်းလွတ်သွားသော်လည်း ပခုံးကိုထိပြီး ဘေးသို့ ယိုင်သွားသည်။

"ဟင်・・・နင်"

ဘငွေး သိပ်ကို စိတ်ဆိုးသွားပြီ၊

သိန်းမြက နောက်တစ်ကြိမ် ဘငွေးခေါင်းကို ထပ်ပြီး ရိုက်သည်။

ဘငွေး နောက်ဆုတ်ရှောင်ရသည်။

သိန်းမြ ရှေ့တိုးလာသည်။

လက်ထဲမှ တုတ်ကို အဆင်သင့်ကိုင်လျက် သိန်းမြက မိန်းမဆိုသော်လည်း အားကောင်းမောင်းသန် ဖြစ်သည်။

ဘငွေးမှာ ပခုံးတစ်ဖက် နာနေပြီ။

သိန်းမြကလည်း နောက်တစ်ချီတွင် ချက်ကောင်း မိမိရရထိပြီး ပွဲသိမ်းဖို့ ကြိုးစားသည်။

သိန်းမြကို မိန်းမဆိုပြီး ဘငွေး ပေါ့ပေါ့ဆဆ သဘော မထားရဲတော့ပါ။

သိန်းမြ ကိုယ်ကြမ်းစိတ်ကြမ်းဖြစ်သလို သတ္တိလည်း ကောင်းသည်။

နေရွှေရာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ၍ မှားလျှင် ခံသွားရလိမ့်မည်။ သိန်းမြကိုလည်း ပို၍ စက်ဆုပ်ရွံမုန်းသွားသည်။

အခြေအနေ အခွင့်ကောင်းကို စောင့်ရင်း ဘငွေး နောက်ဆုတ်ပေးလိုက်သည်။

ဘေးမှ နှစ်ဖက်ဆွေမျိုးများ၏ အသံများ ဆူညံစွာ ထွက်ပေါ်နေသည်။

သိန်းမြကို သတိပေးသူ အားပေးသူရှိသလို ဘငွေးကို သတိပေးသူ အားပေးသူလည်း ရှိသည်။

သို့သော် ဘယ်ဘက်ကမှ ဝင်ပြီး မဆွဲရဲကြ။

တကယ့် ပွဲကြီးပွဲကောင်း။

သိန်းမြ မျက်လုံးတွေ အရောင်တောက်လာသည်။

သိန်းမြ စိတ်မရှည်ချင်တော့ပါ။

သူ့တုတ်က တစ်လံသာသာ ရှည်သည်။ လက်ဆကောင်းသည်။ ဘငွေး ဓားအရှည်က ဘာမှုမရှိ။ ဤအချက်ကို သိန်းမြ အခွင့်ကောင်းယူလိုက်သည်။

"ဟာ. . .ကဲဟာ"

ဘငွေးကို သိန်းမြ တုတ်နှင့် လွဲရိုက်သည်။

ဘငွေး ရှောင်သည်။ မထိ။

သိန်းမြက သတိရှိသည်။ သူ့တုတ်အရှိန်လွန်ချိန်မှာ ဘငွေး ဓားချက်ဝင်မလာနိုင်အောင် တုတ်ကို အမြန်သိမ်းပြီး နောက်တစ်ချက် ထပ်ရိုက်သည်။

ဘငွေး နောက်သို့ ခုန်ဆုတ်လိုက်သည်။ ဘငွေး စိတ်





မရှည်ဖြစ်လာသည်။ ကိုယ့်အလှည့်ကိုမရောက်၊ သူ့အလှည့်ချည်း ဖြစ်နေသည်။

သိန်းမြက နောက်တစ်ချက် ချလိုက်ပြန်သည်။

ဖိုး. . .

ဘငွေး နားရွက်ပူခနဲ ဖြစ်သွားသည်။

နားမှ သွေးများ ကျလာသည်။

ခေါင်းကိုသာ ထိလိုက်လျှင် မလွယ်။

ဘငွေး နောက်ဆုတ်ပေးရပြန်သည်။

"ကဲ. . .နင်သေပေတော့"

သိန်းမြက တုတ်ရှည်အားကိုးနှင့် ထပ်ချသည်။

"ကိုဘငွေး"

ကြည့်နေသော ပရိသတ်ထဲမှ မြရင်၏ အမျိုးတစ်ယောက်က ရုတ်တရက် လှမ်းအော်လိုက်သည်။

သတိပေးချင်၍ ဖြစ်သည်။

သို့သော် နောက်ကျသွားပြီ။

သိန်းမြ၏ ဝှေ့ယမ်းလိုက်သော တုတ်ချက်က လွတ်အောင် ဘငွေး နောက်သို့ ခုန်ဆုတ်လိုက်သည်။ ဘငွေး၏ အမှားဖြစ်သွားသည်။

နောက်မှ ရှိနေသော သစ်တုံးကို တိုက်မိပြီး ဘငွေး ပက်လက်လန်လျက် လဲကျသွားသည်။

"ဟာ. . ."

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဘငွေး သေတော့မှာပဲ"

အသံတွေ ဆူညံစွာ ထွက်လာသည်။

"အမေ သေအောင်ချ ခုနေ သေအောင်ချ"

အောင်ကြီးက သူ့အမေ သိန်းမြကို အော်ဟစ် အားပေးသည်။

သိန်းမြကလည်း အခွင့်ကောင်းမှာ လက်မနှေးရ၊ ပြေးသွားပြီး ဘငွေး၏ ခေါင်းကို ရိုက်ခွဲလိုက်သည်။

ခုတ်...

ဘငွေး လိမ့်ရှောင်လိုက်၍ တုတ်က မြေကြီးကို အရှိန်ပြင်းစွာ သွားထိသည်။

"ကဲဟာ...နှင့် အလည့်"

"အား..."

ဘငွေး လဲကျနေရာမှ သိန်းမြကို ဓားနှင့် လှမ်းထိုးလိုက်သည်။

သိန်းမြ ရင်ဘတ်မှ သွေးများ ထွက်ကျလာသည်။

တုတ်ကိုထောက်၍ သိန်းမြ ရပ်နေဆဲ။

ဘငွေးကလည်း ဓားကို မနှုတ်သေး။

သိန်းမြက ဘငွေးကို မုန်းတီးစွာ ကြည့်လိုက်သည်။

ရှိသမျှ ခွန်အားအကုန်ဖြင့် တုတ်ကို ဆွဲမြှောက်လိုက်သည်။

"ကဲဟာ...ကဲဟာ...ကဲဟာ"

ဘငွေးက မြန်သည်။ ဓားကို အမြန်နှုတ်ပြီး၊ သိန်းမြ





လှုပ်ရှားနိုင်မီ ဆက်ကာ ဆက်ကာ လှုပ်ရှားပစ်လိုက်သည်။

"ဟယ်..."

"ဟာ..."

ဘေးမှ လူများ မကြည့်ရဲအောင် ဖြစ်ရသည်။

ဗုန်း...

သွေးအိုင်ထဲမှာ သိန်းမြ လဲကျသွားသည်။

"အမေ..."

အောင်ကြီး ဝမ်းနည်းကြေကွဲစွာ အမေ့ကို အော်ခေါ်

ိက်သည်။

"ဘယ်ကောင်လဲကွ၊ ခုန ငါ့ကို သေအောင်ချနိုင်းတာ

လား"

"ဟာ...ဘငွေး ကလေးကိုတော့ မလုပ်ပါနဲ့"

"အောင်ကြီး ပြေး ပြေး..."

ဘငွေးက ဓားနှင့် လိုက်သည်။ အောင်ကြီး ရှေ့မှ

အားကုန် ပြေးသည်။

"ဘငွေး မလုပ်နဲ့"

"ကိုဘငွေး ကလေးကို မလုပ်ပါနဲ့"

ယောကျ်ားသံ၊ မိန်းမသံ ဝိုင်းဝန်းအော်ဟစ်သံများ

ပေါ်လာသည်။

ဘငွေး ကျန်နေရစ်သည်။

အောင်ကြီးကတော့ တောထဲမှတစ်ဆင့် တောင်ပေါ်

တက်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုံးကျောက်တောင်ဖြစ်၍ လိုဏ်ဂူကြီးများ ရှိသည်။

သို့သော် လိုဏ်ဂူထဲမှာ ဝင်မနေရဲ။ ကိုဘငွေး လိုက်ရှာပြီး အသေသတ်လိမ့်မည်ထင်၍ တောင်ထိပ်အထိ တက်သည်။

တောင်ထိပ်မှ အောက်သို့ လှမ်းကြည့်သည်။

တစ်စုံတစ်ယောက် လိုက်လာသည့် လှုပ်ရှားသံ မတွေ့ရ။

ခုမှ အဖေနှင့် အမေအတွက် ချုံးပွဲချငိုသည်။

အဖေ့ကို သတ်လိုက်တာလည်း မြင်ရသည်။ အမေကို သတ်လိုက်တာလည်း မြင်ရသည်။ အမေ့ကိုတော့ မသေ မချင်းသတ်တာ။

"ဟင်း...တောက်"

ကိုဘငွေးကို ဘယ်တော့မှ မကျေ။

သူ့ကိုလည်း မီလျှင် တွေ့လျှင် အသေသတ်လိမ့်မည်

အောင်ကြီး စိတ်မရဲသေး၊ ကိုဘငွေး လက်ချက် မသေချင်။

ပို၍မြင့်သော တောင်ကြီးပေါ်အထိ ဆက်တက်သွားလိုက်သည်။

xxxxx



အခန်း(၂၀)

သစ်ခုတ်သူက ခုတ်၊ ဝါးခုတ်သူ ခုတ်၊ သယ်သူက သယ်၊ ရွှေပန်းတော ရွာသားများ ဝမ်းသာအားရ လှုပ်ရှားနေကြသည်။

တစ်မနက်အတွင်းမှာပင် ဘုန်းတော်ကြီး ဦးမေဓာ၏ ကျောင်းဝင်းနှင့် ဘေးချင်းကပ်လျက် မြေကွက်လပ်မှာ သစ်ပုံ ဝါးပုံ ဖြစ်သွားသည်။

မြေညှိသူက ညှိ၊ ခြံကာသူက ကာ၊ တိုင်ထူသူက ထူ၊ ဝါးခွဲသူက ခွဲ၊ ထရံရက်သူက ရက်၊ မိန်းကလေးများက သက်ငယ်ပစ်သည်။

ကလေးများပင် ပါဝင်၍ ပျော်ရွှင်စွာ လုပ်အားလှူကြ


www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤအရပ်တွင် သစ်၊ ဝါး၊ သက်ငယ်၊ ဘာမျှ ဝယ်စရာ မလို။ တောထဲ တောင်ထဲမှာ အားလုံး အလကားရသည်။

ဘုန်းတော်ကြီး ဦးမေဓာကလည်း ရွှေပန်းတောတစ်ရွာလုံးကို ဩဇာရှိသည်။

ဘုန်းတော်ကြီး၏ စီစဥ်ညွှန်ကြားချက်အရ ရွာလူကြီး ဦးထွန်းမောင် ခေါင်းဆောင်၍ ရွာသူ ရွာသားများ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေးတစ်ဆောင် ဆောက်နေကြခြင်းဖြစ်သည်။ ယခင်က မသင့်မြတ်ကြသူများပင် စာသင်ကျောင်းကိစ္စမှာ အညီအညွတ် ပါဝင်လုပ်အားပေးနေကြသည်။

မိဘများကိုယ်တိုင် စာမတတ်ကြသော်လည်း ကိုယ့်သားသမီးများ ပညာသင်ရမည်ကို ဝမ်းသာကြသည်။

ကလေးများကလည်း စာသင်ရမည်ကို အထူးအဆန်းအနေနှင့် စိတ်ဝင်စားနေကြသည်။ ဒေါ်ညိုခင်၏ အိမ်ခြံစည်းရိုးမှ အကြိမ်ကြိမ်ချောင်းကြည့်၊ တွေ့မြင်ခဲ့ရသော ဆရာမချောချောလေးကိုလည်း၊ သဘောကျနေကြသည်။

ခုတော့ ဆရာမလေးနှင့်အတူ ဝါးသယ် ထရံသယ်ပြီး၊ ကျောင်းဝင်းထဲမှာ လှုပ်ရှားနေကြရပြီ။

စားပွဲ ကုလားထိုင်၊ သုံးထပ်ပြား၊ သင်ပုန်းကြီး၊ မြေဖြူခဲ၊ ဘောဖျက်၊ ဗလာစာအုပ်၊ ခဲတံ၊ ကျောက်သင်ပုန်း၊ ကျောက်တံ စသည့် ကလေးများ စာသင်ရာတွင် လိုအပ်မည့် ပစ္စည်းများဝယ်ယူရန် ဘုန်းတော်ကြီး ဦးမေဓာက ရွာမှ လူကြီးနှစ်





ယောက်ကို မန္တလေးသို့ စေလွှတ်လိုက်သည်။

မနေ့ကပင် ထင်းမော်တော်နှင့် လိုက်သွားကြပြီ။

အမှောင်လွှမ်းခဲ့သည့် ရွာကလေးမှာ အရုဏ်ဦး၏ရောင်ခြည်များကို မြင်နေရပြီ။

ကလေးများမှာ စာသင်ကျောင်းမရှိ၍ ပညာမသင်ရ၊ ပညာမသင်ရ၍ အသိအလိမ္မာမရ။

ငယ်စဥ်ကပင် ဝါးရုံပင်ရိပ်များမှာ ရှိနေသည့် ဖဲဝိုင်းများတွင် ထိုင်ငေးရင်း ဖဲရိုက်တတ်လာကြသည်။ ကြီးလာလျှင် အရက်သောက်တတ်လာကြသည်။

ထို့ကြောင့် ဤရွာကလေးမှာ အရက်သမား၊ ဖဲသမားတွေ များလာသည်။ ဓားစရိုက်မှုတွေ ထူပြောလာသည်။

ပညာမရှိ၍ သူများ ပြောသမျှ ယုံလွယ်သည်၊ အလိမ်အညာခံရသည်။

မြို့ပေါ်မှ ဖဲသမားများ၊ ပွဲစားများက ဤရွာသူ ရွာသားတို့၏ လုပ်အားမှရသော ငွေကို အလွယ်နှင့်ယူသွားကြသည်။

ယခုအထိ သစ်ဝါးပေါသေးသည်။ ရွှေကျင်၊ ထင်းခုတ်၊ မျှစ်ချိုးနှင့် ငွေရှာ၍ လွယ်သေးသည်။

နောင်တွင် တဖြည်းဖြည်းနှင့် သစ်ဝါးရှားသွားလိမ့်မည်။ အစိုးရကလည်း စည်းမဲ့ကမ်းမဲ့ ထင်းခုတ်၊ ဝါးခုတ်သည်ကို ထိန်းချုပ်လာလိမ့်မည်။ ထိုအခါ ဤရွာသားများ အခက်တွေ့လိမ့်မည်ကို ဘုန်းတော်ကြီး ဦးမေဓာက ကြို၍ စိုးရိမ်သည်။

ပညာတတ်လာလျှင် အသိအမြင် ကျယ်လာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားဆင်ခြင်နိုင်မှု ပိုရှိလာကြလိမ့်မည်။ ခြံကြီးများ၊ သီးနှံစိုက်ခင်းများနှင့် ကြီးပွားတိုးတက်လာအောင် ကြိုးစားကြစေချင်သည်။

ခုတော့ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း သမီးလေး ငြိမ်းအေး ရောက်လာပြီ။

စာသင်ကျောင်းလေး အကောင်အထည် ပေါ်တော့မည်။

စာသင်ကျောင်း အောင်မြင်ပြီးလျှင် ဤကျောင်းဝင်းထဲမှာပင် ဆေးပေးခန်းလေး ဆောက်မည်။

ဘုန်းတော်ကြီး ဦးမေဓာလည်း စာသင်ကျောင်းဆောက်ရာမှာ ပါဝင်၍ အကြံပေး လမ်းညွှန်နေသည်။

ခြေတစ်ဖက်မသန်သော ကပ္ပိယကြီး ဦးဘအေးပင် ထရံကူရက်နေသည်။

"ကလေးတွေအတွက် ထိုင်ခုံ၊ စာရေးခုံ လိုဦးမှာပေါ့ ဘုရား"

ကပ္ပိယကြီး ဦးဘအေးက ဘေးနားမှ လာရပ်သော ဘုန်းတော်ကြီးကို ထရံရက်ရင်း ပြောလိုက်သည်။

"လိုတာပေါ့၊ ဝါးထိုင်ခုံနဲ့ ဝါးစာရေးခုံပေါ့၊ ကိုယ့်တောရွာ သဘာဝအတိုင်းပေါ့"

"ကောင်းတယ် ဘုရာ့"

ဝါးခုံတန်းလေးများကို မြင်ယောင်၍ ဦးဘအေး သဘောကျနေသည်။





"မြို့ကျောင်းက ခုံတွေလိုတော့ ရွှေ့လို့ ပြောင်းလို့ မရဘူးပေါ့ ဒကာကြီးရယ်"

"ရွှေ့လို့မရလည်း နောက်တစ်နေရာမှာ ခုံရှိဖို့လိုရင် ထပ်လုပ်မှာပေါ့ ဘုရား၊ ဝါးတွေပေါတာပဲ"

ဝါးခွဲနေသော ဒကာကြီးတစ်ယောက်က သူ့သားနှစ်ယောက် ပညာရေးအတွက် စိတ်အားတက်နေသည်။

"ဆရာမလေး မလိုက်ခဲ့ပါနဲ့၊ ကျွန်တော်တို့ သွားသယ်ပါ့မယ်"

လမ်းတစ်ဖက်မှ တောင်ခြေတောစပ်သို့ ဝါးသယ်ရန် ငြိမ်းအေး လိုက်သွား၍ ကလေးများမှ မသွားရန် တားနေသည်။

"ရပါတယ် ကလေးတို့ရယ်၊ ဆရာမလည်း သယ်မှာပေါ့၊ ကလေးတို့နဲ့လိုက်ရတာ ပျော်စရာကောင်းလို့ပါ"

ငြိမ်းအေးနှင့် ကလေးများ အပြန်အလှန်ပြောနေသည်ကို ဘုန်းတော်ကြီး ဦးမေဓာက လှမ်းကြည့်ရင်း ကြားနေရသည်။

"ဆရာမလက်ဖြူဖြူလေးတွေ ယားကုန်မှာပေါ့"

"မယားပါဘူး ကလေးရယ်၊ ဆရာမလည်း ရွှေပန်းတောမှာ မွေးခဲ့တဲ့ ရွှေပန်းတောရွာသူပါပဲ"

"ရွှေပန်းတောရွာသူနဲ့ မတူပါဘူး၊ ဆရာမလေးက သိပ်ချောတာပဲ၊ သဘောလည်းကောင်းတယ်"

"ကလေးတို့လည်း ချောတာပါပဲကွယ်"

ဆရာမလေးနှင့် နေရသည်ကို ကလေးများ ပျော်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆရာမလေးနှင့် စကားပြောရသည်ကိုလည်း ကလေးများ သဘောကျသည်။

"ဘယ်နေ့ စာစသင်မှာလဲ ဆရာမ"

ကလေးတို့ စာသင်ချင်နေကြပါပြီ။

"တစ်ရက်နှစ်ရက်ဆိုရင် ဒီကျောင်းလေး ပြီးသွားမှာပဲ ပြီးတာနဲ့ စာစသင်မှာပေါ့"

"ဪ . . . ငါမျှော်လင့်ခဲ့တဲ့အတိုင်း သမီးကလေးက ဖြစ်လာခဲ့ရှာတယ်"

ဘုန်းတော်ကြီး ဦးမေဓာ၏ ရင်ထဲမှာ ကြည်နူးမိသည်။

ငြိမ်းနှင့် ကလေးများ လမ်းတစ်ဖက်သို့ ကူးသွားကြ သည်။

တစ်ရက်တည်း လူလေးယောက်သေခဲ့၍ ရွာပျက်မတတ် အထိတ်တလန့် ဖြစ်ခဲ့ရသော ရွှေပန်းတောမှာ ခတော စာသင်ကျောင်းလေးဆောက်ရာတွင် တစ်ရွာလုံး ပျော်ရွှင်နေ ကြသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ဗရုတ်ဗရက်ဖြစ်ခဲ့ သည့်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် ကိုရင်ကြီး ရှင်မေဓာ ရွှေ ပန်းတောရွာသို့ ရောက်လာခဲ့သည်။

လက်ထဲမှာ သွေးစွန်းသောဓားကို ကိုင်ထားသည့် လူ သတ်သမားကြီး ဘငွေးသည် သူ့မယားကိုထိ၍ မချိအောင်နာ ပြီး သတ်သူ့ သိန်းမြကိုသာမက သူ့ယောကျ်ားကိုပါ သတ် ပစ်ခဲ့သည်။





နောက်တစ်နေ့တွင် ရဲများရောက်လာသောအခါ အဖမ်းမခံဘဲ တောင်ပေါ်တက်ပြေး ခုခံသောကြောင့် ရဲများက ပစ်ခတ်ရ၍ သူကိုယ်တိုင်လည်း သေဆုံးသွားခဲ့ရသည်။

"ဪ . . . ဒေါသနဲ့ မာနကြောင့် ဖြစ်ခဲ့ရတဲ့ အကုသိုလ် ဒုစရိုက်တွေ"

ဤဖြစ်ရပ်ဖြစ်ပြီးသည့်နောက် ရွှေပန်းတောတွင် ကိုဘငွေး၊ မမြရင်တို့၏ အမျိုးများနှင့် ကိုလှကြီး၊ မသိန်းမြတို့၏ အမျိုးများ အမုန်းအငြိုးကြီးမားလာခဲ့ကြသည်။ တစ်နည်းရှိတိုင်း ရန်ဖြစ်ကြ၊ ရိုက်ကြ၊ နှက်ကြ၊ ထိုးကြ၊ ခုတ်ကြ ဖြစ်ကုန်ကြ သည်။ ကြာလာသောအခါ ဆွေမျိုးစုတစ်ဖက်နှင့်တစ်ဖက် လုံးဝ မခေါ်ကြ မပြောကြသော ရန်သူတွေ ဖြစ်လာကြသည်။

ရွှေပန်းတောရွာမှာလည်း အမုန်းအငြိုးကြီးသောရွာ အသတ်အပုတ်များသောရွာ၊ ဒုစရိုက်မှုများသော ရွာအဖြစ် နာမည်ပျက်လာသည်။

ရွှေပန်းတောဆိုလျှင် လူဆိုး၊ လူမိုက်တွေ နေသော နေရာ၊ မသွားအပ်သောနေရာ၊ ကြောက်စရာကောင်းသောနေ ရာ၊ စရိုက်ကြမ်းသောအရပ်ဟု လူအများက သတ်မှတ်ပြော ဆိုလာကြသည်။

ပညာရေးဌာနက ရွှေပန်းတောကို စာသင်ကျောင်း ဖွင့်ပေးချင်သည်။ သို့သော် ဘယ်ဆရာ၊ ဆရာမမှ မသွားချင်၊ သွားဝံ့သူမရှိ။

ရွှေပန်းတောကို အပြင်မှလူလာလျှင် ဒုစရိုက်သမား



www.burmeseclassic.com

www.burmeseclassic.com

များသာ ဖြစ်သည်။

ထိုအခါ ရွှေပန်းတော၏အမည်မှာ ပို၍ပျက်လာသည်။

အခုတော့ ဝရမ်းပြေး လူသတ်သမား ဘငွေး၏ သမီးလေးက ရွှေပန်းတောကို အလှဆင်ဖို့ ကြိုးစားနေရှာသည်။

ရွာသူရွာသားများကို ဝမ်းသာပျော်ရွှင်အောင် လုပ်နေရှာသည်။

အနှစ်နှစ်ဆယ်ဆိုသော ကာလသည် တွေးကြည့်လျှင် ဘာမှ မဝေးသေးသလို ထင်ရသည်။

လူလေးဦး လင်မယားနှစ်စုံ သရဏဂုံ တင်ပေးခဲ့သော နေ့။

ထိုနေ့မှာပင် ကိုဘငွေး၊ မမြရင်တို့မှ ကျန်ရစ်ခဲ့သော လေးလသမီးလေး၏ ကိစ္စကိုလည်း တာဝန်ယူ၍ စဉ်းစားဆုံးဖြတ်ပေးခဲ့ရသည်။

ကလေးမရှိ၍ ကလေးလိုချင်နေကြသော ကိုသိန်းမောင်၊ မညိုခင်တို့ လင်မယားကိုပေးပြီး အမွေးခိုင်းရသည်။ နာမည်အတည့်တကျမရှိ၍ လူအားလုံး ငြိမ်းအေးသွားအောင် ကလေးနာမည်ကို ငြိမ်းအေးဟု မှည့်ပေးလိုက်သည်။

နောက်မှ သမီးလေး ငြိမ်းအေးကို ပညာရေးအတွက် ရန်ကုန်သို့ ပို့ခဲ့ရသည်။

ပြီးတော့ ကိုယ်တိုင်လည်း ရွှေပန်းတောရွာလေးမှာ ရွာသူရွာသားတို့၏ ကိုယ်ကွယ်အားထားရာ ဘုန်းတော်ကြီး ဦးမေဓာဖြစ်သည်။



သမီးလေး ငြိမ်းအေးကလည်း ဖခင်ကြောင့် ညစ်ထေးခဲ့သော ရွှေပန်းတောကို အရောင်တင်ရန် ရွာသူရွာသားများ သင့်တင့်ညီညွတ်ရေးကို စာသင်ကျောင်းလေးနှင့် ဆောင်ရွက်ပေးရန် ရွာပြန်ရောက်လာသည်။

"ဟောတော့ . . ."

"ဟင် . . ."

ဝါးနှစ်လုံးကိုသယ်၍ လမ်းဖြတ်ကူးလာသော ဆရာမလေး ငြိမ်းအေး။ လူတစ်ယောက်ကို ဝါးလုံးနှင့် ထိုးမိမလို ဖြစ်သွားသည်။

ထိုလူက အံ့အားသင့်သော်လည်း အချိန်မီ ရှောင်လိုက်နိုင်သည်။

ပြီးတော့ ငြိမ်းအေးကို ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။

"သူက ဘယ်သူလဲကွ၊ ငါမသိပါလား"

ထိုလူက သူ့နောက်မှ ပါလာသူကို လှမ်းမေးသည်။

"အဲဒါပေါ့ဗျ၊ ကျွန်တော်ပြောတဲ့ ဆရာမလေးဆိုတာ"

နောက်မှလူက ဖြေသည်။

"ဟင် . . . ဟုတ်လား၊ အင်း . . . မင်းပြောတာ မှန်တယ်၊ တကယ်လှတာပဲကွ"

ရှေ့မှလူသည် ရီဝေသော မျက်လုံးများနှင့် ငြိမ်းအေးကို ငေးစိုက်ကြည့်နေသည်။

"အို . . ."


www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေး ရုက်ကြောက်စိတ် ဖြစ်မိသည်။

"ဟာ . . .ဆရာမ သူတို့က အမူးသမားတွေ"

ကလေးတစ်ယောက်က ငြိမ်းအေး လက်ကို ဆွဲခေါ်သွားသည်။

အမူးသမားမှာ ကလေးကို မကျေနပ်သော်လည်း ကလေး၏ စကားမှန်နေ၍ ဘာမျှမပြောတော့ဘဲ ရှေ့ဆက်သွားကြသည်။

"အဲဒီလူကြီး သိပ်တော့ မမူးဘူးထင်တယ်"

ကောင်လေးတစ်ယောက်၏ ထင်မြင်ချက်။

"မူးတာပေါ့"

မိန်းကလေးတစ်ယောက်က မကျေနပ်။

"သိပ်မမူးလို့ ငါတို့ ဆရာမလေးလှတာကို သူသိတာပေါ့ဟ၊ မတွေ့ဘူးလား၊ မျက်လုံးကြီးတွေကို ပြူးနေအောင် ကြည့်သွားတာ"

ပြောသောကလေးက မျက်လုံးပါပြူးပြ၍ ကျန်ကလေးများအားလုံးရယ်ကြသည်။ ငြိမ်းပါကလေးများနှင့်ရောပြီးရယ်မိသည်။

ကျောင်းဝင်းထဲမှာ ရပ်နေသော ဘုန်းတော်ကြီး ဦးမေဓာက လမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။

ဝါးသယ်ရင်း ပျော်ရွှင်စွာ ရယ်မောနေသောကလေးများနှင့်အတူ သမီးလေးငြိမ်းအေးကို တွေ့ရသည်။

"ဩော် . . .ကောင်းလေစွ"

ရင်ထဲမှာ ဝမ်းသာကြည်နူး ဖြစ်ရသည်။





အခန်း(၂၀)

အောင်ကြီး အရက်ဖန်ခွက်ကိုချပြီး ငါးကြော်ဝိုက်သားကို ဖဲ့ယူလိုက်သည်။

"ဟေ့ကောင် စံသိန်း၊ ငါတို့တွေ့ခဲ့တာ မင်းပြောတဲ့ ဆရာမလေး သေချာတယ်နော်"

"သေချာပါတယ်ဗျာ၊ ဒီရုပ်မျိုးက ဒီရွာမှာ မှားစရာ နှစ်ယောက်မရှိပါဘူး"

အောင်ကြီးနှင့် စံသိန်းပြောနေသည်ကို ဆိုင်ရှင် ဦးချစ်တီး ကြားနေရသည်။

"အေး . . .မင်းပြောတာ ဟုတ်တယ်၊ ဒီရုပ်မျိုး နှစ်ယောက်မရှိဘူး။ လှတာကတော့ တော်တော်လှတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး၏ မျက်နှာကို အောင်ကြီး မြင်ယောင်နေသည်။

အားနာနေသော မျက်နှာ။

တောင်းပန်သော မျက်နှာ။

ရှက်သွားသော မျက်နှာ။

အောင်ကြီး ငါးကြော်ကိုဝါးရင်း သူ့ဖန်ခွက်ထဲသို့ အရက်ထပ်ထည့်သည်။

"သူ့နာမည်က ဘယ်သူကွ"

"ငြိမ်းအေးတဲ့၊ ဘုန်းကြီး ဦးမေဓာပေးတဲ့ နာမည်၊ အားလုံးငြိမ်းအေးသွားအောင်လို့ ပေးတာတဲ့"

"မငြိမ်းအေးဘူးကွ၊ ငါ့ရင်ထဲမှာ ပူလောင်နေတယ်"

စံသိန်းက အောင်ကြီးမျက်နှာကိုကြည့်ပြီး အကဲခတ်နေသည်။

အောင်ကြီးက ဆိုင်အပြင် အဝေးဆီသို့ငေးရင်း တွေးနေသည်။

ကိုဘငွေးကို သိပ်မုန်းတယ်။ သူ့အဖေနှင့် အမေကို သူ့ရှေ့မှာတင် သတ်ခဲ့သည်။

သူ့အမေကို ပိုပြီး ရက်ရက်စက်စက် သတ်ခဲ့သည်။

သူ့ကိုလည်း အသေသတ်ရန် ဓားနှင့်လိုက်သည်။

သူတောင်ပေါ်အထိ တက်ပြေးရသည်။ ကြောက်လွန်း၍ တောင်အောက်ကို ပြန်မဆင်းရဲ။ တောင်ပေါ်မှာပင် အိပ်ရသည်။ ထိုညက ဘာမှမစားရ။



နောက်နေ့များမှာလည်း ရွာမပြန်ရဲ၊ တောထဲမှာပဲ ရရာစားပြီး ငါးရက်ကြာခဲ့သည်။

ထင်းခုတ်သူများနှင့်တွေ့မှ ကိုဘငွေးကို ရဲများ ပစ်ခတ်၍ သေပြီဟု သိရသည်။

အဖေနှင့်အမေ အသတ်ခံရသော ရွှေပန်းတောရွာမှာ မနေချင်။ နေစရာလည်း ဆွေမျိုးမရှိ။ အဖေ၏အစ်ကို ကျွဲနဖားမှ ဘကြီးလာခေါ်၍ ကျွဲနဖားမှာပင် နေခဲ့ရသည်။ ဘကြီးက ကျောင်းဆရာဖြစ်၍ ကျောင်းထားပေးသည်။ လေးတန်းအောင်တော့ ကျောက်မီးရွာအလယ်တန်းကျောင်း ဆက်ထားပေးသည်။ ရှစ်တန်းအောင်ပြီးတော့ အောင်ကြီး ကျောင်းဆက်မနေချင်။ ရွှေပန်းတောအဆက်နှင့် ထင်းပွဲစားလုပ်သည်။ ဝင်ငွေကောင်းသည်။

ကြီးလာမှတော့ ရွှေပန်းတောမှာ ပို၍ အနေများလာသည်။ ထင်းပွဲစား ဝါးပွဲစားလုပ်ရင်း ပို၍ ဝင်ငွေကောင်းလာသည်။ ရွှေပန်းတောကလူများက စာမတတ်၊ ဘာမှုမသိ၊ အောင်ကြီးအတွက် ဟန်ကျနေသည်။ မန္တလေးမှ လောင်ကစားသမားများခေါ်၍ ဖဲဝိုင်း၊ ဂျင်ဝိုင်း ထောင်ပေးသည်။ အကောက်အစားအများကြီးရသည်။

ကိုယ့်ဘဝကိုယ် ကျေနပ်၍ အချိန်တွေကြာလာသည်နှင့်အမျှ ကိုဘငွေးကို မေ့သလောက်ရှိနေမှ သူ့သမီးကို မြင်တော့ ကိုဘငွေးကို မုန်းတီးစိတ်များ ပြန်ပေါ်လာသည်။

သူ့သမီးက ဤရွာမှာ ဆရာမလုပ်မည်ဆိုသည်။

www.burmeseclassic.com



ညနေကတော့ တိုက်တိုက်ဆိုင်ဆိုင် အလွန်မုန်းသူ၏ သမီးကို သွားတွေ့ရသည်။

သိပ်လှသော မိန်းကလေးဖြစ်နေသည်။

သူ့ကို ဝါးလုံးနှင့် ထိမည်ဖြစ်သွား၍ အားနာသော မျက်နှာလေး။

မြင်မြင်ချင်း သဘောကျမိသည်။

စံသိန်းကို မေးကြည့်မှ ကိုဘငွေးသမီးမှန်း သိရသည်။

သိသည်နှင့် ရင်ထဲမှာ တင်းခနဲ ဖြစ်ရသည်။

ကိုဘငွေးကို မုန်းတီးသောစိတ်က ကြီးလွန်းသည်။ သူ့သမီး သူ့သွေးဆိုသည်နှင့် အမုန်းစိတ်များ ဝင်လာသည်။

"ကိုဘငွေးကို လက်စားချေဖို့ ဒီကောင်မလေးကို သတ်ပစ်ရမလား"

တစ်ရွာလုံး ပြဿနာ ဖြစ်ကုန်ကြလိမ့်မယ်။

ယခုလုပ်နေသော စာသင်ကျောင်းက ဘုန်းကြီးဦး မေဓာ၏ အစီအစဉ်ဖြစ်သည်။

ဘုန်းတော်ကြီး ဦးမေဓာကို တစ်ရွာလုံး တစ်နယ်လုံး ကျွဲနဖားအထိ လေးစားသည်။

နောက်ပြီး ကိုဘငွေးကိုမုန်း၍ သူ့သွေးကို မုန်းသော် လည်း ညနေက မြင်ရသည့် ချောချောလှလှ ဆရာမလေးကို ရက်ရက်စက်စက် သတ်ဖြတ်ရန် စဉ်းစား၍မရ။

"ကိုအောင်ကြီး ခင်ဗျားဘာတွေ စဉ်းစားနေတာလဲ"

စံသိန်းက သတိပေးသည်။





"ချလေဗျာ၊ သောက်လေ"

စံသိန်းက ထပ်ထည့်နေရပြီး အောင်ကြီးခွက်မှာ အရာမယွင်းသေး။

"ငါ ကိုဘငွေးကို မုန်းတယ်ကွာ၊ သိပ်မုန်းတယ်"

အောင်ကြီးရင်ထဲမှ ခံစားချက်များ ပွင့်ထွက်လာသည်။

"အဲ့ဒီလူက သေတာကြာပြီပဲဗျာ၊ ခင်ဗျားမိဘတွေကို သတ်သလို သူလည်း အသတ်ခံရတာပဲ၊ ဒါတွေ မေ့ထားလိုက် ပါတော့"

စံသိန်းက အာလေးလျှာလေးနှင့် ဖြောင်းဖျနေသည်။

"ငါလည်း မေ့ထားတာပဲကွာ၊ မေ့နေတာတောင် ကြာ ပြီ ခု. . .သူ့သမီးကို တွေ့ရတော့မှ သူ့ကို မုန်းတဲ့စိတ်တွေ ပြန်ပေါ်လာတာကွ၊ ငါဒီလူကို လက်စားချေချင်တယ်"

အောင်ကြီး မျက်နှာတင်းမာ၍ အောင်ကြီး၏ မျက်လုံး များမှာ အရက်ခိုးနှင့် ဒေါသအခိုးများ ရောထွေးနေသည်။

"ဟာ. . .ကိုအောင်ကြီး၊ ဒီဆရာမလေးကိုတော့ ဘာ မှ မလုပ်ပါနဲ့ဗျာ၊ သူ့မှာ ဘာအပြစ်မှရှိတာ မဟုတ်ပါဘူး"

"ဒါပေမယ့် သူက ဘငွေးရဲ့သွေးကွ"

"ဟာ. . .အဲဒီလိုပြောရင်တော့ သူ့အမေလည်း ခင်ဗျား အမေကြောင့် သေရတာပဲဗျာ၊ အဲ့ဒီဖြစ်ရပ်ကြီးမှာ ခင်ဗျား မိဘ မဲ့ဖြစ်ရသလို သူလည်း မိဘမဲ့ဖြစ်ရတာပဲ၊ သူ့ကိုတော့ ရန်သူ လို သဘောမထားပါနဲ့ဗျာ၊ သူနဲ့ ခင်ဗျားနဲ့က ကံတူအကျိုး ပေးတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ ကံတူအကျိုးပေး ဟုတ်လား"

"ဟုတ်တယ်၊ ကံတူအကျိုးပေး"

အောင်ကြီးစိတ်ထဲမှာ အတွေးတစ်မျိုး ဝင်လာသည်။

"ကောင်းတယ်၊ အဲဒါ အကောင်းဆုံး"

အောင်ကြီးနှုတ်မှ အသံထွက်သွားသည်။

"ဘာကောင်းတာလဲဗျ၊ ကိုအောင်ကြီး မဟုတ်တာတွေ တော့ မလုပ်ပါနဲ့ဗျာ"

"မဟုတ်တာ မဟုတ်ဘူးကွ၊ သိပ်ဟုတ်တာ"

စံသိန်း နားမလည်ပါ။

အောင်ကြီးကတော့ သူ့ရင်ထဲမှာ အနိုင်အမာ ဆုံး ဖြတ်ချက်ချပြီး ဖြစ်နေသည်။

အလွန်မုန်းသော ဘငွေးကိုလည်း လက်စားချေခွင့် ရမည်။

ဘုန်းတော်ကြီး ဦးမေဓာအပါအဝင် တစ်ရွာလုံးနှင့်လည်း ပြဿနာဖြစ်စရာ မရှိ။ ရက်စက်မှုလည်း မဟုတ်။

မိန်းမချောလေးကိုလည်း ပိုင်ရမည်။

ဆရာမလေး ငြိမ်းအေးကိုလည်း မရရသည့်နည်းနှင့် နိုးပြေးပြီး ပေါင်းသင်းရန် ဆုံးဖြတ်လိုက်သည်။

နောင်ပြဿနာဖြစ်၍ မကျေမနပ် ပြောလာလျှင် . . .

"ကျုပ်တို့က ကံတူအကျိုးပေးမို့ နှစ်ဦးနှစ်ဖက် ငြိမ်းအေး ပြီး အမုန်းတွေပျောက်ကုန်အောင် လုပ်တာပါ"ဟု အကြောင်း ပြမည်။





"ဖြောင်း . . ."

ကိုယ့်အတွေးကို သဘောကျ၍ စားပွဲကို လက်ဝါးနှင့် ရိုက်ပစ်လိုက်သည်။

"ဟာ . . . ဟာ . . . ကိုအောင်ကြီး ခင်ဗျားဟာကလည်း ဗျာ"

စားပွဲပေါ်မှ အရက်ခွက်များလဲကျပြီး အရက်များ ဖိတ် စင်ကုန်သည်။

"ဒီလောက် ဒေါသမကြီးပါနဲ့ဗျာ"

စံသိန်း ကြောက်လာသည်။

"စိတ်ချ စံသိန်း၊ ငါ ဒေါသမကြီးဘူး၊ ရက်စက်တာ တွေ ဘာမှမလုပ်ဘူး၊ ကြင်နာတဲ့အလုပ်ပဲ လုပ်မယ် ဟား . . . ဟား . . . ဟား . . ."

အောင်ကြီး ဟားတိုက်ရယ်လိုက်သည်။

သို့သော် သူဘာကြံစည်၍ ဘာဆုံးဖြတ်ထားသည်ကို လုံးဝထုတ်မပြောဘဲ နေလိုက်သည်။

အောင်ကြီးက လူပါး၊ ဆိုင်ရှင် ဦးချစ်တီး နားစွင့်နေ သည်ကို သတိထားမိသည်။

အရက်ခွက်ထဲသို့ အရက်ထည့်ပြီး ကျေနပ်အားရစွာ မော့ချလိုက်သည်။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

စက်တပ်လှေလေးတစ်စင်း တထုန်းထုန် အသံပေး၍ ရွှေပန်းတောရွာလေး၏ ရေချိုးဆိပ်မှာ ဆိုက်ကပ်လာသည်။

လှေပေါ်မှ လူငယ်တစ်ယောက် ဆင်းလာသည်။

ဂျင်းဘောင်းဘီရှည်နှင့် တီရှပ်နှင့် . . .

မြစ်ဆိပ်မှတက်ပြီး မြစ်ကမ်းပါးပေါ်ရောက်သည်နှင့် ကိုချစ်တီး၏ စားသောက်ဆိုင်ကို တွေ့ရသည်။

"ဟာ . . . လင်းပါလား ဟေ့၊ လာလေ ဘာစားမလဲ"

လင်းထွန်း ဆိုင်ထဲဝင်လိုက်သည်။ မနက်ပိုင်းမို့ ဆိုင်ထဲ စားသူရှင်းနေသည်။

"ဘာမှ မစားသေးဘူး ကိုချစ်တီး။ ဒီရွာမှ ငြိမ်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရှိတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ ငါးရက်လောက်က မှ ရောက်လာတာလေဗျာ"

"ဟာ . . . သတင်းတိကျလှချည်းလား၊ လင်းက စုံ ထောက်လား"

"တိကျတယ် ကိုချစ်တီးရေ၊ သူက အဲ့ဒီနေ့က ကျွန် တော့်လှေနဲ့ ပါလာတာ"

"ထင်းမော်တော်နဲ့ ပါလာတာ မဟုတ်ဘူးလား"

"ကျွန်တော့်လှေ စက်ပျက်လို့ သူရော၊ ကျွန်တော် ရော ထင်းမော်တော်နဲ့ လိုက်လာကြတာ၊ ခုမှ လှေစက်ကောင်း လို့ စက်စမ်းရင်း ရောက်လာတာ"

"လင်းနဲ့ အဲ့ဒီဆရာမလေးက ရင်းနှီးလား"

"ဗျာ . . . သူက ဆရာမ"

လင်းထွန်း အံ့သြသွားသည်။

"ဟာ . . . အတူလာတယ်ဆိုပြီး လင်း သူ့အကြောင်း ဘာမှ မသိဘူးလား"

"ကျွန်ဖားကနေ လှေကြုံလိုက်လာတာလေဗျာ၊ သူ့ကို ငြိမ်းလို့သိတယ်၊ ငြိမ်းအဖြစ်နဲ့ ရင်းနှီးတယ်၊ ဒီပြင်တော့ ဘာမှ မသိဘူး"

"အင်း . . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ရှုပ်ခဲ့တဲ့ ဇာတ်လမ်း၊ ဒီရွာမှာ နောက်တစ်ခါ ပြန်ရှုပ်ဦးမယ် ထင်ပါ ကွာ"

"အဲ့ဒါက ဘာတွေလဲ ကိုချစ်တီး၊ ဘာအဓိပ္ပာယ်လဲ"





လင်းထွန်း နားမလည်ပါ။

"အင်း . . . လင်းထွန်းပါလာရင် ဒီဇာတ်လမ်းက ပိုရှုပ် ဦးမယ်"

"ဟာ . . . ကိုချစ်တီး၊ ခင်ဗျားဟာက ဘာတွေမှန်းလဲ သိဘူး"

"ကဲ . . . အဲဒါဆို ထိုင်ဦး"

လင်းက စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

ကိုချစ်တီးက ရေနွေးကြမ်းကရားအိုးယူပြီး လင်း အတွက် ဖန်ခွက်ကြီးတစ်ခွက် ငှဲ့ထားပေးသည်။

"သောက်ကွာ . . ."

ကိုချစ်တီးက လင်းထွန်းထိုင်သော စားပွဲမှာ ဝင်ထိုင် သည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဒီရွာမှာ လူသတ်မှုကြီး တစ်ခုဖြစ်တယ်၊ လူလေးယောက် သေတယ်၊ အဲဒါရော ကြား လား"

"ကြားဖူးတယ်၊ ထင်းမော်တော်သမားတွေ ပြောပြတာ"

"အေး . . . အဲဒီမှာ ဝရမ်းပြေးဘဌေးဆိုတာက သူ့ ...ကို သတ်လို့ဆိုပြီး လင်မယားနှစ်ယောက်စလုံးကို သတ် ...လိုက်တယ်၊ သူလည်း ရဲဖမ်းတာ ခုခံလို့ ပစ်ကြခတ်ကြနဲ့ ...သွားတယ်"

"အဲဒီတော့ . . ."

"အေး . . . အဲဒီတော့ လင်းနဲ့အတူလိုက်လာတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆရာမလေး ချောချောလေးက အဲဒီ ဝရမ်းပြေးလူသတ်သမား ဘငွေရဲ့ သမီး"

"ဗျာ..."

လင်းထွန်း သိပ်ကို အံ့သြသွားသည်။

"ဒါပေမယ့် သူ့ပုံက ပညာတတ်"

"ဟုတ်တယ်...ဘုန်းကြီး ဦးမေဓာက ရန်ကုန်ပို့ပြီး ပညာတတ်အောင် သင်ပေးတာ၊ ခု ပညာတတ်လာတော့ ဘုန်းကြီးရဲ့ ဆန္ဒအတိုင်း ရွာကိုလာပြီး ကလေးတွေ စာသင်ပေးမယ့် ခု ကျောင်းတောင် ဆောက်နေကြသည်။"

"ဟာ...ဒါဆို သိပ်ကောင်းတာပေါ့ဗျာ"

ခုမှ လင်းထွန်း ဝမ်းသာသွားရသည်။

ဝရမ်းပြေး လူသတ်သမား၏ သမီးဖြစ်ခြင်းကို လင်းထွန်း ဂရုမစိုက်ပါ။ ငြိမ်းလာသည့် ရည်ရွယ်ချက်နှင့် လုပ်ရကောင်းမွန်သည်ကိုသာ ဝမ်းသာသည်။

"ဒါပေမယ့် ဇာတ်လမ်းက ဆက်စရာ ရှိသေးတယ် လင်းရေ"

"ဘာတွေလဲဗျ"

"ဒီရွာမှာ ဝရမ်းပြေးဘငွေသတ်လို့ သေသွားတဲ့ ကိုလှကြီးနဲ့ မသိန်းမြတို့ရဲ့သား အောင်ကြီးဆိုတာ ရှိနေတယ်"

"ရှိနေတော့ ဘာဖြစ်လဲဗျ"

"အောင်ကြီးက သူ့အဖေနဲ့အမေသတ်တဲ့ ဘငွေကို မကျေဘူး။ လက်စားချေချင်တယ်"





"ဘာလဲ ငြိမ်းကိုလား"

"အေး...အဲဒါဟာ သူ့ရန်သူ ဘငွေရဲ့သွေးတဲ့"

"ဟာ...အဓိပ္ပာယ်မရှိတာဗျာ၊ သူလုပ်ချင်တိုင်း လုပ်လို့ရမလား၊ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ"

"မင်းမဲ့တိုင်းပြည် မဟုတ်ပေမယ့် ဒီနေရာတွေက သွားလာဆက်သွယ်ရေး ခက်တယ်လေကွာ၊ ပြီးတော့...ဒီကောင်တွေက ဖဲဝိုင်းထောင်၊ ဂျင်ဝိုင်းထောင်၊ လူမိုက်တွေနဲ့ ပေါင်းနေတာ"

"ဟာ...လူမိုက်လည်း ဘာလို့ကြောက်ရမှာလဲဗျာ၊ ဒီမှာလည်း လူတွေအများကြီးနဲ့ နေကြတာပဲ၊ အဲဒီလိုလုပ်လို့ကတော့ လုံးဝပဲ ကိုချစ်တီး၊ သတ္တိရှိရင် လုပ်ကြည့်ပေါ့။"

"ဒါကြောင့်မို့ ဒီဇာတ်လမ်းမှာ လင်းလည်းပါလာရင် ပိုရှုပ်မယ်လို့ ပြောတာပေါ့။"

"နေပါဦး အဲဒါ ကိုအောင်ကြီးဆိုတဲ့လူက ခု ဒီရွာမှာလား"

"ဟုတ်တယ်"

"သူက လက်စားချေချင်တယ်ဆိုတာ ကိုချစ်တီး ဘယ်သူ့ကို ပြောတာလဲ"

"ဘယ်သူ့မှ မပြောဘူး။ သူနဲ့ သူ့သူငယ်ချင်း ဒီဆိုင်မှာ အရက်လာသောက်ရင်း ပြောတာကို ငါကြားတာ"

ငြိမ်းအတွက် လင်းထွန်း စိုးရိမ်စိတ် ဖြစ်ရသည်။

"ဒါပေမယ့် အဲ့ဒီထဲက သူ့သူငယ်ချင်း စံသိန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတွေ မလုပ်ဖို့ ပြောတယ်၊ သူက မဟုတ်တာမလုပ်ဘူး မစိုးရိမ်နဲ့၊ ဟုတ်တာပဲလုပ်မယ်လို့ ပြောတယ်၊ သူ့စိတ်ထဲမှာ အကြံအစည်တစ်ခုခု ရှိပုံရတယ်၊ အဲဒါ လင်းဘာမှမသိဘဲနဲ့ ပြဿနာထဲကို ဝင်တိုးမိမှာစိုးလို့ သတိပေးတာ၊ ငါပြောတယ်လို့ ဘယ်သူမှ မပြောနဲ့"

"မပြောပါဘူး စိတ်ချပါ"

"ငါက လင်းကို ခင်လို့သာပြောတာ၊ သူတို့က ငါ့ဖောက်သည်တွေ"

"ကျွန်တော် နားလည်တယ် ကိုချစ်တီး၊ ခင်ဗျားကိုသိပ်ကျေးဇူးတင်တယ်၊ ဒါနဲ့ ငြိမ်းဘယ်မှာလဲ၊ ဘုန်းကြီးကျောင်းမှာလား"

"မဟုတ်ဘူး၊ ယယ်ယယ်ကတည်းက သူ့ကို မွေးစားတဲ့ ကိုသိန်းမောင်၊ မညိုခင်တို့အိမ်မှာ၊ ဒါပေမယ့် ခုချိန် အိမ်မှာရှိမှာမဟုတ်ဘူး"

"ဘယ်မှာလဲ"

"ဒီကတည့်တည့်သွား၊ ရှေ့ကတော့ တောင်ခြေဘုန်းကြီးကျောင်းသွားတဲ့ လမ်းကိုလိုက်၊ ဘုန်းကြီးကျောင်းဘေးမှာ စာသင်ကျောင်းဆောက်နေတာ ရှိတယ်၊ အဲဒီမှာ ရှိလိမ့်မယ်"

"ကျေးဇူးပဲ ကိုချစ်တီး"

လင်းထွန်း ဆိုင်ထဲမှ ထွက်လာခဲ့သည်။

လမ်းလျှောက်သွားပုံက မြန်သည်။

xxx



အခန်း(၂၃)

စာသင်ကျောင်းလေးမှာ အတော်ပင် ပြီးနေပြီ။

သက်ငယ်မိုးနေကြသည်။

မိန်းကလေးများက သယ်ငယ်ပေးနေကြသည်။

"အို. . .ဟိုမှာ"

ကလေးများနှင့်အတူ သက်ငယ်မိုးနေသော ငြိမ်း။

လင်းထွန်း ကျောင်းဝင်းထဲ ဝင်သွားသည်။

"ငြိမ်း. . ."

"ဟယ်. . .လင်း. . .လင်းလိုက်လာတယ်"

ငြိမ်း သက်ငယ်များကို အမြန်သွားပို့ပြီး လင်းထွန်းထံရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"မျှော်လိုက်ရတာ လင်းရယ်၊ ဘယ်နေ့များ ရောက်လာမလဲလို့"

ငြိမ်းက ရင်ထဲရှိသည်ကို အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

လင်းထွန်း ဝမ်းသာမိသည်။

"တကယ်ပဲလား ငြိမ်းရယ်"

ငြိမ်းက ခေါင်းညိတ်ပြသည်။

"လေ့ကောင်းသွားပြီလား"

"ကောင်းကောင်းခြင်း လာခဲ့တာပဲလေ"

ခပ်လှမ်းလှမ်းမှ ကလေးများက ငြိမ်းနှင့်လင်းကို လှမ်းကြည့်နေကြသည်။

"လာ . . . ဘဘုန်းဘုရား သွားကန်တော့ရအောင်"

ငြိမ်းက လင်းကို ဘုန်းကြီးကျောင်းဘက်သို့ ခေါ်သွားသည်။

ကျောင်းပေါ်တက်ပြီး ဘဘုန်းဘုရားကို ကန်တော့ကြသည်။

"သြော် . . . ဒကာမလေးက ခြံသမားလေးနဲ့ သိနေတာကိုး"

ငြိမ်းက လင်းလေ့နှင့် ခရီးကြုံလိုက်ခဲ့ရမှု သိကျွမ်းခဲ့ကြောင်း ပြောပြသည်။ သို့သော် လေ့ပျက်သောကိစ္စ၊ သောင်ပြင်မှာ တစ်ညနေခဲ့ရသော ကိစ္စများကို မပြောဖြစ်ပါ။

ဘဘုန်းဘုရား ကျောင်းပေါ်ကဆင်းပြီးတော့ စမ်းချောင်း





လေးအတိုင်း တောင်ခြေဘက်သို့ ဆက်လျှောက်ခဲ့ကြသည်။

ကျောင်းဆောက်သူများ၏ အသံများ နောက်မှာ ဝေး၍ ကျန်ရစ်သည်။

စမ်းရေအေးအေးလေးကို ဖြတ်၍ ကျောက်တုံးများပေါ်မှတစ်ဆင့် အထက်သို့ ဆက်တက်ခဲ့ကြသည်။

ကျေးငှက်ကလေးများ တေးသီနေကြသည်။

စမ်းချောင်းဘေးမှာ တောပန်းလေးများ လှပစွာပွင့်လန်းလျက်။

တောင်မရိပ်ပင်အောက်မှ ကျောက်တုံးပေါ်မှာ ငြိမ်းထိုင်လိုက်သည်။ ငြိမ်းက စမ်းရေအေးအေးမှာ ရပ်လျက်။

တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

အကြည့်မျက်လုံးများတွင် ခံစားနားလည်မှုများနှင့်။

"ကျွန်တော် ခြံကို ပြန်ရောက်ကတည်းက ငြိမ်းကို တစ်ရက်မှ မမေ့ဘူး။ အချိန်တိုင်း သတိရနေတယ်"

"ငြိမ်းလည်း လင်းကို သတိရနေတာပဲ"

တစ်ယောက်ကိုတစ်ယောက် ဟန်ဆောင်ခြင်းကင်းစွာ ဝန်ခံနေမိကြသည်။

"ကျွန်တော် ငြိမ်းအကြောင်းတွေအားလုံး သိပြီးပြီ"

"ရှင် . . ."

ငြိမ်းရင်ထဲမှာ စိုးရိမ်စိတ်လေး ဖြစ်မိသည်။

"ငြိမ်းဟာ ရွှေပန်းတောမှာမွေးတဲ့ ရွှေပန်းတောသူ"

ငြိမ်းက ခေါင်းညိတ်ပြသည်။ မျက်လုံးများမှာ အား


www.burmeseclassic.com

www.burmeseclassic.com



ငယ်ရိုပ်ကလေးများနှင့် သူ့ဖခင်ကို အကြောင်းပြုပြီး သူ့ကို အထင်သေးမှာ စိုးနေသည်။

"ငြိမ်းမိဘတွေက ဒီရွာလေးမှာ ကြွေကွဲစရာအဖြစ်ဆိုးတွေနဲ့ ကြုံခဲ့ရတယ်"

လင်းထွန်းက စကားကို သတိထား၍ ပြောသည်။

ငြိမ်း၏ မျက်ဝန်းများတွင် မျက်ရည်ကြည်လေးများ ရစ်ဝဲလာရသည်။

"ဒါပေမယ့် ငြိမ်းက ရွှေပန်းတောကို လှပအောင်လုပ်ဖို့ ပြန်ရောက်လာတယ်"

လင်းထွန်း၏ ခြေအစုံကို တိုးဝှေ့ပွတ်တိုက် စီးဆင်းနေသော စမ်းရေကြည်ကြည်လေးကို ငြိမ်း ငေးကြည့်နေသည်။

"ငြိမ်းဟာ ရုပ်လှသလို စိတ်ထားလှတဲ့ မိန်းကလေး ဖြစ်တယ်"

လင်းထွန်းက ဖြူဝင်းသော မျက်နှာလေးကို မြတ်နိုးစွာ ကြည့်နေသည်။

သို့သော် ငြိမ်းက မျက်လွှာချ၍ စမ်းရေစီးသည်ကို ကြည့်နေဆဲ။

"ငြိမ်း"

လင်းထွန်း၏ ခေါ်သံက တိုးညင်းသည်။

ငြိမ်း၏ခေါင်းကလေး နည်းနည်းမော့လာသည်။

မျက်လွှာကို အသာပင့်လိုက်သည်။

အကြည့်ချင်းဆုံမိပြန်သည်။





နှစ်ဦးသား၏ရင်မှာ လှုပ်ရှားရသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ငြိမ်း။ ကျွန်တော် ငြိမ်းကို ချစ်တယ်"

လင်းထွန်း ကြိုးစား၍ ပြောလိုက်ရခြင်းဖြစ်သည်။

ငြိမ်းထံမှ သက်ပြင်းမောလေးတစ်ခု ထွက်ပေါ်လာသည်။

မျက်လွှာလေး ပြန်ကျသွားသည်။

"ဒီစကားကို ကျွန်တော် အလွယ်ပြောတာ မဟုတ်ပါဘူး ငြိမ်း၊ အလေးအနက် ခံစားဆုံးဖြတ်ပြီးမှ ပြောတာပါ"

ရွှေပန်းတောကို လင်းထွန်းလာစဉ်က ငြိမ်းကို တွေ့ချင်မြင်ချင်၍သာ ဖြစ်သည်။ ဤမျှ မြန်မြန်ဆန်ဆန် ဖွင့်ပြောရန် မရည်ရွယ်ခဲ့။

ကိုချစ်တီးစကားကိုကြားတော့ လင်းထွန်း စိုးရိမ်သည်။

ငြိမ်းမှာ တစ်စုံတစ်ရာ အန္တရာယ်ရှိလာလျှင် ငြိမ်း၏ ချစ်သူအဖြစ်နှင့် ပိုင်ပိုင်နိုင်နိုင် အကာအကွယ်ပေးချင်သည်။

"လင်း အသေအချာ ပြန်စဉ်းစားပါဦး၊ ငြိမ်းအဖေက ဒီရွာမှာ . . ."

"အဲဒါ ငြိမ်းနဲ့ ဘာမှမဆိုင်ဘူး၊ ငြိမ်းက အပြစ်ကင်းစင်တဲ့ မိန်းကလေး"

လင်းထွန်းက စကားကို ဖြတ်ပြောလိုက်သည်။ ငြိမ်းထံမှ သက်ပြင်းချသံတွေ ထွက်ပေါ်လာပြန်သည်။

"ကျွန်တော့်ဘက်က ဘာမှ စဉ်းစားစရာမရှိဘူး၊ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သာ စဉ်းစားပါ၊ ငြိမ်း ကျွန်တော့်ကို မချစ်နိုင်ဘူးဆိုရင် အားမနာပါနဲ့ ပြောပါ"

"လင်းကို ငြိမ်းလေးစားပါတယ်၊ ပြီးတော့ သဘောလည်းကျပါတယ်"

"ဒါဖြင့် ငြိမ်း . . . ကျွန်တော့်ကို . . ."

လင်းထွန်းက စကားကို ဖြတ်ထားလိုက်သည်။

ငြိမ်းက ရှက်သောမျက်နှာကလေးကို ငုံ့ထားလိုက်သည်။

ရေထဲက ခြေသံလေးများကို ငြိမ်းကြားနေရသည်။

ရှေ့ဆီသို့ ရွေ့လျားလာသော လင်း၏ ခြေထောက်များကိုလည်း စမ်းရေမှာ လှမ်းမြင်နေရသည်။

သူ့ရှေ့မှ ကပ်၍ရပ်လာသော ခြေအစုံ . . .

ငြိမ်းရင်မှာ လှုပ်ရှားရလွန်းသည်။

နှလုံးခုန်သံတွေက မြန်လွန်းနေသည်။

ကြောက်သည်။ သို့သော် ဘာကို ကြောက်မှန်းမသိ။

မောသည်။ ဘယ်လိုအမောမှန်း မသိ။

"ငြိမ်း . . ."

တုန်ခါမှုမပါသော်လည်း ပုံမှန်မဟုတ်သောအသံ။

ငြိမ်း ပြန်ထူးချင်သော်လည်း မထူးမိ။ ထူး၍မရသည်မဟုတ်၊ အင်အားတစ်ခုက ညှို့ငင်ဖမ်းစားထားသလို လှုပ်ရှား၍မရ။

လင်းထွန်း၏ လက်ဖဝါးနှစ်ခုက ငြိမ်း ပခုံးပေါ်မှာ ငြင်သာစွာ ကျရောက်လာသည်။

ငြိမ်း ရုန်းဖယ်ခြင်း မပြုမိ။

"ကျွန်တော့်ကို တစ်ခုခုတော့ ပြန်ပြောပါဦး ငြိမ်း"

ငြိမ်း ဘာမှ ပြန်မပြောမိ၊ ဘာပြောရမှန်းလဲ မသိ။

ငြိမ်းရှေ့မှာ ရှိနေသည့် ခပ်ရှွယ်ရှွယ် ကျောက်တုံးပေါ်မှာ လင်းထွန်း ထိုင်လိုက်သည်။

လူချင်း ကပ်ကပ်လေး။ မျက်နှာချင်း နီးနီးလေး။

သို့သော် ငြိမ်း မျက်နှာက အပေါ်က။

ငြိမ်းထိုင်သော ကျောက်တုံးမှာ ပိုကြီး၍ ငြိမ်းက ပိုမြင့်သောနေရာမှာ ရောက်နေသည်။

ပခုံးပေါ် တင်ထားသော လင်းထွန်း၏ လက်များက နေရာပြောင်း၍ ငြိမ်း၏ ဖြူနုသော လက်ကလေးများကို ဆုပ်ကိုင်ထားသည်။

ဘဘုန်းဘုရား၏ အဆုံးအမကြောင့် ငြိမ်း ဤအရွယ်အထိ တစ်ခါမျှ ချစ်သူမထားဘူးသေး။ ကိုယ့်ကိုယ်ကို ကောင်းစွာ စောင့်ရှောက်၍ နေနိုင်ခဲ့သည်။

ယောကျ်ားပျိုတစ်ယောက်၏ ဤကဲ့သို့သော အတွေ့အထိများကိုလည်း တစ်ကြိမ်တစ်ခါမျှ မကြုံဘူးသေး။

လင်းထွန်းက မျက်လွှာချထားသော ငြိမ်း၏ မျက်နှာလေးကို မော့ကြည့်နေသည်။

"ငြိမ်း . . ."

ဆုပ်ထားသော လက်များက ပို၍ တင်းကျပ်လာသည်။




www.burmeseclassic.com

www.burmeseclassic.com



သို့သော် နာကျင်လောက်အောင် မဟုတ်။

ငြိမ်းသတိနှင့် မထိန်းလိုက်နိုင်မီ လင်းကို ကြည့်မိသွားသည်။

သူ့ကို မော့ကြည့်နေသော လင်း၏ မျက်နှာ။

"အို . . . ငြိမ်းက အမြင့်မှာ ငြိမ်းငရဲကြီးမှာပေါ့"

ငြိမ်း ကျောက်တုံးပေါ် ထိုင်နေရာမှ မတ်တပ်ရပ်လိုက်သည်။

လင်းထွန်းလည်း မတ်တပ်ရပ်သည်။

"အို . . ."

ငြိမ်း၏ကိုယ်လေး လင်းထွန်းရင်ခွင်မှာ ရောက်သွားသည်။

လင်းထွန်း၏ လက်နှစ်ဖက်က ငြိမ်းကို တင်းတင်းလေးပွေ့ဖိုက်ထားသည်။

"လူတွေမြင်ကုန်လိမ့်မယ် လင်းရယ်၊ လွှတ်ပါ"

ငြိမ်းက လင်းကို မော့ကြည့်တောင်းပန်နေသည်။

"အို . . ."

အကာအကွယ်မဲ့သော ငြိမ်းမျက်နှာမှ ပါးပြင်မို့မို့လေးများပေါ်သို့ အဆက်မပြတ် ကျရောက်လာသော အနမ်းနွေးနွေးများ။

ငြိမ်းမျက်နှာသာမက တစ်ကိုယ်လုံး ထူပူကုန်အောင် ခံစားရသည်။

"တော်ပါပြီ လင်းရယ်၊ လွှတ်ပါတော့"





ငြိမ်း တောင်းပန်သည်။

"ကျွန်တော့်ကို ချစ်တယ်လို့ ပြောပါဦး ငြိမ်းရယ်"

လင်းထွန်းက မလွှတ်သေး။

မျက်နှာချင်းက နီးကပ်နေဆဲ။

"ပြောလေ ငြိမ်း"

လင်းထွန်း၏ လက်ညှိုးက ငြိမ်း၏ နီထွေးသော နှုတ်ခမ်းလေးကို ထိကပ်ထားသည်။

"ပြောစရာ လိုသေးလို့လား"

"လိုပါတယ် ငြိမ်းရယ်၊ ငြိမ်းဆီက အဲဒီလိုပြောလိုက်တဲ့အဖြေလေးကို ကြားချင်လို့ပါ"

ငြိမ်းက လင်းထွန်း၏ မျက်နှာကို မော့ကြည့်လိုက်သည်။

"ပြောပါ ငြိမ်းရယ်"

"အခု မပြောချင်သေးဘူး လင်းရယ်၊ နောက်မှပြောမယ်"

ငြိမ်း ရှက်နေသေးသည်။

ရှက်ရွံ့မှုကြောင့် ပို၍ နီထွေးနွမ်းသွားသော မျက်နှာလေးနှင့် သွေးရောင်လွှမ်းနေသော နှုတ်ခမ်းအစုံ . . .၊ လင်းထွန်း၊ စိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါ။

"အို . . . ဆိုးလိုက်တာ"

ငြိမ်း၏ နှုတ်ခမ်းနှစ်လွှာမှ ညည်းသံတိုးတိုး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

ငြိမ်းနှင့် လင်းထွန်းတို့ ဘုန်းကြီးကျောင်းဝင်းထဲမှ တစ်ဆင့် စာသင်ကျောင်းလေးဆီသို့ ပြန်ရောက်လာကြသည်။

"ကျွန်တော့်လုပ်အားလည်းပါအောင် အမိုးကူမိုးပေးမယ်နော်"

လင်းထွန်း ပေါ့ပါးဖျတ်လတ်စွာ စာသင်ခေါင်မိုးပေါ်သို့ ရောက်သွားသည်။

သက်ငယ်မိုးနေကြသူများနှင့်အတူ ယှဉ်၍ နေရာတစ်နေရာ တာဝန်ယူလိုက်သည်။

ယနေ့သည် အပျော်ဆုံးနေ့ လင်းထွန်းရင်ထဲမှာ မြူးကြွနေအောင် ပျော်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းက သက်ငယ်ပစ်များ သယ်ပေးသည်။

"ဟာ…ခြံသမားလေးက သက်ငယ် ကောင်းကောင်း မိုးတတ်တာပဲကွ"

ကပ္ပိယကြီး ဦးဘအေးက ချီးမွမ်းသည်။

ခြံအလုပ်သမားဘဝမှာ အသားကျနေပြီးဖြစ်သော လင်းထွန်းအတွက် သက်ငယ်မိုးခြင်းအလုပ်မှာ ကျွမ်းကျင်ပြီးသား ဖြစ်နေသည်။ ငြိမ်းခမျှာ ဟန်မပျက် သက်ငယ်သယ်ပေးနေရ သော်လည်း ခရိုနီထိ ထွေထွေပူပူ ဖြစ်နေခဲ့။

ရင်ထဲမှာ ရက်စိတ်နှင့် ပျော်စိတ်ကလေးများ ရော ထွေးနေသည်။

လင်းထွန်းနှင့် အကြည့်ခြင်းဆုံမိတိုင်း ငြိမ်းပါးလေး များ၊ နှုတ်ခမ်းလေးများသည် ပို၍ နီမြန်းသွားကြသည်။

လုပ်အားအလှူကိုကူညီကြသော သက်ငယ်မိုးသူများ အတွက် ရွာထဲမှ စေတနာရှင်များက ထမင်းပို့ပေးကြသည်။

သက်ငယ်ကိုမိုး၍ ပြီးကြသောအခါ ဒေသထွက်ကုန် ဟင်းမျိုးစုံနှင့် ပျော်ပျော်ပါးပါး စားကြရသည်။

"ခြံသမားလေးက ကျောင်းလာထားစရာ သားသမီးရှိ လို့လား"

ရွာသားလေးတစ်ယောက်က ထမင်းစားရင်း လင်း ထွန်းကို နောက်လိုက်သည်။

"ခုတော့ မရှိသေးဘူး။ နောက်ရှိလာတော့ ထားရမှာ ပေါ့"





လင်းထွန်း၏ အတည်ပေါက် အဖြေကြောင့် ရယ်ကြ သည်။

မိန်းမပိုင်းမှာ ထမင်းစားနေသော ငြိမ်း ကြားပါသည်။ တခြားမိန်းမများ ရောနော ရယ်ကြသော်လည်း ငြိမ်းမရယ်နိုင် ဘဲ နေလိုက်သည်။

"ကလေး ကျောင်းမထားသေးခင်မှာလည်း ဒီဘက်ကို ခြံသမားလေးရောက်ရင် ကျောင်းကိုဝင်ပါ။ လိုတဲ့ အကူအညီ အကြံအဉာဏ်ပေး၊ ခြံသမားလေးကလည်း ပညာတတ်လို့ ပြော ပါတယ်"

ကပ္ပိယကြီး ဦးဘအေးက လာချင်သော လင်းထွန်း ကို လာဖြစ်အောင် လမ်းဖွင့်ပေးနေသည်။

"ကျွန်တော် ရှေ့အပတ်ထဲ မန္တလေးရောက်ရင် ရွှေ ဘန်းတောရွာ စာသင်ကျောင်းဆိုတဲ့ သွပ်ပြားတစ်ချပ်၊ ပန်းချီဆရာ နဲ့ အရေးခိုင်းပြီး ယူခဲ့ပါဦးမယ်"

"အေးကွ၊ ခြံသမားလေးပြောတာ ဟုတ်တယ်၊ ငါတို့ ကျောင်းမှာ ဆိုင်းဘုတ်လိုနေသေးတယ်"

"ဟာ…ခြံသမားလေး နောက်တစ်ခုလဲ ဝယ်ခဲ့ပေး ပါဦး"

ကျောင်းနေဖူး၍ ပညာတတ်သော ရွာလူကြီး ဦးထွန်း အောင်က တောင်းဆိုသည်။

"ဘာလဲ ဦးလေး"

"ခေါင်းလောင်း…ခေါင်းလောင်း"



www.burmeseclassic.com

ဦးထွန်းမောင်က လက်ကိုပါ ခေါင်းလောင်းခေါက်သလိုလုပ်ပြ၍ အားလုံး ရယ်ကြသည်။

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကျွန်မတို့ဆရာမလေး ကျောင်းတက်ကျောင်းဆင်းလုပ်ရင် ခေါင်းလောင်းရှိမှ ဖြစ်မှာ"

မိန်းမပိုင်းမှ ရယ်သံများ ထပ်ထွက်လာသည်။

"ဟုတ်တယ် . . . ကျွန်တော် ဝယ်ခဲ့မယ်"

လင်းထွန်းက တာဝန်ယူသည်။

ပျော်ပျော်ပါးပါး ထမင်းစားပြီး၍ ရေနွေးကြမ်းသောက်နေကြစဉ် လူနှစ်ယောက် ကျောင်းထဲသို့ ဝင်လာသည်။

"ဆရာမလေး ရှိလား"

ရှေ့မှလူက မေးသည်။

"ရှိပါတယ်၊ ဘာကိစ္စလဲငါ့တူ"

ကပ္ပိယကြီး ဦးဘအေးက မေးသည်။

"ကျောင်းအတွက် ကျွန်တော်က ငွေတစ်ထောင့်ငါးရာ လှူချင်လို့ပါ"

"ဩော် . . . မောင်အောင်ကြီး၊ အေး . . . အေး ရပါတယ်ကွာ"

"ဆရာမလေးရေ လက်ခံလိုက်ပါဦးဗျာ"

ရွာလူကြီး ဦးထွန်းမောင်က ဝမ်းသာအားရ ဆိုကြသည်။

အောင်ကြီးဆိုသော အမည်ကိုကြား၍ လင်းထွန်း တောင့်တောင့်တင်းတင်း ဖြစ်သွားသည်။



ဆရာမလေး ငြိမ်းအေးထစောသည်။

အောင်ကြီးက ငွေတစ်ထောင့်ငါးရာကို ငြိမ်းလက်သို့ ပေးလှူသည်။

ရွာလူကြီး ဦးထွန်းမောင်ကစပြီး လက်ခုပ်တီး၍ အားလုံး လက်ခုပ်တီးပြီး ကောင်းချီးပေးကြသည်။

လင်းထွန်း မတီးလိုက်မိ။

"ကောင်းပါတယ်ဗျာ၊ မောင်အောင်ကြီး နောင်လည်း ခုလိုပဲ လှူနိုင်ဒါန်းနိုင်အောင် ပစ္စည်းဥစ္စာပေါများကြွယ်ဝပါစေ"

ရွာလူကြီး ဦးထွန်းမောင်ကပင် ဆုတောင်းပေးသည်။

လင်းထွန်းက အောင်ကြီးကို အသေချာကြည့်နေမိသည်။

ငြိမ်းကိုကြည့်နေသော အောင်ကြီး၏ မျက်လုံးများကို လင်းထွန်း သဘောမကျ။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"

အောင်ကြီးက ဆုယူပြီး သူ့လူနဲ့အတူ ပြန်ထွက်သွားသည်။

"တယ်ဟုတ်ပါလား မောင်အောင်ကြီးက ဒီနေ့အရက်သောက်ဘဲနဲ့ ကျောင်းအတွက် ငွေတွေဘာတွေလှူလို့"

ဦးသိမ်းမောင်က ချီးကျူးသည်။

"မသောက်ဘဲ မနေပါဘူးဗျာ၊ ဒီကနေ ကမ်းနားဆင်းပြီး ကိုချစ်တီးဆိုင် သွားသောက်ကြမှာပါ၊ ကြည့်ရတာတော့ ဆောင်ခြေက ဖိုးအေးတဲမှာ ဒီနေ့ ဖဲဝိုင်းဖြစ်တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း အကောက်အစား အများကြီးရလာမှာပေါ့"

ဦးထွန်းမောင်က သူ့ရွာအနေအထားနှင့် သူ့လူများ အကြောင်းကောင်းကောင်းသိသည်။

"သမီး ငြိမ်း၊ အဲဒီ မောင်အောင်ကြီးဆိုတာ သမီး အဖေကြောင့် သေသွားကြတဲ့ ကိုလှကြီးနဲ့ မသိန်းမြရဲ့ သား ပေါ့"

ဒေါ်ညိုခင်က ငြိမ်းအနားသို့ကပ်၍ တိုးတိုးပြောသည်။

"ရှင်. . ."

ငြိမ်း ရင်ထဲမှာ ထိတ်လန့်သလို ဖြစ်သွားသည်။

"ခုတော့ ဒါတွေက ဘာမှ မရှိတော့ပါဘူးကွယ်၊ ကောင်းပါတယ်၊ မောင်အောင်ကြီးကတောင် ငွေတွေဘာတွေ လာလှူတော့ ဘုန်းဘုန်းဖြစ်ချင်သလို အားလုံး ငြိမ်းအေးသွား ကြပြီပေါ့"

ဒေါ်ညိုခင်စကားကြောင့် ငြိမ်းရင်ထဲမှာ အေးချမ်းသွား သည်။

အောင်ကြီးနှင့် သူ့အဖော် ကျောင်းဝင်းထဲမှ ထွက် သွားသည်။

လင်းထွန်း အပြန်မှာ ငြိမ်းနှင့် မိန်းကလေးနှစ်ယောက် မြစ်ဆိပ်အထိ လိုက်ပို့သည်။

ကိုချစ်တီး ဆိုင်ရှေ့မှ ဖြတ်သောအခါ. . .

"ဟေး. . .လင်း ပြန်ပြီလားဟေ့၊ ခေါက်ဆွဲကြော် စားသွားလေ"





ကိုချစ်တီးက လှမ်းပြီး နှုတ်ဆက်သည်။

"ထမင်းစားခဲ့ပြီ ကိုချစ်တီးရေ ပြန်မယ်"

ဆိုင်ထဲမှာ အရက်သောက်နေသူများကို လင်းထွန်း လှမ်းမြင်ရသည်။

စားပွဲတစ်ခုတွင် စောစောက ငွေလှူသွားသော အောင်ကြီးနှင့် သူ့လူ။

စားပွဲပေါ်မှာ ပုလင်းတစ်လုံးထောင်လျက်။

လင်းထွန်း ရင်ထဲမှာ ငြိမ်းအတွက် စိုးရိမ်သည်။

အရေးအကြောင်းဆိုလျှင် သူခြံကလည်း ရွှေပန်းတော နှင့် တစ်နာရီခန့် ဝေးသည်။

မြစ်ဆိပ်ရောက်တော့ မိန်းကလေးနှစ်ယောက်က ရေ အိုးရွက်၍ တက်လာသော မိန်းကလေးများနှင့် စကားပြောရင်း ကျန်ရစ်သည်။

ငြိမ်းက လင်းထွန်းလှေနားအထိ လိုက်ပို့သည်။

"စောစောက ငွေလာလှူတဲ့ အောင်ကြီးကို သတိ ထားငြိမ်း"

အရက်သောက်နေသည်ကို မြင်ခဲ့ရသော အောင်ကြီး ကို လင်းထွန်း သဘောမကျ။

"ငြိမ်းအတွက် စိတ်ချပါ၊ ဘာမှ မပူပါနဲ့၊ လင်းသာ လှေကို သတိထားပြီးသွား၊ ဒီက အထက်တက်ရင် ဒွာဝတီ က ရေစီးပိုသန်တယ်၊ ကျောက်ဆောင်တွေလည်း ရှိတယ်တဲ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

မိမိအတွက် စိုးရိမ်နေသော ငြိမ်း၏ ပြောပုံလေးကို လင်းထွန်း သဘောကျ၍ ပြုံးလိုက်သည်။

"ငြိမ်းက ကျွန်တော့်အတွက် စိုးရိမ်လို့လား"

ငြိမ်း ခေါင်းညိတ်ပြသည်။

"လင်းရော ငြိမ်းအတွက် စိုးရိမ်တာပဲ မဟုတ်လား"

လင်းထွန်း ခေါင်းညိတ်ပြသည်။

"အတူတူပေါ့"

ငြိမ်းပြောပုံက ချစ်စရာ။

"ဒါဖြင့် ငြိမ်း ကျွန်တော့်ကို . . ."

"ချစ်တယ်"

နှုတ်ခမ်းလှုပ်ရှားမှု သင်္ကေတကို ကြည့်၍ သိရခြင်း ဖြစ်သည်။ အသံကို မကြားရ။

သို့သော် လင်းထွန်းရင်ထဲမှာ သိပ်ကို ပျော်သွားသည်။

လေ့စက်ကို နှိုးလိုက်သည်။

လေ့စက်သံက ခါတိုင်းထက် နစ်ဆလောက် ပိုကျယ်နေသည်ဟု လင်းထွန်း ထင်လိုက်သည်။

ပျော်နေသော စက်တပ်လှေကလေးက ရေစီးသန်သော ဧရာဝတီမြစ်ကို ရှပ်တိုက်၍ ပြေးထွက်သွားလေသည်။

×××



အခန်း(၂၅)

ညနေခင်း နွားရိုင်းသွင်းချိန်ဖြစ်သည်။

ရွှေပန်းတောရွာသူများ မြစ်ဆိပ်ဆင်း၍ ရေခပ်ချိန်၊ အမင်းချက်ချိန်လည်း ဖြစ်သည်။

ဗျိုင်းဖြူတစ်အုပ် ရွှေပန်းတောရွာပေါ်မှ ဖြတ်ပျံသန်းသွားကြသည်။

"ဆရာမလေး ရှိလား"

"သမီးရေ အိမ်ရှေ့က ဘယ်သူပါလိမ့်"

ဒေါ်ညိုခင်က မီးဖိုထဲမှာ ချက်ပြုတ်နေဆဲ။

"ဟုတ်ကဲ့ အမေ၊ သမီးရှိပါတယ်"

ငြိမ်း အိမ်ပေါ်မှ ဆင်းလာခဲ့သည်။


www.burmeseclassic.com

သူမသိသော လူတစ်ယောက်

"ရွာလူကြီး ဦးထွန်းမောင်က ဆရာမလေးကို အခေါ်လွှတ်လိုက်လို့ပါ။ ပွဲစားတစ်ယောက်က စာသင်ကျောင်းအတွက် ငွေငါးထောင် လှူချင်လို့တဲ့"

"ဩော် . . . ဟုတ်ကဲ့"

မသိသော လူကို ငြိမ်းသံသယမရှိ။

ဤရွာကို သူရောက်သည်က မကြာသေး။ သူမသိသောလူတွေ အများကြီး။

ရွာလူကြီး ဦးထွန်းမောင်ဆိုသည်က ကျောင်းကိစ္စမှာ ကမကထ လုပ်နေသူ။

"အမေ ရွာလူကြီး ဦးထွန်းမောင် ခေါ်လို့တဲ့၊ သမီး လိုက်သွားဦးမယ်"

"ဟဲ့ . . . ဘာကိစ္စလဲ သမီး"

"ပွဲစားတစ်ယောက်က ကျောင်းအတွက် ငွေငါးထောင် လှူလျှင်လို့တဲ့"

"ခဏစောင့်ပါလား သမီး။ ဒီဟင်းအိုးလေးကျက်ရင် အမေ လိုက်ခဲ့မယ်"

"ပွဲစားက ရေတံခွန်ဘက်ကို ဆက်တက်မှာမို့ ခုအမြန် ခေါ်ခိုင်းလိုက်တာပါ"

လာခေါ်သူက အလျှင်လိုသည်။

"ရပါတယ် အမေ၊ သမီး မထွေးရင် ဝင်ခေါ်သွားလိုက်မယ်"





မထွေးရင် အိမ်က လမ်းမှာပင် ရှိသည်။

"အေးအေး မြန်မြန်ပြန်လာခဲ့ သမီး၊ ထမင်းစောစော စားရအောင်"

ခေါ်သို့ခြင်း မီးဖိုထဲမှ ထွက်၍ပင် မကြည့်ဖြစ်လိုက်။

လာခေါ်သူနှင့်အတူ ငြိမ်း လိုက်သွားသည်။

ထွေးရင်ကို အိမ်ဝင်ခေါ်တော့ ထွေးရင် မရှိ။ မြစ်ဆိပ်ဘက် ရေခပ်ဆင်းနေသည်ဟု ပြောလိုက်သည်။

ရသည် ကိစ္စမရှိ။ စိတ်ချယုံကြည်စွာ လိုက်သွားသည်။

"ဦးထွန်းမောင်က မြစ်ဆိပ်မှာ စောင့်နေတာခင်ဗျ။ ပွဲစားက လှေထွက်ခါနီးမှ ဦးထွန်းမောင်ပြောတာကို သဘောကျပြီး ငွေလှူချင်စိတ် ဖြစ်လာတာ"

"ဩဖြင့် . . ."

"ကျွန်တော်တို့ မြစ်ဆိပ်ကို သွားရမှာပါ"

ကောင်းသည်။ မြစ်ဆိပ်မှာ ရေခပ်သော ထွေးရင်နှင့် တွေ့နိုင်သည်။ ထွေးရင်ကိုခေါ်ပြီး အတူပြန်လာမည်ဟု ငြိမ်း ဆုံးဖြတ်လိုက်သည်။

သို့သော် ခေါ်သွားသည်က ရွာလမ်းထိပ်မှ မြစ်ဆိပ်မဟုတ်။ ရွာတောင်ဘက် ကျောက်ဆောင်အကွယ်မှ မြစ်ဆိပ်ဖြစ်သည်။

"လှေက ဟိုမှာ"

အမိုးတင်ထားသော စက်တပ်လှေတစ်စင်း ကမ်းစပ်မှာ ရပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်းမောင်ရော"

"လှေပေါ်မှာ စောင့်နေတယ်"

လှေနားကို ရောက်ပြီ။

"လှေပေါ်တက်လိုက် ဆရာမလေး"

ငြိမ်းရင်ထဲမှာ စနိုးစနောင့်ဖြစ်၍ မတက်သေးဘဲ ရပ်နေလိုက်သည်။

"ဦးထွန်းမောင် ဆရာမလေး လိုက်လာပြီ"

"အေး...အေး"

လှေအမိုးအောက်မှ ထွက်လာသော အသံ။

"တက်လေ ဆရာမလေး"

ခေါ်လာသူက လှေကို မလှုပ်အောင် ထိန်းကိုင်ထားသည်။

လှေကိုင်ပေးထားသည်ကို အားတုန့်အားနာဖြစ်ပြီး ငြိမ်း လှေပေါ်သို့ တက်လိုက်မိသည်။

"အမိုးအောက်ကို ဝင်လိုက် ဆရာမလေး"

လှေအမိုးလေးက နိမ့်သည်။ ခေါင်းငုံ့ဝင်ရမည်။

ငြိမ်းစိတ်ထဲမှာ သံသယများ ဖြစ်လာရပြန်သည်။

လာခေါ်သူပါ လှေပေါ်ရောက်နေပြီး ငြိမ်းနောက်မှာ ရပ်နေသည်။

"အထဲကိုကြွပါ ဆရာမလေး"

လှေအမိုးအောက်မှ ထွက်ပေါ်လာသော အသံ။

ဤရွာတွင် သူ့ကို အန္တရာယ်ပြုမည့်သူ မရှိဟု ...





လိုက်မိသည်။

သူသည် ရွာကို အကျိုးပြုရန် ရောက်လာခြင်း ဖြစ်သည်။ ထိုအကြောင်းကို တစ်ရွာလုံးလည်း သိ၍ သူ့ကို ချစ်ခင်နေကြသည်။

ငြိမ်း စိတ်ချလက်ချ လှေအမိုးအတွင်း ငုံ့ဝင်လိုက်သည်။

"ဟင်..."

ငြိမ်း ထိတ်လန့်သွားသည်။

လှေအမိုးအောက်မှာ ရွာလူကြီး ဦးထွန်းမောင် မရှိ။

လူတစ်ယောက်တည်းသာ ရှိသည်။

အမိုးကနိမ့်၍ လှေထဲမှာ နည်းနည်းမှောင်နေသည်။

"ထိုင်ပါ ဆရာမလေး။ ဘာမှ မကြောက်ပါနဲ့"

"အို...ရှင်"

ငြိမ်း ထိုသူကို ကောင်းကောင်းမှတ်မိသွားသည်။

ဝါးသယ်ရင်း တိုက်မိမလိုဖြစ်ခဲ့သောသူ။

လင်းလာသည့်နေ့က ငွေ ၁၅၀၀ လာလှူသူ ကိုအောင်ကြီး။

"ထုန်း...ထုန်း...ထုန်း"

လှေစက်သံ ထွက်လာသည်။

ငြိမ်း လှေထဲမှ ပြန်ထွက်ရန် နောက်သို့ လှည့်လိုက်သည်။

နောက်ကျသွားပြီ။ လာခေါ်သူက အဝင်ပေါက်မှာ ပိတ်



www.burmeseclassic.com

www.burmeseclassic.com


ရပ်ထားပြီ။

"အကြမ်းမဖက်ချင်ဘူးဗျာ၊ အေးအေးဆေးဆေး ထိုင်နေပါ၊ အော်မယ်၊ ထွက်ပြေးဖို့ ကြိုးစားမယ်ဆိုရင်တော့ အကြမ်းကိုင်ရလိမ့်မယ်"

အောင်ကြီး မျက်နှာရော လေသံပါ တင်းမာသည်။ တကယ့်လုပ်မည့်ပုံ။

"ရှင်...ရှင် အဲဒီလို မလုပ်ပါနဲ့၊ ကျွန်မကို ပြန်လွှတ်ပါ၊ ကျွန်မ ဆင်းမယ်"

ငြိမ်း ပြောဆိုလှုပ်ရှားစဉ်မှာပင် စက်တပ်လှေကလေးက ဒုဋ္ဌာဝတီမြစ်အတိုင်း တရှိန်ထိုး ပြေးထွက်သွားပါသည်။

xxx



# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

"ရှင် ကျွန်မနဲ့ အကျေအလည် ညှိနှိုင်းစရာရှိတယ်ဆိုတာ ဘာလဲပြောပါ။ ပြောပြီးရင် ကျွန်မကို မိုးမချုပ်ခင် ရွာပြန်ပို့ပါ"

အောင်ကြီးက ငြိမ်းကို စိုက်ကြည့်နေသည်။

ထိုကြည့်ပုံမျိုးကို ငြိမ်းကြောက်သည်။ ရောက်နေသောနေရာကိုလည်း သဘောမကျ။

ဒုဋ္ဌာဝတီမြစ်နှင့် အတော်လေးဝေးသည့် တောင်ကြီးတစ်ခု၏ ခါးပန်းတွင်ရှိသော ထုံးကျောက်လိုဏ်ဂူ၏ အနေအထားက ရင်ဖိုစရာ။

အောင်ကြီး၏ လူနှစ်ယောက်က လိုဏ်ဂူကြီး၏ အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်စောင့်နေကြသည်။

"ခင်ဗျားရဲ့ အဖေ ဦးဘဌေးဟာ ကျုပ်အဖေနဲ့ အမေကို သတ်ခဲ့တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"ရှင်..."

ငြိမ်း ထိတ်လန့်သွားမိသည်။

"အဲဒီလို ပြောရင်တော့ ရှင့်အမေကလည်း ကျွန်မအမေကို သတ်ခဲ့တာပဲ"

"အဲဒါက သေအောင်တမင်သတ်တာမှ မဟုတ်ဘဲ မတော်တဆ သေရတာပဲ၊ ခင်ဗျားအဖေကတော့ ကျုပ်အဖေနဲ့ အမေကို တမင်သေအောင် သတ်တာ"

"အဲဒါတွေက ကြာခဲ့ပြီပဲရှင်၊ ကျွန်မအဖေလည်း ပြန်ပြီး အသတ်ခံခဲ့ရတာပဲ၊ ဒီအဖြစ်မှာ ရှင့်အဖေနဲ့ အမေသေရသလို ကျွန်မအဖေနဲ့ အမေလည်း သေရတာပဲ၊ ရှင့်အဖြစ်နဲ့ ကျွန်မအဖြစ်က မိဘမဲ့ဖြစ်ရတာချင်း အတူတူပါပဲ၊ ရှင်နဲ့ ကျွန်မဟာ ရန်သူတွေ မဟုတ်ပါဘူး၊ ကျွန်မ ရှင့်ကိုလည်း မုန်းတီးစိတ် မရှိပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း မငြိမ်းအေးကို ရန်သူလို သဘောမထားပါဘူး၊ ခင်ဗျားအဖေကိုတော့ မုန်းတယ်၊ ကျုပ်ရှေ့မှာတင် ကျုပ်အဖေနဲ့ အမေကို သတ်ပစ်လိုက်တယ်၊ ပြီးတော့ ကျုပ်ကိုပါ သတ်ဖို့ ဓားနဲ့လိုက်တာ ကျုပ်ဟာ တောင်ပေါ်တက်ပြေးတာ မြန်လို့လွတ်တာ၊ အဲဒါတော့ ခင်ဗျားအဖေကို သိပ်မုန်းတယ်"





ပြောနေရင်းနှင့် အောင်ကြီးမျက်နှာ ပို၍ တင်းမာလာသည်။

အန္တရာယ်နှင့် ကြုံတွေ့နေရပြီကို ငြိမ်း နားလည်ခြင်းနှင့်အတူ ကြောက်စိတ်များ ဖြစ်လာသည်။

လှေဘေးမှ အပေါက်ဆီသို့ ငြိမ်း လှမ်းကြည့်လိုက်သည်။

အောင်ကြီးက သိသည်။

"ဒါပေမယ့် မကြောက်ပါနဲ့၊ မငြိမ်းအေးကို ကျွန်တော် မမုန်းပါဘူး"

အောင်ကြီး၏ လေသံများ ပြောင်းသွားသည်။

"မငြိမ်းအေး သဘောတူမယ်ဆိုရင် ရွှေပန်းတော တစ်ရွာလုံး အံ့ဩဝမ်းသာဖြစ်သွားမယ့် အစီအစဉ်လေးတစ်ခု လုပ်ချင်လို့ မငြိမ်းအေးနဲ့ အကျေအလည် ညှိနှိုင်းချင်လို့ ခုလို ခေါ်လာတာပါ၊ တကယ့်ကို ငြိမ်းအေးသွားမယ့် အစီအစဉ်ပါ"

အောင်ကြီး၏ လေသံက ပို၍ ပျော့ပျောင်းသွားသည်။

"ဘာအစီအစဉ်လဲ"

ငြိမ်း အရဲစွန့်၍ မေးလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက်ဟာ ကံတူအကျိုးပေးတွေ ဖြစ်ပါတယ်၊ မိဘတွေလက်ထက်က ဖြစ်ခဲ့တဲ့ အမုန်းတွေ အားလုံး ကျေအေးသွားအောင် ကျွန်တော်နဲ့ မငြိမ်းအေး လက်ထပ်ချင်လို့ပါ"

"ရှင်...မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းက အလျင်အမြန် ငြင်းလိုက်သည်။

"ကျွန်တော်ကတော့ ဖြစ်နိုင်တယ်လို့ ထင်တယ် ဖြစ်သင့်တယ်လို့လည်း ထင်တယ်"

"မဖြစ်နိုင်ပါဘူး။ ကျွန်မမှ ရှင့်ကိုမှ မချစ်တဲ့"

"ခင်ဗျား ခုန ကျွန်တော့်ကို မမုန်းဘူးလို့ ပြောပြီးသားပဲ"

"မမုန်းပေးမယ့် မချစ်ဘူးရှင့်"

"ခင်ဗျား ရွာကိုလာတာ တစ်ရွာလုံး ငြိမ်းအေးစေချင်တဲ့ ရည်ရွယ်ချက်နဲ့ဆိုရင် ဖြစ်နိုင်ရမှာပေါ့ဗျာ"

"ကျွန်မမှာ ချစ်သူရှိပြီးသားရှင့်"

"ဘာ···ဘယ်ကလဲ···ဘယ်သူလဲ"

အောင်ကြီး၏ အသံကကျယ်၍ လိုဏ်ဂူကြီးထဲမှ ဟိန်းထွက်သွားသည်။

"ရေတံခွန်တောင်မှာ ခြံစိုက်နေတဲ့ ကိုလင်းထွန်း"

"မဖြစ်နိုင်ဘူး၊ ခင်ဗျားညာတာ၊ ခင်ဗျားရောက်တာ သူနဲ့ ဘယ်နှစ်ခါ တွေ့ဖူးလို့လဲ၊ ဟိုနေ့က ခင်ဗျား ကျော ကို သက်ငယ်တစ်ခါလာမိုးရုံနဲ့ ချစ်သူတွေ ဖြစ်သွားကြ လား၊ ကျုပ် မယုံဘူး"

အောင်ကြီး မကျေမနပ်ဖြစ်နေသည်။

"ကျွန်မ ရွှေပန်းတောကို လာတဲ့နေ့က ထင်း တော်ကိုမမီလို့ သူလေနဲ့ လိုက်လာတာ၊ လမ်းမှာ သ စက်ပျက်သွားတော့ ကျွန်မတို့နှစ်ယောက် မြစ်ထဲက သော





ပြင်တစ်ခုမှာ ညအိပ်ခဲ့ကြရတယ်"

"ဟင်···ဒါဖြင့် အဲဒီကတည်းက ခင်ဗျားတို့···"

အောင်ကြီး စကားရပ်ပြီး ငြိမ်းမျက်နှာကို ကြည့်နေ သည်။

"အဲဒီညက ဘာမှ မဖြစ်ပါဘူး၊ လင်းက လူကောင်း ပါ။ ကျွန်မကို သစ္စာရှိရှိ စောင့်ရှောက်ပါတယ်၊ သက်ငယ် လာမိုးတဲ့နေ့ကမှ ချစ်သူတွေ ဖြစ်သွားတာ"

ငြိမ်းက အမှန်အတိုင်း ပြောခြင်းဖြစ်သည်။

"မယုံဘူးဗျာ၊ ကျွန်တော် မယုံဘူး၊ ဘယ်လိုပဲ ဖြစ် ဖြစ် ခင်ဗျား သူနဲ့ မဖြစ်သင့်ဘူး၊ ကျွန်တော်နဲ့ပဲ လက်ထပ်ရ မယ်၊ ခင်ဗျားနာမည် ငြိမ်းအေးလို့ ဘုန်းကြီးက မှည့်ပေးတာ၊ တစ်ရွာလုံး ငြိမ်းအေးသွားစေချင်လို့တဲ့၊ ခင်ဗျားနဲ့ကျွန်တော် လက်ထပ်လိုက်ရင် တစ်ရွာလုံး တကယ့်ကို ငြိမ်းအေးသွားမှာ၊ အရင်က ရှိခဲ့တဲ့ အမုန်းတွေလည်း အားလုံးပျောက်သွားမှာ"

အောင်ကြီးက ဇွတ်အတင်း ပြောနေသည်။

"ကျွန်မ ကိုအောင်ကြီးကို တောင်းပန်ပါတယ်ရှင်၊ ကျွန်မ ကိုအောင်ကြီးကို မမုန်းပါဘူး၊ ကိုအောင်ကြီးလည်း ကျွန်မကို မမုန်းဘူးဆိုရင် အမုန်းတွေအားလုံး ပြေပျောက်ပြီး သား ဖြစ်သွားမှာပါ"

ငြိမ်း တောင်းပန်နေသည်။

"ကျုပ်ကတော့ အဲဒီလို မရဘူးဗျ၊ ခင်ဗျားအဖေ ဦး ဘငွေးအပေါ်မှာ မုန်းတဲ့ အမုန်းက သိပ်ကြီးတယ်၊ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com

တုန်းကဆိုရင် ခင်ဖျားအဖေက သွေးစွန်းတဲ့ဓားကြီးနဲ့ လိုက်ခုတ်တာ၊ အမြဲတမ်း အိပ်မက်ထဲမှာ ပြေးနေရတယ်၊ အဲဒီတော့ ခင်ဖျားအဖေကို ကျွန်တော် သိပ်မုန်းတယ်၊ မငြိမ်းအေး ကျွန်တော့်ကို လက်ထပ်မှပဲ အဲဒီအမုန်းတွေ ပြေသွားမှာ"

"ကျွန်မ လင်းကို သိပ်ချစ်ပါတယ်ရှင်၊ ကျွန်မတို့ ချစ်ခြင်းကို မခွဲပါနဲ့"

"ဟာဗျာ . . . ဒီကောင်ကို ထည့်မစဉ်းစားစမ်းပါနဲ့၊ အဲဒီကောင်က သူ့ခြံကလွဲလို့ ဘာမှ စိတ်ဝင်စားတဲ့ကောင် မဟုတ်ပါဘူး၊ ကျွန်တော် မငြိမ်းအေးနဲ့ လက်ထပ်ပြီးရင် မငြိမ်းအေးရဲ့ စာသင်ကျောင်းကိစ္စကိုလည်း ကူညီပါ့မယ်၊ ရွှေပန်းတောရွာ ကောင်းဖို့ဆိုရင် ဘာမဆို လုပ်မယ်ဗျာ၊ အရက်သောက်တာလည်း လုံးဝ မလုပ်တော့ဘူး၊ မငြိမ်းအေးကို ကတိပေးပါတယ်။ အခုလည်း မငြိမ်းအေးနဲ့ တွေ့မှာမို့ ကျွန်တော် မသောက်ဘဲနေတာကြည့်ပါ"

ငြိမ်း စိတ်ပျက်မိသည်။ အောင်ကြီးကို ဘယ်လိုမှ လက်မထပ်နိုင်ပါ။ လင်းကို သစ္စာမဖောက်နိုင်ပါ။

"မငြိမ်းအေး ကျွန်တော့်ကို လက်ထပ်ပါဗျာ၊ ကျွန်တော် မငြိမ်းအေးကို စတွေ့တဲ့နေ့ကတည်းက ချစ်မိတာပါ။ ခင်ဖျားဟာ ဦးဘငွေ့သမီးလို့ဆိုတာ နောက်မှ သိတာပါ။ အဲဒီလိုသိတော့ ဦးဘငွေ့ကို မုန်းတဲ့စိတ်တွေ ပြန်ပေါ်လာတယ်၊ ဦးဘငွေ့သွေးဖြစ်တဲ့ ခင်ဖျားကိုလည်း မုန်းချင်တယ်၊ ကျွန်တော့်အဖေနဲ့ အမေကို ရက်ရက်စက်စက်သတ်တဲ့ ဦးဘငွေ့





ကို လက်စားချေချင်တယ်"

"ဒါပေမယ့် မငြိမ်းအေးကို စတွေ့ကတည်းက ချစ်မိတော့ မုန်းလို့မရဘူး၊ မငြိမ်းအေးကသာ ကျွန်တော့်ကို မချစ်ရင် ကျွန်တော် ဦးဘငွေ့ကို မုန်းတဲ့စိတ်နဲ့ သူ့သွေးဖြစ်တဲ့ မငြိမ်းအေးကို ကျွန်တော် သတ်မိမှာဗျာ"

"ရှင် . . ."

အောင်ကြီးကို ကြည့်ပြီး ငြိမ်းကြောက်မိသည်။

ကျွန်တော် မငြိမ်းအေးကို မသတ်ချင်ဘူးဗျာ။ ကျွန်တော် လူသတ်သမား မဖြစ်ချင်ဘူး။ ရွှေပန်းတောမှာ နောက်ထပ် အရုပ်ဆိုးတဲ့ လူသတ်မှုတွေ မဖြစ်ချင်ဘူးဗျာ။

"မငြိမ်းအေး ကိုယ်တိုင်ရဲ့ သဘောတူညီချက်နဲ့ ကျွန်တော် မငြိမ်းအေးကို ဘာမှ အကြမ်းမဖက်သေးပါဘူး။ မငြိမ်းအေးကသာ ငြင်းရင် မငြိမ်းအေးကို ကျွန်တော် မုန်းသွားလိမ့်မယ်။ မငြိမ်းအေးနဲ့ ကျွန်တော် ရန်သူမဖြစ်ချင်ဘူး၊ ရန်သူဖြစ်ရင် ရန်ငြိုးတွေ သိပ်ကြီးကုန်လိမ့်မယ်ဗျာ"

အောင်ကြီး ပြောနေပုံမှာ ခြိမ်းခြောက်နေခြင်း မဟုတ်။ တကယ် သူ့ရင်ထဲမှာ ရှိနေသည့်အတိုင်း ပြောနေသည်ကို ငြိမ်း နားလည်ခြင်းနှင့်အတူ ကြောက်ရွံ့ထိတ်လန့်ခြင်းကြီးစွာ ဖြစ်ရပြန်သည်။

ရွှေပန်းတောကို ပြန်လာမိတာ မှားပြီဟုလည်း ပထမဦးဆုံးအကြိမ် နောင်တရမိသည်။

ငြိမ်း ဘာပြန်ပြောရမှန်း မသိ။ ဘာလုပ်ရမှန်း မသိ။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဖေကလည်း သူအလွန်ချစ်တဲ့မိန်းမ သေတဲ့အထိ ဖြစ်သွားတော့ ဒေါသသိပ်ကြီးပြီး ဖြစ်သွားတာလို့ ပြောကြပါတယ်။ အဖေ့အတွက် ကိုအောင်ကြီးကို ကျွန်မ တောင်းပန်ပါတယ်"

အောင်ကြီးက ခေါင်းညိတ်ပြသည်။

"ကျွန်တော် အားလုံးကို ပြောချင်ပါတယ်၊ ပြီးခဲ့တာတွေအားလုံးကို မေ့ပစ်ချင်ပါတယ်။ မမေ့နိုင်သမျှ ကျွန်တော်လည်း ဦးဘငွေးကို မုန်းတဲ့စိတ်နဲ့ အမြဲတမ်း ဒုက္ခဖြစ်နေရတယ်လေ၊ အဲဒါတွေအားလုံး ပြေပျောက်သွားအောင် မငြိမ်းအေး ကျွန်တော့်ကို လက်ထပ်ပါဗျာ"

အောင်ကြီးက ကျောက်တုံးပေါ် ထိုင်နေရာမှ ငြိမ်းအေး ထိုင်နေသော ဝါးကွပ်ပျစ်လေးပေါ် ပြောင်းထိုင်သည်။

"အို…ကိုအောင်ကြီး ကျွန်မ စဉ်းစားပါရစေဦး ရှင်"

ငြိမ်းက အောင်ကြီးနှင့်ဝေးအောင် နောက်နည်းနည်းဆုတ်လိုက်သည်။

"ကောင်းပြီလေ စဉ်းစားပါ၊ ဒါပေမယ့် မငြိမ်းအေးကိုယ်တိုင် သဘောတူပြီး ကျွန်တော်နဲ့ လက်ထပ်ဖို့ စဉ်းစားပါ၊ အဲဒါမှ အားလုံးအတွက် ကောင်းမှာ၊ ကျွန်တော် အတင်းအဓမ္မ သိမ်းပိုက်ရတာမျိုး မလုပ်ချင်ဘူး။ အဲဒီထက် ပိုဆိုးတာ ကျွန်တော် မငြိမ်းအေးကိုမုန်းပြီး ဦးဘငွေးရဲ့ သွေးအဖြစ်နဲ့ လက်စားချေမိမှာမျိုး မဖြစ်ချင်ဘူးဗျာ"

အောင်ကြီး လိုဏ်ဂူထဲမှ အပြင်ထွက်သွားသည်။





အနောက်ဘက် ကောင်းကင်မှာ နေဝင်တော့မည်။

ဂူဝတွင် သစ်ပင်ကြီးများ အုပ်မိုးနေ၍ ဂူထဲမှာ အလင်းအားနည်းလာပြီ။

ညမှောင်လာလျှင် ဤဂူထဲမှာ အောင်ကြီးနှင့်အတူ နေရမည်ကို ကြောက်သောကြောင့် ငြိမ်း ရှိုက်ကြီးတငင် ငိုမိသည်။

ငြိမ်းက သဘောတူ ကြည်ဖြူခြင်း မရှိလျှင် အောင်ကြီးက အတင်းအဓမ္မ သိမ်းပိုက်မည့်သဘော ဖြစ်သည်။ ဒါမှမရလျှင် ဦးဘငွေး၏ သွေးကို လက်စားချေ၍ သတ်မည်ဟု ငြိမ်းခြောက်သွားခြင်း ဖြစ်သည်။

လွတ်မြောက်ရာလမ်းလည်း မမြင်။ ကူသူကယ်သူလည်း မမြင်။

ချစ်သူ လင်းကို အားကိုးရာအဖြစ် မျှော်လင့်မိသည်။ သို့သော် လင်းက ဘာမျှမသိ။

အောင်ကြီးကို သဘောတူ ကြည်ဖြူလိုက်လျှင်တော့ သူပြောသလိုပင် ရွှေပန်းတော တစ်ရွာလုံးအတွက် အံ့သြဖွယ်ရာ ဝမ်းသာဖြစ်နိုင်သည်။

မိဘလေးဦး သတ်ကြသေကြပြီးမှ တစ်ဖက်စီမှာ ကျန်ရစ်သော သားနှင့်သမီး လက်ထပ်ကြသောအဖြစ်။

ဝတ္ထုဆန်ဆန် ဇာတ်ပေါင်းခန်း၊ ဇာတ်သိမ်းခန်းလှလှလေး ဖြစ်သွားမည်။

သို့သော် အောင်ကြီးကို ငြိမ်း မချစ်။ လင်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com

ချစ်သည်။

မချစ်သူနှင့် လက်မထပ်ချင်။ ချစ်သောသူနှင့်သာ လက်ထပ်ချင်သည်။

ယနေ့ည အောင်ကြီး အန္တရာယ်မှ လွတ်မြောက်အောင် ဘယ်လိုကာကွယ်ရမှန်းမသိ၊ ကြိုးစား၍ အကြံဉာဏ်ထုတ်ကြည့်သည်။

ဝမ်းနည်းအားငယ်စိတ်ကြောင့် ပါးပြင်နှစ်ဖက်ပေါ်မှာ မျက်ရည်များ အဆက်မပြတ် စီးဆင်းလာကြသည်။

×××



အခန်း(၂၇)

ဆရာတော် ဦးမေဓာ၏ ကျောင်းပေါ်မှာတော့ ပြဿနာကို အဖြေရှာနေကြဆဲ။

ဒေါ်ညိုခြင် ရှိုက်ကာ ရှိုက်ကာ ငိုနေသည်။

“ကိုချစ်တီးပြောတဲ့ စကားအရဆိုရင် အောင်ကြီးလက်ချက်ဆိုတာ သေချာပါတယ် ဘုရား”

ကျောင်းသားမိဘတစ်ဦးက အောင်ကြီးကို မကျေနပ်။

“ဒီကောင် အဲဒီလိုသာ လုပ်လို့တော့ တပည့်တော်နဲ့တွေ့မှာပဲ၊ တပည့်တော် လူတွေကို ဖြန့်ခွဲပြီး အရှာခိုင်းထားတယ်။ ထင်းခုတ်၊ ဝါးခုတ်ထွက်တဲ့လူတွေ အကုန်လုံးကိုလည်း မှာထားတယ်၊ တွေ့လို့ကတော့ ဒီကောင် မလွယ်ဘူးသာမှတ်”


www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဦးထွန်းမောင်လည်း ဒေါသဖြစ်နေသည်။ သူ့နာမည်သုံးပြီး ခေါ်သွားသည်ကို ပို၍ မကျေမနပ်ဖြစ်နေသည်။

"ခုဆိုရင် နှစ်ရက်တောင် ရှိပြီဆိုတော့ သမီးလေး ဒုက္ခရောက်နေပြီ ထင်ပါတယ် ဘုရား"

ငြိမ်းအတွက် ဒေါ်ညိုခင် မတွေးရက်အောင် ဖြစ်နေသည်။

"အင်း . . . အမှန်းတရားများ တယ်ကြောက်စရာကောင်းပါလား၊ ရွှေပန်းတောကို ပိုလှအောင်လုပ်ခါမှ အရုပ်ဆိုးတာတွေ မကြုံရ မကြားရပါစေစနဲ့လို့ ဆုတောင်းရတာပဲ"

ဆရာတော်ပါ စိတ်မကောင်းဖြစ်ရသည်။

ကပ္ပိယကြီး ဦးဘအေးကတော့ ပုတီးစိပ်ရင်း ပြတင်းပေါက်မှ လှမ်းမြင်ရသော စာသင်ကျောင်းလေးဆီသို့ ငေးကြည့်နေသည်။

"ခုထိ ဘာသတင်းမှ မကြားသေးတော့ အနီးဝန်းကျင်မှာမှ ရှိပါ့မလား ကိုထွန်းမောင်ရယ်"

ဒေါ်ညိုခင်က သမီးလေးနှင့် ဝေးရမှာကို စိုးနေသည်။

"ဒီနေ့ ထင်းမော်တော်ကို မေးကြည့်တာတော့ ကျွဲနဖားမှာလည်း မရှိဘူးလို့ ပြောတာပဲ"

"အောင်ကြီး ဒီတစ်ခေါက်လာတာမှာ စက်တပ်လှေပါတယ်လို့ တောင်ပိုင်းက ကောင်လေးတွေ ပြောတယ်၊ အဲဒီလှေက ဘယ်ရောက်နေလဲ"





ကပ္ပိယကြီး မေးသည်ကို လှမ်းကြည့်ပြီး ဦးထွန်းမောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီလှေကိစ္စပါ ကျွဲနဖားက ထင်းမော်တော်ကို မေးကြည့်တယ်၊ ကျွဲနဖားမှာတော့ စက်တပ်လှေတစ်စင်းမှ မရှိဘူးတဲ့၊ လမ်းမှာလည်း သူတို့ ဘာလှေမှ မတွေ့ခဲ့ရဘူးတဲ့"

"အောင်ကြီးရော သေချာပါ့မလား၊ ဟို . . . ရေတံခွန်တောင်က ခြံသမားလေးနဲ့များ လူငယ်တို့သဘာဝ"

ကျောင်းဆောက်ရာမှာ စိတ်အားထက်သန်စွာပါဝင်သူ ဦးအုန်းက အတွေးသစ်တစ်ခု တင်ပြလာသည်။

ကျောင်းဆောင်မိုးသည့်နေ့က လာသောခြံသမားလေး အပြန်မှာ ဆရာမလေး လိုက်ပို့သည်ကို သတိရ၍ဖြစ်သည်။

"မဖြစ်နိုင်ပါဘူးဗျာ၊ ခြံသမားလေးက အဲဒီလို လုပ်မယ့်ပုံ မဟုတ်ဘူး၊ ထင်းမော်တော် လာတုန်းကလည်း ခြံသမားလေးကို ဒီအကြောင်းတွေပြောပြဖို့ ကိုချစ်တီးက မှာလိုက်သေးတယ်"

ဦးထွန်းမောင်က ခြံသမားလေးကို သံသယမရှိ။

"ဟော . . . နားထောင်ကြည့်စမ်း"

ဒုဋ္ဌာဝတီမြစ်ဘက်မှ လှေစက်သံ ကြားရသည်။

ဦးထွန်းမောင်က ထိုင်နေရာမှ ထလိုက်သည်။

"တပည့်တော် မြစ်ဘက် သွားကြည့်လိုက်ဦးမယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမောင် ကျောင်းပေါ်မှ ခပ်မြန်မြန်ဆင်းသွားသည်။ ဦးအုန်း,ပါ ဦးထွန်းမောင် နောက်သို့ လိုက်သွားသည်။

xxx



အခန်း(၂၈)

"တောက် . . . မိုက်ရိုင်းလိုက်တာဗျာ"

ကိုချစ်တီး ပြောပြပြီးသည်နှင့် လင်းထွန်းရင်ထဲမှာ ပူလောင်နေအောင် ခံစားရသည်။

အောင်ကြီး၏ အကြံအစည်ပင် ဖြစ်မည်ဟု လင်းထွန်း သချာပေါက် နားလည်လိုက်သည်။ အောင်ကြီးကို စက်ဆုပ်ရွံမုန်းမိသည်။

"မနွေ့ညက ပါသွားတာဆိုတော့ နှစ်ရက်ရှိပြီပေါ့ ဟုတ်စား"

ကိုချစ်တီးက ခေါင်းညိတ်ပြသည်။

အောင်ကြီးနှင့်အတူ တစ်ညကုန်သွားရသည့် ငြိမ်း အတွက် လင်းထွန်း စိုးရိမ်မိသည်။



www.burmeseclassic.com

"မနေ့ ညနေက သိရရင် ဘယ်လောက်ကောင်းမလဲ ဗျာ"

ကုန်သွားသည့် အချိန်များကို လင်းထွန်း တမ်းတမိသည်။

"ဘယ်လို လုပ်မလဲကွ…ငါ့မှာလည်း မင်းလို စက်တပ်လှေ မရှိဘဲ၊ မနေ့ကတည်းက ငါမင်းကို အကြောင်းကြားချင်တယ်၊ ဒါပေမယ့် ဒီနေ့ ထင်းမော်တော်လာမှ မှာရတယ်"

"ဒီကောင် ဘာဖြစ်လို့ ခေါ်သွားတာလဲ၊ သူ့ မိဘတွေအတွက် လက်စားချေပြီး သတ်ပစ်ချင်လို့လား…ဒါမှမဟုတ် ငြိမ်းကိုသူ့ အတင်းအဓမ္မ…"

နှစ်ခုစလုံး ရင်မောစရာချည်း ဖြစ်သည်။

သက်ငယ်မိုးသည့်နေ့က အောင်ကြီး ငွေလှူရင်း ငြိမ်းကိုကြည့်သော မျက်လုံးများမှာ သဘောကျစရာ မကောင်း။

"သောင်ပြင်မှာ တစ်ညအတူနေခဲ့ရပေမယ့် ငါက စောင့်ထိန်းနိုင်တယ်၊ သစ္စာရှိရှိ စောင့်ရှောက်ကူညီခဲ့တယ်"

အောင်ကြီးကိုတော့ ဆင်ခြင်ထိန်းချုပ်နိုင်လိမ့်မည်ဟု လုံးဝ မထင်။ ခေါ်သွားပုံက မတော်မတရားနည်းနှင့် ခေါ်သွားခြင်း ဖြစ်သည်။

ငြိမ်းအတွက် စိုးရိမ်ရင်းမှ သောင်ပြင်ညလေးကို လွမ်းဆွတ် သတိရမိသေးသည်။

"ငြိမ်း ခုခံကာကွယ်နိုင်ပါ့မလား…"

လွတ်မြောက်စေလိုစိတ်ဖြင့် တွေးကြည့်မိသည်၊ အား





မရှိ။

အသက်ပေးပြီး ခုခံကာကွယ်မှာပေါ့လို့ ပြောနိုင်ပေမယ့် တကယ်ကျတော့ မိန်းမနဲ့ယောက်ျား အားချင်းမမျှတော့ အရှုံးပေးရမှာပါပဲ၊ သောင်ပြင်ပေါ်မှာ ငြိမ်းပြောခဲ့သော စကားကို ကြားယောင်မိသည်။

"ဟော…မောင်လင်းထွန်းပါလား၊ စောစောက ကြားရတဲ့ စက်သံက မောင်လင်းထွန်းလား"

ကိုချစ်တီး ဆိုင်ထဲကို ဦးထွန်းမောင် ဝင်လာသည်။

"ဟုတ်တယ် ဦးလေး၊ ဆရာမလေး ပျောက်သွားတယ်လို့ ထင်းမော်တော်က လူတွေ ပြောပြောချင်း ကျွန်တော် လိုက်လာတာ၊ ဦးလေးတို့ ဘယ်တွေလိုက်ရှာပြီးကြပြီးလဲ"

ဦးထွန်းမောင် လုပ်ကိုင်ထားသမျှ ရှင်းပြသည်။

"ကျွန်တော်လည်း ကူရှာမယ် ဦးလေး၊ မတွေ့တွေ့အောင်ရှာမယ်ဗျာ…"

"မောင်လင်းထွန်း လမ်းမှာ စက်တပ်လှေများ တွေ့ခဲ့တာ ရှိလား"

ဦးထွန်းမောင်က စုံစမ်းကြည့်သည်။

"ဟင့်အင်း မတွေ့ဘူး"

"ရေတံခွန်တောင်မှာရော"

"တစ်စင်းမှ မရှိဘူး"

ဦးထွန်းမောင်က အောင်ကြီး စက်တပ်လှေပါလာ ဆည်ဆိုသော သတင်းကို ပြောပြသည်။

www.burmeseclassic.com



"ကျွဲနဖားဘက် ပြန်သွားတာ ဆိုရင်ရော . . ."

"မဖြစ်နိုင်ဘူး မောင်လင်းထွန်း၊ ထင်းမော်တော်က လူတွေကို ဦးလေး မေးပြီးပြီ၊ ဒီနှစ်ရက်အတွင်း တစ်စင်းမှ လာတာ သွားတာ မရှိဘူးလို့ ပြောတယ်"

"မြစ်ထဲဝင်တဲ့ ချောင်းလေးတွေထဲ ဝင်ပြီး ပုက်ထား ရင်ရော . . ."

"ဖြစ်နိုင်တာပေါ့ . . ."

လင်းထွန်းပြောသည်ကို ဦးထွန်းမောင် သဘောပေါက် သည်။

"ဦးလေးတို့ ရဲကိုရော တိုင်ထားပြီးလား"

"ဘယ်နေလိမ့်မလဲကွာ၊ နေ့ခင်းကပဲ ကျွဲနဖားကို ပြန်ဆင်းတဲ့ ထင်းမော်တော်နဲ့ ဦးသိမ်းမောင် လိုက်သွားပြီ"

"ဒါက လိမ်ညာပြီး မတရားခေါ်သွားတော့ တိုင်ရမှာ ပေါ့။ ဒီကြားထဲမှာ ဦးလေးတို့လည်း ညှိနှိုင်းတိုင်ပင်ပြီး ကိုယ့် နည်းကိုယ့်ဟန်နဲ့ ကြိုးစားရှာနေကြတာပဲ"

"ဘာသတင်းမှ မရသေးဘူးလား"

"ခုထိတော့ ဘာသတင်းမှ မရသေးဘူး။ ခုလည်း အဲဒီ ကိစ္စအတွက် ဘာလုပ်သင့်တယ်ဆိုတာ ဘုန်းကြီးကျောင်းမှာ စုပြီး တိုင်ပင်နေကြတာ၊ လေ့စက်သံကြားလို့ ဦးလေးဆင်း လာတာ၊ ကဲလာ . . . မောင်လင်းထွန်းပါ ဘုန်းကြီးကျောင်းထဲ လိုက်ခဲ့ပါဦး"

လင်းထွန်း ကိုချစ်တီးကို လှမ်းကြည့်လိုက်သည်။ ကိုချစ်တီးနှင့် မေးချင်တာလေးတွေ ရှိသေးသည်။





"ဦးလေးတို့ သွားနှင့်၊ ကျွန်တော် ခဏနေမှ လိုက် လာခဲ့မယ်"

လင်းထွန်း ဆိုင်ထဲမှာ ကျန်ရစ်သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

အောင်ကြီး၏ စက်လှေ ရွာတောင်ဘက်ကို ဆန်တက်သလား။ ရွာမြောက်ဘက်ကို စုန်ဆင်းသွားသလား။ လင်းထွန်း လိုက်မေးသည်။

ကိုချစ်တီးနှင့် မေးကြည့်တော့ ဒုဋ္ဌာဝတီ မြစ်ကမ်းဘေးမှာ ရွှေကျင်သူများကိုမေးလျှင် သိနိုင်သည်ဟု ဆို၍ လင်းထွန်း လိုက်မေးသည်။

ငြိမ်းကို ခေါ်သွားသောနေ့က ခေါ်သွားသောအချိန်မှာ မြောက်ဘက်သို့ စုန်ဆင်းသွားသော စက်လှေတစ်စင်းမျှမရှိဟု သိရသည်။

ရွာတောင်ဘက်မှာ ရွှေကျင်သူတစ်ဦးသာ ရှိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို မေးကြည့်တော့ ထိုနေ့က အစောကြီးသိမ်းမိ၍ ညနေပိုင်းအထိ မရှိ။ သူ ရှေကျင်နေချိန်မှာတော့ တောင်ဘက်သို့ ဆန်တက်သော လှေတစ်စင်းမှ မရှိဟု သိရသည်။

ဘယ်ဘက်ပိုင်း ဦးစားပေးပြီးရှာရမည်ကို လင်းထွန်း မှန်းဆသည်။

ဖြစ်ဖို့ ကောင်းသည်မှာ မြောက်ဘက်ကို စုန်ဆင်းဖို့ကောင်းသည်။ မြောက်ဘက်ပိုင်းမှာ ချောင်းကွဲလေးတွေ ပိုများသည်။ တော်တော်ကြီးသည့် ချောင်းများပင်ရှိသည်။ ထိုချောင်းများအတိုင်းလိုက်လျှင် တောကြီးထဲအထိ ရောက်နိုင်သည်။

သို့သော် မြောက်ကိုသွားသော လှေတစ်စင်းမျှမရှိဟု ရှေကျင်သူ သုံးဦးက အနိုင်အမာပြောသည်။

တောင်ဘက်မှ လူက အစောကြီးသိမ်းသည်။ သူ သိမ်းပြီးမှ တောင်ဘက်သို့ ထွက်သွားနိုင်သည်။ ငြိမ်းကို ခေါ်သွားသည်ကလည်း ညနေပိုင်း ဖြစ်နေသည်။

ရှေပန်းတောနှင့် ရေတံခွန်တောင်ကြားမှာ မြစ်ထဲသို့ စီးဝင်သော ချောင်းငယ်သုံးခုသာ ရှိသည်။

ထိုချောင်းများကို အလျင်ဦးစားပေး၍ သူ့လှေနှင့် လိုက်ရှာရန် လင်းထွန်း ဆုံးဖြတ်လိုက်သည်။

"ဟေ့ . . . လင်းရေ မြန်မြန်လာဟေ့၊ ဘုန်းကြီးကျောင်း သွားအောင်"

လင်းထွန်း ရွာတောင်ပိုင်း ရှေကျင်သူထံမှမေးပြီး ပြန်လာစဉ် ကိုချစ်တီး အရေးတကြီး လိုက်ခေါ်သည်။





"ဘာထူးလို့လဲဗျ ကိုချစ်တီး"

"အေး . . . ထူးတယ်ကွ၊ ဝါးခုတ်သမား တစ်ယောက်ဆီမှာ သတင်းထူးပါလာတယ်တဲ့၊ ဘုန်းကြီးကျောင်းရောက်မှ အသေအချာ သိရမှာပဲ"

"ဒါဖြင့် လာဗျား မြန်မြန်သွားရအောင်"

လင်းထွန်း၏ ခြေလှမ်းက သိပ်မြန်၍ နောက်မှ ကိုချစ်တီး မနည်းအမှီလိုက်ရသည်။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

လင်းထွန်းလက်မှ နာရီကိုကြည့်တော့ သုံးနာရီခွဲပြီ။

အချိန်က ညနေပိုင်းရောက်နေပြီ။

"ငြိမ်းမှာ ဘယ်လိုဒုက္ခတွေ ကြုံတွေ့နေရပြီလဲ"ဟု စဉ်းစားတိုင်း ရင်မှာမောသည်။

အေးချမ်း၍ စိတ်ထားကောင်းသော ငြိမ်းကို သိပ်ချစ်မိသည်။

ချစ်သူဖြစ်ပြီး နောက်တစ်ကြိမ်ပင် မတွေ့ရသေးမီ သူမှားလက်ပါသွားရသော အဖြစ်ကရင်နင့်စရာ။

ဘုန်ကြီးကျောင်းကို ရောက်တော့လူတွေ တော်တော်စုံနေသည်။

နေရွှေရာ

www.burmeseclassic.com

www.burmeseclassic.com

သတင်းယူလာသော ဝါးခုတ်သမားကိုလည်း တွေ့ရသည်။

ရွာလူကြီးဦးထွန်းမောင်က လင်းထွန်းကို စာတစ်စောင်ပေးသည်။ သူ့ အတွက်ရေးသော ငြိမ်း၏စာ။

ကိုလင်းထွန်း . . .

ငြိမ်းကို ခွင့်လွှတ်ပါ။ ငြိမ်း ရွှေပန်းတောကို လာတာ ရွှေပန်းတော အတွက်ပါ။ ဘဘုန်းဘုရားဆန္ဒအတိုင်း ရွှေပန်းတောကို ငြိမ်းအေးစေချင်တယ်၊ အတိတ်က ရှိခဲ့တဲ့ အမုန်းတွေ ကျေအေးချင်တယ်၊ အဲ့ဒီလိုဖြစ်ဖို့ဆိုရင် ငြိမ်း ရွှေပန်းတောမှာ လက်ထပ်သင့်သူဟာ ကိုအောင်ကြီးပဲ ဖြစ်ပါတယ်။ သူနဲ့ ငြိမ်းဘဝဟာ ကံတူအကျိုးပေးဖြစ်ပါတယ်။

နှစ်ဖက်မိဘတွေကြောင့် အရုပ်ဆိုးအကျည်းတန်ဖြစ်ခဲ့ရတဲ့ ရွှေပန်းတောပြန်ပြီးလှပဖို့ဆိုရင် နှစ်ဖက်က ကျန်ခဲ့တဲ့ သားနဲ့သမီး လက်ထပ်လိုက်တာဟာ ရွှေပန်းတောအတွက် အံ့ဩစရာ အလွန်ဝမ်းသာကြည်နူးစရာ ဖြစ်လိမ့်မယ်။

ကိုအောင်ကြီးက ငြိမ်းကို အတင်းအဓမ္မခိုးယူသွားတာ မဟုတ်ပါဘူး။ ကိုအောင်ကြီးနဲ့ ငြိမ်းတို့ ညှိနှိုင်းပြီးမှ နှစ်ဦးသဘောတူ ခုလိုစီစဉ်လိုက်တာ ဖြစ်ပါတယ်။ ငြိမ်းတို့ကို လိုက်မရှာပါနဲ့။

မကြာခင် ငြိမ်းတို့ဘာသာ ရွှေပန်းတောကို ပြန်လာမှာပါ။

ငြိမ်းကို ရွှေပန်းတောရောက်အောင် ကူညီခေါ်ဆောင်





ခဲ့တဲ့ ကိုလင်းထွန်းကို ကျေးဇူးတင်ပါတယ်။

ရွှေပန်းတော ဖာတ်လမ်းလှဖို့အတွက် ကိုအောင်ကြီးနဲ့ငြိမ်းတို့ လက်ထပ်ပြီး ရွာကောင်းကျိုးဆောင်ရွက်တဲ့ အခါမှာလည်း ဆက်ပြီး ကူညီပေးပါရှင်။

ငြိမ်း

စာကိုဖတ်ပြီး လင်းထွန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

ဤစာသည် ငြိမ်းကိုယ်တိုင် ဆန္ဒအမှန်နှင့် ရေးသလား။ အောင်ကြီး အတင်းအကျပ် နိုင်း၍ ရေးရသလား။ စဉ်းစားစရာ ရှိသည်။

လက်ရေးကတော့ မိန်းကလေး လက်ရေးဖြစ်သည်။

ငြိမ်းလက်ရေး ဟုတ်,မဟုတ် မသိ။ ငြိမ်းလက်ရေး တစ်ခါမျှ မမြင်ဘူးသေး။

ဤကိစ္စ သိပ်မခက်။ ငြိမ်းနေသည့် အိမ်တွင် ငြိမ်း၏ စာအုပ်များမှာ ငြိမ်းလက်ရေးရှိလိမ့်မည်။ တိုက်ကြည့်၍ ရသည်။

ဦးထွန်းမောင်က နောက်ထပ် စာနှစ်စောင် လင်းထွန်းကို ပေးသည်။ တစ်စောင်က ဘဘုန်းဘုရားဟု ခေါင်းစည်းတပ်၍ ဘုန်းတော်ကြီး ဦးမေဓာကိုပေးသောစာ၊ နောက်တစ်စောင်က ရွာလူကြီး ဦးထွန်းမောင်ကို ပေးသောစာ။

သုံးစောင်လုံးတွင် ရေးထားသော အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။ ပေးသည့်ပုဂ္ဂိုလ်ကို လိုက်၍ ကွဲပြားမှု


www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သာ ရှိသည်။

အားလုံးက စာဖတ်နေသော လင်းထွန်းကို ကြည့်နေကြည့်လိုက်သည်။

လင်းထွန်းက စာဖတ်ပြီးသည်နှင့် ဘုန်းတော်ကြီးကို ကြည့်လိုက်သည်။

ဘုန်းတော်ကြီး၏ လက်ထဲတွင် စာတစ်စောင် ကိုင်ထားသေးသည်။

ထိုစာကို လင်းထွန်းထံ လှမ်းပေးသည်။

လင်းထွန်းယူပြီး ဖတ်ကြည့်သည်။ ငြိမ်း ရန်ကုန်မှာ ရှိစဉ်က ဘဘုန်းဘုရားထံသို့ ရေးသောစာဖြစ်သည်။

"လက်ရေးကတော့ သမီးလေး လက်ရေးအမှန်ပဲဆိုတာ အကောလေးကို ပြတာပါ"

ဘုန်းတော်ကြီး ပြောပြီးသည်နှင့် လင်းထွန်းက လက်ရေးတိုက်ကြည့်သည်။ မှန်သည် အတူတူပင်ဖြစ်သည်။

ငြိမ်းကိုယ်တိုင် ရေးသည့် ငြိမ်းလက်ရေး။

"အပြောင်းအလဲ မြန်လွန်းလှချည်းလား ငြိမ်းရယ်" ဟု ရင်ထဲမှာ နာကျင်စွာ ခံစားရသည်။

တစ်ခုခုကိုလည်း ဘဝင်မကျသလို ရင်ထဲမှာ မတင်မကျ ဖြစ်နေသည်။

"ဒါဟာ သဘာဝကျရဲ့လား။ ငြိမ်းက ဒီအတိုင်း စိတ်ပြောင်းပြီး ဆုံးဖြတ်တယ်ဆိုတာ မှန်ပါ့မလား"

ပြန်စဉ်းစားကြည့်သည်။





ခေါင်းထဲမှာ အသိတစ်ခု ဝင်လာသည်။

"ဒီအတိုင်း အမှန်ပဲဆိုရင် သူတို့ အခုလို ထွက်ပြေးစရာ မလိုဘူး ထင်ပါတယ် ဘုရား။ ဒီရွာမှာတင် အားလုံးကို သူတို့နှစ်ယောက် ရှင်းပြလိုက်ရင် ပြီးသွားမှာပါ။ အခု ထွက်ပြေးပြီးမှ ဒီစာပေးလိုက်တယ်ဆိုတော့ . . ."

ဘုန်းတော်ကြီးက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ အတင်းအကျပ် အရေးခိုင်းလို့ ရေးသလားဆိုတာ စဉ်းစားစရာပါပဲ"

လင်းထွန်းက စာယူလာသည်ဆိုသော ဝါးခုတ်သမားကို လှမ်းကြည့်လိုက်သည်။

"အစ်ကို့ ကို ဒီစာ ဘယ်သူလာပေးတာလဲ၊ ကိုအောင်ကြီး ကိုယ်တိုင်လား"

"မဟုတ်ဘူး။ ဘယ်သူမှလာပေးတာ မဟုတ်ဘူး။ စာပေးတဲ့လူကို ကျွန်တော် မတွေ့လိုက်ရဘူး"

"ဗျာ . . ."

လင်းထွန်း နားမလည်ပါ။

"ဒီလိုဗျ။ ကျွန်တော် ဝါးခုတ်တာက တစ်နေရာမှာနားပြီး ပစ္စည်းတွေထားတယ်။ ပြီးတော့ ဝါးရှိတဲ့နေရာတွေ သွားခုတ်တာ၊ ကိုယ်မှန်းသလောက် ရပြီဆိုမှ အဲ့ဒီ ဝါးတွေကိုနားတဲ့နေရာသယ်ပြီး စုပုံတာ၊ အဲ . . . ကျွန်တော် ဝါးသွားခုတ်နေတုန်း ကျွန်တော် နားတဲ့သစ်ပင်အောက်က ကျွန်တော် ထမင်းဘူးနဲ့ ဖိထားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထွန်း နားလည်သွားပါပြီ။

"အစ်ကို ဝါးခုတ်တာက ဘယ်မှာလဲ"

"ဒီရွာရဲ့ အရှေ့မြောက်ဘက် ကျုမယ်၊ တောင်တစ်ခု ကျော်ရသေးတယ်၊ ကျွန်တော်က ဝါးသန့်သန့် ရချင်လို့ လူ သိပ်မရောက်တဲ့ နောက်တောင်ခြေတစ်ခုအထိ သွားခုတ်တာ"

"ရွာရဲ့ အရှေ့မြောက်ဘက်"

လင်းထွန်း စဉ်းစားကြည့်သည်။

ရွှေကျင်သူများထံမှ သိရချက်များကို အခြေခံပြီး ရွှေပန်းတောင်၏ တောင်ဘက်မှ ချောင်းများကို ဦးစွာရှာရန် လင်းထွန်း စဉ်းစားထားခဲ့သည်။ ခုတော့ နေရာလွဲနေသည်။

"အစ်ကို ထင်းခုတ်တဲ့နေရာနဲ့ အနီးမှာ ချောင်းရှိလား ဒုဋ္ဌာဝတီမြစ်ထဲ စီးဝင်တဲ့ချောင်း"

"အဲဒီနားမှာတော့ မရှိဘူး၊ မြောက်ဘက်ကို တစ်မိုင်လောက် ထပ်သွားရင်တော့ ချောင်းတစ်ခုရှိတယ်"

"တပည့်တော်ကတော့ သူတို့ ပြန်လာတဲ့အထိ စောင့်မနေဘဲ အမြန်ဆုံး ရှာသင့်တယ်လို့ ထင်တယ်ဘုရား"

ဘုန်းတော်ကြီးကတော့ လင်းထွန်းကို လှမ်းကြည့်ရင်း စဉ်းစားနေသည်။

"ဦးလေးကတော့ သူ့စာထဲပါတဲ့အတိုင်း သူတို့ပြန်လာတာကို စောင့်သင့်တယ်လို့ ထင်တယ်"

စာဖတ်ရုံနှင့် ယုံလွယ်သော ဦးထွန်းမောင်ကို လင်းထွန်း မကျေမနပ် လှမ်းကြည့်လိုက်သည်။





"တကယ်လို့ ဒီစာဟာ အတင်းအကြပ်ရေးခိုင်းလို့ ရေးရတာဆိုရင် မိန်းကလေး ဒုက္ခရောက်နေမှာပေါ့ ဦးလေး"

"စာထဲမှာ ရေးထားတာက အဒီလို ကြောက်လို့ရေးတာမျိုးမဟုတ်ဘူး မောင်လင်းထွန်း၊ မိန်းကလေးကိုယ်တိုင်ရေးထားတာ၊ ပြီးတော့ အခုန မောင်လင်းထွန်း လက်ရေးတိုက်ကြည့်တော့လည်း မိန်းကလေးလက်ရေးအမှန်ပဲ မဟုတ်လား"

လင်းထွန်းနှင့် ဦးထွန်းမောင် အပြန်အလှန် ပြောသည်ကို အားလုံးစိတ်ဝင်စားစွာ နားထောင်နေကြသည်။

"မိန်းကလေးလက်ရေး မှန်ပေမယ့် အတင်းအဓမ္မ ခြိမ်းခြောက်အရေးခိုင်းရင် ရေးရမှာပဲ ဦးလေး။ ခေါ်သွားတာကိုက ဦးလေးက ခေါ်တယ်ဆိုပြီး လိမ်ညာခေါ်သွားလည်း စဉ်းစားကြည့်ဦး"

"အင်း . . .ခေါ်တုန်းက လိမ်ညာခေါ်သွားတာ ဟုတ်မယ်။ ဒါပေမယ့် နှစ်ယောက်တွေ့တော့ ပြောကြ ဆိုကြရင်းနဲ့ မိန်းကလေးကိုယ်တိုင် သဘောတူသွားတာလည်း ဖြစ်နိုင်တာပဲ"

"ကျွန်တော်ကတော့ အဲဒီလို မဖြစ်နိုင်ဘူး ထင်တယ် ဦးလေး၊ ဘာဖြစ်လို့လဲဆိုတော့ . . ."

"သူရေးထားတာတွေက ဟုတ်နေတယ် မောင်လင်းထွန်း"

ဦးထွန်းမောင်က လင်းထွန်း၏ စကားကို ဖြတ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက် လက်ထပ်လိုက်ရင် ဘာတဲ့"

ဦးထွန်းမောင်က သူပေးထားသော စာကို ပြန်ကြည့်သည်။

"အင်း . . . နှစ်ဖက်မိဘတွေကြောင့် အရုပ်ဆိုးခဲ့ရတဲ့ ရွှေပန်းတောဟာ ပြန်ပြီး လှပသွားလိမ့်မယ်၊ အမုန်းတွေအားလုံး ကျေအေးသွားလိမ့်မယ်တဲ့၊ မိန်းကလေးရဲ့ စိတ်ရင်းကလည်း ရွှေပန်းတောကို ကောင်းစေချင်တဲ့ ဆန္ဒနဲ့ ပြန်လာတယ်ဆိုတာ ဦးလေး သိထားတယ်၊ သူရေးထားတာတွေက သူ့စိတ်သဘောနဲ့ ကိုက်ညီနေတယ်။ ဒါကြောင့်မို့ ရွှေပန်းတောရွာ ကောင်းစေချင်တဲ့ စေတနာထားပြီး မိန်းကလေးက မောင်အောင်ကြီးနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ်လို့ ဦးလေးကတော့ ယုံတယ်"

ဦးထွန်းမောင် အနိုင်အမာ ယုံကြည်ခြင်းဖြစ်၍ လင်းထွန်း စိတ်ပျက်စွာနှင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဦးလေးက သိပ်ရိုးတာကိုး၊ ကျွန်တော်ကတော့ ငြိမ်း ရွှေပန်းတောကို ကောင်းအောင်လုပ်ဖို့ လာတာ၊ ကျွန်တော်လည်း သိတယ်၊ ဒါပေမယ့် အဲဒါကြောင့် အောင်ကြီးနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်တယ်ဆိုတာတော့ မယုံဘူး"

"ကဲ . . . ဦးလေးရာ ကျွန်တော် ဖွင့်ပြောပါ့မယ်၊ ဆရာတော်ဘုရားလည်း နားနဲ့မနာ ဖဝါးနဲ့နာပါ။ ငြိမ်းဟာ ကျွန်တော်နဲ့ မေတ္တာရှိနေကြတဲ့ မိန်းကလေးဖြစ်တယ်"

နားထောင်နေသူများထံမှ အသံများ ထွက်လာ၍





လင်းထွန်း ခဏစောင့်နေလိုက်သည်။

"ကဲ . . . နားထောင်ကြပါဦး နားထောင်ကြပါဦး"

ကပ္ပိယကြီး ဦးဘအေးက ပရိသတ်ကို အငြိမ်ခိုင်းသည်။

"ငြိမ်းရဲ့စိတ်ဓာတ်ကို ကျွန်တော်သိပါတယ်၊ သူဟာ အဲဒီလို လွယ်လွယ်နဲ့ အပြောင်းအလဲလုပ်မယ့် မိန်းကလေး မဟုတ်ဘူးလို့ ကျွန်တော်ယုံတယ်၊ ထားပါတော့၊ ပြောင်းလဲသွားတယ်ဆိုရင်လည်း ကျွန်တော်တို့ ရှာတာကတော့ ရှာသင့်တယ်"

"ရှာလို့ တွေ့တဲ့အခါ သူ့စာထဲမှာ ရေးထားတဲ့အတိုင်း အမုန်းပဲ၊ ရွှေပန်းတောရွာကောင်းဖို့အတွက် သူ့စိတ်ပြောင်းလိုက်တယ်ဆိုရင် ကျွန်တော် ကျေနပ်တယ်။ သူ့ကိုလည်း မကျေမနပ်ဖြစ်မှာ မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ရွှေပန်းတောရွာမှာ အရုပ်ဆိုးခဲ့တာတွေ မုန်းခဲ့တာတွေ ကျေသွားပြီး ကောင်းသွားတာကို သဘောကျပါတယ်"

"အဲဒီတော့ သူတို့ဆန္ဒအတိုင်း အေးအေးချမ်းချမ်း လက်ထပ်ပေးလိုက်ကြရုံပဲပေါ့။ ဘာဖြစ်လဲ အဲ . . . အမှေ့ ငြိမ်း ခြောက်ခိုင်းတာဆိုရင်တော့ အဲဒီမိန်းကလေး ဒုက္ခမရောက်အောင် ကျွန်တော်တို့ အချိန်မီ ကယ်နိုင်တာပေါ့"

"အချိန်မီဆိုတာက အခုပဲ နှစ်ရက်ရှိသွားပြီလေ"

ဦးထွန်းမောင်က နောက်ကျသွားပြီဟု ဆိုလိုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက်ရှိရင်လည်း နှစ်ရက် ဒုက္ခရောက်နေမှာပေါ့၊ သုံးရက် ဒုက္ခမရောက်အောင် ကျွန်တော်တို့ လိုက်ရှာသင့်တယ်"

လင်းထွန်းကတော့ ရှာဖို့ဘက်က မလျှော့။

"ကဲ . . . ရှာသင့်တယ်ဆိုရင်လည်း မောင်လင်းထွန်း ဘယ်မှာရှာမလဲ၊ ဒီဒေသမှာက တောတွေ တောင်တွေချည်းပဲ။ နည်းနည်းဝေးသွားရင် လူသူအသွားအလာ အရောက်အပေါက် မရှိသေးတဲ့ နေရာတွေကိုက အများကြီး၊ တောတောင်တွေရဲ့ အန္တရာယ်လည်း ရှိသေးတယ်။ တောတိုးရတဲ့ ဒုက္ခက မလွယ်ဘူး"

ဦးထွန်းမောင်က အခက်အခဲကို စဉ်းစားသည်။

"ကျွန်တော့်အထင်တော့ အဲဒီလောက် ခက်ခဲတဲ့ နေရာအထိ သူတို့ မသွားဘူး ထင်ပါတယ်။ မိန်းကလေးလည်း ပါသေးတယ်ဆိုတော့ မိန်းကလေးလိုက်နိုင်မယ့် နေရာလောက်ပဲ သွားမှာပါ"

"ဟိုအစ်ကို ဝါးခုတ်တဲ့နေရာကို ဗဟိုပြုပြီး ဖြန့်ရှာလိုက်ရင် တွေ့မယ်ထင်ပါတယ်။ ဝါးခုတ်တဲ့နေရာနဲ့ အနီးဆုံးမှာရှိတဲ့ ချောင်းထဲကို ဝင်လိုက်ရင်တောင် သူတို့လှေကို တွေ့ရမယ် ထင်ပါတယ်"

နားထောင်နေသော လူများထံမှ ထင်မြင်ချက်အမျိုးစုံကို အကြောင်းပြုပြီး စကားသံများ ထွက်လာကြသည်။ ရှာသင့်သည်ဟု ယူဆသူများရှိသကဲ့သို့ စောင့်ကြည့်ချင်သူများလည်းရှိသည်။





"ဒီ ဒကာလေးပြောတာ ဟုတ်ပါတယ်၊ ရှာတာကတော့ ရှာသင့်ပါတယ်။ တွေ့တဲ့အခါ မိန်းကလေးကိုယ်တိုင်က သူရေးတဲ့ စာအတိုင်း မှန်ပါတယ်ဆိုရင် သူတို့ဆန္ဒအတိုင်း ရပ်ရွာက လက်ထပ်ပေးကြရုံပေါ့၊ အန္တရာယ်ဖြစ်နေတာ ဆိုရင်လဲ အချိန်မီ ကယ်တင်နိုင်တာပေါ့။ ဝါးခုတ်တဲ့နေရာနဲ့ အနီးဆုံးချောင်းကို အရင်ရှာကြည့်ကြတာပေါ့။ ပြီးတော့မှ ဝါးခုတ်တဲ့နေရာနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ နေရာတွေကို ရှာကြည့်ဖို့ကောင်းတာပေါ့"

ဘုန်းတော်ကြီး ဦးမေဓာက အဆုံးအဖြတ်ပေးလိုက်သည်။

"ကောင်းပါပြီဘုရား၊ တပည့်တော်တို့ ရှာပါ့မယ်"

ဘုန်းတော်ကြီး စကားကိုတော့ ဦးထွန်းမောင်နှင့် တကွ ရွာသူရွာသားအားလုံး လေးစားကြသည်။

"ဘယ်တော့ စရှာမှာလဲ"

လင်းထွန်း မေးချင်သည်ကို လူတစ်ယောက်မေးလိုက်၍ လင်းထွန်း နားထောင်နေလိုက်သည်။

"ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ တောထဲဝင်ရမှာဆိုတော့ မနက်ဖြန်မနက်မှ ရှာကြမယ်"

ဦးထွန်းမောင်က အဖြေပေးသည်။

လင်းထွန်း ကျောင်းအပြင်ကို လှမ်းကြည့်လိုက်သည်။ မှန်သည်။ တောထဲဝင်ရန် အချိန်မရှိတော့ပါ။

နေက အနောက်ဘက် ကောင်းကင်မှာ အတော်နိမ့်



www.burmeseclassic.com

www.burmeseclassic.com

နေပြီ။

"ကျွန်တော်ကတော့ ဝါးခုတ်တဲ့ အစ်ကိုပြောတဲ့ ချောင်းကို ခုပဲ သွားကြည့်ချင်တယ်။ ကျွန်တော့် လေ့နဲ့သွားလို့ ရပါတယ်၊ ဒီရွာရဲ့ မြောက်ဘက်ကိုစုန်ရင် ပထမဆုံးတွေ့တဲ့ ချောင်းပဲ"

ဝါးခုတ်သူက ချောင်းကို အတိအကျ ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ကျွန်တော်ခုသွားမယ်၊ နောင်ထပ် လေးယောက်တော့ လိုက်ခဲ့ပါ၊ ဘယ်သူမှ မလိုက်ရင်လဲ ကျွန်တော်ကတော့ သွားမှာပါ"

"ငါတို့သွားချင်ရင် ဦးလေးလိုက်ပါ့မယ်"

ဦးထွန်းမောင်၏ စကားကြောင့် လင်းထွန်း ဝမ်းသာသွားသည်။ နောက်ထပ် လူငယ်သုံးယောက် မတ်တက်ရပ် လိုက်ကြသည်။

×××





အခန်း(၃၁)

အနောက်ဘက် တောင်စွယ်မှာ နေမင်းကြီးငုံ့လျှိုခါနီး အချိန်ဖြစ်သည်။ လူငါးယောက်ကို ဆောင်ထားသော စက် တပ်လှေလေးသည် ဧရာဝတီမြစ်သို့ စီးဝင်သည့် ချောင်းကလေး ထဲသို့ ရောက်လာသည်။

အတော်လေး ဆန်တက်မိသောအခါ ချောင်းကမ်း နှစ်ဖက်တွင် သစ်ပင်များ ထူထပ်စွာပေါက်နေသည့် တောကြီး ထဲသို့ ရောက်လာသည်။

လင်းထွန်းက လှေကိုဖြစ်နိုင်သမျှ မြန်မြန်မောင်း၍ ချောင်းကို ဆန်တက်နေသည်။

နေရောင်ပျောက်ကွယ်သွားသော်လည်း အလင်းရောင်


www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးသည်။ ချောင်းကမ်းဘေးမှ သစ်ပင်သစ်ကိုင်းများကြောင့် လှေကို ချောင်းလယ်မှ မောင်းနေရသည်။

ချောင်းလေးက တောင်နှစ်ခုကြားမှ စီးဆင်းလာခြင်းဖြစ်သည်။

တောင်ကြားစီသို့ နီးလာသောအခါ ချောင်းမှာ တဖြည်းဖြည်း ကျဉ်းလာသည်။ လှေမောင်းရသည်မှာလည်း ပိုခက်လာသည်။

သစ်ပင်သစ်ကိုင်းများက ချောင်းအလယ်အထိ ရောက်လာသည်။

ချောင်းကမ်းနှစ်ဖက်မှ ချုံနွယ်များက ထူထပ်စွာ ဖုံးအုပ်နေသည်။

လှေပေါ်ပါလာသူများအားလုံး ဖုံးကွယ်သိုဝှက်ထားမည့်လှေကို သတိထား၍ ရှာဖွေကြသည်။

တဖြည်းဖြည်းနှင့် အလင်းအားနည်းလာသည်။

ထင်းခုတ်၊ ဝါးခုတ်သည့် နေရာများကိုပင် ကျော်လွန်လာသည်။

ခုထိ လှေကို အရိပ်အယောင်ကိုမျှ မမြင်ရသေး။

ရှေ့တွင် ချောင်းကိုဖြတ်၍ သစ်ပင်လဲကျနေသောကြောင့် လှေစက်ကို ရပ်လိုက်သည်။

ထိုနေရာမှ အထက်သို့ သည်အတိုင်း ဆန်တက်၍ မရ။ လဲကျနေသော သစ်ပင်ကို ရှင်းမှရသည်။

သစ်ပင်လဲကျနေသည်မှာ ကြာပြီဖြစ်သောပုံ။





ပတ်ဝန်းကျင်ကို အသေအချာကြည့်သည်။ ဤနေရာမှ လှေတစ်စင်းစင်း ဆန်တက်သွားခဲ့သည့် အခြေအနေမျိုးကို လုံးဝမတွေ့ရ။

"ကဲ...ကျေနပ်ပြီလား မောင်လင်းထွန်း"

"ဟုတ်ကဲ့...ကျေနပ်ပါပြီ ဦးလေး"

လှေကို ခက်ခက်ခဲခဲ နောက်ဘက်သို့ ပြန်လှည့်ရသည်။

လင်းထွန်း တကယ်ကို ကျေနပ်သည်။ သူ့ စိတ်ထဲမှ တွေးထင်ထားသည့်အချက် တစ်ခုပို၍ နိုင်မာသွားပြီဟု ယူဆလိုက်သည်။

ဝါးခုတ်သူထံ စာလာချသွားသူသည် လှည့်စားလိုသောသဘောဖြင့် ရွာမြောက်ဘက်အထိ လာထားခြင်းဖြစ်သည်။

မနက်ဖြန် မနက်စောစောထပြီး ရွာ၏တောင်ဘက်မှ အနီးဆုံးချောင်းကို ဝင်ရောက်ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

ထိုချောင်းမှာ မတွေ့လျှင် ဒုတိယချောင်းကို ဆက်ရှာမည်။

အဆန်ဘက်မှာ ရှိသည့်ချောင်း တစ်ခုတွင် ဝှက်ထားသောလှေကို အသေအချာ တွေ့လိမ့်မည်ဟု ထင်သည်။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

မှောင်လွန်းသော ညဖြစ်၍ ကြယ်လေးများအရောင်ပို ပြီး လင်းလက်နေသည်။

လင်းထွန်း အစိပ္ပာယ်မဲ့စွာ ကောင်းကင်ကို မော့ကြည့်နေမိသည်။

လရောင် မရှိသောည။

တောရိပ် တောင်ရိပ်ကြောင့် ပတ်ဝန်းကျင်က ပို၍မှောင်နေသည်။

စမ်းရေစီးသံလွင်လွင် ကြားနေရသည်က လွမ်းစရာ။

စမ်းရေအေးအေးက လင်းထွန်း၏ ခြေအစုံကို ပွတ်တိုက်စီးဆင်းသွားသည်။

နေရှူရာ

www.burmeseclassic.com

www.burmeseclassic.com



ခြေမှာ အေးသော်လည်း ရင်မှာ ပူလောင်နေသည်။

ငြိမ်းကို သတိရလွန်း၍ ငြိမ်းနှင့် အတူ ထိုင်ခဲ့သော စမ်းချောင်းလေးမှ ကျောက်တုံးပေါ်မှာ တစ်ယောက်တည်း လာထိုင်နေမိသည်။

ဤနေရာမှာ ငြိမ်းကို ချစ်ရေးဆိုခဲ့သည်။ ဤနေရာမှာ ငြိမ်းကို ချစ်ကြင်နာစွာ မွှေးခဲ့သည်။

နူးညံ့နွေးထွေးသော အတွေ့အထိလေးများက မကြာသေးသလိုပင် ခံစားရသည်။

သို့သော် ခုတော့ ဤနေရာလေးမှာ အမှောင်ထုက ဖုံးလွှမ်းနေသည်။

ထိုင်နေရသည်ကလည်း တစ်ယောက်တည်း။

ငြိမ်း ဘယ်ရောက်နေလဲ။ ငြိမ်း အန္တရာယ် ကြုံတွေ့နေသလား။ သိချင်သည်။

ငြိမ်းအတွက် တစ်ခုခု လုပ်ပေးချင်သည်။

အလကား ကုန်ဆုံးရသော အချိန်များကို မကျေနပ် ဖြစ်မိသည်။

ညအမှောင်ထုများအောက်မှာ ငြိမ်းဘဝ မှောင်အက်ကျနေပြီးလား။

ခုဆိုရင် ငြိမ်း အောင်ကြီးနှင့် ပါသွားသည်မှာ နှစ်ညရှိပြီ။

အောင်ကြီးက ငြိမ်းကို အတင်းအဓမ္မ သိမ်းပိုက်ပြီးပြီလား။





ပူလောင်သော လေများကို သက်ပြင်းချ၍ မှုတ်ထုတ်လိုက်ရသည်။

ဦးထွန်းမောင် ထင်သလို ငြိမ်း ကိုယ်တိုင်က စိတ်ပြောင်းသွားတာရော မဖြစ်နိုင်ဘူးလား။

လင်းထွန်း ပြန်စဉ်းစားကြည့်သည်။

ငြိမ်းနှင့်သူ ချစ်သူဖြစ်ခဲ့ကြသည်မှာ မှန်သည်။

သို့သော် အောင်ကြီးက အသက်အန္တရာယ်ကို ခြိမ်းခြောက်ပြီး ဖြစ်သင့်သည်ကို ညှိနှိုင်းယူသည်လည်း ဖြစ်နိုင်သည်။

ကိုချစ်တီး ပြောသည့်အတိုင်းဆိုလျှင် အောင်ကြီးက ထင်းပွဲစား၊ ဝါးပွဲစား၊ ဖဲဝိုင်းထောင်၊ ဂျင်ဝိုင်းထောင်ပြီး အကောက်အစားလည်း လုပ်သေးသည်။ သိပ်လည်သည်။

ငြိမ်းကို သူ့ဘက်ပါအောင် နည်းမျိုးစုံသုံးပြီး ညှိနှိုင်းယူလိုက်ပြီလား။

ငြိမ်းကိုယ်တိုင်ကလည်း ရွှေပန်းတောမှာ အမှန်းများ ကျေအေးပြီး တစ်ရွာလုံး ဝမ်းသာမည်ထင်၍ စိတ်ပြောင်းလိုက်လေသလား။

သူ လာသည့် ရည်ရွယ်ချက်ကိုက ရွှေပန်းတောကို ကောင်းသွားအောင် ပြောင်းလဲပစ်ဖို့။

ဘယ်လိုဖြစ်ဖြစ် လင်းထွန်းအတွက်ကတော့ ငြိမ်းနှင့်နီးဖို့ မျှော်လင့်ချက် မရှိ။

ငြိမ်းနှင့် တွေ့ရ၊ ချစ်သူဖြစ်ရ၊ ဆုံရသည်က အလွန်



www.burmeseclassic.com

www.burmeseclassic.com



တိုတောင်းသည်။ အိပ်မက်ကလေး တစ်ခု။

"ဩော် . . . ငြိမ်းရယ်"

တွေ့လိုက်ရတာ မကြာသော်လည်း ငြိမ်းကို လင်းထွန်း ရင်ထဲမှာ နိုင်မြဲစွာ စွဲမြဲနေမိသည်။

သို့သော် ငြိမ်း ဒုက္ခရောက်သည်နှင့် စာလျှင် ငြိမ်း ကိုယ်တိုင် စိတ်ပြောင်းပြီး အောင်ကြီးနှင့် လက်ထပ်သည်က ပိုကောင်းသေးသည်ဟု လင်းထွန်း စဉ်စားမိသည်။

ငြိမ်း ကောင်းစေချင်သော ရွှေပန်းတောရွာလည်း အမုန်းတွေ ပြေပျောက်ပြီး ငြိမ်းအေးသွားလိမ့်မည်။

ရွှေပန်းတောအတွက်ပါ လင်းထွန်း ဝမ်းသာပေးရတော့မည်။

ရင်ထဲမှာတော့ နာသည်။

အမှောင်ထုက ပို၍ သိပ်သည်းလာသည်။

လင်းထွန်း ထိုင်နေရာ ထ၍ စမ်းချောင်းလေးအတိုင်း စမ်းတဝါးဝါး လျှောက်လှမ်းလာခဲ့သည်။

ဘုန်းတော်ကြီး ဦးမေဓာ၏ ကျောင်းဝင်းထဲ ပြန်ရောက်လာသည်။

ညဦးပိုင်းက ညှိနှိုင်းချက်အရ ဒုဋ္ဌာဝတီမြစ်တွင် စီးဝင်သည့် ရွာတောင်ဘက်မှ အနီးဆုံး ချောင်းကို လင်းထွန်းနှင့် လူလေးယောက်က ရှာမည်။

ဦးထွန်းမောင်နှင့် ရွာသားနှစ်ဆယ်က ဝါးခုတ်သမားစာရသော နေရာကို ဗဟိုပြု၍ တောထဲမှာ ရှာမည်။





ရွာသားများ ပြန်ကြတော့ လင်းထွန်း ဘုန်းတော်ကြီး ကျောင်းမှာပင် ညအိပ်ရန် ကျန်ခဲ့ခြင်းဖြစ်သည်။

မနက်စောစော ထရမည်မို့ စောစောအိပ်ရန် လင်းထွန်း ကျောင်းပေါ်သို့ တက်ခဲ့သည်။

ဘုန်းတော်ကြီး ဦးမေဓာ ဘုရားခန်းရှေ့မှာ ထိုင်နေဆဲ။ ကပ္ပိယကြီး ဦးဘအေးလည်း ခပ်လှမ်းလှမ်းမှာထိုင်ပြီး ပုတီးစိပ်နေဆဲ။

ငြိမ်းအပေါ်မှာ သမီးတစ်ယောက်လို မေတ္တာစေတနာထားသော ဆရာတော်ကို လင်းထွန်း သနားမိသည်။ ဆရာတော်၏ ရင်ထဲမှာလည်း ငြိမ်းအတွက် စိုးရိမ်ပူပန်မှုများ ရှိနေပေလိမ့်မည်။ သူကိုယ်တိုင် နှစ်များစွာ အချိန်ယူ၍ ပညာသင်ပေးခဲ့ရသော မိန်းကလေးဖြစ်သည်။

အလွန်မွန်မြတ်သော စေတနာနှင့် ငြိမ်းကို ရွှေပန်းတောသို့ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ သူခေါ်မိ၍ ဒုက္ခဖြစ်ရသည်ဟု တွေးပြီး စိတ်မကောင်းဖြစ်လိမ့်မည်။

ဘုန်းကြီးဖြစ်၍သာ ထိန်းထိန်းချုပ်ချုပ်နေရခြင်း ဖြစ်ပေလိမ့်မည်။

ဘုန်းတော်ကြီးရှေ့သို့ သွား၍ လင်းထွန်း ရိုသေစွာ ကန်တော့လိုက်သည်။

"ဒကာလေး ဘယ်သွားနေတာလဲ"

"တပည့်တော် စမ်းချောင်းလေးမှာ သွားထိုင်နေတာပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကို မညာချင်၍ လင်းထွန်း အမှန်အတိုင်း လျှောက်ထားလိုက်ခြင်း ဖြစ်သည်။

ဆရာတော်ကြီးက ပြင်သာစွာ ခေါင်းညိတ်လိုက်ပါသည်။

"ဒကာလေးရဲ့ ဥပဓိရုပ်နဲ့ ပြောပုံဆိုပုံကိုကြည့်ပြီး ဒကာလေးဟာ စိတ်ရင်းသဘောထားကောင်းသူ ဖြစ်တယ်၊ အသက်ငယ်ပေမယ့် စဉ်းစားဆင်ခြင်ဉာဏ် ရှိတယ်ဆိုတာ ဘုန်းကြီးသိပါတယ်"

ဆရာတော် စကားရပ်သွားသောအခါ ကပ္ပိယကြီး၏ စိပ်ပုတီးသံ တချောက်ချောက်ကို ကျယ်လောင်စွာ ကြားနေရသည်။

"အင်း . . . တစ်ခါတစ်ခါ၊ အေးလေး . . . အခါများစွာမှာလို့ ပြောရင်လည်း ရပါတယ်။ လူငယ်တွေဆီမှာ မယုံနိုင်လောက်အောင် အံ့ဩစရာကောင်းတဲ့ စိတ်ထားမျိုးတွေကို လေးစားစရာ တွေ့ရတတ်တယ်"

"ဒီရွာ ဒီဒေသအတွက် အရှင်ဘုရားရဲ့ စွန့်လွှတ်အနစ်နာခံတဲ့ မေတ္တာ၊ စေတနာနဲ့ ယှဉ်လိုက်တော့ တပည့်တော်တို့ စိတ်သဘောထားတွေဟာ ဘာမှ မပြောပလောက်ပါဘူး ဘုရား"

လင်းထွန်း ရိုရိုသေသေ ပြန်လျှောက်သည်။

ကပ္ပိယကြီး ဦးဘအေး ပုတီးစိပ်ရင်းမှ ခေါင်းတညိတ်ညိတ် လုပ်နေသည်။





"ဘဝသံသရာနဲ့စာရင် လူတစ်ယောက်ရဲ့ ဘဝဆိုတာ ဘာမှ မပြောပလောက်အောင် တိုတောင်းပါတယ်။ အဲဒါကို အသေအချာသိထားရင် လောဘ၊ ဒေါသ၊ မာန်မာနတရားတွေ နည်းပါးသွားကြမှာချည်းပါပဲ။ အဲ့ဒီတော့ စွန့်လွှတ်ရတယ်ဆိုတာလည်း ဘာမှ မဟုတ်တော့ပါဘူး။ ဒီခန္ဓာနဲ့ ဒီဘဝကိုတောင် စွန့်လွှတ်ကြရဦးမှာပဲ မဟုတ်လား။ ဒီတော့ နေရတဲ့အခိုက်ကလေးမှာ မေတ္တာ၊ စေတနာစိတ်နဲ့ နေနိုင်ကြရင် ကောင်းတာပေါ့"

အလွန်လေးစားစွာ မှတ်သားထိုက်သော စကားဖြစ်သည်ဟု လင်းထွန်း နာယူထားလိုက်သည်။

"အင်း . . . တစ်ခုတော့ ရှိတာပေါ့လေ၊ လောကီ လူ့ဘောင်မှာနေရင်း တရားသဖြင့်နည်းနဲ့ ကြီးပွားချမ်းသာအောင်တော့ လုပ်ကြရမှာပေါ့၊ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း တိုးတက်ကောင်းမွန်အောင် စောင့်ရှောက်နိုင်ရင် ပိုကောင်းတာပေါ့"

ဒုတိယမြောက် လေးစားစွာ မှတ်သားထိုက်သည့် စကားအဖြစ် လင်းထွန်း နာယူရပြန်သည်။

"ကဲ . . . ကဲ . . . ဒကာလေး မနက်ကျတော့ စောစောထ,ရဦးမယ်၊ ဟိုဘက်တံခါးပေါက်နားမှာ ကပ္ပိယကြီး အိပ်ရာပြင်ထားတယ် သွားအိပ်လိုက်တော့"

"တင်ပါ့ဘုရား"

ဆရာတော်ကို လင်းထွန်း ကန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . တစ်ခုတော့ ဘုန်းကြီး သတိပေးချင်သေးတယ်"

"ပေးပါဘုရား"

"အေး . . . ဘာပဲလုပ်လုပ် လောဘ၊ ဒေါသ၊ မာန်မာနတရားတွေ ရှေ့ထားလုပ်ရင် မှားတတ်တယ်၊ ခွင့်လွှတ်သည်းခံစိတ်နဲ့ မေတ္တာတရား ထားနိုင်တာသာ အကောင်းဆုံးဖြစ်တယ်၊ ကဲ ကဲ . . . အိပ်ချေတော့"

လင်းထွန်းနေရာမှ ထ,လာပြီး ကပ္ပိယကြီးကို လှမ်းကြည့်တော့ ကပ္ပိယကြီးက ခေါင်းညိတ်ပြီး အိပ်ရာနေရာကို လက်ညွှန်ပြသည်။

အိပ်ရာပေါ်ရောက်သော်လည်း တော်တော်နှင့် အိပ်၍မပျော်ပါ။

ဖွင့်ထားသော ပြတင်းပေါက်မှ လေကလေးဝင်၍ အေးအေးလူလူ ရှိပါသည်။

ဖွင့်ထားသော ပြတင်းပေါက်မှ ကောင်းကင်ကို လှမ်းကြည့်လိုက်သည်။ မန်ကျည်းပင်တစ်ပင်၏ ကိုင်းများက မြင်ကွင်းကို အုပ်ဆိုင်းထားသည်။

မှောင်လွန်းသောညမှာ လင်းလက်သော ကြယ်လေးများကိုပင် လင်းထွန်း မြင်ခွင့်မရပါ။

×××



အခန်း(၃၃)

အရုဏ်ဦး၏ မှုန်ပျပျ အလင်းရောင်အောက်တွင် စက်တပ်လေးတစ်စင်းသည် ဧရာဝတီမြစ်ထဲမှနေ ချောင်းငယ်လေးတစ်ခုထဲသို့ မောင်းဝင်သွားသည်။

ချောင်းမှာ သိပ်မကြီးလှ။ လှေကို ဖြည်းဖြည်းသာ မောင်းရသည်။ တစ်မိုင်ခန့် မောင်းမိသောအခါ အလင်းအား ပိုကောင်းလာသည်။ ချောင်းကလည်း ပိုကျဉ်းလာသည်။

ကမ်းနှစ်ဖက်မှ သစ်ပင် သစ်ကိုင်းများက ချောင်းပေါ်သို့ အုပ်မိုးနေသည်။

လှေကို အရှိန်လျှော့ပြီး သတိထားမောင်းနေရသည်။

လှေပေါ်ပါသူများက ကမ်းနှစ်ဖက်မှာ အုပ်မိုးနေသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းများအောက်တွင် ဝှက်ထားမည့် လှေကို သတိထား၍ ကြည့်သည်။

အချို့နေရာများတွင် ချောင်းရေက အတော်တိမ်သည်။

လင်းထွန်းက မောင်းနေရင်းမှ လှေစက်ကို ရပ်လိုက်သည်။

တောထဲမှာမို့ လှေစက်သံက ပေါ်လွင်ထင်ရှားသည်။ တစ်ဖက်လူကို ကြိုတင် အသိပေးသလို ဖြစ်မှာစိုးသည်။

ဖြေးဖြေးသာ သွားနိုင်သည်ဖြစ်၍ လှေစက်ကို ရပ်ပြီး လှော်တက်နှင့် လှော်သည်။

အလယ်မှာထိုင်သော လူငယ်တစ်ယောက်က သူ့ဘေးမှာ တွေ့ရသည့် လှော်တက်နှင့်ကူ၍ လှော်သည်။

တိတ်ဆိတ်ငြိမ်သက်စွာ ချောင်းကို ဆန်တက်နိုင်ကြသည်။

နောက်ထပ် တစ်မိုင်ခန့်ရောက်သောအခါ နေမင်း၏ ရွှေ့ပြေးအလင်းရောင်များ ထွက်ပေါ်လာသည်။ တောကလည်း ပိုနက်လာသည်။

ရှေ့ဘက်မှာ မြင့်မားသော တောင်ကြီးများ ကာဆီးနေသည်။

ချောင်းကလေးက တောင်ခြေဆီသို့ ဦးတည်နေသည်။

တောင်ခြေနှင့် နီးလာသောအခါ ချောင်းကလေးက ညာဘက်သို့ ကွေ့သွားသည်။ ပို၍လည်း ကျဉ်းလာသည်။

သစ်ပင် သစ်ကိုင်းများက ချောင်းလယ်အထိ ရောက်





နေကြပြီ။

သစ်ကိုင်းများ တိုးဝှေ့ပြီး ဆန်တက်နေရသည်။

ခုထိ ဘာလှေမျှ မတွေ့သေး။

မကြာခင် ချောင်းကလေးမှာ လှေလှော်ရန် ခက်ခဲသည့် အခြေအနေသို့ ရောက်တော့မည်။

ဤချောင်းမှာ မတွေ့လျှင် မိမိထင်မြင်ချက် လွဲတော့မည်။

လွဲလျှင် နောက်ချောင်းမှ ဆက်ရှာရမည်။

ချောင်းပေါ်အုပ်မိုးနေသည့် သစ်ကိုင်းတွေ ပိုများလာသည်။

ဆူးကိုင်းများအောက်တွင် တိုးရသည့်အခါ မသက်မသာ ခံစားကြရသည်။

ကိုင်းများလွတ်သည့်အခါ ခရီးတွင်အောင် လှော်ခတ်ရသည်။

"ရှေ့မှာ ဆူးရစ်ကိုင်းတွေ တိုးလို့ရပါ့မလား"

လှေဦးမှာ ညိုကြီးက လင်းထွန်းကို လှမ်းမေးသည်။

ကမ်းနှစ်ဖက်မှ ဆူးရစ်ကိုင်းများသည် ချောင်းပျောက်လောက်အောင် အုပ်မိုးနေသည်။

"လှော်လို့ရသလောက်တော့ တိုးကြည့်ရမှာပဲ"

ရှေ့ဆုံးမှ ထင်းခုတ်သမား ညိုကြီးက သူ့လက်မှ ငှက်ကြီးတောင်ဓားနှင့် ဆူးရစ်ကိုင်းများကို ရှင်းသည်။

"ဒုတ် . . ."



www.burmeseclassic.com

www.burmeseclassic.com

လှေပေါ်ပါသူများ ရှေ့သို့ ယိမ်းယိုင်သွားကြသည်။

"ဟာ . . .ကျောက်တောင်ရှိတယ် ထင်တယ်။ လှေဦးနဲ့ သွားတိုက်နေပြီ"

"အာ . . .မဟုတ်ဘူးဗျ၊ ဆူးရစ်ကိုင်းတွေအောက်မှာ လှေတစ်စင်းဗျ"

ညိုကြီးက ဝမ်းသာအားရ လှမ်းပြောသည်။

"ဟာ . . .ဟုတ်တယ်ဟေ့ တွေ့ပြီကွ"

လင်းထွန်းထင်သည်မှာ မှန်သွားပြီ။

"လှေထဲမှာ လူတစ်ယောက်မှ မရှိဘူး"

"လှေကို ဆူးရစ်ခြုံအောက် ထိုးသွင်းသွားတာကွ"

တစ်ယောက်တစ်မျိုး ပြောနေကြသည်။

"ဟိုမှာကွ၊ ကမ်းပေါ်တက်တဲ့ ခြေရာတွေ"

တောလိုက်မုဆိုးအဖြစ် အသက်မွေးသော ဖိုးခိုင်က သူ့လက်မှ တူမီးသေနတ်နှင့် ကမ်းပေါ်သို့ တက်နေသော ခြေရာများကို ညွှန်ပြသည်။

"ဟာ . . .အဲဒီလိုဆိုရင် ဖိုးခိုင် မင်းခြေရာခံပြီး လိုက်နိုင်ပြီပေါ့"

"သိပ်လိုက်နိုင်တာပေါ့"

ဖိုးခိုင်က သူ့ကိုယ်သူ ယုံသည်။

"ဒါဖြင့် လူဘယ်နှစ်ယောက်လဲကွ"

ဖိုးခိုင်က ကမ်းပေါ်သို့ တက်သော ခြေရာများကို ကြည့်သည်။





"အနည်းဆုံး သုံးယောက်၊ များရင် လေးယောက်"

"လေးယောက် ဖြစ်မယ်"

လင်းထွန်းကမူ သူ့ထင်မြင်ချက်ကို ပေးလိုက်သည်။

ခြေရာကို နားလည်၍မဟုတ်။ အောင်ကြီးသည် သူ့ကိုကူညီရန် နှစ်ယောက်တော့ ခေါ်လာမည်။ သူနှင့်ဆိုလျှင် သုံးယောက် ငြိမ်းပါဆိုလျှင် လေးယောက်ဟုမှန်းဆကြည့်ခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ လေးယောက်သေချာတယ်"

ဖိုးခိုင်က ကမ်းတက်သော နေရာအထိ အသေအချာ သွားကြည့်ပြီး အခိုင်အမာ ပြောလိုက်သည်။

လှေကို ကမ်းဘေးသို့ ကပ်ပြီး အားလုံးကမ်းပေါ်သို့ တက်လာကြသည်။

"ဟေ့ . . .ခြေရာတောင် ခံစရာမလိုဘူး၊ သူတို့ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ကျုပ်သိတယ်"

ဝါးခုတ်သမား ဖိုးလုက ညာဘက်ခပ်ယွန်းယွန်းရှိ တောင်ကြီးဆီသို့ ကြည့်ပြီး အတပ်ပြောလိုက်သည်။

"အေး . . .ဟုတ်တယ်၊ မင်းသိသလို ငါလည်းသိတယ်။ ဒီနားဆိုရင် အဲဒီနေရာကိုပဲ သွားရမယ်"

မုဆိုး ဖိုးခိုင်လည်း နေရာကို အသေအချာ သိသွားပြီ။

"ဘယ်နေရာလဲဗျ"

လင်းထွန်း ဘာမျှမသိသေးပါ။


www.burmeseclassic.com

www.burmeseclassic.com

"ဟို . . . ကျိုးအိပ်တောင်ခါးပန်းမှာ လိုဏ်ဂူကြီး တစ်ခုရှိတယ်ဗျ"

ဖိုးလုက တောင်မြင့်ကြီးဆီသို့ ထိုးပြသည်။

"သေချာတာပေါ့ကွ၊ မနှစ်က အဲဒီလိုဏ်ဂူမှာ အောင်ကြီး ဂျင်ချိန်းဝိုင်းတစ်ခုလုပ်ဖူးတာ ငါသိတယ်"

ညီမောင် ထောက်ခံသည်။

သူတို့ ပြောသည်များကို နားထောင်ပြီး ထိုနေရာမှာ သေချာပြီဟု လင်းထွန်း နားလည်လိုက်သည်။

"ခဏ နေလိုက်ဦးဗျ၊ လာကြ . . . ကျွန်တော်တို့ ဟိုသစ်ပင်အရိပ်ကို ဝင်နားရအောင် မြန်မြန်လာ"

တောင်ပေါ်က စောင့်ကြည့်လျှင် မမြင်နိုင်အောင် သစ်ပင်ရိပ်ကို ဝင်လိုက်ကြသည်။

"ကျွန်တော်တို့ လေ့က စက်နဲ့လာတာ မဟုတ်တော့ သူတို့ ဘာသံမှ ကြားမှာမဟုတ်ဘူး၊ သူတို့မသိအောင် အဲဒီလိုဏ်ဂူကို ကျွန်တော်တို့ သွားလို့ရနိုင်မလား"

လင်းထွန်း မေးသည်ကို အားလုံး စဉ်းစားကြသည်။

"ဟိုဘက်က ရိုးအတိုင်း တောင်စောင်းကို ရောက်အောင်သွား၊ တောင်စောင်းရောက်ရင် အပေါ်ကို တည့်တည့်တက်၊ လိုဏ်ဂူအထက်ကို ကျော်တက်ပြီး လိုဏ်ဂူဘက်ကိုသွားရင် သူတို့ မသိနိုင်ဘူးထင်တယ်"

မှဆိုးဖိုးခိုင် အကြံပေးသည်။

"ဟုတ်တယ်၊ အဲဒီအတိုင်း ကောင်းတယ်၊ အမြန်





သွားကြရအောင်၊ တတ်နိုင်သလောက် အသံမထွက်အောင် သွားကြမယ်"

လင်းထွန်းက ရိုးလေးဆီသို့ ပြေးသွားသည်။ သူ့ကျောပေါ်မှာ မြားကျည်တောက်ကို လွယ်ထားပြီး လက်မှာ လေးကိုင်ထားသည်။ ခါးမှာ ဓားမြောင်ပါသည်။

မုဆိုး ဖိုးခိုင်တွင်လည်း ဓားမြောင်ပါသည်။ လက်မှာ တူမီးသေနတ်ကို ကိုင်ထားသည်။ ကျန်သုံးယောက်က ဌက်ကြီးတောင် ဓားများနှင့်ဖြစ်သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

အောင်ကြီး လိုက်ဂူထဲသို့ ဝင်လာ၍ ငြိမ်း ကွပ်ပျစ်ပေါ်တွင် အိပ်နေရာမှ ထထိုင်လိုက်သည်။

အောင်ကြီးက ငြိမ်းနှင့် နီးအောင် ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်သည်။

"ကိုအောင်ကြီး ကျွန်မ အနားမှာ လာမထိုင်ပါနဲ့"

"ဗျာ . . . ဘာဖြစ်လို့လဲ၊ မငြိမ်းအေးရယ်၊ ကျွန်တော်တို့ လက်ထပ်ကြတော့မှာပဲဟာ"

အောင်ကြီးက မျက်နှာချိုသွေးသည်။

"အပြင်မှာ ရှင့်လူနှစ်ယောက် ရှိတယ်လေ"

ငြိမ်းက ဂူပေါက်ဘက်သို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်ကြီးက ပြုံးသည်။

"မရှိပါဘူး၊ သူတို့ ဟင်းစားလေးဘာလေး ရမလားလို့ တောင်ခြေဘက် ဆင်းသွားကြတယ်"

ငြိမ်း အကြောင်းပြမှားသွား၍ အောင်ကြီးက ငြိမ်းဘက်သို့ ပိုနီးအောင် ရွှေ့ထိုင်လိုက်သည်။

"ကျွန်တော် မငြိမ်းအေးကို စမြင်ကတည်းက ချစ်ခဲ့တာပါဗျာ၊ မငြိမ်းအေး ကျွန်တော့်ကို ပြန်ချစ်ပါနော်"

အောင်ကြီးနှင့် ဝေးအောင် ငြိမ်းနောက်သို့ ဆုတ်ထိုင်သည်။

"ကိုအောင်ကြီးကို ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

ငြိမ်းနောက်ဆုတ်ထိုင်ခြင်းနှင့် သူ့ကို မလိုမလား ပြောဆိုခြင်းတို့အတွက် အောင်ကြီး မကျေမနပ် ဖြစ်သွားသည်။

"မနေရဘူးဗျာ၊ မငြိမ်းအေး ကျွန်တော့်ကို မငြင်းပါနဲ့၊ ကျွန်တော် မငြိမ်းအေးကို ချစ်တယ်ဗျာ၊ သိပ်ချစ်တယ်"

အောင်ကြီးက ရှေ့ကို တိုးလာပြီး ငြိမ်းအေး၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အို・・・ကိုအောင်ကြီး ရှင်・・・ရှင်"

ငြိမ်းကြောက်ရွံ့ထိတ်လန့်စွာ ငြင်းပယ်ရုန်းကန်သည်။

"မငြင်းပါနဲ့ဗျာ၊ ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းလို့မရတော့ဘူး၊ မငြိမ်းအေးကို ကျွန်တော် ချစ်တယ်၊ သိပ်





ချစ်တယ်ဗျာ"

အောင်ကြီးက ငြိမ်းကို ခပ်ကြမ်းကြမ်း ဆွဲယူ၍ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်

ငြိမ်းရုန်းကန်သော်လည်း အားချင်းမမျှ၍ ကွပ်ပျစ်ပေါ်သို့ နှစ်ယောက်လုံး လဲကျသွားသည်။

ငြိမ်းမျက်စိများ ပြာဝေသွားအောင် ကြောက်စိတ်ကြီးစွာ ဖြစ်မိသည်။

"ငါ့ဘဝတော့ ဆုံးပြီ"ဟူသော အသိကြောင့် အားအင်ကုန်ခမ်းသွားသလိုလည်း ခံစားရသည်။

"ကျွန်တော့်ကို ပြန်ချစ်ပါဗျာ၊ ကျွန်တော် မငြိမ်းအေးကို သိပ်ချစ်လို့ပါ"

အောင်ကြီးက ငြိမ်းကိုနမ်းရန် ကြိုးစားသည်။

အောင်ကြီး၏ မျက်နှာ နီးကပ်လာမှ ငြိမ်းသတိရလာပြီး မျက်နှာကိုလွှတ်အောင် ရှောင်၍ ရုန်းသည်။

အောင်ကြီးက သူ့ကိုယ်နှင့်ဖိပြီး မရုန်းနိုင်အောင် ထိန်းချုပ်ထားသည်။

"ကိုအောင်ကြီး ကျွန်မကို အဲဒီလို အတင်းအဓမ္မ ကြံစည်ရင်တော့ ကျွန်မဆီက မေတ္တာလည်း ရမှာမဟုတ်ဘူး၊ လက်ထပ်ခွင့်လည်း ရမှာမဟုတ်တော့ဘူး၊ ကျွန်မ အသေခံသွားမယ်၊ ကိုအောင်ကြီး ကြံစည်ပြီးတာနဲ့ ကျွန်မကိုယ်ကျွန်မ သတ်သေမယ်၊ ဒီတောင်ကမ်းပါးက ခုန်ချပြီး သေပစ်မယ်"

ငြိမ်းက အသက်နှင့်ရင်းပြီး ခြိမ်းခြောက်ရင်း ရှိက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တငင်ငိုသည်။

ငြိမ်း နာကြည်းကြေကွဲစွာ ပြောနေခြင်းဖြစ်ကြောင်း နားလည်၍ အောင်ကြီး တွေဝေသွားရသည်။

အကြမ်းဖက် ချုပ်ကိုင်ထားသော လက်များအာ ပျော့သွားသည်။

လက်ထပ်ရန် ငြိမ်းက သဘောတူ ကတိပြုထားသည်။ အကြမ်းဖက်လိုက်၍ သူတကယ်သတ်သေလျှင် အားလုံးဆုံးရှုံးရတော့မည်။

အောင်ကြီးထံမှ သက်ပြင်းချသံ ထွက်လာသည်။

အခွင့်သာခိုက်တွင် အောင်ကြီးရင်ခွင်မှ ငြိမ်း ရုန်းထွက်လိုက်သည်။

"ကိုအောင်ကြီး ကျွန်မကို တကယ်ချစ်တယ်၊ မြန်မြန်ရချင်တယ်ဆိုရင် ရွာကို မြန်မြန်ပြန်ပြီး လက်ထပ်ဖို့ လုပ်ပါ"

"လက်ထပ်မယ်ဆိုတာ ခင်ဗျား ကျွန်တော့်ကို တကယ်ပြောလား၊ လိမ်ညာပြောနေတာလား၊ အခုအထိ ကျွန်တော့်ကို ပြန်မချစ်နိုင်ဘဲနဲ့ ခင်ဗျား ဘယ်လိုလုပ် လက်ထပ်မှာလဲ"

ငြိမ်းကို အောင်ကြီး ယုံရခက်နေသည်။

"ကျွန်မ ရှင့်ကို အခိုင်အမာ ကတိပေးပြီးသားပဲ၊ ကျွန်မကတိကို ကျွန်မ မဖျက်ဘူး၊ လက်ထပ်ပြီးလို့ ရှင့်မိန်းမဖြစ်ပြီဆိုရင် ကျွန်မ ရှင့်ကို ခုလို ငြင်းလို့မရတော့ဘူး၊ လက်မထပ်ခင် ကျွန်မကို အကြမ်းမဖက်ပါဘူးဆိုတာ ရှင်လည်း





သဘောတူလို့ ရှင်းခိုင်းတဲ့အတိုင်း ရွာကို ကျွန်မ စာသုံးစောင် ရေးပေးခဲ့ပြီပဲ"

"အခုနေပြန်ရင် ရွာလူကြီးတွေက ကျွန်တော့်ကို ဖမ်းမှာပေါ့၊ ရဲတောင် တိုင်ချင်တိုင်ထားဦးမယ်"

"ကျွန်မ သဘောတူလိုက်သွားပါတယ်ဆိုတဲ့ စာသုံးစောင်ရှိတာပဲ၊ ရှင့်ကိုဖမ်းလို့ မရပါဘူး"

"ရွာပြန်ရောက်တော့ ခင်ဗျားက စိတ်ပြောင်းပြီး ကျွန်တော် အတင်းရေးခိုင်းလို့ စာသုံးစောင်ရေးရတာပါပြောရင် ကျွန်တော် ဘယ်လိုလုပ်မလဲ"

"ကျွန်မ အဲဒီလို မငြင်းပါဘူးလို့ ရှင့်ကို ကတိပေးပြီးသားပဲ၊ ငြင်းရင် ရှင်ကိုယ်တိုင်လည်း ကျွန်မကို သတ်မယ်လို့ ပြောထားပြီးသားပဲ"

"ဟုတ်တယ်၊ ကျွန်တော့်ရင်ထဲက အမုန်းစိတ်တွေ ပြန်ပေါ်အောင်လုပ်ရင်တော့ ခင်ဗျားကို သတ်မှာပဲ၊ ကျွန်တော် ကိုယ်တိုင်လည်း ဖြစ်ချစ်ရာဖြစ်၊ ဘာမှ ဂရုမစိုက်တော့ဘူး"

"အဲဒီလိုဆို ရွာကို ဒီနေ့ပြန်ပေါ့"

အောင်ကြီး ခေါင်းယမ်းသည်။

"အဲဒီလိုတော့ ကျွန်တော် မပြန်ရဲသေးဘူး၊ ကျွန်တော့်သဘောကတော့ ဒီတောထဲမှာပဲ မငြိမ်းအေးရဲ့ မေတ္တာကိုရဖို့ စိတ်ရှည်ရှည်နဲ့ ကြိုးစားဦးမယ်ဗျာ"

"ကျွန်မမှာ အဝတ်က ခါးဝတ်ထားတာတစ်စုံပဲ ပါတယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် ကျွန်တော့်ကို မြန်မြန်ပြန်ချစ်လိုက်ပေါ့ဗျာ"

"ရှင်လက်ထပ်ပြီးရင် ရှင့်ကတိအတိုင်း အရက်လည်း မသောက်တော့ဘူး။ ကျွန်မကိုလည်း ကြင်နာမယ်၊ ရွာမှာလည်း အမုန်းတွေ ပြေပျောက်သွားတာ တွေ့ရမယ်၊ ရှင်ကိုယ်တိုင်လည်း ကျွန်မနဲ့အတူ ရွာကောင်းကျိုးတွေလုပ်မယ်ဆိုရင် ကျွန်မ ရှင့်ကို ပြန်ချစ်သွားမှာပါ"

အောင်ကြီး လက်နှစ်ဖက်နှင့် ခေါင်းကို စုံကုပ်၍ မတ်တပ်ထရပ်လိုက်သည်။ အတွေးအကြံခက်စွာနှင့် ငြိမ်းကို လှမ်းကြည့်လိုက်သည်။ ဆန္ဒစိတ်တွေက ဖြစ်လာပြန်သည်။

"မငြိမ်းအေး ဒီတစ်နေ့ စဉ်းစားဦးဗျာ၊ ဒီနေ့ညကျရင်တော့ ကျွန်တော့်ကို ချစ်ခွင့်ပေးပါ။ ဒီနေ့ည ကျွန်တော် ဒီလိုဏ်ဂူမှာ မငြိမ်းအေးနဲ့ အတူအိပ်မယ်"

"အဲဒီလို အတင်းအကျပ်ဆိုရင်တော့ ကိုအောင်ကြီး ကျွန်မကို သတ်သလို ဖြစ်မှာပေါ့"

"ဘာထူးလဲဗျာ၊ ခင်ဗျားကတိအတိုင်း လက်ထပ်ပြီးရင်လဲ ကျွန်တော့်ကို ချစ်ရမှာပဲ၊ အခုကတည်းက ပြန်ချစ်လိုက်ပေါ့"

"ချစ်တယ်ဆိုတာ နှလုံးသားကိစ္စရှင့်၊ အဲဒီလိုအရင်စသလို ဆုံးဖြတ်လို့ရတာ မဟုတ်ဘူး၊ အတင်းအကျပ်လုပ်လို့လည်း ရတာမဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို ဘာဖြစ်လို့ ကတိပေး





သေးလဲ၊ ခင်ဗျား ကျွန်တော့်ကို လှည့်စားနေတာ လိုက်ရှာတဲ့ လူတွေတွေ့ရင် ကျုပ်ဒုက္ခရောက်အောင် ခင်ဗျား အချိန်ဆွဲနေတာ"

အောင်ကြီး ဒေါသဖြစ်လာပြန်သည်။

"ဒီတော့ ဒီတောင်ထဲမှာ ဘယ်သူမှ လိုက်မရှာနိုင်ဘူး"

"ရှာနိုင်တယ်ဗျ၊ ရှာနိုင်တယ်၊ ခင်ဗျားကို ကျုပ်မယုံတော့ဘူး။ ခင်ဗျား ဒီနေ့တစ်နေ့လုံး စဉ်းစား၊ ညကျရင်တော့ ခင်ဗျား ကျွန်တော့်ကို သဘောတူကြည်ဖြူဖို့သာ စဉ်းစားထား၊ ဒီထက် ကျွန်တော် မစောင့်နိုင်တော့ဘူး"

အောင်ကြီး သူ့စိတ်သူ အပြတ်ဆုံးဖြတ်၍ စိတ်မပြောင်းမီ ဂူပေါက်သို့ အမြန်ထွက်ခဲ့သည်။

ဂူပေါက်မှ ကျောက်တုံးကြီးပေါ်မှာ ထိုင်လိုက်သည်။

အောင်ကြီးက ပါးနပ်သည်။ ဘယ်တော့မျှ သတိမပေါ့။ သူထိုင်သော ကျောက်တုံးသည် အမြင့်မှာရှိ၍ အောက်ဘက် တောင်ကြောတစ်လုံးကို အပေါ်စီးမှ မြင်ရသည်။

ဂူထဲမှာ ငြိမ်း၏ လှုပ်ရှားမှုကိုလည်း မြင်နိုင်သည်။

ငြိမ်းကတော့ ကွပ်ပျစ်ပေါ်တွင် ငေးငိုင်စွာထိုင်လျက် ပါးပြင်နှစ်ဖက်မှာ မျက်ရည်များ စီးကျနေသည်။

×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

လင်းထွန်းနှင့်အဖွဲ့ လိုဏ်ဂူ၏အထက်မှ တောင်ကြောသို့ ရောက်လာကြပြီ။

ခြေသံမကြားအောင် ဖြည်းဖြည်းချင်း လိုဏ်ဂူဆီသို့ တိုးကပ်သွားကြသည်။

ခုထိ ဘာမျှ အရိပ်အယောင်ပင် မမြင်ရသေး။

လင်းထွန်းက လိုဏ်ဂူပေါ်အုပ်မိုးနေသော ကျောက်တောင်ပေါ်သို့ တက်လိုက်သည်။

ဒဟပ်ပင်တစ်ပင်ကို အကာအကွယ်ပြု၍ အောက်ဘက်သို့ ငုံ့ကြည့်သည်။

လူတစ်ယောက်၏ ခြေထောက်များကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာပြီ အထဲမှာ လူရှိသည်။

သူ့လူများကို သတိပြုပြီး အောက်မှ လူရှိကြောင်းနှင့် အသံမထွက်ရန်တို့ကို အမူအရာနှင့် ပြသည်။

ဖယာပ်ပင်ကိုင်းကို အားပြု၍ အောက်ဘက်သို့ ငုံ့ကြည့်သည်။

ကျောက်တုံးကြီးတစ်ခုပေါ်တွင် ခြေထောက်အောက်ချ၍ ထိုင်နေသူတစ်ဦးကို တွေ့ရသည်။

အပေါ်စီးမှ ကြည့်ရခြင်းဖြစ်၍ မျက်နှာကို မမြင်ရ။ အောင်ကြီးဖြစ်လိမ့်မည်ဟုတော့ ထင်ရသည်။

အလစ်အငိုက်မှာ ရုတ်တရက် လက်ထဲမှ မြားနှင့် ပစ်လျှင်တော့ ရသည်။ သို့သော် အောင်ကြီး ဟုတ်,မဟုတ် မသေချာ။ ဟုတ်မည်တော့ ထင်သည်။ ခုထိ ငြိမ်းကို မတွေ့သေး။

ငြိမ်းကို သူဖမ်းထားသည်ဟု သေချာပေါက် ပြော၍ မရသေး။

အောင်ကြီး ဟုတ်သည်။ ငြိမ်းကို ဖမ်းထားသည်ဆို လျှင်ပင် မြားနှင့် ပစ်ရန် မသင့်သေး။ ငြိမ်းစာအရ ငြိမ်းက သဘောတူ,မတူ သေချာမသိရသေး။

လင်းထွန်း ဘာလုပ်ရမှန်း မသိ။

အလုပ်တစ်ခု လုပ်လျှင် လောဘ၊ ဒေါသ၊ မာန်မာန အလျောက် မလုပ်ရန် ဘုန်းတော်ကြီး ဦးဇောတ သတိပေးစကားကိုလည်း အမှတ်ရနေမိသည်။





အခြေအနေကို ခဏစောင့်ကြည့်ရန် နောက်သို့ ပြန်ဆုတ်လိုက်သည်။

သူ့လူများကို လိုဏ်ဂူဘက်သို့ လာကြရန် အချက်ပြ၍ ခေါ်လိုက်သည်။

ခုချိန်ထိတော့ ကိုယ့်ဘက်က အသာစီးရနေသည်။

အောင်ကြီးကို အလစ်ဝင်ဖမ်းရန် စဉ်းစားသည်။ သိပ် မလွယ်။

ဖမ်းဖို့ကြိုးစားသည်နှင့် အလစ်အငိုက်ဆိုသည်မှာ မဖြစ်နိုင်။

သူက အလျင်မြန်သွားနိုင်သည်။

မှဆိုးဖိုးခိုင် လင်းထွန်းဘေးသို့ ရောက်လာသည်။ ခြေသံလုံသည်။ ပေါ့ပါးဖျတ်လတ်သည်။

ညိုကြီးနှင့် ညီမောင်တို့ ရောက်လာကြပြန်သည်။

လင်းထွန်း နေရာမှ လိုဏ်ဂူ၏ ဘေးနှစ်ဖက်ဆီသို့ ကျောက်တုံးကြီးများမှ တစ်ဆင့် လျင်မြန်စွာ ဆင်း၍ရနိုင်သော လမ်းကြောင်းများရှိသည်။

လင်းထွန်း ဖယာပ်ပင်ကို အားပြု၍ အောက်ဘက်မှ လူကို လှမ်းကြည့်သည်။

ငြိမ်သက်စွာ ထိုင်နေဆဲ။

မျက်နှာက လိုဏ်ဂူဘက်သို့ လှည့်နေသည်။

မုဆိုးဖိုးခိုင်နှင့်သူ လိုဏ်ဂူ၏ ဘေးနှစ်ဖက်မှ ဆင်းပြီး စောင့်နေသူကို ဖမ်းချုပ်ရန် စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှစ်ယောက်ကျန်သေးသည်။ ထိုနှစ်ယောက်က ဘယ်ရောက်နေမှန်းမသိ။

ဖြစ်နိုင်လျှင် ပစ်ကြ၊ ခတ်ကြ၊ ထိုးကြိတ်၊ သတ်ပုတ်ကြ မလုပ်ချင်။ ကိုယ်က သတ်ရမည်နှင့် ကိုယ့်ဘက်က အသတ်ခံရမည်ကို နှစ်ခုစလုံး မဖြစ်ချင်။

ထိုအကြောင်း သူ့လူများကိုလည်း လမ်းမှာသတိပေးခဲ့ပြီး ဖြစ်သည်။ ဖြစ်နိုင်သမျှ မသတ်မဖြတ်ရ။ မဖြစ်နိုင်လွန်းမှ ကိုယ့်အသက်ကို ကာကွယ်ရန်အတွက် သတ်ရမည်။

မှဆိုးဖိုးခိုင်ကို အချက်ပြသည်။

နှစ်ယောက်အတူဆင်းရန်...

ပြီးမှ ကျန်နှစ်ယောက်ကို ဆင်းလိုက်ရန် အချက်ပြသည်။

ကျန်နှစ်ယောက်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

ဖိုးလုက လင်းထွန်းတို့ရှိရာ ကျောက်ဆောင်ပေါ်သို့ လာနေဆဲ။

သူ့ကို ဝက်ဖဲတစ်ချပ်အဖြစ် အပေါ်မှာပင် စောင့်နေခဲ့ရန် လင်းထွန်းက အချက်ပြသည်။ ဖိုးလုက နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ သို့သော် ဝက်ဖဲက အလွှင့်ပေါ်သွားသည်။ ဖိုးလု သတိထားပြီး နေရာရွှေ့နေစဉ်မှာပင် ကျောက်တုံးငယ်တစ်တုံးကို တိုက်မိသွားသည်။

"ဒုတ်...ဒုတ်..."



ကျောက်တုံးက အောက်သို့ ကျသွား၍ အားလုံး အထိတ်တလန့် ဖြစ်ကြရသည်။

လင်းထွန်းက သူ့ကိုယ်ကို နောက်ဆုတ်၍ ကျောက်ဆောင်နှင့် ကွယ်ထားလိုက်သည်။

"ဟေ့...ဘယ်သူလဲကွ"

အောက်မှ အော်သံထွက်လာသည်။

"လုဦးနဲ့ မောင်သိန်းလားဟေ့"

နာမည်များကို လင်းထွန်း မှတ်ထားလိုက်သည်။

"ဟင်းစားရခဲ့လားဟေ့"

အောက်မှ အပေါ်သို့ လှမ်းအော်မေးသည်။

"ဟေ့ကောင်တွေ လုပ်မနေနဲ့ ဆင်းခဲ့ ငါသိတယ်"

သူ့လူနှစ်ယောက် မရှိကြောင်း၊ ဟင်းစားရှာထွက်နေကြောင်း လင်းထွန်း နားလည်သွားသည်။

အပေါ်မှ ခဲလုံးကျသည်ကို သူ့လူနှစ်ယောက်မှတ်၍ လှမ်းခေါ်နေခြင်း ဖြစ်သည်။

လင်းထွန်းက မုဆိုးဖိုးခိုင်ကို အချက်ပြလိုက်သည်။

ကျောက်လိုဏ်ဂူခေါင်း ဘေးတစ်ဖက်စီမှ အောက်ဘက်သို့ ဆင်းခဲ့ကြသည်။

"ဟင်...မင်းတို့"

လင်းထွန်းနှင့် ဖိုးခိုင်အောက်သို့ ရောက်သည်နှင့် အောင်ကြီး သိသွားသည်။

သို့သော် အောင်ကြီး နောက်ကျပြီ။



www.burmeseclassic.com

www.burmeseclassic.com

လင်းထွန်းက အောင်ကြီးကို မြားနှင့်ချိန်ထားသည်။ ဖိုးခိုင်က တူမီးသေနတ်နှင့် ချိန်ထားသည်။

"မင်းမလှုပ်နဲ့နော်၊ လှုပ်ရင်တော့ ငါတို့ ပစ်ရလိမ့်မယ်"

"လင်း…"

ကွပ်ပျစ်ပေါ်မှ ငြိမ်းက လင်းထွန်းကိုမြင်၍ လင်းထွန်းရှိရာသို့ ဝမ်းသာအားရ ပြေးထွက်လာသည်။

"ငြိမ်း…"

ငြိမ်းကို မြင်ရတော့ လင်းထွန်း သိပ်ဝမ်းသာသွားသည်။

သို့သော်…

ငြိမ်းပြေးထွက်အလာ အောင်ကြီးရှိနေသော ကျောက်တုံးရှေ့အရောက်မှာ အောင်ကြီးက ကျောက်တုံးပေါ်မှ ခုန်ချပြီး ငြိမ်းကို နောက်မှ သိုင်းဖက်ထားလိုက်သည်။

ရှေ့မှ ငြိမ်းကို အကာအကွယ်ယူထား၍ လင်းထွန်းနှင့် ဖိုးခိုင် ဘာမှ မလုပ်နိုင်။

အောင်ကြီးက သူ့ခါးမှ တောလိုက်ဓားမြှောင်ကိုထုတ်ပြီး ငြိမ်း၏ကျောမှာ ထောက်ထားလိုက်သည်။

"ဟင်း…လက်စသတ်တော့ ခင်ဗျားက ဒီကောင့်ကို မျှော်နေတာကိုး။ ကျုပ်ကို ခင်ဗျားလှည့်စားထားတဲ့ မိန်းမ၊ ကျုပ်သေရလည်း မဆန်းဘူး၊ ကျုပ်သေရမယ်ဆိုရင် ခင်ဗျားကို အရင်သတ်ပြီးမှ သေမယ်"





အောင်ကြီးက ငြိမ်းကို တင်းကျပ်စွာ ဖမ်းချုပ်ထားသည်။

"ကျွန်မ ရှင့်ကို လှည့်စားတာ မဟုတ်ဘူး၊ ရွာမှာ အမုန်းတွေပြေပြီး အားလုံးအေးချမ်းသွားဖို့အတွက် ကျွန်မ ရှင့်ကို လက်ထပ်မယ်လို့ ကတိပေးခဲ့တာ ဆုံးဖြတ်ပြီးမှ ကတိပေးတာ"

"ဒါဖြင့် သူတို့က ဘာလို့လိုက်လာရတာလဲ"

"အဲဒါ သူနဲ့မဆိုဘူး၊ ငါတို့နဲ့ပဲ ဆိုင်ပါတယ်"

လင်းထွန်းက ကြားဝင်ဖြေလိုက်သည်။

"ငြိမ်းပျောက်သွားတော့ အန္တရာယ်ဖြစ်နေပြီလား စိုးရိမ်လို့ ငါတို့လိုက်ရှာတာ"

"သူ့ရေးတဲ့စာကို မင်းတို့ မရဘူးလား"

"ရတယ်"

"ရရင် မင်းတို့ ဘာလို့ လိုက်ရှာစရာ လိုသေးလဲ၊ အခုတော့ မင်းတို့ဝင်နှောက်ယှက်လို့ သူသေရတော့မယ်၊ ငါက ဒီအတိုင်းတော့ အဖမ်းမခံဘူး၊ သူ့ကို သတ်ပြီးမှ အဖမ်းခံမယ်"

အောင်ကြီးက ငြိမ်း၏ကျောမှာ ဓားထောက်ထားဆဲ။

"အို…ကျွတ်…ကျွတ်"

ငြိမ်း နာကျင်၍ ညည်းမိသည်။

ငြိမ်းအသက်ရှင်ရေးအတွက် လင်းထွန်း စဉ်းစားရပြီ။ အောင်ကြီးဘက်မှ ကြည့်လျှင် မထူးတော့ဘူးဆိုသော အနေ



www.burmeseclassic.com

www.burmeseclassic.com

အထားဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တစ်ဆုံးတစ်ချက် လုပ်တော့မည်။

"မင်းသူ့ကို ဘာမှမလုပ်ပါနဲ့၊ ငါတို့လိုက်ရှာတာက အန္တရာယ်ဖြစ်နေရင် ကူညီဖို့၊ စာထဲမှာရေးထားတဲ့အတိုင်း အမှန်ပဲဆိုရင်လည်း မင်းတို့ကို လက်ထပ်ပေးဖို့ ရွာလူကြီးတွေပါ သဘောတူပြီးမှ ဆုံးဖြတ်ချက်နဲ့ လိုက်ရှာတာ"

"မင်းပြောတာ ငါက ယုံရမှာလား"

"သူပြောတဲ့အတိုင်း ဟုတ်တယ်"

မှဆိုးဖိုးခိုင်ကပါ ထောက်ခံသည်။

"မင်းတို့နှစ်ယောက်စလုံးကို ငါမယုံဘူး"

"မင်းကို ငါပြောမယ်၊ ရွာကောင်းသွားဖို့ မင်းကို ငြိမ်းက လက်ထပ်ဖို့ဆုံးဖြတ်တယ်ဆိုရင် ငါ့ဘက်ကလည်း မင်းတို့ကို ဘာမှ နှောက်ယှက်စရာ မရှိဘူး။ ဘယ်သူမှလဲ မင်းတို့ကို နှောက်ယှက်မှာ မဟုတ်ဘူး"

"လင်း . . . ငြိမ်းကို ခွင့်လွှတ်ပါ"

ငြိမ်းက ကြားဖြတ်ပြီး လင်းထွန်းကို တောင်းပန်သည်။ ပြီးတော့ ဆက်ပြောသည်။

"ငြိမ်းစာထဲမှာ ရေးလိုက်တာဟာ သူနဲ့ညှိနှိုင်းပြီး သဘောတူလိုက်တာ အမှန်ပါ။ ရွာမှာ အမုန်းတွေပြေပြီး အေးချမ်းသွားချင်လို့၊ ငြိမ်းတို့လက်ထက်မှာ ထပ်ပြီးသတ်တာတွေ သေတာတွေ မရှိချင်တော့လို့၊ ဘဘုန်းဘုရား ငြိမ်းကို ရန်ကုန်ပို့ပြီး ပညာသင်ပေးခဲ့တာဟာ ရွှေပန်းတောကို ကောင်း





အောင်ပြန်ပြီး အကျိုးပြုဖို့ပါ"

"ငြိမ်း ရွှေပန်းတောကို ပြန်လာတာဟာ ဘဘုန်းဘုရားရဲ့ ဆန္ဒအတိုင်း ရွှေပန်းတောကို ကောင်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဒါကြောင့်မို့ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကိုအောင်ကြီးကို လက်ထပ်ဖို့ ငြိမ်းဆုံးဖြတ်လိုက်တာပါ။"

"လင်းကို ငြိမ်း သိပ်ချစ်ခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ ရွှေပန်းတောကို စေတနာထားပြီး ငြိမ်းကို ခွင့်လွှတ်ပါ။"

ငြိမ်း ဝမ်းနည်းကြေကွဲစွာ ငိုကြွေးရှာသည်။

ငြိမ်း၏နောက်မှာ ထောက်ထားသော အောင်ကြီး၏ ဓား နောက်သို့ ဆုတ်သွားသည်။ ငြိမ်းတကယ်ပြောနေခြင်း ဖြစ်သည်ကို နားလည်၍ ဖြစ်သည်။

သို့သော် လင်းထွန်းတို့ မလှုပ်ရှားနိုင်အောင် ငြိမ်းကို ဖမ်းချုပ်ထားဆဲ၊ ငြိမ်း၏နောက်ကျောမှ ဓားကို အသင့်ချိန်ရွယ်ထားဆဲ။

"ကျွန်တော် ခွင့်လွှတ်ပါတယ် ငြိမ်း၊ ရွှေပန်းတောရွာကို စေတနာထားပြီး ငြိမ်းတို့နှစ်ယောက် လက်ထပ်တာကို ကျွန်တော် သဘောတူပါ့မယ်"

လင်းထွန်းရင်ထဲမှာ ခံစားရသော်လည်း လက်ရှိ အခြေအနေအရ အဖြစ်သင့်ဆုံးကို လက်ခံကျေနပ်ရန်မှတစ်ပါး အခြားမရှိသည်ဟု နားလည်ပြီး ဖြစ်သည်။

တစ်ဖက်လူမှာက အမုန်းအငြိုးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအတွက် အသက်အန္တရာယ်မှ လွတ်စေချင်သည်။

သူတို့နှစ်ယောက် လက်ထပ်လိုက်လျှင် တစ်ရွာထဲမှာနေပြီး စိတ်ဝမ်းကွဲနေကြသော နှစ်ဖက်ဆွေမျိုးများ ငြိမ်းအေးသွားကြလိမ့်မယ်။ အနေခက်နေသော ကြားလူများအတွက်လည်း အားလုံး အဆင်ပြေသွားကြလိမ့်မည်။

ငြိမ်းအသက်ရှင်ဖို့ အများကောင်းဖို့အတွက် နှလုံးသားဝေဒနာတစ်ရပ်ကို ခံစားရသော်လည်း ခံစားထိုက်သည်ဟု လင်းထွန်း ဆုံးဖြတ်လိုက်ပါသည်။

"ဘုန်းကြီး ဦးမေဓာကရော"

အောင်ကြီးက မေးသည်။

"ဘုန်းကြီးက အစကတည်းက ရွာမှာ အမုန်းတွေ ပြေသွားအောင် ဒီမိန်းကလေးကို ဆရာမဖြစ်ဖို့ ရည်ရွယ်ခဲ့တာပဲ၊ တစ်ရွာလုံးရဲ့ ကလေးတွေကို စာသင်ပေးရင်း ရွာမှာ အမုန်းတွေ ပြေသွားမယ်၊ အေးချမ်းမယ်လို့ မျှော်လင့်ပြီး သူ့ကို ဆရာမအဖြစ် ရွာပြန်ခေါ်ခဲ့တာပဲ၊ မင်းနဲ့လက်ထပ်ပြီး အမုန်းတွေ ပြေသွားမယ်ဆိုရင်လည်း ဝမ်းသာမှာပါပဲ"

"ငါ့ကိုလည်း တောထဲထွက်မရှာခင် ဒေါသစိတ် မထားဖို့ မေတ္တာ၊ စေတနာနဲ့ပင် ဆောင်ရွက်ဖို့ မှာလိုက်သေးတာပဲ၊ အများပေါ်မှာ မေတ္တာကြီးမားတဲ့ တရားရှင်ပါ"

လင်းထွန်းက ဆရာတော် ဦးမေဓာဘက်မှ ရှင်းပြသည်။

"ဒါဖြင့် ရွာလူကြီး ဦးထွန်းမောင်ကရော"





အောင်ကြီးက ရွာလူကြီး၏ သဘောထားကိုပါ သိချင်သည်။

"အမှန်အတိုင်း ပြောရရင် ဦးထွန်းမောင်က ဒီလိုတောင် လိုက်မရှာစေချင်ဘူး၊ အပြင်းအထန် တားတဲ့လူ၊ သူက ငြိမ်းရေးတဲ့စာကို ယုံတယ်၊ ရွာပြန်လာတဲ့အထိ စောင့်ဖို့ပြောတယ်၊ ငါတို့က စာမှာပါတဲ့အတိုင်း မှန်ရင်လည်း တွေ့တာနဲ့ ရွာပြန်ခေါ်ပြီး လက်ထပ်ပေးလိုက်ရုံပေါ့လို့ ပြောမှ သဘောတူပြီး ရှာခွင့်ပြုတာ၊ မင်းတို့လက်ထပ်လို့ အမုန်းတွေပြေသွားရင် သူက ဒီရွာကို အုပ်ချုပ်နေတဲ့လူပဲ၊ ပိုသဘောကျမှာပေါ့"

လင်းထွန်းက အောင်ကြီး စိတ်ချလက်ချ ယုံကြည်အောင် အပြည့်အစုံ ရှင်းပြသည်။

"ဒါဖြင့် မငြိမ်းအေး သူတို့ကို အဖြေပေးလိုက်ပါ။ ခင်ဗျားစာထဲမှာ ရေးတဲ့အတိုင်း ရွာပြန်ရောက်ရင် ကျွန်တော့်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတာ အမှန်ပဲလား"

အောင်ကြီးက သူ့ရှေ့မှ ငြိမ်းကိုမေးပြီး သက်သေထူသည်။

"အမှန်ပါပဲ"

ငြိမ်းကဖြေပြီး လင်းထွန်းကို ကြေကွဲဝမ်းနည်းစွာ ကြည့်နေသည်။ မျက်ရည်များက အဆက်မပြတ် စီးဆင်းလာကြသည်။

"ဟင် . . ."

မျက်ရည်များကြားမှာ လင်းထွန်းတို့အတွက် အန္တ


www.burmeseclassic.com

www.burmeseclassic.com



ရာယ်ကို ငြိမ်းမြင်လိုက်သည်။

အောင်ကြီးလည်း မြင်ပါသည်။ သို့သော် မသိချင်ယောင်ဆောင်နေသည်။

ငြိမ်းကတော့ မနေနိုင်။

"လင်း နောက်မှာ"

ဟင်းစားရှာရာမှ ပြန်လာသော အောင်ကြီးလှေနှစ်ယောက်။

သို့သော် လင်းထွန်း၏ လှေနှစ်ယောက်ကလည်း လှိုဏ်ဂူပေါ်မှ ဆင်းလာ၍ အောင်ကြီး၏ လှေနှစ်ယောက်ကို ရင်ဆိုင်လိုက်သည်။

"ကိုညိုကြီးနှင့် ကိုညိုမောင် ဘာမှ မလုပ်ပါနဲ့၊ အခု အခြေအနေက တိုက်ခိုက်ဖို့ ဘာမှ မလိုတော့ပါဘူး"

ညိုကြီးနှင့် ညိုမောင်က ရှေ့မှာ ဓားများကိုကိုင်၍ ဆီးထားသည်ကို ဖယ်ပေးလိုက်ကြသည်။

"ခင်ဗျားတို့ကို ကျွန်တော်တို့ ဘာမှအန္တရာယ်ပေးဖို့ လာတာ မဟုတ်ပါဘူး"

အောင်ကြီး၏ တပည့်နှစ်ယောက်က မယုံသေး။ လက်ထဲမှ ယုန်ကလေးတစ်ကောင်စီ ကိုင်ထားရင်းမှ သူတို့ဆရာကို လှမ်းကြည့်နေကြသည်။

အောင်ကြီး ခေါင်းညိတ်ပြသည်။

"လုဦးနှင့် မောင်သိန်း ဒီဘက်လာခဲ့ကြ"

အောင်ကြီးဘက်မှာ သုံးယောက်၊ လင်းထွန်းဘက်မှာ





လေးယောက်။

"ကိုအောင်ကြီးတို့အားလုံး ကျွန်တော်တို့နဲ့အတူ ရွာပြန်လိုက်ခဲ့ကြပါ။ ရွာရောက်ရင် ရွာကလူတွေအားလုံးကို ပြောပြပြီး ခင်ဗျားတို့ သဘောတူထားတဲ့အတိုင်း လက်ထပ်ပေးဖို့ ကျွန်တော် တာဝန်ယူပါတယ်"

လင်းထွန်းက အပြောအဆိုပါ ယဉ်ကျေးလေးစားမှုနှင့် ပြောင်းလဲလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို လိမ်ညာပြီး လှည့်စားနေတာလား"

အောင်ကြီးစိတ်ထဲမှာ မသေချာသေး။

"ဒီကိစ္စက လှည့်စားလို့ရတာမှ မဟုတ်ဘဲ"

"ခင်ဗျား တာဝန်ယူသလား။ အာမခံသလား"

"တာဝန်ယူပါတယ်"

"ရွာရောက်မှ ဖမ်းမယ် ဆီးမယ် ပြဿနာရှုပ်လာရင်"

"ကျွန်တော့်ကို ခင်ဗျား သတ်ပစ်လိုက်တော့ . . ."

"ကောင်းပြီလေ၊ အဲဒီလိုဖြစ်လာရင်တော့ ခင်ဗျားကိုလည်း သတ်မယ်၊ သူ့ကိုလည်း သတ်မယ်၊ အလစ်မှာ ရုတ်တရက် ကျွန်တော့်ကို ဖမ်းရင်လည်း ပြန်လွတ်တဲ့အချိန်မှာ ခင်ဗျားတို့ နှစ်ယောက်စလုံးကို သတ်မယ်"

"သတ်ပါ၊ ကျွန်တော် သဘောတူပါတယ်"

လင်းထွန်း စိတ်ရှည်သည်းခံစွာ ပြောလိုက်ပါသည်။

"ကောင်းပြီ၊ ဒါဖြင့် ရွာပြန်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ခဏာအတွင်းမှာပင် ဂူမှ ထွက်လာကြသည်။

အောင်ကြီးက မယုံသေး။ လင်းထွန်းတို့အားလုံးကို ရှေ့မှအသွားခိုင်းပြီး သူ့လူများကို လင်းထွန်းတို့နောက်မှ နေခိုင်းသည်။ မြင်းကို သူ့ရှေ့မှာ ထားသည်။ သူက နောက်ဆုံးမှ လိုက်သည်။ အားလုံး လှိုဏ်ဂူအပြင်ရောက်ပြီး အနည်းငယ် သွားမိသည်နှင့် လင်းထွန်းက နောက်သို့လှည့်၍ ပြောသည်။

"ကိုအောင်ကြီးကို အလစ်မှာ လုပ်ချင်တယ်ဆိုရင် ဒီတောထဲမှာပဲ လုပ်လို့ရပါတယ်၊ ကျွန်တော်တို့ မလုပ်ပါဘူး၊ ကိုအောင်ကြီးနောက်ကို ကြည့်လိုက်ပေါ့"

အောင်ကြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ့နောက် ခြေသုံးလှမ်းခန့်တွင် ကျောက်ဆောင်တစ်ခုဘေးမှ ထွက်လာသော ဝါးခုတ်သမား ဖိုးလှကို တွေ့ရသည်။ သူ့လက်ထဲမှာ ဓာက်ကြီးတောင်မားကို ကိုင်လျက်။

×××



# အပိုင်း(၄)


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

ရွှေပန်းတောတစ်ရွာလုံး လှုပ်လှုပ်ရှားရှား အလုပ်များနေကြသည်။

အောင်ကြီးနှင့် ငြိမ်းကို မင်္ဂလာဆောင်ပေးရန်အတွက် ပြင်ဆင်နေကြသည်။

ရန်ငြိုးကြီးစွာ ထားခဲ့ကြသော နှစ်ဖက်စလုံးမှ ဆွေမျိုးမျိုးရော ကြားလူများပါ အားလုံးပါဝင်၍ ပျော်ရွှင်စွာ ကူညီစောင်ရှောက်ပေးကြသော မင်္ဂလာဆောင်ဖြစ်သည်။ ရွှေပန်းတောမှာ အထူးခြားဆုံး ဖြစ်နေသည်။

နှစ်များစွာ မခေါ်မပြောကြသူများ ခေါ်ကြ ပြောကြသည်။

တစ်အိမ်နှင့်တစ်အိမ် ကူးကြသန်းကြ ဖြစ်နေသည်။

လူငယ်တို့ဘဝ ချစ်သူများဖြစ်နေကြပါလျက် နှင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ခွေမျိုးတို့၏ အမုန်းကြီးမှုကြောင့် အခွင့်မသာကြသည့် ငယ်ရွယ်သူ ချစ်သူများပါ ရွှေလမ်းငွေလမ်းများ ပွင့်သွား၍ အပျော်ကြီး ပျော်နေကြသည်။

ဒေါ်ညိုခင်တို့အိမ်ရှေ့မှာ မဏ္ဍပ်ဆောက်ပြီးပြီ။

မဏ္ဍပ်ထဲမှာ မနက်ဖြန် မင်္ဂလာဆောင် ဧည့်ခံပွဲကျင်းပရန်အတွက် မိန်းကလေးများက သပြေပန်းနှင့် ဘိသိက်ပန်းကိုရောပြီး ကြိုးစည်းနေကြသည်။

မိန်းမကြီးများက လက်ဖက်ပွဲအတွက် နမ်းလှော်သူလှော်၍ ကြက်သွန်ကြော်သူ ကြော်နေကြသည်။

အကျွေးအမွေးအဖွဲ့ကလည်း ရေနွေးအိုးတည်ကြ၊ ကြက်သွန်လီးကြ၊ ဆန်ပြာ ဆန်ရွေးကြ၊ ငါးခြောက်ဖုတ်ကြနှင့် အလုပ်ရှုပ်နေသည်။

အောင်ကြီးမှာ မဏ္ဍပ်ထဲတွင် ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်နေသည်။

ငြိမ်းကတော့ အိမ်ထဲမှ မထွက်။

သူ့အိပ်ရာပေါ်မှာ မျက်ရည်စက်လက်နှင့်။

မိမိကိုယ်ကိုထက် လင်းအတွက် ပို၍ စိတ်မကောင်းဖြစ်သည်။ လင်းကို သနားသည်။

လင်း၏ ခွင့်လွှတ်နားလည်တတ်သော မေတ္တာစေတနာကိုလည်း လေးစား၍မဆုံး ဖြစ်ရသည်။

ထိုသို့ လေးစားမိသည်နှင့်အမျှ ရင်ထဲမှာ ပို၍နာသော ဝေဒနာကို ခံစားရသည်။

ဤမင်္ဂလာဆောင် ဤမျှမြန်မြန်ဖြစ်ပေါ်ရေး လူကြီး





များအားလုံး လက်ခံ၍ နှစ်ဖက်ဆွေမျိုးများ တက်ကြွစွာ ပါဝင်လာရေးကို လင်းထွန်းပင် ဦးဆောင်ဦးရွက် ပြုခဲ့သည်။

မင်္ဂလာဆောင်မဏ္ဍပ်အတွင်းမှာ စီမံခန့်ခွဲရေးလုပ်နေသော ဦးထွန်းမောင်လည်း ငြိမ်းလိုပင်စိတ်မကောင်းဖြစ်နေသည်။

ရှာစည်းလုံးညီညွတ်သွားသည့်အတွက် ဝမ်းသာသွားသော်လည်း လင်းထွန်းအတွက် စိတ်မကောင်းဖြစ်နေသည်။

လင်းထွန်းကတော့ လူငယ်များနှင့်အတူ မဏ္ဍပ်ကို အလှပြင်နေသည်။ ရွာမှာရနိုင်သည့် ရောင်စုံစက္ကူများ အုန်းလက်စိမ်းများနှင့်စိတ်ကူးဉာဏ်ထုတ်ပြီးလှပအောင်လုပ်နေကြသည်။

"ပေါ် . . . ပေါ် . . . ပေါ် . . ."

ဆိပ်ကမ်းမဝင်မီ မော်တော်အချက်ပေးသံ။

"ဟော . . . ထင်းမော်တော် ဒီနေ့ တယ်စောပါလား"

လင်းထွန်း ဝမ်းသာအားရ ပြောလိုက်မိသည်။

ထင်းမော်တော်နှင့်အတူ လင်းထွန်းမှာထားသော ဆပ်တွန့်စက္ကူများ၊ ရွှေရောင်ပြား၊ ငွေရောင်ပြားများ၊ နှပူးစည်းပိတ်စများ၊ ပူစီဖောင်းထုပ်များ ပါလာလိမ့်မယ်။

ကိစ္စမရှိ၊ သွားယူရန်မလို၊ ကိုချစ်တီးကို မှာထားပြီးသား၊ ကိုချစ်တီး လာပို့လိမ့်မည်။

"ဟောဟိုမှာ လူတစ်ယောက် ပြေးလာနေသည်"

လူငယ်တစ်ယောက်ပြော၍ လင်းထွန်း လှမ်းကြည့်လိုက်သည်။

"ကိုချစ်တီး"

လက်ထဲတွင် ဘာမျှမပါ။



www.burmeseclassic.com

www.burmeseclassic.com

မော်တော်ဆိပ်ကမ်းသို့ ကပ်ဟန်မတူသေး။ ကမ်းကပ်လျှင် နောက်တစ်ခါ ဟွန်းတီးသေးသည်။ ကိုချစ်တီး သုတ်သီးသုတ်ပျာ မရှုပ်ထဲ ရောက်လာသည်။

"ရဲတွေ မော်တော်လေးတစ်စင်းနဲ့ ရောက်လာတယ်ကွ"

ကိုချစ်တီး အမောတကောပြော၍ အားလုံး အံ့အားသင့်နေကြသည်။

"ခုန ထင်းမော်တော် မဟုတ်ဘူးလား"

လင်းထွန်း သေချာအောင် မေးသည်။

"မဟုတ်ဘူး ရဲမော်တော်ကွ"

"ဟင် . . ."

အောင်ကြီးက ဓားတစ်ချောင်းကို ပြေးယူသည်။

"မင်းတို့ ငါ့ကို ညာတယ်"

လင်းထွန်းကိုကြည့်ပြီး အောင်ကြီး ဒေါသတကြီးဖြစ်နေသည်။

"မင်းတို့ ရဲတွေကိုတိုင်ပြီး ငါ့ကို ထောင်ချောက်ဆင်ဖမ်းတာ"

"မဟုတ်ဘူး မဟုတ်ဘူး မောင်အောင်ကြီး"

ဦးထွန်းမောင်က ရှင်းပြရန် ကြိုးစားသည်။

"ဘာမဟုတ်ရမှာလဲ၊ ခင်ဗျားတို့ ပေါင်းကြံတာ၊ ခင်ဗျားတို့အားလုံးကို ကျုပ်သတ်ပြီးမှ အဖမ်းခံမယ်"

အောင်ကြီး ဓားတဝင့်ဝင့် ဖြစ်နေ၍ ဦးထွန်းမောင် ကြောက်ပြီး နောက်ဆုတ်လာသည်။

လူတချို့ မရှုပ်ထဲမှ ထွက်ပြေးသည်။





ဒေါသကြီးနေသော အောင်ကြီးထံသို့ လင်းထွန်း လျှောက်သွားသည်။

"ကိုအောင်ကြီး အိမ်ထဲဝင်နေပါ၊ ရဲလာရင်လည်း ဒီကိစ္စ ကျွန်တော်တို့ဘာသာ ရှင်းပါ့မယ်"

"ဘာကွ၊ မင်းက ငါ့ကိုအိမ်ထဲသွင်းပြီးပိတ်ဖမ်းမလို့လား"

"မဟုတ်ပါဘူး ကိုအောင်ကြီး၊ ငြိမ်းပျောက်သွားတဲ့အချိန်က အခြေအနေမှန် မသိရခင် ဦးသိန်းမောင် ရဲကို သွားတိုင်ထားလို့ လိုက်လာတာပါ၊ ကျွန်တော်တို့လည်း မင်္ဂလာဆောင်ကိစ္စနဲ့ မေ့ထားလို့ပါ။ အခု ကျွန်တော် ရှင်းပေးပါ့မယ်"

"မင်းက ဘယ်လိုရှင်းမှာလဲ"

"ပြေလည်အောင် ရှင်းမှာပါဗျာ၊ ကျွန်တော် ရှင်းတာကို ခင်ဗျားလည်းကြားနေရမှာပါ။ ကျွန်တော်ခေါ်လိုက်တဲ့ အချိန်ကျမှ ခင်ဗျားနဲ့ငြိမ်းနဲ့ အိမ်ထဲကပြုံးပြုံးရွှင်ရွှင်ထွက်လာခဲ့ကြပါ"

"မဟုတ်ရင် . . ."

"ကျွန်တော့်ကို ခင်ဗျား ကြိုက်သလိုလုပ်ဗျာ၊ အဲ့ဒီဓားကို ခင်ဗျားအိမ်ထဲ ယူသွား။ အိမ်တံခါးပေါက်ကို ကျွန်တော် ကျောပေးပြီး ရှင်းမယ်။ ခင်ဗျား ကျွန်တော့်ကို ကြိုက်သလို လုပ်လို့ရတယ်"

"ကောင်းပြီ၊ မဟုတ်ရင်တော့ အိမ်ထဲမှာရှိတဲ့လူရော အပြင်မှာရှိတဲ့လူရော အားလုံးကို သတ်မယ်"

အိမ်ထဲမှာရှိတဲ့ လူဆိုသည်မှာ ငြိမ်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အောင်ကြီးရဲ့ ခြိမ်းခြောက်မှုအတွက် လင်းထွန်း မကျေမနပ် ဖြစ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမယ် ကိုအောင်ကြီး၊ ဒီအချိန်မှာ သတ်တဲ့ဖြတ်တဲ့ စကားတွေ မပြောပါနဲ့၊ ဒီအချိန်မှာ ကျွန်တော်လည်း သေရမှာကြောက်တဲ့ကောင် မဟုတ်ဘူး။ ခုလိုလုပ်နေတာ အားလုံးဟာ ခင်ဗျားငြိမ်းချောက်တာကို ကြောက်လို့မဟုတ်ဘူး။ တမင်သက်သက် စေတနာနဲ့ လုပ်ပေးနေတာ၊ ခင်ဗျားသိအောင် ထုတ်ပြောလိုက်ဦးမယ်၊ ငြိမ်းဟာ ကျွန်တော်သိပ်ချစ်တဲ့ မိန်းကလေး။ ဒါပေမယ့် အခု လက်ထပ်ပြီးလို့ ခင်ဗျားနဲ့ငြိမ်း တကယ်ချစ်သွားကြမယ်၊ ရွာမှာလည်း ရန်ငြိုးတွေ အမုန်းတွေ ပြေသွားကြမယ်ဆိုရင် ကျွန်တော် ကျေနပ်တယ်။ စိတ်ချ ကျွန်တော် ခင်ဗျားကို မလှည့်စားဘူး။ ခင်ဗျားကို ကျွန်တော် လုပ်ချင်ရင် တောထဲမှာကတည်းက လုပ်ခဲ့လို့ရတယ်။ ခင်ဗျား သိပြီးသားပဲ၊ ကျွန်တော့်ကိုမငြိမ်းချောက်ပါနဲ့၊ ကျွန်တော့်ကိုယုံပါ"

ရွာလယ်လမ်းမှ ခွေးဟောင်သံများကို ဆူဆူညံညံ ကြားရသည်။

"ကိုအောင်ကြီး ခင်ဗျား အိမ်ထဲဝင်နေပါ"

အောင်ကြီး ဘာမျှပြန်မပြောတော့ဘဲ ဓားကို လက်မှကိုင်ပြီး အိမ်ထဲဝင်သွားသည်။

လင်းထွန်းက သူ့စကားအတိုင်း အိမ်အဝင်ပေါက်ကို ကျောပေး၍ ရပ်လိုက်သည်။

"ဦးလေး ဦးထွန်းမောင် ဦးလေးဆီမှာ ငြိမ်းရေးပေးတဲ့ စာ ရှိလား"

"ရှိတယ် အိမ်မှာ"

"ယူခိုင်းထားလိုက်ပါ ဦးလေး"





ဦးထွန်းမောင်က လင်းထွန်းနား လာရပ်သည်။

သိပ်ပြီးလုပ်ချင်ပုံမရ။

"ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်ပေးပါ ဦးလေး။ ဒါ တစ်ရွာလုံး ကောင်းဖို့ပါ"

"ကောင်းပါပြီလေ"

"ဟေ့သားငယ် လာဦး၊ အိမ်ကတိုင်မှာ ချိတ်ထားတဲ့ အင်္ကျီအိတ်ထဲမှာ စာတစ်စောင်ရှိတယ်၊ သွားယူလိုက်"

ဦးထွန်းမောင်၏ သားငယ် ပြေးထွက်သွားသည်။ လင်းထွန်းကိုကြည့်ပြီး ဦးထွန်းမောင် စိတ်မကောင်း။

ခွေးဟောင်သံများနှင့်အတူ မင်္ဂလာဆောင်မဏ္ဍပ်ဆီသို့ ရဲဝတ်စုံနှင့် လူငါးယောက်လာနေကြပြီ။ လင်းထွန်းက သူ့ဘေးမှာရှိနေသော ဦးသိမ်းမောင်ကို ကြည့်လိုက်သည်။

"ဦးလေး ရဲတွေမေးရင် ကျွန်တော်ပဲ ဖြေမယ်နော်၊ ဦးလေးကိုမေးရင် ကျွန်တော်ပြောသလိုပဲ အဆင်ပြေအောင် ပြောပါနော်"

လင်းထွန်းပြောပုံက တောင်းတောင်းပန်ပန်။

"အေးပါ"

ဦးသိမ်းမောင်ကလည်း အောင်ကြီးအပေါ်မှာ သိပ်ဘဝင်မကျ။ သမီးလေး ငြိမ်းအေးကို အောင်ကြီးလိုလူမျိုးနှင့် လက်ထပ်ပေးရမှာ မလွှဲသာ၍ လက်ခံနေရခြင်း ဖြစ်သည်။

ရဲများ မဏ္ဍပ်ထဲသို့ ရောက်လာသည်။

"ကိုအောင်ကြီး ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ထိုင်ကြပါဦးခင်ဗျာ"


www.burmeseclassic.com

www.burmeseclassic.com

လင်းထွန်း ဖြေပြီးသည်နှင့် ရဲများကို နေရာထိုင်ခင်းပေးသည်။

"မငြိမ်းအေးကို အတင်းအဓမ္မ ခိုးယူသွားတယ်လို့ တိုင်ချက်ဖွင့်ထားလို့ လာတာပါ"

"ဩော် . . . ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော်တို့များတိုင်တာပါ။ အမှန်ကတော့ အတင်းအဓမ္မ ခိုးသွားတာမဟုတ်ပါဘူး။ မငြိမ်းအေးကိုယ်တိုင် သဘောတူ ခိုးရာလိုက်သွားတာပါ။ ဒီအကြောင်းကို ကျွန်တော်တို့လည်း ရဲစခန်းသွားတိုင်ပြီးမှ သိရတာမို့ပါ။ ရဲစခန်းပြန်ပြီး ပြောဖို့ရာ ဒီမှာ မင်္ဂလာဆောင်ကိစ္စလည်းရှိ သွားရေးလာရေးကလည်း မလွယ်လို့ ပြန်မပြောဖြစ်သေးတာပါ"

ရဲအရာရှိက ယုံကြည်ပုံမရ။ စူးစမ်းသော မျက်လုံးများနှင့် လင်းထွန်းကို ကြည့်နေသည်။

"ဦးလေး လာရှင်းပေးပါဦး"

လင်းထွန်းက ဦးထွန်းမောင်ကိုအကူအညီတောင်းသည်။

ဦးထွန်းမောင်က ရဲအရာရှိအနီးသို့ လျှောက်လာသည်။

"ဒါက ရွာလူကြီး ဦးထွန်းမောင်ပါ"

လင်းထွန်းက ဦးထွန်းမောင်ကို ရဲအရာရှိနှင့် မိတ်ဆက်ပေးသည်။

"ဦးလေး မငြိမ်းအေးက ဦးလေးဆီရေးတဲ့စာပြလိုက်ပါ"

ရဲများ မရောက်မီ ထဲရောက်ပြီးမှ သားငယ်လာပေးသွားသော စာကို ဦးထွန်းမောင် ထုတ်ပေးလိုက်သည်။

ရဲအရာရှိက စာကိုဖတ်ကြည့်သည်။





"ဒါက အဲဒီမိန်းကလေးရေးတာ အမှန်ပဲလား"

"အမှန်ပဲ ခင်ဗျ၊ အခု ဒီမင်္ဂလာဆောင် မလွှာပ်က လည်း သူတို့မင်္ဂလာဆောင်အတွက်ပါ။ ဒါက အိမ်ရှင် ဦးသိမ်းမောင်ပါ။ မငြိမ်းအေးက ဦးသိမ်းမောင်ရဲ့ သမီးပါ"

ဦးထွန်းမောင်က ဖြေသည်။

"ဟာ . . . ရဲစခန်းလာတိုင်တာ ဦးလေးမဟုတ်လား"

ရဲတပ်ကြပ်ကြီးက မှတ်မိသည်။

"ဟုတ်ပါတယ်၊ ခုန မောင်လင်းထွန်းပြောတဲ့ အတိုင်းပါပဲ၊ မတရားခိုးယူသွားတာမှတ်လို့ တိုင်တာပါ။ ဒါပေမယ့် သူတို့သဘောတူ ခိုးရာလိုက်ပြေးကြတာပါ၊ ကျွန်တော်တို့လည်း မင်္ဂလာဆောင်နဲ့အလုပ်ရှုပ်နေလို့ ရဲစခန်းကို လာမပြောနိုင်တာပါ"

"ဒါဖြင့် အဲဒီ မောင်အောင်ကြီးနဲ့ မငြိမ်းအေးရော ကျွန်တော်တို့ ကာယကံရှင်တွေနဲ့တွေ့ပြီး မေးချင်ပါသေးတယ်"

ရဲအရာရှိက မယုံသေး။

"ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျ၊ ကိုအောင်ကြီးရေ . . . ဒီမှာ ရဲတွေက တွေ့ချင်လို့တဲ့၊ မငြိမ်းအေးလည်း ခေါ်ခဲ့ပါ"

လင်းထွန်းကအတွင်းဘက်သို့လှမ်းအော်ပြောလိုက်သည်။

အောင်ကြီးနှင့်ငြိမ်း နှစ်ယောက်အတူထွက်လာကြသည်။

"ဒီစာက မငြိမ်းအေးရေးတာ အမှန်ပဲနော်"

ရဲအရာရှိက လက်ထဲမှစာကိုပြပြီး မေးသည်။

ငြိမ်းက ခေါင်းညိတ်ပြသည်။

"အင်း . . . ဦးလေးများတိုင်တာက ကျွန်တော်တို့တော်တော့်ကို အလုပ်ရှုပ်သွားတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိက ဦးသိမ်းမောင်ကို အပြစ်တင်စကား ပြောသော်လည်း အမူပေါ်မှာ ကျေနပ်သွားသည်။

"မင်္ဂလာဆောင် ဘယ်တော့လဲ ဦးလေး"

"မနက်ဖြန်ပါ၊ ဆရာတို့လည်း ဒီနေ့ည ဒီမှာအိပ်ပြီး မနက်ဖြန်ကာ မင်္ဂလာဆောင်ပြီးမှ ပြန်ကြပါခင်ဗျာ"

ဦးသိမ်းမောင်က ရဲအဖွဲ့ကို မင်္ဂလာဆောင် ဖိတ်နေသည်။

"ကျွန်တော်တို့ မနေနိုင်ပါဘူး ခင်ဗျ၊ ဒီနေ့ပဲ စခန်းအရောက် ပြန်ရမှာပါ"

ရဲအရာရှိက သူ့လူများကို လှမ်းကြည့်လိုက်သည်။

"ကဲ . . . ရွာတစ်ပတ်လှည့်ကြည့်ပြီး ပြန်ကြတာပေါ့"

"ထမင်းစားပြီးမှ ပြန်ကြပါ ခင်ဗျာ၊ ရွာတစ်ပတ်ကြည့်ချင်ရင် လှည့်ကြည့်ပါ ဦးလေး လိုက်ပြလိုက်ပါ။ ကျွန်တော်တို့ ထမင်းပြင်ထားလိုက်ပါ့မယ်"

ရဲများ လျှောက်မေးနေလျှင် စကားရှုပ်သူနှင့် တွေ့မည်စိုး၍ လင်းထွန်းက ဦးထွန်းမောင်ကို ထည့်ပေးလိုက်သည်။

ပေါ် . . . ပေါ် . . . ပေါ် . . .

ထင်းမော်တော် နောက်ကျ၍ ရဲများပြန်သွားပြီးမှ ရောက်လာသည်။

လင်းထွန်းမှာထားသည့် ပစ္စည်းများ ရောက်လာ၍ ကိုချစ်တီး ယူလာပေးသည်။

အောင်ကြီးလည်း အန္တရာယ်ကင်းသွားပြီမို့ လင်းထွန်းအပေါ်မှာ ယုံယုံကြည်ကြည် ဖြစ်သွားသည်။ မဏ္ဍပ်ထဲမှာ ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်နေသည်။





ထင်းမော်တော်နှင့် ပါလာသည့် ကွဲနဖားမှ ဆွေမျိုးများ ရောက်လာသောအခါ မဏ္ဍပ်ထဲမှ ဆွေမျိုးများက ကြိုဆိုကြနှုတ်ဆက်ကြနေရာပေးကြနှင့်ပို၍ပျော်စရာကောင်းသွားသည်။

"ဘကြီးရော"

အောင်ကြီးက သူ့ကျေးဇူးရှင် ဘကြီးကို သတိတရ မေးသည်။

"ပါတယ်ကွ၊ နောက်ကျန်နေခဲ့တာ လာလိမ့်မည်"

ကွဲနဖားအဖွဲ့နှင့်အတူ အသံချဲ့စက်လည်း ပါလာ၍ ငယ်ရွယ်သူများ ပို၍ ပျော်နေကြသည်။

အသံချဲ့စက်သမားများက အသံချဲ့စက်ကို အမြန်ဆုံး တပ်ဆင်နေကြသည်။

"ဟေ့ . . . နေကြပါဦးကွ၊ မင်းတို့ ထမင်းဆာလာကြမှာပေါ့၊ ထမင်းအရင်စားကြ"

ကွဲနဖားဧည့်သည်များကို ထမင်းကျွေးသည်။ ကွဲနဖားဧည့်သည်များ ထမင်းစား၍ ရေနွေးကြမ်းသောက်၊ လက်ဖက်စားနေချိန်ကြမှ နှုတ်ခမ်းမွေးကားကားနှင့် အသက်ခြောက်ဆယ်ခန့် လူကြီးတစ်ယောက် မဏ္ဍပ်ထဲသို့ဝင်လာသည်။

"ဟော . . . ဘကြီးလာပြီ"

အောင်ကြီး ဝမ်းသာအားရ ခရီးဦးကြိုပြုသည်။

ဘကြီးလက်မှာဆွဲလာသော အိတ်ကိုလည်း ဆီးယူလိုက်သည်။

"ကိုလင်းထွန်း ဒါကွဲနဖားက ကျွန်တော့်ကို မွေးစားတဲ့ဘကြီး ဦးကျော်ဒင်၊ ခုမှ ရောက်လာတာ၊ အရင်က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာ အခုတော့ အငြိမ်းစားယူထားတာ ကြာလှပြီ"

အောင်ကြီး နှုတ်သွက်လျှာသွက် ဖြစ်နေ၍ ဘေးနားမှ ဖြတ်သွားသော လင်းထွန်းကို ဘကြီးနှင့် မိတ်ဆက်ပေးပြီး

"သြော်...ဟုတ်ကဲ့ပါခင်ဗျာ၊ အဲဒါဆို ကိုအောင်ကြီး ဆရာကြီးကို ထမင်းကျွေးဖို့ လုပ်ပါဦး။ ဆရာကြီး ကျွန်တော် မဏ္ဍပ်ပြင်လိုက်ပါဦးမယ် ခင်ဗျ"

"သြော်...အေး အေး လုပ်ပါ"

လင်းထွန်းက နဖူးစည်းဖတ်များ တပ်ဆင်ရန် အလုပ်များနေသည်။

"ခြသမားလေးဆိုတာ ဒီသူငယ်လားကွ"

ဦးကျော်ဒင်က လင်းထွန်းကို လှမ်းကြည့်နေဆဲ...

"ဟုတ်ပါတယ် ဘကြီး။ ကျွန်တော် ထမင်းပြင်နိုင်းလိုက်တော့မယ်နော်"

"ထမင်းမပြင်ပါနဲ့ဦးကွာ၊ အေးအေးဆေးဆေးနားပြီး ဘကြီး မင်းနဲ့ မေးချင်၊ ပြောချင်တာလေးတွေ ရှိပါသေးတယ်၊ ဟော...ဟိုမှာ ထိုင်ရအောင်"

ဦးကျော်ဒင်က အောင်ကြီးကို မဏ္ဍပ်ထောင့်မှ လူရှင်းသော ခုံတန်းလေးဆီသို့ ခေါ်သွားသည်။

ထိုအချိန်တွင် အသံချဲ့စက်မှ သီချင်းသံ စတင်ထွက်ပေါ်လာ၍ ကလေးများ ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

ဤအရပ်တွင် အသံချဲ့စက်သံက ကြားရခဲသည်။ ရွာထဲမှ ကလေးများလည်း မဏ္ဍပ်ဆီသို့ပျော်ရွှင်စွာပြေးလာနေကြသည်။





အခန်း(၃၇)

"မောင်ရှေ့သို့ တည့်တည့်လျှောက်ရင် မေလည်း တည့်တည့်လိုက်ကာ လျှောက်မယ်မောင်ရယ်"

တင်တင်မြ၏ သီချင်းသံက မင်္ဂလာဆောင်မဏ္ဍပ်မှ သာယာစွာ ထွက်ပေါ်နေသည်။

မင်္ဂလာဆောင်မှာ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ စည်ကားစွာ ရောက်ရှိနေသည်။

မဏ္ဍပ်ထဲမှ ခေါ်ကြ နှုတ်ဆက်ကြ၊ ညှိခံကျွေးမွေးကြ၊ စားသောက်ကြ၊ စကားပြောကြ ပျော်စရာကြီး ဖြစ်နေသည်။

ရွှေပန်းတောရွာမှာ အလွန်ထူးခြားသော မင်္ဂလာဆောင်ဖြစ်သည်။



www.burmeseclassic.com

ယခင် မခေါ်မပြောကြသော ဆွေမျိုးအုပ်စုနှစ်စုကွဲနေတဲ့ တစ်စုနှင့်ဆိုင်သော မင်္ဂလာဆောင်ကို အခြားဆွေမျိုးစုက လုံးဝမလာကြ။

ယခု မင်္ဂလာဆောင်ကြမှ ဆွေမျိုးအုပ်စု နှစ်စုစလုံးလာကြသည်။ နှစ်များစွာ မခေါ်ခဲ့ကြသူများ ခေါ်ကြ ပြောကြ နှုတ်ဆက်နေကြသည်။ ဆွေမျိုးနှစ်စုနှင့် မဆိုင်သူများကလည်း ကြားမှ အနေခက်ရသော့ကြောင့် ဤမင်္ဂလာဆောင်တွင် နှစ်ဖက်ဆွေမျိုးများ နားလည်စွာ ပေါင်းစည်းမိရန် ကူညီဆောင်ရွက်ပေးကြသည်။

ရွှေပန်းတောရွာမှာ အနှစ်နှစ်ဆယ်ကျော် ရှိနေခဲ့သော အငြိုးများ ပြေပျောက်သည့် မင်္ဂလာဆောင်ဖြစ်သည်။

ဤမင်္ဂလာဆောင်သည် လူနှစ်ယောက် ပေါင်းစည်းရေးသာမက တစ်ရွာလုံး ပေါင်းစည်းရေးလည်း ဖြစ်သည်။

“ဖြောင်း...ဖြောင်း... ဖြောင်း...”

မဏ္ဍပ်ထဲမှလက်ခုပ်သံသည်ဆူညံစွာထွက်ပေါ်လာသည်။

သတို့သား မောင်အောင်ကြီးနှင့် သတို့သမီး မငြိမ်းအေးတို့နှစ်ယောက်အတူ အိမ်ထဲမှ ထွက်လာကြသောကြောင့် ဖြစ်သည်။

ရွာလူကြီး ဦးထွန်းမောင်က မဏ္ဍပ်ထဲမှ စောင့်ကြိုရင်း လှမ်းကြည့်နေသည်။

ဤမင်္ဂလာဆောင်တွင် တစ်ရွာလုံး အမုန်းများပြေအောင် စကားပြောချင်သည်ဟူသော အောင်ကြီး၏ ဆန္ဒအရ





ဦးထွန်းမောင်က အစီအစဉ်လုပ်ပြီး သူ့ဘကြီး ဦးကျော်ခင်နှင့်အတူ မဏ္ဍပ်ထဲမှ စောင့်နေရခြင်း ဖြစ်သည်။ သတို့သားနှင့် သတို့သမီး ဦးထွန်းမောင်အနီးသို့ ရောက်လာကြသည်။

ဦးထွန်းမောင်က အသံချဲ့ဖွင့်သူကို လက်ပြလိုက်သည်။

အသံချဲ့စက်ဖွင့်သူက ကက်ဆက်ခလုတ်ကိုနှိပ်၍ ပိတ်လိုက်သည်။ စကားပြောခွက်ကို ဦးထွန်းမောင်ထံ လှမ်းပေးသည်။

“ဟူး...ဟူး”

ဦးထွန်းမောင်က မိုက်ကို လေနှင့် မှုတ်ကြည့်သည်။ ရပြီ။

“ကဲ ကဲ အားလုံးငြိမ်ကြပါ၊ အားလုံးနားထောင်ကြပါ”

ဦးထွန်းမောင် အသံချဲ့စက်နှင့်ပြော၍ ဆူညံသံများ လျော့ပါးသွားသော်လည်း စကားသံတွေက မတိတ်သေး။

မျက်လုံးအတော်များများကတော့ ဦးထွန်းမောင်ရှိရာကို လှမ်းကြည့်နေကြသည်။

“ကဲ...တိတ်ကြပါ၊ အားလုံး နားထောင်ကြပါ။ ဟေ့ ကလေးတွေ တိတ်စမ်း”

ဦးထွန်းမောင် စိတ်မရှည်တော့ပါ။

“ဟဲ့...တိတ်ကြစမ်း”

“ငြိမ်ကြလေ နားထောင်ကြ”

ဘေးမှပါ ဝိုင်းပြောကြမှ မဏ္ဍပ်ထဲမှာ အသံများ ငြိမ်သွားသည်။

www.burmeseclassic.com



"ကဲ . . . နားထောင်ကြပါ၊ ဘယ်သူမှ မဆူကြပါနဲ့၊ တစ်ရွာလုံး အမုန်းတွေပြေပျောက်သွားအောင်တဲ့၊ မောင်အောင်ကြီးက အဲ . . . သတို့သားကပေါ့လေ စကားပြောချင်ပါတယ်တဲ့၊ ကဲ . . . ရော့ပြော"

ဦးထွန်းမောင်က မိုက်ကရိုဖုန်းကို သတို့သားထံ လှမ်းပေးလိုက်သည်။

စကားပြောခွက်ကို လှမ်းယူသော အောင်ကြီး၏လက်များ တုန်နေသည်။

မဏ္ဍပ်ထဲမှ ပရိသတ်များ ငြိမ်တိတ်သွားသည်။

"အောင်ကြီး ဘာများ ပြောမှာပါလိမ့်"

စူးစမ်းသော မျက်လုံးများနှင့် ကြည့်နေကြသည်။

"ကျွန်တော် အဲ့ဒီလို လူတွေအများကြီးနဲ့ စကားမပြောတတ်ပါဘူး။ ဟို . . . ပြောလည်း မပြောဖူးပါဘူး"

ပရိသတ်ထဲမှ အသံနည်းနည်းထွက်လာသော်လည်း သူ့ဟာသူ ပြန်ထိန်း၍ ငြိမ်သွားသည်။

"အဲ . . . ကျွန်တော်ပြောမယ့် စကားတွေက ခေါင်းထဲမှာ အသေအချာ စဉ်းစားထားပါတယ်၊ အဲ . . . ကျွန်တော်ကြိုးစားပြောပါ့မယ်"

သူ့ဘကြီး ဦးကျော်ဒင်က အောင်ကြီးကို ခေါင်းညိတ်ပြပြီး ပြောရဲအောင် အားပေးနေသည်။

"ကျွန်တော်တို့ ရွှေပန်းတောရွာမှာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က အဲ . . . ကျွန်တော့်အဖေနဲ့ အမေ





ရယ်၊ မငြိမ်းအေးရဲ့ အဖေနဲ့အမေတို့ကြောင့် အလွန်ဘာပြောမလဲ၊ အဲ . . . အရုပ်ဆိုးတာတွေ ဖြစ်ခဲ့တယ်ပေါ့ဗျာ"

ဦးကျော်ဒင်က ဘေးမှ ခေါင်းညိတ် အားပေးနေသည်။

ငြိမ်းအေး၏ မျက်ဝန်းမှာတော့ မျက်ရည်များ ပြည့်နေသည်။ ထိန်းချုပ်ထားသည့်ကြားမှ မျက်ရည်ပေါက်တို့က ပါးပြင်ပေါ်သို့ ပြေးဆင်းသွားကြသည်။

"အဲ့ဒီနောက်တော့ ကျွန်တော်တို့ဘက်က ဆွေမျိုးတွေနဲ့ မငြိမ်းအေးဘက်က ဆွေမျိုးတွေ ဒီရွာထဲမှာ မတည့်ကြတော့ဘူး။ မုန်းကုန်ကြတယ်၊ ဟုတ်တယ်၊ ထစ်ခနဲဆို ရိုက်ကြ၊ နှက်ကြ၊ သတ်ကြ၊ ဖြတ်ကြ ဖြစ်ကုန်ကြတယ်။ တစ်မျိုးနဲ့တစ်မျိုး မခေါ်ကြဘူး၊ မပြောကြဘူး"

"ကျွန်တော်ဆိုရင်လည်း ဒီမငြိမ်းအေးရဲ့အဖေကို အဲ သိပ်မုန်းတယ်။ ဦးဘငွေးကို လက်စားချေချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ဒါပေမယ့် ဟို . . ."

အောင်ကြီး အပြောရခက်နေသည်။

"ရဲရဲသာပြောပါ"

ဘေးမှ ဦးကျော်ဒင်က အားပေးသည်။

"အဲ . . . မငြိမ်းအေးကို စတွေ့တုန်းက သိပ်သဘောကျတယ်"

လူများက ရယ်ကြသည်။

ဦးထွန်းမောင်က ငြိမ်ရန် လက်ပြသည်။ လူများကလည်း ဆက်နားထောင်ချင်၍ ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကျွန်တော် အယ် . . . မငြိမ်းအေးကို မသတ်တော့ဘူး"

ရယ်သံများ ထွက်လာကြသည်။ ဦးထွန်းမောင်က လက်ပြရသည်။

ငြိမ်သွားကြပြန်သည်။

"အယ် . . . တိုတိုပြောရရင်တော့ ကျွန်တော့်ရင်ထဲက အမုန်းတွေပြေဖို့ဆိုရင် မငြိမ်းအေးကို ကျွန်တော်ရမှ ဖြစ်မယ်။ အဲဒါနဲ့ မငြိမ်းအေးကို နိုးပြေးခဲ့ပါတယ်"

ပရိသတ်များငြိမ်၍ နားထောင်နေကြသည်။

"တကယ်တော့ မငြိမ်းအေးဟာ ရွှေပန်းတောကို အမုန်းတွေပျောက်အောင်လုပ်ဖို့ စေတနာနဲ့လာတဲ့ဆရာမလေးပါ"

"ပြီးတော့ မငြိမ်းအေးဟာ ခြံသမားလေး ကိုလင်းထွန်းနဲ့ ချစ်နေကြတဲ့ ချစ်သူတွေပါ"

ပရိသတ်ထဲမှ စကားသံတွေဆူညံစွာထွက်ပေါ်လာသည်။

ငြိမ်း၏ ပါးပြင်ပေါ်မှ မျက်ရည်များ အဆက်မပြတ်စီးဆင်းနေကြသည်။

ငြိမ်းက မျက်ရည်များကို မသုတ်ဘဲ ခေါင်းငုံ့ထားသည်။

"ဆက်ပြောကွာ"

ဦးကျော်ခင်က အောင်ကြီးကို အားပေးသည်။

"ဒါပေမယ့် မငြိမ်းအေးက သူ့ကျွန်တော့်ကို ငြင်းရင် ကျွန်တော်က သူ့ကိုသတ်မယ်၊ အဲဒါဆိုရင် ဒီရွာမှာ သတ်ပွဲဖြတ်ပွဲတွေ ထပ်ဖြစ်လာမယ်၊ အမုန်းတွေ ရန်ညိုးတွေ ပိုကြီး





လာမှ စိုးရိမ်တယ်"

ဦးကျော်ခင် ခေါင်းညိတ်ပြသည်။

"ဒါကြောင့်မို့ အမုန်းတွေ ပိုကြီးမလာအောင် နှစ်ဖက်ဆွေမျိုးတွေရဲ့ အမုန်းတွေပြေသွားအောင် ကျွန်တော့်ကို အဲ . . . မချစ်ပေမယ့် လက်ထပ်မယ်လို့ သဘောတူတယ်"

လူအများ ငြိမ်သွားကြသည်။

"မငြိမ်းအေးရဲ့ ချစ်သူဖြစ်တဲ့ ကိုလင်းထွန်းနဲ့အဖွဲ့က ကျွန်တော်တို့ကို လိုက်ရှာတယ်။ ဟို . . . ကျိုးအိပ်တောင်က လှိုဏ်ဂူမှ ရှာတွေ့တယ်"

"ဒါပေမယ့် သူကလည်း ကျွန်တော်တို့နဲ့ တွေ့ပြီးတော့ မငြိမ်းအေးကို ကျွန်တော်ကသတ်ရင် အမုန်းတွေ ပိုကြီးမှာစိုးတယ်၊ မငြိမ်းအေး အသတ်ခံရမှာလည်း စိုးတယ်၊ အဲဒီတော့ မငြိမ်းအေးနဲ့ကျွန်တော် လက်ထပ်ရင် မငြိမ်းအေးလည်း အသတ်မခံရတော့ဘူး၊ ရွာမှာရှိတဲ့ အမုန်းတွေလည်း ပြေမယ်ဆိုတာ စဉ်းစားပြီး ကျွန်တော်တို့ကို လက်ထပ်ပေးမယ်၊ ရွာပြန်လိုက်ခဲ့ပါလားလို့ ခေါ်တယ်"

ဦးကျော်ခင်ရော ဦးထွန်းမောင်ပါ ခေါင်းညိတ်ပြသည်၊

အောင်ကြီးမှာ အရှိန်ရသွားသည်မို့ အပြောအဆို ပိုချောလာသည်။

"ကျွန်တော် လိုက်လာခဲ့ပေမယ့် သိပ်မယုံဘူး"

ဦးထွန်းမောင် ခေါင်းညိတ်သည်။

"မနေ့က ကျွန်တော့်ကို ဟိုရဲတွေ ဖမ်းဖို့လာတော့



www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းထွန်း သူကျွန်တော့်ကို မဖမ်းအောင် ပြောတယ်။ အဲသူကြောင့် ကျွန်တော် အဖမ်းမခံရတာ"

အောင်ကြီးကို ငြိမ်းလှည့်မကြည့်သော်လည်း အောင်ကြီး ဘာလို့ ဒါတွေပြောနေတာလဲ၊ စဉ်းစားနေမိသည်။

"အဲဒီအချိန်မှာ ကျွဲနဖားမှာရှိနေတဲ့ ဒီကျွန်တော့်ဘကြီး မင်္ဂလာဆောင်ကို ရောက်လာတယ်"

ဦးကျော်ခင် ခေါင်းညိတ်ပြသည်။

လူများ ဦးကျော်ခင်ကို လှမ်းကြည့်ကြသည်။

"ဘကြီး ကင်းမော်တော်နဲ့ လိုက်လာပြီး ဆိပ်ကမ်းကအတက်မှာ ကျွန်တော့်သူငယ်ချင်း စံသိန်းနဲ့တွေ့ပြီး ကိုချစ်တီးဆိုင်မှာ ထိုင်ကြတယ်။ စံသိန်းက ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို ခင်ပါတယ်။ ကျွန်တော်လည်း သူ့ကို ညီတစ်ယောက်လို အားကိုးခဲ့ရပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်တော် မတရားဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ဒီမင်္ဂလာဆောင်ကို လာလည်း မလာဘူး။ ကူလည်း မကူညီဘူး။ သူက ကျွန်တော်တို့ဖြစ်တာတွေ အကုန်လုံးသိထားတော့ ဘကြီးကို အကုန်လုံး ပြောပြတယ်"

ဧကားသံများ ထွက်လာကြပြန်သည်။

မင်္ဂလာဆောင်မှာ အောင်ကြီး ဘာလို့ဒါတွေပြောသည်ကို နားမလည် ဖြစ်နေကြသည်။

ဦးထွန်းမောင် နားမလည် ဖြစ်နေသည်။

"ခဏလေး ငြိမ်ကျပါခင်ဗျာ"



BURMESE CLASSIC .com



အောင်ကြီးက သွားသား ထောင်းပန်သည်။

မနေ့က မင်္ဂလာဆောင်မဏ္ဍပ်ထဲ ဘကြီးရောက်တော့ ကျွန်တော့်ကို ခေါ်တယ်။ ဘယ်သူမှ မကြားအောင် သူသိချင်တာတွေ ကျွန်တော့်ကို မေးတယ်။

"ကျွန်တော် အစတော့ ညာပြောပါသေးတယ်၊ ဒါပေမယ့် ဘကြီးက အသေအချာသိလာခဲ့တော့ ညာလို့မရဘူး"

အဲဒီမှာတင် ဘကြီးက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးတယ်။

"ကိုယ့်ရွာကောင်းစေချင်တဲ့ စေတနာနဲ့ အဝေးမှာရောက်နေတဲ့ မိန်းကလေး ပြန်လာတယ်၊ မင်းက အတင်းအဓမ္မ အနိုင်ကျင့်တော့ ရွာရဲ့ အေးချမ်းရေးအတွက် မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်တယ်၊ အဲဒါကို မိန်းကလေးရဲ့ ချစ်သူကပါ မိန်းကလေး အသက်အန္တရာယ်က လွတ်အောင်ရယ်၊ ရွာကောင်းသွားဖို့ရယ် ဆိုတာတွေ စေတနာထားပြီး မင်းအဖမ်းမခံရအောင် မင်းတို့လက်ထပ်ပွဲအောင်မြင်အောင် အနစ်နာခံပြီး ကူညီတယ်၊ သူက ဒီရွာသား မဟုတ်ဘူး။ မင်းက ဒီရွာသား၊ မင်းက ဒီရွာအတွက် အနစ်နာမခံဘူး၊ ဒီရွာမှာရှိခဲ့တဲ့ အမှန်းတွေကို အကြောင်းပြုပြီး အဲ . . . မင်းရချင်တာကို ရအောင်လုပ်တယ်၊ ဒီလိုရတာ မင်းစိတ်ထဲမှာ တရားတယ်ထင်သလား။ အင်း . . . ပြီးတော့ ကောင်းတယ် ထင်သလားတဲ့၊ ကျွန်တော့်ကို မေးပါတယ်"

ဦးကျော်ခင်က မှန်ကြောင်း ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

လူများ ဦးကျော်ဒင်ကို လှမ်းကြည့်ကြသည်။

ငြိမ်းပါ စိတ်ကောင်းရှိသော ဦးကျော်ဒင်ကို လှည့်ကြည့်မိသည်။

ဦးကျော်ဒင်က မတ်တပ်ရပ်လိုက်သည်။

"ပေး . . . ဘကြီး ပေး"

ကိုယ်တိုင် ရှင်းပြချင်စိတ်ဖြစ်လာ၍ အောင်ကြီးထံမှ စကားပြောခွက်ကို ဦးကျော်ဒင် တောင်းယူလိုက်သည်။

"ကျုပ်က တရားမှ ကြိုက်တယ်ဗျာ၊ မတရားရင် မကြိုက်ဘူး၊ ကိုယ်တိုင်လည်း မတရားသာ မလုပ်မိအောင် သတိထားတယ်၊ ကျုပ်တူကိုလည်း ထင်းပွဲစား၊ ဝါးပွဲစားလုပ်နေတာကို ကျုပ် သဘောကျတယ်၊ ဖဲဝိုင်း၊ ဂျင်ဝိုင်းထောင်ရင် မကြိုက်ဘူး၊ သူ့ကို အပြတ်ပြောပြီးသား"

ဦးကျော်ဒင် ပြောပုံက ခပ်ပြတ်ပြတ်ဖြစ်သည်။ လူများ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ဒီရွာမှာလည်း ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဒေါသအလျောက် ဖြစ်ခဲ့တာကို အကြောင်းပြုပြီး နှစ်ဖက်ဆွေမျိုးတွေ မုန်းနေကြတာရှိတယ်။ ခထာခထာ ရိုက်ကြ၊ သတ်ကြ၊ ဖြတ်ကြ ဖြစ်နေကြတာ ကျုပ် သဘောမကျဘူး။ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ဒါကြောင့်မို့ ဒီရွာကို လုံးဝမလာခဲ့ဘဲနေခဲ့တာ"

"ဒီနေ့ မင်္ဂလာဆောင်မှာ နှစ်ဖက်ဆွေမျိုးတွေအားလုံး လာကြတာ ကျုပ်ဝမ်းသာတယ်၊ နှစ်ဖက်ဆွေမျိုးအားလုံးကို ကျုပ်ပြောချင်တယ်။ ဒီအောင်ကြီးရဲ့ အဖေ၊ အမေနဲ့ ဒီ





မိန်းကလေးရဲ့ အဖေနဲ့အမေတွေ ဖြစ်ခဲ့ကြတာ ဘာမှ မဟုတ်တဲ့ ငရုတ်သီးညှော်ကို အကြောင်းပြုပြီး ဒေါသတွေ ရှေ့ထားခဲ့ကြလို့ မှားကုန်ကြတာ"

"မောင်အောင်ကြီး၊ အမေ မသိန်းမြက သူ့ခြံထောက်အနားရှိလို့ ငရုတ်သီးအညှော် လုပ်ရပါ့မလားဆိုပြီး ဒီမိန်းကလေးရဲ့ အမေကို ပါးရိုက်တယ်။ ပြီးတော့ ဆောင့်တွန်းပစ်လိုက်တယ်။ လဲကျတော့ ကျောက်တုံးနဲ့လား၊ ထင်းတုံးနဲ့လား ကျုပ်မမှတ်မိတော့ဘူး၊ ခေါင်းထိပြီးသေတယ်"

"အဲဒီတော့ မိန်းကလေးရဲ့အဖေ ကိုဘငွေက သူ့မိန်းမသေရတာကို ဒေါသတကြီးဖြစ်တယ်။ မောင်အောင်ကြီးရဲ့ အဖေနဲ့ အမေကို သတ်တယ်။ သတ်ဖို့သွားတာကတော့ သိန်းမြကိုပါ၊ ဒါပေမယ့် သိန်းမြယောက်ျားလုကြီးက မိန်းမကို အိမ်ထဲပိတ်ထားပြီး မဝင်ရအောင်တားတော့ ယောက်ျားပါ သတ်တယ်"

"သူလည်း ရဲတွေလာဖမ်းတော့ အဖမ်းမခံလို့ ပစ်တာခတ်တာနဲ့ သေတယ်"

"ဒေါသတွေ မာနတွေကြောင့် ဖြစ်ခဲ့တာတွေကကြာပါပြီ။ ဒီအမုန်းတွေက ပြေဖို့ကောင်းပြီ၊ နောက်မှ မွေးတဲ့ကလေးတွေ ဒီကိစ္စအကြောင်းပြုပြီး မုန်းနေကြဖို့မကောင်းတွေဘူး"

"အခုကြည့် . . . ဒီမိန်းကလေးက ဒီအမုန်းတွေ ပြေဖို့လာတယ်။ သူချစ်တဲ့လူရှိရက်နဲ့ ရွာကောင်းဖို့ မောင်အောင်ကြီးကို လက်ထပ်ဘယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးရဲ့ချစ်သူ ခြံသမားလေးက ဒီအရပ်သား မဟုတ်ဘူး။ ဒါပေမယ့် ဒီရွာကို စေတနာထားတယ်၊ ရွာမှာရှိတဲ့ အမှန်းတွေပြေအောင် ဒီမင်္ဂလာဆောင်ကို ကူညီပြီးလုပ်ပေးတယ်"

"ဒါ . . . ဒီရွာသားတွေ ဘာလုပ်သင့်သလဲ စဉ်းစားကြ၊ ဒါပဲ"

ဦးကျော်ဒင် စကားပြောခွက်ကို အောင်ကြီးထံ လှမ်းပေးပြီး ပြန်ထိုင်သွားသည်။

မဏ္ဍပ်ထဲမှ ဆူညံဆူညံ အသံတွေ ဖြစ်ပေါ်လာသည်။

"ငြိမ်ကြပါ . . . ငြိမ်ကြပါ"

ဦးထွန်းမောင်က အားလုံးကို အငြိမ်နိုင်းသည်။

"ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးပါပြီ"

အောင်ကြီးက အားလုံး၏ အသံများကို လွှမ်းအောင် ပြောကြသည်။

တဖြည်းဖြည်း အသံများ ငြိမ်သွားသည်။

"ဘကြီးက ကျွန်တော့်ကို မေးခွန်းမေးပြီးကတည်းက ကျွန်တော်က စဉ်းစားတယ်"

"ရွှေပန်းတောရွာကောင်းအောင် သူတို့နှစ်ယောက်က စေတနာထားရင် ကျွန်တော် ရွှေပန်းတောရွာသားဖြစ်တယ်။ ရွှေပန်းတောရွာနဲ့ စီးပွားရှာနေတဲ့သူ ဖြစ်တယ်။ ကျွန်တော်က ပိုပြီး စေတနာထားသင့်တယ်"

"ကျွန်တော့်ရင်ထဲမှာရှိတဲ့ အမုန်းတွေလည်း အားလုံး





ပြေသွားပါပြီ၊ ဒီမင်္ဂလာဆောင်ကို အကြောင်းပြုပြီး နှစ်ဖက်ဆွေမျိုးတွေမှာရှိတဲ့ အမုန်းတွေလည်း ပြေကြပါ"

"ဒီမင်္ဂလာဆောင်ဟာလည်း ကျွန်တော်နဲ့ မငြိမ်းအေးရဲ့ မင်္ဂလာဆောင် မဟုတ်ပါဘူး၊ ခြံသမားလေး ကိုလင်းထွန်းနဲ့ မငြိမ်းအေးရဲ့ မင်္ဂလာဆောင်လို့ ပြောင်းလိုက်ပါတယ်"

"အို . . ."

ငြိမ်းအေး အံ့သြနေရသည်။

မဏ္ဍပ်ထဲမှ လူများ အံ့အားသင့်နေကြသည်။

"ဒါကို ကျွန်တော် မနေ့က တစ်ညလုံးစဉ်းစားပြီးမှ ဆုံးဖြတ်တာပါ၊ ဘကြီးကို မနက်က အဖြေပေးပြီးသားပါ၊ ဘကြီးက မင်္ဂလာဆောင်လူစုံမှ အားလုံးပြည့်ပြည့်စုံစုံ ရှင်းပြပြီး ကြေညာရမယ်ဆိုလို့ ကျွန်တော်ခုလို ကြေညာလိုက်တာပါ။ အားလုံးသဘောတူရင် ဝမ်းသာအားရ လက်ခုပ်တီးကြပါ"

အောင်ကြီး၏ စကားဆုံးသည်နှင့် ဦးကျော်ဒင်နှင့် ဦးထွန်းမောင်က စတင်လက်ခုပ်တီးသည်။ မဏ္ဍပ်ထဲမှာရှိသော လူအားလုံး ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

"အို . . . ကိုအောင်ကြီး၊ ကျေးဇူးတင်လိုက်တာရှင်၊ ငြိမ်းဝမ်းသာလိုက်တာ"

ငြိမ်းက မျက်ရည်များနှင့် လှိုက်လှဲစွာပြုံးပြီး အောင်ကြီးလက်မောင်းနှစ်ဖက်ကိုဝမ်းသာအားရဆုပ်ကိုင်ထားလိုက်သည်။

"ကျွန်တော် ငြိမ်းကို နှမလေးတစ်ယောက်လို ချစ်ပါမယ်၊ ဒီရွာမှာ ငြိမ်းအတွက် ဘာအန္တရာယ်မှမရှိအောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အကာအကွယ် ပေးပါ့မယ်"

အောင်ကြီးက ငြိမ်း၏ ပါးပေါ်မှ မျက်ရည်များကို သူ့လက်နှင့် ကြင်နာစွာ သုတ်ပေးနေသည်။

သို့သော် သူ့ပါးပြင်ပေါ်မှာတော့ မျက်ရည်များက စီးကျနေသည်။

"ခြံသမားလေး ကိုလင်းထွန်း ဘယ်ရောက်နေလဲ၊ ကိုလင်းထွန်း မဂ်လာမဏ္ဍပ်ထဲကို အမြန်လာပါ"

ဦးကျော်ဒင်နှင့် ဦးထွန်းမောင်ခိုင်း၍ အသံချက်သမားက လင်းထွန်းကို မိုက်ကရိုဖုန်းနှင့် ခေါ်သည်။

"ကိုလင်းထွန်း မရှိဘူး၊ မနက်ထဲက မင်္ဂလာဆောင်အတွက် သူလုပ်စရာရှိတာတွေအားလုံး ပြီးပြီဆိုပြီး ကျောင်းဘက်ထွက်သွားတယ်"

လူငယ်တစ်ယောက်က လာပြောသည်။

အောင်ကြီးနှင့် ငြိမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"လာ...ငြိမ်း၊ ကျွန်တော်တို့ သွားရှာမယ်"

အောင်ကြီးက ငြိမ်းလက်ကိုဆွဲပြီး ဘုန်းကြီးကျောင်းဆီသို့ သွားကြသည်။

ကျောင်းပေါ်မှာ ဆရာတော်ကိုတွေ့သည်။

ဆရာတော်က အောင်ကြီးနှင့်ငြိမ်းကို လှမ်းကြည့်ပြီး။

"သာဓု သာဓု သာဓု" သုံးကြိမ်ခေါ်သည်။

အသံချဲ့စက်နှင့် ပြောသည်ကို ဆရာတော်ကြားပြီးသား





ဖြစ်သည်။ လင်းထွန်းကို မတွေ့၍ အောင်ကြီးနှင့်ငြိမ်း ဆရာတော်ကို ကန်တော့ပြီး ကျောင်းအောက်သို့ ပြန်ဆင်းခဲ့ကြသည်။

"သူဘယ်သွားလဲ..."

အောင်ကြီးမသိ။

"လာ..."

ငြိမ်းက အောင်ကြီးလက်ကိုဆွဲပြီး စမ်းချောင်းလေးအတိုင်း အပေါ်သို့ ဆန်တက်သည်။

သူရှိမည့်နေရာကို ငြိမ်းသိသည်။

စမ်းချောင်းဘေးမှ တောင်မရိုးပင်ကြီးအောက်မှာ ထိုင်နေသော လင်းထွန်း။

အောင်ကြီးက လင်းထွန်းထံ လျှောက်သွားသည်။

လင်းထွန်းက မတ်တပ်ရပ်ပြီး လက်ကမ်းပေးသည်။

အောင်ကြီးက လင်းထွန်းကို လှမ်းဆွဲရန်...

"ကျွန်တော် ကိုလင်းထွန်းကို ရှင်းပြ..."

"ကျွန်တော် ဒီကနေ့အားလုံး ကြားပြီးပါပြီ"

"ဟာဗျာ ကိုလင်းထွန်း၊ ဒါတောင် ခေါ်နေတာ မလာဘူး"

အောင်ကြီးက လင်းထွန်းပခုံးကိုရင်းနှီးစွာထုလိုက်သည်။

"ကျွန်တော်မလာရင် ခင်ဗျားတို့နှစ်ယောက် ဒီနေရာကို လိုက်လာမယ်ဆိုတာ ကျွန်တော်သိလို့ပါ"

အောင်ကြီးနှင့် လင်းထွန်း ဝမ်းသာအားရ ရယ်ကြရင်း တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စွာ ဖက်ထားလိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက ငြိမ်းကို သတိရ၍ ဖက်ထားရာမှ အလျင်ခွာလိုက်သည်။

"ကဲ . . . ကျွန်တော် မဂ္ဂလာပ်ကိုသွားနှင့်မယ်၊ ခင်ဗျားတို့ လိုက်လာခဲ့ကြ"

အောင်ကြီးက နောက်ဆုတ်လိုက်သည်။

"ဟာ . . . မဟုတ်တာဗျာ၊ လာ အတူတူသွားကြမယ်"

လင်းထွန်းက ငြိမ်း၏ ညာဘက်လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

ငြိမ်းက ဘယ်လက်ဖြင့် အောင်ကြီး၏ ညာလက်ကို လှမ်းကိုင်ပြီး သုံးယောက်အတူ ပရိသတ်များစောင့်မျှော်နေရာ မင်္ဂလာမဏ္ဍပ်ဆီသို့ ပြန်ခဲ့ကြသည်။





အခန်း(၃၈)

"ပေါ် . . . ပေါ် . . . ပေါ် . . ."

ညနေတွင် ခြံသမားက ငြိမ်းကို သူ့စက်လှေပေါ်တင်၍ ရွှေပန်းတောဆိပ်ကမ်းမှ ထွက်ခွာသည်။

အောင်ကြီး၊ ကိုချစ်တီး၊ စံသိန်း၊ ဦးထွန်းမောင်အပါအဝင် လူအများ ဆိပ်ကမ်းမှာ လိုက်ပို့ကြသည်။

ငြိမ်းနှင့် လင်းထွန်းတို့ကအားလုံးကိုလက်ပြနှုတ်ဆက်သည်။

လှေကလေး ဆိပ်ကမ်းမှ ပြေးထွက်လာခဲ့သည်။ သို့သော် လင်းထွန်း၏ခြံရှိရာ ရေတံခွန်တောင်ဘက်သို့ ဆန်တက်ခြင်းမဟုတ်ဘဲ လှေကလေးက အစုန်ဘက်သို့ ဦးတည်နေသည်။

"ဟေး . . . လင်းဘယ်လဲ ခြံကိုပြန်မှာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်တီးက ကမ်းပေါ်မှ လှမ်းအော်မေးသည်။

"မပြန်သေးဘူး သွားစရာ ရှိသေးလို့"

လှေကလေးက အစုန်ဘက်သို့ ပြေးထွက်သွားသည်။

ကမ်းပေါ်မှ လူများက လင်းထွန်း နောက်ပြောင်သည် ဟု ထင်နေကြသည်။ သို့သော် လှေကလေးက အဝေးရောက်သည်အထိ ဦးပြန်မလှည့်။ ငြိမ်းပါ အံ့ဩလာသည်။

"လင်း ပြန်မကွေ့သေးဘူးလား"

"မကွေ့ဘူးလေ"

"ဘယ်သွားမလို့လဲဟင်"

ငြိမ်းနားမလည်။

"ခြံကိုသွားရင် ကျွန်တော်တို့အတွက် မင်္ဂလာအိမ်ခန်း မရှိသေးဘူး။ ခြံသမားတွေနဲ့အတူအိပ်ရမှာမလွယ်ဘူး၊ ဒါကြောင့်မို့ နှစ်ယောက်တည်းလွတ်လွတ်လပ်လပ်နေချင်လို့ ဟန်းနီးမွန်း ထွက်လာခဲ့တာ"

"ဟန်းနီးမွန်း ဟုတ်လား။ ဘယ်သွားမှာလဲ"

"တစ်သက်မမေ့နိုင်တဲ့နေရာ၊ ငြိမ်းနဲ့ ကျွန်တော် လှေ စက်ပျက်ပြီး တစ်ညအိပ်ခဲ့ကြတဲ့ သောင်ပြင်သွားမှာ"

"အို . . . လင်းရယ်"

ငြိမ်းပါးကလေးတွေ ရှက်သွေးဖြန်းသွားသည်။

"ရှက်မနေပါနဲ့ ငြိမ်း။ ဒီနေ့ညကတော့ သောင်ပြင်မှာ တစ်ယောက်တည်း ထိုင်မငိုက်နိုင်ဘူး"

"အို . . . လင်းကလည်း"





ငြိမ်း ပို၍ ရှက်သွားသည်။

လင်းထွန်းက ငြိမ်း၏ လက်ကလေးတစ်ဖက်ကို ဆုပ် ိုင်၍ လှေစက်ရှိန်ကို ပိုမြှင့်လိုက်သည်။

လှေကလေး ဧရာဝတီမြစ်ထဲမှာ တရိပ်ရိပ်ပြေးနေသည်။

မမေ့နိုင်စရာ လွမ်းမောခဲ့ရသော သောင်ပြင်လေးသို့ က်သောအခါ လင်းထွန်းက လှေကို သောင်ပြင်ပေါ် ရောက် းအောင် အရှိန်နှင့် ထိုးတင်လိုက်သည်။

"အို . . . လင်း"

နှစ်ယောက်သား ဝက်ဝံရေအခင်းပေါ်သို့ လဲကျသွားကြ ည်။

ဝေးကြရပြီထင်၍ အလွမ်းကြီး လွမ်းခဲ့ရသော ငြိမ်းကို င်းထွန်း ရင်ခွင်ထဲမှာ စိတ်ရှိ လက်ရှိ ဖက်ထားလိုက်မိသည်။

"လင်းရယ် . . ."

ငြိမ်းခများလည်း သူ့အား သူ့မာန်ရှိသမျှ လင်းကို က်ထားလိုက်မိပါသည်။

နေမင်းကြီးက အနောက်ဘက်တောင်စွယ်မှာ မျက်နှာ ဝှက်ကွယ်သွားလေပြီ။

လယ်တွင်းသား စောချစ်



www.burmeseclassic.com